www.burmeseclassic.com

စိတ်ကူးသစ်စာပေ

# မောင်ညိုမှိုင်း (သန့်လျှင်)


ဒီဇင်ဘာ

## ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့်မှန်ဟင်းခါးချိတ်ကြီး

အပါအဝင်

ဂမ္ဘီရဝတ္ထုတိုများ

မောင်ညိုမှိုင်း(သန့်လျှင်)
ထောင်မှူးကြီးသိန်းဝင်း
အောင်ခင်စိုး
ဆောင်းလုလင်
နွေတမာန်
နတ်လူဦး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၂၈၅၀၂၀၉
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၄၆၀၀၄၀၉

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၀၉၊ စက်တင်ဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ Welfare
အတွင်းဖလင် ။ Quality

ပုံနှိပ်သူ

ဦးမန်းနော်တင် (ပိုးကာရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း။
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း။
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၂၀၀ကျပ်

၈၉၅ . ၈၃
ညိုမှိုင်း၊ မောင်၊ သန့်လျှင်
ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့်မုန့်ဟင်းခါးချိတ်ကြီး/မောင်ညိုမှိုင်း(သန့်လျှင်)။
– ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၀၉။
၂၁၈–စာ ၊ ၂၁၆ စင်တီ။
(၁) ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့်မုန့်ဟင်းခါးချိတ်ကြီး

# မာတိကာ

| စဉ် | | စာမျက်နှာ |
|---|---|---|
| ၁။ | ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် မုန့်ဟင်းခါးချိတ်ကြီး | |
| | **မောင်ညိုမှိုင်း (သန့်လျှင်)** | ၁ |
| ၂။ | ဂန္ဓာရီမှဆိုး | |
| | **အောင်ခင်စိုး** | ၃၄ |
| ၃။ | ကိုရေချမ်းနဲ့ မပန်းရုံ | |
| | **ဆောင်းလှလင်** | ၆၄ |
| ၄။ | သန်းခေါင်ယံတံခါးခေါက်သံ | |
| | **နတ်လှဦး** | ၁၀၆ |
| ၅။ | တမလွန်မှ ချစ်သူများ | |
| | **ထောင်မှူးကြီးသိန်းဝင်း** | ၁၃၃ |
| ၆။ | မလုံတဲ့အဖုံး | |
| | **နေ့ထဟန်** | ၁၆၃ |

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် မုန့်ဟင်းခါးချော်ကြီး

<၁>

တစ်နေ့မှာ..။

အချိန်က မနက် (၉) နာရီလောက်ရှိပြီဗျ။ ကျုပ်တို့မြို့ထဲကို ပုံပျက်ပန်းပျက် လူထူးလူဆန်း ရသေ့ကြီးတစ်ဦး ရောက်လာပါရောခင်ဗျ

ရသေ့ကြီးပုံစံက ကြည့်ပါဦးဗျာ။

ခေါက်ချာခေါက်ကျိုးကြီးကို ဆောင်းလို့..။

မျက်လုံးနှစ်လုံးရှိတဲ့အနက် ဘယ်ဘက်မျက်လုံးက ကျောက်မျက်လုံးအတုနဲ့။ ပြီး.. နဖူးအလယ်ကောင်မှာ အချိုင့်ကြီးပါလိုက်သေးဗျာ





ဆိုးလိုက်တဲ့ရုပ်နယ်..။

အချိုင့်ထဲကို ကွမ်းသီးတစ်လုံးထည့်ရင် ဝင်သွားနိုင်အောင် နက်တာကလား။ နားရွက်ကလည်း ကြည့်ဦး..။ ဘယ်ဘက်မှာ နားရွက်မရှိဘူး။ မွေးရာပါ ပြတ်နေသလား။ ဒါမှမဟုတ် ငယ်စဉ် မိုက်တွင်းနက်ရှိန်ကများ ဒဏ်ရာရလို့ ပြတ်နေသလား သိပါဘူး။

ညာဘက်နားရွက်ကို ကြည့်လိုက်မှ ပိုဆိုးသေးဗျို့။

နားရွက်ကြီးက အရှည်ကြီးပဲ။ ရှည်ရတဲ့ကြားထဲ ကုလားမအဘွားအိုကြီးများလို နားပေါက်ကျယ်ကြီးနဲ့။

ဘယ်လောက်ကျယ်သလဲဆို လက်နှစ်ချောင်းပူးပြီး ထိုးသွင်းရင်တောင် ချောင်ကလိဖြစ်နိုင်သေးရဲ့။ သူ့ကိုယ်ပေါ်မှာ အရောင်လွင့် ယောဂီရောင်သင်္ကန်းစုတ်ကြီး ပတ်ခြုံထားလို့..။

ကြည့်ရဆိုးပုံများနယ်ဗျာ..။

ပြောမပြောချင်ပါဘူး..။ ဘယ်လက်က တိုတိုလေးခင်ဗျ။ အဲ.. အဲ.. ဘယ်လက်တိုနေပေမယ့် ညာလက်က အရှည်ကြီးပဲ။ ကျုပ်တို့ခင်ဗျားတို့ သာမန်လူလက်ထက်ကို ပိုရှည်တာနော်။

အမလေး.. လေး..

လက်ချောင်းကြီးများနယ်..။ ဖီးကြမ်းငှက်ပျောသီးတစ်ဖီး ဖြန့်ဖြန့်နေသလိုပဲ။ တုတ်တုတ်၊ ဖီးဖီး၊ ကားကား၊ ရှည်ရှည်ကြီးဗျာ။

ပိုပြီးကြည့်ရဆိုးတာက သူ့ခြေထောက်ခင်ဗျာ..။

ညာခြေက တိုနိမ့်နေပြီး ဘယ်ခြေထောက်က လူသာမန်လောက် ရှိပါရဲ့။ လမ်းလျှောက်တော့ ထောကလိန့်ထော့ကလိန့်နဲ့..။

ကြည့်ရ အရုပ်ဆိုးလိုက်တာဗျာ..။

လူတိုင်းက သူ့အင်္ဂါရုပ်ကိုကြည့်ပြီး အံ့သြကြတယ်၊ ရယ်ကြ

www.burmeseclassic.com



တယ်။ ကလေးငယ်အချို့က အဲဒီပုံပျက်ပန်းပျက်ရသေ့ကြီးကို ကြည့်ပြီး ကြောက်ကြလို့ဗျာ။

လူအတော်များများက လူထူးလူဆန်း ရသေ့အိုကြီးရဲ့ သွင်ပြင် လက္ခဏာကိုကြည့်ပြီး အံ့ဩသလိုနဲ့ ရှိနေကြတယ်။

ကျုပ်စိတ်ဝင်စားတာက ရသေ့အိုကြီးရဲ့ ရုပ်ကာရုပ်ဆင်းကို မဟုတ်ဘူး။ သူ့ညာလက်ထဲက တောင်ဝှေးကြီးပဲ။

ကြည့်စမ်း..။

တောင်ဝှေးက သစ်ကနက်သားတောင်ဝှေးနဲ့ တူရဲ့ဗျ။

နက်မှောင်ပြီး ပြောင်နေတာပဲ။

တောင်ဝှေးရဲ့အပေါ်မှာ အကြေးခွံလက်နေတဲ့ မြွေဟောက်တစ် ကောင် အဆင့်ဆင့်နွယ်ပတ်ရစ်ခွေပြီး လက်ကိုင်အထက် တောင်ဝှေး ခေါင်းမှာ ပါးပျဉ်းထောင်နေတယ်။ မြွေခေါင်းမျက်လုံးမှာ ဘာကျောက်များ မြှုပ်ထားလဲ မသိဘူး။ နီရဲပြီး တောက်နေတာပဲ။ မသိရင် ရသေ့ကြီးရဲ့ တောင်ဝှေးမှာ အဆိပ်ပြင်းတဲ့မြွေဟောက်ကြီးတစ်ကောင် ပတ်နေသလိုပဲ။ ကောင်းလိုက်တဲ့ လက်ရာဗျာ။

အဲဒီပုံပျက်ပန်းပျက်ရသေ့ကြီးဟာ ရပ်ချင်သည့်နေရာရောက်ရင် မြွေဟောက်ပါးပျဉ်းခေါင်းပုံပါ တောင်ဝှေးကို ချိုင်းကြားမှာထောက်ပြီး ဘယ်လက်တိုလေးနဲ့ ကြေးစည်လေးကိုကိုင်လို့ ညာလက်ရှည်ကြီးနဲ့ ကြေး စည်ကို တီးခတ်ပါရောခင်ဗျာ။

"နောင်..ဝေ..ဝေ..ဝေ.."

"နောင်..ဝေ..ဝေ..ဝေ.."

"နောင်..ဝေ..ဝေ..ဝေ.."

အဲဒီလို သုံးကြိမ်တိတိ ကြေးစည်ကိုတီးပြီးနောက် ဒီလိုပြောပါ





လေရဲ့ဗျို့။

"သပ္ပုရိသအပေါင်း သူတော်ကောင်းတို့..။ ဒါန၊ သီလ၊ ဘာဝနာနှင့် ထုံမွှမ်းသောအရပ်သည့် အေးချမ်းငြိမ်းမြရှိ၏"

"နောင်..ဝေ..ဝေ..ဝေ.."

"မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တရားလေးပါးနှင့် လျော့်ညီသည့်အရပ်သည် နှလုံးစိတ်ဝမ်း အေးချမ်း၏။

"နောင်..ဝေ..ဝေ..ဝေ.."

"မိစ္ဆာဒိဋ္ဌိကိုရှောင်၍ သမ္မာဒိဋ္ဌိကိုဆောင်ခြင်း၊ ရတနာမြတ်သုံး ပါးကို ကိုးကွယ်ပူဇော်ခြင်း၊ အနန္တောအနန္တငါးပါးကို ရိုသေလေးစားခြင်း သည် အသက်ရှည်၍ အနာကင်းမဲ့၏။

"နောင်..ဝေ..ဝေ..ဝေ.."

"ခုချိန်မှစ၍..၊ ဒီနေ့ဒီရက်မှစ၍ လူလူချင်း မေတ္တာပို့၍ထား ကြကုန်လော့။ သတ္တဝါများအား ကြင်နာသနားကြလော့။ သမ္မာဒေဝ တ်ကောင်းနတ်မြတ်တို့အား အမျှအတန်းပေးဝေ၍ သင်တို့ကိုယ်တိုင် ည်း အမျှဝေသကြားလျှင် သာဓုခေါ်ကြကုန်လော့။ သုံးဆယ့်တစ်ဘုံ သားအားလုံး ကျန်းမာချမ်းသာကြပါစေ။

"နောင်..ဝေ..ဝေ..ဝေ.."

"နောင်..ဝေ..ဝေ..ဝေ.."

"နောင်..ဝေ..ဝေ..ဝေ.."

၄င်းပုံပျက်ပန်းပျက်ရသေ့ကြီးဟာ အဲဒီလိုစကားများကို ရွတ် း တစ်လမ်းဝင်တစ်လမ်းထွက် လျှောက်သွားနေရဲ့။ ကြေးစည်ကိုလည်း နောင်နောင်ထုနေလေရဲ့။

အချို့က..



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသောရသေ့အိုကြီးကို ငှေစကြေးမများ လှူကြရဲ့..။

အချို့က..

သစ်သီးဝလံတွေကို ပေးလှူကြရဲ့..။

အချို့ကတော့..

ရသေ့ကြီးရဲ့ ပုံပန်းသဏ္ဌာန်ကိုကြည့်ပြီး လှောင်ပြောင်ရယ်မော နေကြရဲ့ခင်ဗျ။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ဗျာ..

ကျုပ်စိတ်ဝင်စားနေတာ သူ့လက်ထဲက မြွေဟောက်ခေါင်းရုပ်ပါ လက်ရာမြောက် တောင်ဝှေးပဲ။

ကျုပ် အဲဒီတောင်ဝှေးကို အရမ်းမျက်စိကျနေပြီဗျာ။

***

# ‹၂›

ဒီနေရာမှာ ကျုပ်အကြောင်း နည်းနည်းပြောချင်တယ်ဗျာ။ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းပေါ့နော်။

ကျုပ်က လူကောင်းတစ်ယောက်မဟုတ်ဘူး။

ထောင်ထွက်..။ သူခိုး..။

ကျုပ်နာမည်ကလား..ကောက်ညှင်းငချိတ်တဲ့။ အဟတ်.. အဟတ်..။

အချို့က စောရကောက်ညှင်းငချိတ်လို့ ခေါ်ကြသပေါ့ခင်ဗျ။ နာမည်အရင်းက ငချိတ်ပါ။ အသားက မည်းလွန်းလို့ ကောက်ညှင်း ငချိတ်လို့ ပြောင်နောက်ပြီး ခေါ်ကြတာ။ အဲ..သူခိုးနကွတ်ပါလို့လား မသိဘူး။

လူဖြစ်လို့ အရွယ်ရောက်ကတည်းက ခိုးလိုက်ဝှက်လိုက်တာ.. ခုတော့ စောရကောက်ညှင်းငချိတ်လို့ ဘွဲ့ထူးဂုဏ်ထူး ဝိသေသထူးများနဲ့ ပြည့်စုံထည်ဝါလို့ပေါ့ခင်ဗျာ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အချုပ်ခံရသည့်အကြိမ် များလွန်းလို့ မမှတ်မိတော့ပါဘူးဗျာ။ ထောင်ကလည်း အကြိမ်ကြိမ်ကျခဲ့ဖူးပါရဲ့။

ဖေါက်ထွင်းတာလည်း ရတယ်လေ။ တစ်ကိုယ်တော်ပါဗျာ..။ အဖော်လုံးဝမခေါ်ဘူး။ အဖော်ပါရင် အာချောင်လို့ မိရောလေ။

ကျုပ်က..

အဝတ်အစားလည်း ခိုးတာပဲ။ ရွှေထည်ငွေထည်လည်း ခိုးတာပဲ။ ရှေးဟောင်းပစ္စည်းလည်း ခိုးတာပဲ။ ခိုးစရာမရှိရင် ဖိနပ်လည်း ခိုးတာပဲ။ ကြက်ငှက်လည်း ခိုးတာပဲ။

မခိုးရရင် မနေနိုင်ပေါင်ဗျာ။

ခိုးလို့ မိသွားလည်း ပျော်ပျော်ပဲ။

အရိုက်ခံရတဲ့အကြိမ်တော့ မမှတ်မိတော့ဘူး။ ခေါင်းမှာ ချုပ်ရိုးကို ထပ်နေတာပဲ။ ကံကောင်းလို့ မသေသေးတာခင်ဗျ။

ကျုပ်ကသာ အသားမည်းတာနော်။

ကျုပ်မိန်းမက ဖြူလိုက်သမှ မှန်လာဥပဲ..သိလား။ အဟတ်..။

နာမည်က 'နှင်း' တဲ့။

ချောလိုက်၊ လှလိုက်တာလည်း မပြောနဲ့။ ကိုယ်လုံးကိုယ်ပေါက်က ဖွံ့ဖွံ့ကားကား။ စွင့်စွင့်ကြွားကြွားကြီး။

ကျုပ်ကို အရပ်က ပြောကြရဲ့။

မသာနဲ့ နားတောင်းနဲ့ တခြားစီပဲတဲ့..။

ကျုပ်မိန်းမနဲ့ ကျုပ်များ တွဲသွားရင် ကျီးကန်းနဲ့ဗျိုင်း တွဲပျံလာတာတဲ့။ ပြောကြပါစေဗျာ..။ အဲဒီလိုပြောလေ၊ ကျုပ်ရင်ထဲမှာ တစိမ့်စိမ့် အရသာရှိလေပဲ။ ချစ်လိုက်ရတာ တုန်နေတာပဲ။ မိန်းမကလည်း ကျုပ်ကို ချစ်တာမှ အားရပါးရပဲ။

စိတ်ကူးသစ်စာပေ



ထားဗျာ..။

လိုရင်းမရောက်ဘဲ ကြွားခန်းရောက်သွားတယ်။

ဒီလိုဗျ..။

ကျုပ်..ပုံပျက်ပန်းပျက်ရသေ့ကြီးရဲ့ မြွေခေါင်းရုပ်ပါ တောင်ဝှေးကို ခိုးယူဖို့ ကြံစည်နေတယ်လေ။

ဒီလိုတောင်ဝှေးမျိုးက ရှေးဟောင်းပစ္စည်းစုဆောင်းသူများလက်ကို ရောင်းလိုက်ရင် မြိုးမြိုးမြက်မြက်ရမှာကိုး။

ရှေးဟောင်းပစ္စည်းက ပိုပြီးဈေးကောင်းရတယ်။ ရွှေတန်ဖိုးလိုပဲ။ ဒါနဲ့ ပုံပျက်ပန်းပျက်ရသေ့ကြီးရဲ့နေရာကို လိုက်လံစုံစမ်းလိုက်ရော ရသေ့အိုကြီးဟာ (.....) သင်္ချိုင်းမှာ နေတာကိုး။ သင်္ချိုင်းက အသုဘရှုရုပ်မှာ နေတာ။ ညဘက်ရောက်ရင် ဂူတွေပေါ်မှာ တရားထိုင်တယ်။ အိပ်ရင် လျှောက်တလားစင်ပေါ်က ခေါင်းထဲမှာ ဝင်အိပ်တယ်။

သူနဲ့မလှမ်းမကမ်း ဇရပ်နောက်ဘက်မှာ စဏ္ဍာလကြီး ဦးဖျည်ဖွဲ့ (ရှ) နေတယ်။

ဒီရသေ့ကြီး ဘယ်အရပ်ကလာမှန်း မသိဘူး။

သူ့နာမည်လည်း ဘယ်သူမှ မသိကြဘူး။

စဏ္ဍာလကြီးဦးဖျည်ဖွဲ့အပြောအရ ဒီ(.....)သင်္ချိုင်းမှာ ကိုးရက်အဓိဋ္ဌာန်ဆိုလား၊ သုသာန်ကမ္မဋ္ဌာန်းဆိုလား လာဝင်နေတာတဲ့ဗျ။

မနက်မိုးလင်းရင်..

နေထွက်ရာအရပ်ကို လက်အုပ်ချီပြီး မန္တန်မျိုးစုံ ရွတ်သတဲ့။ ပြီးရင် အရောင်ပျက်အနားပျက် သပိတ်သေးသေးလေးပိုက်ပြီး ဆွမ်းခံကြွရော။

ဒီလို စုံစမ်းလေ့လာလို့ ရခဲ့တယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ ဆွမ်းခံကြွရင် တောင်ဝှေးကြီး မပါတော့ဘူး။

အဲဒါ အကွက်ပဲ။ အဲဒီအချိန်မှာ ခိုးရမယ်လေ။ တစ်နေ့ သ
ဆွမ်းခံကြွချိန်မှာ ကျုပ် သချိုင်းထဲကို ဝင်ခဲ့လိုက်တယ်။

သချိုင်းမှာ အသုဘကိစ္စမရှိတော့ လူက ရှင်းနေတာပဲ။ ကျုပ်က
တစ်လံလောက်ဝါးသုံးလေးချောင်းလည်း စုစည်းပြီး ထမ်းလာလိုက်တ
ကံကောင်းချင်တော့ စဏ္ဍာလကြီးလည်း ဘယ်သွားမူးနေလဲ မသိဘူး
မရှိဘူး။ ဒါနဲ့ တောင်ဝှေးကို လိုက်ရှာလိုက်တယ်။

ဇရပ်တိုင်မှာ လွယ်အိတ်ညိုတစ်လုံးချိတ်ထားတာ တွေ့ရတယ်
ပိုက်ဆံများရှိမလားလို့ ဖွင့်ကြည့်လိုက်တော့ မရှိပါဘူးဗျာ။ ရှိနေတာ
အင်းစာအုပ်တစ်အုပ်နဲ့ တိုလီမုတ်စတွေပဲ။

ရသေ့ကြီး မြွေရုပ်ပါတောင်ဝှေးကို ဘယ်မှာဝှက်ထားနိုင်သလဲ

ဟော..ကျောက်တလားပေါ်မှာ သစ်သားခေါင်းကြီးတစ်လုံ
အဖုံးပိတ်လို့..။ ကျုပ် ခေါင်းဖုံးပျဉ်ကို မ,ရွှေ့လိုက်ပြီး ငုံ့ကြည့်လိုက်ေ
သင်္ကန်းဟောင်းတစ်ထည် ခင်းထားတာကို အလျင်တွေ့လိုက်ရတယ်

သင်္ကန်းဟောင်းကို အသာလှန်လိုက်ရော..

တွေ့ပါပြီဗျာ..။

မြွေရုပ်ခေါင်းနဲ့ တောင်ဝှေးနက်ကြီး..။

တောင်ဝှေးကို အသာကောက်ယူလိုက်ပြီး ကြည့်လိုက်ေ
အလို..မြွေရုပ်က သာမန်မြွေရုပ်မှ မဟုတ်ဘဲ။ အနက်ရောင်သတ္တုသာ
တစ်မျိုးနဲ့ လက်ရာမြောက်စွာထုဆစ်ပြီး သစ်ကနက်သားတောင်ဝှေးမှ
ပတ်ခွေလို့ထားတဲ့ မြွေတောင်ဝှေးပဲကိုဗျ။ မျက်လုံးနှစ်လုံးက အရော
ကျောက်ပဲဗျို့။

ပွပြီဗျာ..။





ဒီလိုလက်ရာမျိုးကို ကျုပ်ဖောက်သည်ကြီးများ မြင်လိုက်ရင်
ဝမ်းသာလွန်းလို့ ခုန်နေမှာပဲ။

ကျုပ် အဲဒီ မြွေခေါင်းရုပ်ပါ လက်ရာမြောက်တောင်ဝှေးကို
ဓါလာတဲ့ဝါးလုံးပိုင်းများကြား ရောညှပ်ပြီး ကြိုးနဲ့ချည်လို့ ယူလာခဲ့လိုက်
တယ်။

သချိုင်းမှာ လူရှင်းနေတော့..

ကျုပ်ယူမှန်းလည်း ဘယ်သူမှ သိမှာမဟုတ်ပါဘူး။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ⟨၃⟩

ရွှေဟောင်းပစ္စည်းဝယ်တဲ့ ကိုကျောက်ကတိုးကို သွားကြည့်တော့ ကိုကျောက်ကတိုး ဆိုင်မှာမရှိဘူး။ ခရီးသွားနေတယ်တဲ့။ နှစ်ရက်လောက်ကြာမယ်လို့ သူ့အရောင်းစာရေးမလေးက ပြောတယ်။

"မစည်.."

"ရှင်..ဦးငချိတ်"

"နင်တို့သူဌေးလာရင် ပြောလိုက်။ ငါလာသွားတယ်။ အမြန်တွေ့ချင်တယ်လို့"

"စိတ်ချ ဦးငချိတ်..။ ပစ္စည်းရလို့လား"

"အေး.."

"ရောက်ရောက်ချင်း ပြောလိုက်မယ်။ စိတ်ချနေ.."

ဒါနဲ့ အိမ်ပြန်ရောက်လာခဲ့တယ်။ အရက်ပုလင်းထုတ်ပြီး မိန်းမ စီစဉ်ပေးတဲ့ အမြည်းနဲ့ အရသာခံသောက်ရင်း အိပ်ပျော်သွားလေရဲ့။

"ရှူး.."





"ရှူး.."

"ရှူး.."

အသံကြားလို့ ကြည့်လိုက်ရော..

"ဟာ.."

"ရှူး..ရှူး..ဖူး.."

"ဟာ..မြွေဟောက်ကြီး"

အလိုလေးဗျာ..မြွေဟောက်ကြီး။ အလုံးက ခြေသလုံးလောက်ရှိလေရဲ့။ နက်ပြောင်ပြီး ကိုယ်လုံးကိုလွန့်လို့။ မြွေကြီးဟာ ကျုပ်အနီးမှာ သောက်ရေအိုးလောက် ပါးပျဉ်းကြီးခွက်ပြီး မျက်လုံးရဲရဲကြီးနဲ့ တဖူးဖူးနှာမှုတ်သံပေးပြီး ကျုပ်ကိုစိုက်ကြည့်နေတာ။

သည်မှာပဲ ကျုပ်..

အိမ်ထရံမှာထိုးထားတဲ့ ငှက်ကြီးတောင်ဓားကို ဆတ်ခနဲလှမ်းနုတ်ပြီး မြွေဟောက်ကြီးရဲ့ပါးပျဉ်းကို စလွယ်ပိုင်းဖို့ ရွယ်လိုက်ချိန်မှာပဲ..

"ဖူး.."

"ဖောက်.."

"အမလေးဗျ.."

မြွေဟောက်ကြီးက လျှပ်စီးလက်သလို ကျုပ်ခြေဖမိုးခွကြားကို ပေါက်ချလိုက်တာ မျက်စိထဲမှာ ဝင်းခနဲဖြစ်ပြီး ခေါင်းထဲမှာ မိုးကြိုးပစ်ချလိုက်သလို၊ တာတ်လိုက်သလိုဖြစ်ပြီး ဓားပါ လွတ်ကျသွားခဲ့တယ်။

"အား..အား.."

"အမလေး..အ..အမလေးဗျ.."

လူဟာ အကြောများဆိုင်းသလိုဖြစ်ပြီး ကွေးကောက်လဲကျလို့ အသံကုန်အော်ဟစ်လိုက်ချိန်မှာပဲ..



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို.."

"......"

"အစ်ကို.. အစ်ကိုချော်.."

"အား.. အား.. အား.."

"အစ်ကို.. ဘာ.. ဘာဖြစ်လို့လဲ.. ဘာဖြစ်လို့လဲ.."

"မြွေ.. မြွေဟောက်.. ငါ့ကို.. ကိုက်.. ကိုက်.."

"ဘယ်ကိုကိုက်လို့လဲဟင်.. ဟင်.."

"ခြေဖမိုးကို.. ခြေ.. ဖ.. မိုး.. ကို.. အား.. အ.. အ.."

ဒါနဲ့ မိန်းမက ညာခြေဖမိုးကို သေသေချာချာကြည့်ပြီး အံ့ဩ

နေပါရောဗျ။

"အစ်ကို.."

"အင်.. ဟင်.. ဟင်.. ငါ့ကို.. ဆေးရုံ အမြန်.. ပို့.. ပို့..

"အစ်.. ကို.."

"ဘာ.. ဘာလဲ.."

"ဘယ်မှာ အစ်ကို့ကို မြွေကိုက်လို့လဲ"

"ဒီနားမှာပဲ..။ မြွေမှ အကြီးကြီး..။ မြွေဟောက်.."

"အစ်ကို.. အစ်ကို့ခြေထောက်မှာ ဘာဒဏ်ရာမှ မရှိဘူး"

"ဟင်.."

"အစ်ကို အိပ်မက်မက်နေတာပဲ ဖြစ်မယ်"

"ဟေ.. အိပ်မက်..။ ဟုတ်ရဲ့လား မိန်းမရာ။ မြွေဟောက်ကြီ

မှ ခြေသလုံးလောက်အကောင်ကြီး.."

"အဲဒီလောက်အကောင်ကြီးကိုက်ရင် အစ်ကို ချက်ချင်းသေ

..ပေါ့"





"ဟင်.. ဟုတ်သားပဲ။ အိပ်မက်.. အိပ်မက်.. ဘုရား.. ဘုရား.. လန့်လိုက်တာ မိန်းမရာ။ ဟူး.. တော်ပါသေးရဲ့။ ငါကတော့ ငါ့မိန်းမနဲ့ ဒီဘဝ မပေါင်းရတော့ဘူး မှတ်နေတာ"

"ဟွန်း.. မူးကြောင်ရူးကြောင်နဲ့။ သည်းကို သည်းတယ်။ လူကို ရင်တုန်သွားတာပဲ"

အိပ်မက်မှန်းသိရော ကျုပ် ရင်တုန်ရင်လန့်ပြေသွားပြီး မိန်းမရဲ့ ကိုယ်လုံးလေးကို လှမ်းဆွဲလို့..

သနပ်ခါးရနံ့မွှေးကြိုင်နေတဲ့ ပါးပြင်ပေါ်ကို အနမ်းနှစ်ပွင့်သုံးပွင့် စိုက်ပစ်လိုက်တယ်။

မိန်းမက မိန်းမောညည်းညူနေချိန်မှာပဲ..။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ၄

ဘုရား.. ဘုရား.. အိပ်မက်ဆိုးတွေဟာ ညဘက်ရောက်တေ
ပိုပြီးချောက်ချားစရာ ကောင်းလိုက်ပါဘိဗျာ။

သန်းခေါင်လောက်မှာ ကျုပ် လန့်အော်ပြီး နိုးပြန်ပါရောလ
ခင်ဗျ။

ကျုပ်အိပ်ပျော်နေတုန်းမှာပေါ့..။

ရင်ဘတ်ပေါ်မှာ လျောလျော လျောလျောနဲ့ လှုပ်ရှားနေဖ
ရယ်။ ပထမ မိန်းမလက် မှတ်ပြီး ကိုင်ကြည့်လိုက်တော့ လွန့်ပါရောဗျ
ဒီမှာပဲ အဲဒီလူးလူးလွန့်လွန့်ကြီးက ကျုပ်လည်ပင်းကို ပတ်နေတာ။ မျ
လုံးဖွင့်ကြည့်လိုက်တော့..

အာလာဒင်မှန်အိမ်မီးရောင်နဲ့ မြင်လိုက်ရတာက..

မြွေကြီးတစ်ကောင်..။

"အား.."

ကျုပ် မြွေကြီးကို ဆွဲဖယ်နေချိန်မှာပဲ..





"ရှီ..ရှီ..ရှီ.."

"ရှီ..ရှီ.."

"ရှီ..ရှီ.."

"ဖူး..ဖူး.."

ဥဒဟိုကနေ မြွေတွန်သံများ ကြားလိုက်ရပြီးနောက် မြွေ
အကောင်ပေါင်းများစွာဟာ ကျုပ်ရှိရာကိုပြေးလာပြီး ကျုပ်ရဲ့လက်၊ ခြေ
ထောက်များနဲ့ ကိုယ်ခန္ဓာကို ဝိုင်းပတ်ပြီး လူးလွန့်နှာမှုတ်နေကြတာ။

မြွေတွေ..မြွေတွေကို မနည်းဘူး။

"အား..အစ်..အစ်.."

"အမလေး..အစ်..အစ်.."

လည်ပင်းက အစ်နေပြီ။ မြွေရဲ့ကိုယ်လုံးက ကျုပ်လည်ပင်းကို
ကျိုးလုံးကြီးကြီးနဲ့ ညှစ်သတ်နေသလို ဖြစ်နေပြီ။

ကျုပ် လက်နဲ့ ကြမ်းပြင်ကို ဆောင့်လိုက်တယ်။

ခြေထောက်နဲ့ ကြမ်းပြင်ကို ဆောင့်လိုက်တယ်။

ဒီမှာ မိန်းမရဲ့ တအားလှုပ်နှိုးခေါ်သံကို ကြားနေရတယ်၊

မျက်လုံးဖွင့်ကြည့်လိုက်တော့ အာလာဒင်မီးအိမ်အလင်းရောင်
အောက်မှာ မိန်းမလုပ်သူရဲ့ စိုးရိမ်တကြီးမျက်နှာကို မြင်လိုက်ရတယ်။

"အစ်ကို..အစ်ကို.."

"အင်..ဟင်..ဟင်.."

"အစ်ကို ဘာတွေယောင်အော်နေတာလဲဟင်"

"မြွေ..မြွေ..အဲ..အဲ.."

"အစ်ကို့ကြောင့် ညီမသိပ်စိတ်ညစ်နေပြီ အစ်ကို"

"ဟူး..အစ်ကိုတောင်းပန်ပါတယ် ညီမရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တစ်ကိုယ်လုံး ချွေးများရွှဲနစ်နေလေရဲ့။ ဒါ.. ဓာချွေ
ပြောရရင်ဗျာ.. အိပ်ပျော်သွားလိုက်၊ မြွေဆိုးများနဲ့စပ်လျဉ်း
ချောက်ချားစရာအိပ်မက်ဆိုးများကို မက်လိုက်နဲ့ မိုးလင်းသွားပါလေရော

မိုးလည်းလင်းရော..

ကျုပ်အိမ်ရှေ့မှာ အသံတစ်သံ ကြားလိုက်ရပါရောဗျာ။

"နောင်.. ဝေ.. ဝေ.. ဝေ.."

"နောင်.. ဝေ.. ဝေ.. ဝေ.."

"နောင်.. ဝေ.. ဝေ.. ဝေ.."

အလို.. ဒါ.. ပုံပျက်ပန်းပျက်ရသေ့အိုကြီးရဲ့ ကြေးစည်သံ
ကလား။ ကျုပ် ထကြည့်လိုက်တော့ ရသေ့အိုကြီးဟာ ကျုပ်တို့အိမ်
ခြံဝနားမှာ ခြေထောက်ကလိန်နဲ့ ရပ်ပြီး..

"အို.. သပ္ပုရိသအပေါင်း သူတော်ကောင်းတို့။ ဒါန၊ သီ
ဘာဝနာနှင့် ထုံမွှန်းသောအရပ်သည် အေးချမ်းငြိမ်းမြရှိ၏"

"နောင်.. ဝေ.. ဝေ.. ဝေ.."

"မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပက္ခာ တရားလေးပါး
လျော်ညီသည့်အရပ်သည် နှလုံးစိတ်ဝမ်း အေးချမ်း၏"

"နောင်.. ဝေ.. ဝေ.. ဝေ.."

"မိစ္ဆာဒိဋ္ဌိကိုရှောင်၍ သမ္မာဒိဋ္ဌိကိုဆောင်ခြင်း၊ ရတနာမြတ်
ပါးကို ကိုးကွယ်ပူဇော်ခြင်း၊ အနန္တောအနန္တငါးပါးကို ရိုသေလေးစား
သည် အသက်ရှည်၍ အနာကင်းမဲ့၏"

"နောင်.. ဝေ.. ဝေ.. ဝေ.."

"ဒီနေ့ဒီရက် ဒီအချိန်အခါမှစ၍ ဒုစရိုက်ကို ဖျောက်ကြလေ
သုစရိုက်ကို ဆောင်ကြကုန်လော့။ ကံငါးပါးကို လုံခြုံကြကုန်လော့။ သ





ဒေဝ နတ်ကောင်းနတ်မြတ်များကို အလှူအတန်းပေးဝေကြကုန်လော့။
ကံငါးပါးလုံခြုံသူများ အသက်ရှည်၊ အနာကင်း၍ ကျန်းမာချမ်းသာ
လန်းဖြာကြကုန်အံ့"

"နောင်.. ဝေ.. ဝေ.. ဝေ.."

"သာဓု.. သာဓု.. သာဓု.."

"နောင်.. ဝေ.. ဝေ.. ဝေ.."

သူဟာ ကျုပ်အိမ်ရှေ့မှာ သို့ကလိုစကားများကိုပြောပြီး ကျုပ်
အိမ်ဘက်ကို တစ်ချက်လှမ်းကြည့်လိုက်တယ်။

ကျုပ် သူ့ကိုကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် မလုံမလဲဖြစ်သွားခဲ့ရ
တယ်။ သို့သော် ရသေ့ကြီးက သူ့လမ်းသူလျှောက်သွားပြီး မင်္ဂလာစကား
များရွတ်ဆိုလို့ ကြေးစည်သံတနောင်နောင်နဲ့ ထော့ကလိန်ထော့ကလိန်
သွားနေလေရဲ့။

"အစ်ကို.."

"ဘာလဲ ညီမ"

"ညီမ ရွာခဏသွားဦးမယ်။ အမေ့ကို သတိရလို့"

"ဘယ်နှရက် ကြာမှာလဲဟင်"

"နှစ်ရက်ပါ အစ်ကို"

"မြန်မြန်ပြန်လာခဲ့နော်။ အစ်ကို မနေတတ်ဘူး"

"အင်းပါ..။ တကတည်း.. ဖြစ်နေလိုက်တာ"

သည့်နောက် မိန်းမက ဆွဲခြင်းတစ်လုံးမှာ အဝတ်အစားအနည်း
ငယ်ထည့်ပြီးနောက် ကားဂိတ်ရှိရာသို့ ထွက်သွားခဲ့တယ်။

ခုတော့ အိမ်မှာ ကျုပ်တစ်ယောက်တည်း..။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## ၄

ဒါနဲ့ ရှေးဟောင်းပစ္စည်းရောင်းဝယ်သူ ဦးကျောက်ကတိုးများ ပြန်ရောက်၊ မရောက် သိချင်လာတယ်။

ပြီး.. ဖျာလိပ်ကြားမှာ ဝှက်ထားတဲ့ မြွေခေါင်းရုပ်ပါ တောင်ဝှေးကို ရှိ၊ မရှိ လှမ်းစမ်းလိုက်တယ်။

ရှိနေတယ်..။ ဖျာလိပ်ထဲမှာ ထောင်လျက်ပဲ။

သည့်နောက် အဝတ်အစားလဲပြီး ရှေးဟောင်းပစ္စည်းအရောင်းဆိုင်ကိုသွားဖို့ အဝတ်အစားသေတ္တာကို ဖွင့်လိုက်ရော..

"ရှူး.."

"ဟာ.. ဟာ.. အမလေး.. မြွေကြီး.."

"ဝုန်း.."

သေတ္တာကိုဖွင့်လိုက်ချိန်မှာပဲ သေတ္တာထဲကနေ မြွေဟောက်ကြီးတစ်ကောင် ပါးပျဉ်းထောင်ပြီး မှောင့်လိုက်လို့ ကပျာကယာ သေတ္တာအဖုံးကို ပြန်ပိတ်ချလိုက်တယ်။





ဘုရားရေ.. သေတ္တာထဲကို မြွေ ဘယ်လိုလုပ် ရောက်နေပါလိမ့်မျာ။

"ရှဲ.."

"ဟင်.."

"ရှဲ."

"အလို.."

"ရှူး.."

"ဟိုက်.."

မြွေတွန့်သံပါလား..။ တွန့်သံက အဆိပ်ရှိမြွေဆိုးရဲ့ တွန့်သံ။ သံတို၊ သံပြတ်..။

ဒါနဲ့ အသံလာရာကို နားစွင့်လိုက်တော့ ဆန်အိုးထဲက..။

ဆန်အိုးက အလုံအုပ်ထားတာ။

ကြားနေရတာကလည်း ဆန်အိုးထဲက။

ဟုတ်ပါ့မလား..။

ဒါနဲ့ ဆန်အိုးဖုံးကို တံမြက်စည်းရိုးနဲ့ လှန်ချလိုက်ရော..

"ရှူး.."

"အမလေး.. ဟင်.."

မြွေဟောက်ကြီးတစ်ကောင်ပဲဗျ..။ ဆန်အိုးထဲကနေ ပြူနီးဆိုပါးပျဉ်းထောင်ပြီး ထွက်လာရော။ ကျုပ် နောက်ကို လှမ်းဆုတ်လိုက်တယ်။

ဒီမှာ ဆန်အိုးထဲက မြွေဟောက်ကြီးက လူလွန့်ပြီး ထွက်လာနေပြီ။

"ဂျတ်.. ဂျတ်.."

"ဖူး.. ဖူး.."



www.burmeseclassic.com

www.burmeseclassic.com



''ဂျုတ်..ဂျုတ်..''

ဟော..အသံကြားရပြန်ပြီ။ လှည့်လည်းကြည့်လိုက်ရော ကျွ

အဝတ်သေတ္တာအဖုံးကြီး ကွဲနေတာ။ ကြည့်နေဆဲမှာပဲ အဖုံးကွဲလာပြီ

မြွေတစ်ကောင်ရဲ့ ဦးခေါင်းကြီး လူးလွန့်ထွက်လာပါလေရော။

''အမလေး..''

''ရှိ..ရှိ..''

''ရှိ..ရှိ..''

''ရှိ..ရှိ..''

ဒီအချိန်မှာ ကျုပ်အိပ်ခန်းအတွင်းကနေ ထူးဆန်းစွာ မြွေသံ

တွန်သံများကို ကြားရပါလေရောဗျာ။ ကျုပ် အရမ်းကို အံ့သြထိတ်လန့်

အိမ်ထဲကနေ ပြေးအထွက်..

''ဝုန်း..''

ကျုပ်ဝှက်ထားတဲ့ ရသေ့အိုကြီးရဲ့ ရွှေဟောင်းလက်ရာ

ခေါင်းရုပ်ပါတောင်ဝှေးထည့်ထားတဲ့ ဖျာလိပ်ကြီးကို ဝင်တိုက်မိပြီး ဖျာလိ

ကြီး လဲကျပါလေရော။

''ဖူး..''

''အမလေးဗျ..လုပ်ကြပါဦးဗျ''

ဖျာလိပ်ထဲကနေ မြွေဟောက်ကြီးတစ်ကောင် ထပ်ထွက်လာပြ

ပါရော။ ဒီမှာ မြွေဟောက်ကြီးသုံးကောင်က နှာမှုတ်သံများပေးပြီး လှ

လွန့်လို့ ကျုပ်နောက်ကို လိုက်ရော။ ကျုပ်လည်း အိမ်ပေါ်ကနေ အသံကု

အော်ဟစ်ပြီး ပြေးဆင်းရပါလေရော။

''အမလေး..ကယ်ကြပါဦးဗျ၊ မြွေ..မြွေတွေ လိုက်လာလို့..

ကယ်ကြပါဦး''

စိတ်ကူးသစ်စာပေ



ကျုပ်ရဲ့ အလန့်တကြား အော်ဟစ်ပြေးလွှားသံကြောင့် အိမ်နီး

နားချင်းများ ပြေးထွက်ပြီး ကြည့်လိုက်ကြရော ကျုပ်နောက်ကနေ မြွေ

ဟောက်ကြီးသုံးကောင် ပါးပျဉ်းထောင်ပြီး လိုက်နေမှန်း သိသွားကြတာပဲ။

ဘယ်သူမှ ဝင်မကူညီရဲကြဘူး။

ကူညီခြောက်လှန့်မလို့လုပ်ရင် မြွေဟောက်ကြီးများ ပါးပျဉ်းကို

ပင့်ပြီး ရှူး..ဖူး..နဲ့ လှည့်မှုတ်သံပေးရော၊ အားလုံး ပြေးကြရော..။

''ဘာဖြစ်ကြလို့လဲဟ''

''ငချိတ်နောက်ကို မြွေဟောက်တွေ လိုက်နေလို့ဗျို့''

''ဟင်..ဆန်းလှချည်လား''

''ဟုတ်ရဲ့လားဟ''

''မယုံရင် ဟိုမှာကြည့်တော့''

''ဟာ..ကြောက်စရာကောင်းလှချည်လားဟ..။ ဟဲ့..ဟဲ့..

ကလေးတွေ။ အဝေးကို ရှောင်ကြ..ရှောင်ကြ..''

''ဒီကောင် ဘာအမှားတွေ သွားလုပ်လို့လဲ မသိဘူးကွ''ဖြ

ကျုပ် ငယ်သံပါအောင်အော်ရင်း ပြေးနေတယ်။ နောက်ပြန်

လှည့်ကြည့်လိုက်ရင် မြွေဟောက်ကြီးသုံးကောင်က လူးလွန့် ပါးပျဉ်းထောင်

ပြီး ဒေါသတကြီးလိုက်နေတယ်။ လမ်းသွားလမ်းလာအချို့လည်း ထူးဆန်း

တဲ့မြင်ကွင်း၊ မကြုံဖူးတဲ့မြင်ကွင်းကြောင့် လန့်အော်ပြီး ပြေးကြ၊ ရှောင်ကြ။

ဒီမှာပဲ ကျုပ် ပြေးရင်း ကျောက်ခဲတစ်လုံးကို ခလုတ်တိုက်လို့

လဲကျသွားချိန်..။

ခြေသလုံးလောက်ရှိတဲ့ နက်ပြောင်ပြောင် မြွေဟောက်ကြီးသုံး

ကောင်ဟာ ကျုပ်ကိုမီသွားပြီး မိုခနောက်ဆိုင် ကျုပ်ခန္ဓာကိုယ်ကို ဝိုင်းထား

လိုက်ကြတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အမလေး.."

"အား..ဘုရား..ဘုရား..ဘုရား.."

"ကယ်ကြပါဦးဗျာ..ကယ်ကြပါဦး.."

ပါးပျဉ်းမိုးနေတဲ့ မြွေဟောက်ကြီးသုံးကောင်ဟာ ကျုပ်ရှိရာကို ရွေ့လျားလာပြီး အားကုန်ပေါက်ချမလို့ ဟန်ပြင်လိုက်ချိန်မှာပဲ..

"နောင်..ဝေ..ဝေ..ဝေ.."

"နောင်..ဝေ..ဝေ..ဝေ.."

"နောင်..ဝေ..ဝေ..ဝေ.."

ကြေးစည်ရိုက်သံကို မမျှော်လင့်ဘဲ ကြားလိုက်ရပါရော။ ယူ ဆန်းလိုက်တာဗျာ..။ ကြေးစည်ရိုက်သံလည်းကြားရော ပေါက်မလိုဟန် ပြင်နေတဲ့ မြွေဟောက်ကြီးသုံးကောင်ဟာ တုံ့ခနဲရပ်သွားပြီး တန့်နေကြ လေရဲ့။

ကျုပ် ချွေးသံရွှဲရွှဲ၊ ဖုန်အလူးလူး၊ မျက်ရည်အသွယ်သွယ် မျက် လုံးနဲ့ ကြည့်လိုက်တော့..

ပုံပျက်ပန်းပျက် ရသေ့ကြီးရယ်..။

မြွေသုံးကောင်ရှေ့မှာ ကြေးစည်ကို တနောင်နောင်ရိုက်လို့..၊

"ရ..ရသေ့ကြီး.."

"......"

"ဘရသေ့ကြီး.."

"နောင်..ဝေ..ဝေ.."

"အဘရသေ့ကြီး..။ ကျုပ်ကို..ကယ်..ကယ်ပါခင်ဗျ"

"လူကလေး..သင် နောင်တရသင့်ပါပြီ"

"ဗျာ.."





"လူကလေး..သင့်အပြစ်ကို သင်သိရဲ့လား"

"ဟုတ်..ဟုတ်ကဲ့..သိ..သိပါပြီခင်ဗျာ"

"လူကလေး..ဝန်ခံပါ။ သင် ဘာအပြစ်ကျူးလွန်ခဲ့သလဲ"

"ကျွန်..ကျွန်တော်..ရ..ရသေ့ကြီးရဲ့ တောင်ဝှေးကို ခိုးယူခဲ့ ပါတယ်ခင်ဗျာ"

"မိုက်လေစွ လူကလေး"

"ကျွန်..ကျွန်တော်..မှား..မှားပါပြီ ဘရသေ့ကြီးခင်ဗျာ။ ကျွန်တော့်ကို မြွေဆိုးများအန္တရာယ်က လွတ်မြောက်အောင် ဆောင်ရွက် ပေးပါ ဘရသေ့ခင်ဗျာ"

ကျုပ်လေ ကြောက်လွန့်လွန်းလို့ ရသေ့အိုကြီးကို လက်အုပ်ချီပြီး မိုးတောင်းပန်လိုက်တယ်။

"နောင်ကို လူကလေး မကောင်းမှုဒုစရိုက်အမှုများကို ဆက် လက်ကျူးလွန်ဦးမှာလား"

"မ..မလုပ်တော့ပါဘူးခင်ဗျ"

"သင် ကတိပြုရဲ့လား"

"ကျိန်ဆို ကျိန်တွယ်ပါ့မယ် ဘရသေ့ခင်ဗျား"

"သာဓု..သာဓု..သာဓု..လူကလေး။ သင့်ကတိသာ တည် စေ"

သည့်နောက် ရသေ့ကြီးလည်း ကြေးစည်တီးခြင်းကို ရပ်လိုက် မြွေနှင်မန္တန်တစ်ပုဒ်ကို ရွတ်လိုက်တယ်။

"ဟဲ့..သားတို့..သမီးတို့..။ သင်တို့တာဝန် ကျေပွန်ကြပါပြီ။ ရာဌာနသို့ ပြန်ကြလေရော့။ သာဓု..သာဓု..သာဓု.."

ရသေ့ကြီးက သိုကလိုပြောပြီး ကြေးစည်လက်ရိုက်ကလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



အဝေးသို့ ညွှန်ပြလိုက်သောအခါ မြွေဟောက်ကြီးသုံးကောင်သည် ...
စကား။ သူတော်စင်စကားကို နားလည်ဟန်အလား ခေါင်းညိတ် ခေါင်းညိ...
ပြီကာ လူးလွန့်ထွက်ခွာသွားကြပါရောခင်ဗျာ။

ကျုပ်လေ..

ဝမ်းသာလွန်း၊ ကျေးဇူးတင်လွန်း၊ အံ့သြလွန်းလို့ ပုံပျက်...
ပျက်ရသေ့ကြီးရဲ့ ခြေအစုံကို အကြိမ်ကြိမ်ဦးချကန်တော့ခဲ့လိုက်ပါတယ်...

***

# ၆

သည့်နောက် ကျုပ် သူတော်စင်ရသေ့ကြီးကို အိမ်ပင့်ခေါ်ခဲ့လိုက်တယ်။ ဒါပေမဲ့ ကျုပ် အိမ်ပေါ်ကို မတက်ရဲဘူး။ တက်ရမှာ တွန့်နေ၊ လန့်နေတယ်။

"လူကလေး..ဘာဖြစ်လို့လဲ"

"ကြောက်လို့.."

"ဘာကို ကြောက်နေပါသလဲ"

"အိမ်ပေါ်မှာ မြွေဟောက်ကြီးတွေ ရှိနေတယ်"

"မရှိပါဘူး လူကလေး"

သို့နှင့် ကျုပ်က စောစောကအဖြစ်အပျက်ဆန်းများကို ပြောပြလိုက်တယ်။ ဒီမှာ ရသေ့ကြီးက သဲတစ်ဆုပ်ကို ကောက်ယူပြီး သဲမန်းမန်းလိုက်လို့ အိမ်ထဲကို ပစ်သွင်းလိုက်တယ်။

"တက်တော့.."

"ဟုတ်ပါ့မလား ဘရသေ့"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"လာကွာ.."

ဒီမှာ ပုံပျက်ပန်းပျက်ရသေ့ကြီးက ကျုပ်လက်ကိုဆွဲပြီး အိမ်ပေါ်
ကို တက်ခဲ့လိုက်တယ်။ ကျုပ် ဦးစွာ အဝတ်သေတ္တာကို လှန်ကြည့်လိုက်
တယ်။ အထဲမှာ ဘာမြွေမှ မရှိတော့ဘူး။

ဆန်အိုးကို ကြည့်လိုက်တယ်။

မြွေမရှိဘူး..။

မြွေဆိုးတွန်သံများလည်း လုံးဝမကြားရတော့ဘူး။

ဘာမြွေတွန်သံမှလည်း မကြားရတော့ဘူး။

သည့်နောက် ကျုပ်ဟာ နိုးဝှက်ထားတဲ့ ရသေ့ကြီးရဲ့ မြွေ
ခေါင်းပါ လျှို့ဝှက်ဆန်းကြယ် အံ့မှုယ်တောင်ဝှေးကို ရသေ့ကြီးထံ ရိုရိုသေ
သေအပ်နှံပြီး ကန်တော့တောင်းပန်လိုက်တယ်။

ပြောရရင် ရသေ့ကြီးရဲ့ ဂမ္ဘီရဆန်းကြယ်တောင်ဝှေးကြီး အိ
ပေါ်ရောက်တဲ့အချိန်ကစလို့ ချောက်ချားစရာအိပ်မက်ဆိုးများ မြင်မက်
အိပ်ရေးပျက်လျက် လန့်ခဲ့ရသလို..

အိပ်မက်ထဲက နိမိတ်ပြမြွေဆိုးကြီးများ အပြင်မှာ အမှန်တကယ်
ရောက်ရှိလာပြီး လူကို ကိုက်သတ်၊ ပေါက်သတ်မလို ဖြစ်ခဲ့ရတယ်၊

ဒါဟာ..

မဟုတ်မှ လွဲရော။

ပုံပျက်ပန်းပျက်ရသေ့ကြီးရဲ့ မြွေဟောက်ခေါင်းရုပ်ပါ
ဟောင်းဂမ္ဘီရတောင်ဝှေးရဲ့ ကျိန်စာလား။

ဒဏ်ခတ်တာလား မသိဘူး။

အခု ကျုပ် သူ့တောင်ဝှေးကြီးကို ပြန်ပေးလိုက်ပြီ။

"ဘရသေ့.."





"လူကလေး.."

"ကျွန်တော့်ကို ခွင့်လွှတ်ပါ အဘရယ်"

"လူလေး ဘာကြောင့် ခိုးရဂုက်ရတာလဲ"

"မခိုးရရင် မနေနိုင်လို့ပါ"

"နောင်ကိုရော ခိုးဦးမှာလား"

"ဘရသေ့နဲ့ ကြုံရပြီးနောက် ကျွန်တော် သူခိုးအလုပ်ကို စွန့်
လွှတ်ချင်ပါပြီ၊ ဒါပေမဲ့ နေဝင်ရင် ခိုးချင်တဲ့ ကျွန်တော့်စိတ်ကို ကျွန်တော်
ထိန်းချုပ်လို့ရပ့ါမလား မသိဘူး"

"လူကလေး.."

"ခင်ဗျာ.."

"ခြေထောက်က ခိုးချင်တာလား၊ လက်က ခိုးချင်တာလား"

"စိတ်ကကို ခိုးချင်နေတာပါ ဘရသေ့"

"ငုံ့စမ်း မင်းဦးခေါင်း"

ဒီမှာ ကျုပ်က ရသေ့ကြီးရဲ့ရှေ့မှာ ဦးခေါင်းကို ငုံ့ပေးလိုက်တယ်၊
သေ့ကြီးက သူ့ရဲ့ မြွေခေါင်းရုပ်ပါ ဂမ္ဘီရတောင်ဝှေးကြီး ကျုပ်ခေါင်းပေါ်
င်ပြီး အိန္ဒိယသံပါတဲ့ မန္တန်တစ်ပုဒ်ကို အတန်ကြာရွတ်လိုက်ပြီး တောင်
ဝှေးကို မ,ယူလိုက်တယ်။

ပြီးနောက် ကျုပ်ရဲ့ဦးခေါင်းအလယ်တည့်တည့်က ဆံပင်သုံးပင်
ကို ဆွဲနုတ်လိုက်ပြီး မီးရှို့ပစ်လိုက်တယ်။

"လူကလေး.."

"ခင်ဗျာ."

"ဒီညကစလို့ မင်း သူခိုးစိတ်ပျောက်ပြီ၊ ရော့.. ဒါလေးဆောင်
ထား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ အဘရသေ့"

"ညောင်ရွက်.. ဗောဓိညောင်ရွက်"

ဟုတ်ပေရဲ့..။ ကျုပ်လက်ထဲကို ဗောဓိညောင်ရွက်တစ်ရွက်လေး ထည့်ပေးလေရဲ့။ သေသေချာချာကြည့်လိုက်တော့ ဗောဓိညောင်ရွက် မှာ စမအချို့ ပါလို့ပါကလား။

"အဲဒီဗောဓိညောင်ရွက်ကို လက်ဝဲနှစ်ချကြားမှာညှပ်ပြီး နံ မိုးသောက် အလင်းရောက်သည်နဲ့ နေထွက်ရာအရပ်ကို မျက်နှာ ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃဂုဏော အန မာတာပိတုဂုဏော အနန္တော၊ အာစရိယဂုဏော အနန္တောလို့ ငါးကြိမ် ပြီး နေ့စဉ် ရှိခိုးလိုက်ပါ။ ဘ သွားမယ်"

သို့လိုပြောပြီး ပုံပျက်ပန်းပျက် ဘရသေ့ကြီး အိမ်ပေါ်က ဆင်းသွားလေရဲ့။

ကျုပ် နောင်တရလို့ မဆုံးဘူး။

ကျုပ် သူတော်စင်သူတော်ကောင်းရဲ့ ဥစ္စာကို ပြစ်မှားမိခဲ့ ကံကောင်းလို့ မသေရတာ။ ရူးမသွားတာရယ်..။

ကျုပ်နားလည်လိုက်ပါပြီဗျာ။

သူတော်စင်သူတော်ကောင်းများမှာ အမုန်းတရားမရှိဘူး။ သူ မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရား အပြည့်အလျှံရှိနေတယ်။

သီလနဲ့ထုံမွှမ်းနေတဲ့ သူတို့ရဲ့ခန္ဓာကိုယ်တစ်ခုလုံးဟာ သီလ မေတ္တာသိဒ္ဓိ၊ ဘာဝနာသိဒ္ဓိတွေနဲ့ထုံပြီး လိုရာကိုဖြစ်စေနိုင်တာ ကျုပ် တွေ့ကြုံတွေ့ခဲ့ရတယ်။

ထူးဆန်းလိုက်တာများဗျာ..။

ကျုပ်ဟာ နေ့တိုင်း၊ ညတိုင်း မှောင်ရီသန်းတာနဲ့ နိုးချင်စိတ်





ပွားဖွားပေါ်လေ့ရှိပြီး ရာကို နိုးလေ့ရှိပေမင့်..

ပုံပျက်ပန်းပျက်ရသေ့ကြီး ချီးမြှင့်ခဲ့တဲ့ မဟာဗောဓိ စမညောင် ရရှိပြီးတဲ့အချိန်မှစ၍ ရသေ့ကြီးပြောပြသလို လုပ်ခဲ့လိုက်တာ ကို နိုးချင်စိတ်မရှိတော့ဘူး။

မကြာခင်..

ကျုပ်မိန်းမ သူ့အမေထံက ပြန်ရောက်လာတယ်၊ ဒီမှာ ယောက္ခမ ကြီးပေးလိုက်တဲ့ ငွေအချို့ ပါလာပါရောခင်ဗျ။

အဲဒီငွေနဲ့ ကျုပ် အရင်းပြုပြီး မုန့်ဟင်းခါးဆိုင်လေးဖွင့်လို့ င်မယားနှစ်ယောက် ရောင်းချ လုပ်ကိုင်စားသောက်လိုက်တာ..

အိုဗျာ..

နေ့စဉ် ရောင်းလို့ မလောက်ပဲဗျို့..။

မိန်းမကလည်း ဝမ်းသာလို့။ အရပ်ကလည်း ဝမ်းသာလို့။ ကျုပ်အကြောင်း မြို့ကနယ်ထိန်းများ ကြားကြတော့..

စောရငချိတ်ကြီး လိမ်မာသွားပြီလို့ ပြောကြပါရောဗျာ။

ဒီမှာ ကျုပ်က နယ်ထိန်း လူဆိုးထိန်းကြီးကိုချက်ဖူးကို ပြောရ ာ..။

"နယ်ထိန်းကြီး.."

"ဘာလဲကွ စောရငချိတ်ကြီးရ"

"ကျုပ်ကို ဒီနေ့ကစပြီး စောရငချိတ်ကြီးလို့ မခေါ်နဲ့တော့ဗျ"

"ဟ.. ဒါဖြင့် ဘယ်လိုခေါ်ရမတုံးကွ။ အမည်သစ်လေးများ မှာပါဦးဟ ငချိတ်ကြီးရ"

"မုန့်ဟင်းခါးငချိတ်ကြီးလို့ ခေါ်တော့ဗျ"

"ဟား.. ဟား.. ဟား.. ဟား.. မုန့်ဟင်းခါးငချိတ်ကြီး.."



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား။ ဟား.. ဟား.. ဟား.. အမည်နဲ့ လူနဲ့ လိုက်ဖက်သွားပြီ

ဒီမှာ မုန့်ဟင်းခါးချေတ်ရ''

''ဘာတုံးဗျ နယ်ထိန်းကြီးရ''

''နာမည့်ပေးဆိုတာ ဒီအတိုင်းပေးလို့ မရဘူးလေကွာ။ အ

အမွေးနဲ့ လုပ်ရသကွ''

''ကိုင်း.. ဒါဆိုလည်း ခင်ဗျားတို့တစ်ဖွဲ့လုံး ဒီနေ့ မုန့်ဟင်းခါး

စား။ တစ်ပြားမှ မပေးနဲ့ဗျို့''

''ဟား. ဟား. ဟား. ဟား. သာဓုဗျာ. သာဓု. သာ

ကြိတ်လိုက်ကြစို့ဟေ့။ ဒါနမြောက်သွားအောင်ကွ''

ထိုနေ့က..

ကျုပ်ကို မကြာခဏ ခိုးမှုနဲ့လာဖမ်းလေ့ရှိခဲ့ဖူးတဲ့ လူဆိုး

အဖွဲ့ဟာ ကျုပ်ရဲ့ ဘဝသစ်၊ လူသစ်၊ စိတ်သစ်၊ နာမည်သစ်ပေ

အသိအမှတ်ပြု၊ ဂုဏ်ပြုတဲ့အနေနဲ့ ကျုပ်ဒါနပြုတဲ့ မုန့်ဟင်းခါးကို

ကြီးတီးလိုက်ကြတာ ထတော့ တွဲထူပေးရရဲ့ခင်ဗျ။

နောက်နေ့မနက်လည်း ရောက်ရော..

ခါတိုင်းနေ့များလိုပဲ ကျေးဇူးရှင် ပုံပျက်ပန်းပျက်ရသေ့ကြီး

သချိုင်းကို မုန့်ဆွမ်းလေးသွားပို့ရော..

ရသေ့ကြီး မရှိတော့ဘူး။

ဒါနဲ့ သချိုင်းစောင့် စဏ္ဍာလကြီး ဦးဖျော့ဖွဲကို မေးရော

''ဦးဖွဲ.. ဘရသေ့ကြီးရောဗျ''

''မရှိတော့ဘူးကွ''

''ဘယ်ကို ဆွမ်းစားကြွလို့လဲဗျ''

''ပြန်သွားပြီကွ''

စိတ်ကူးသစ်စာပေ



''ဗျာ.. သူ.. သူ.. ဘယ်ကိုပြန်သွားလဲဟင်.. ဟင်..''

''မသိဘူးကွ..။ မင်းလာရင်တော့ ပြောလိုက်ပါတဲ့။ ဒုစရိုက်ကို မလုပ်နဲ့။ သုစရိုက်ကို လုပ်၊ အဲဒါဆို မိစ္ဆာဒိဋ္ဌိလမ်းနဲ့ဝေးပြီး သမ္မာဒိဋ္ဌိလမ်းကို ရောက်လိမ့်မယ်။ အဲဒီလမ်းပေါ်ရောက်ရင် ချမ်းသာပြီတဲ့ကွ''

''ဩော်.. ဘရသေ့ရယ်''

ကျေးဇူးတော်အနန္တ၊ မေတ္တာတော်အနန္တများနဲ့ ပြည့်စုံကုံလုံကြွယ်ဝလိုက်ပါဘိ။ ။

❖

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



# ဂန္ဓာရီမုဆိုး

ကျွန်တော်သည် တပ်မတော်မှ အငြိမ်းစားယူပြီးနောက် စာဖတ်ခြင်း၊ အခါအားလျော်စွာ တပ်မတော်သားဘဝ စစ်ဆင်ရေးနယ်မြေအနှံ့ တာဝန်ထမ်းဆောင်ခဲ့ရသော နယ်မြေဒေသအတွေ့အကြုံများကို စာရေးသားခြင်းဖြင့်သာ အငြိမ်းစားဘဝကို ဖြေဖျောက်နေခဲ့ရ၏။

ဤသို့ဖြင့် ကျွန်တော်သည် စစ်ရေးတာဝန်ထမ်းဆောင်ခဲ့စဉ်က ခင်မင်ရင်းနှီးခဲ့ရသော မိတ်ဆွေအချို့ကို သတိတရရှိသည်နှင့် စိတ်ပြေလက်ပျောက်အဖြစ် မော်လိုက်သို့ ခရီးထွက်လာမိတော့သည်။

မော်လိုက်တွင် ကျွန်တော်တို့စစ်ဆင်ရေးခရီး၌ လမ်းပြအဖြစ်နှင့် လိုက်ပါလေ့ရှိသော မိတ်ဆွေရင်း ခမ္ပတီးရှမ်းလူမျိုး မုဆိုးကြီးမောင်မိုးလုံထံ ရောက်သောအခါ အားရဝမ်းသာကြိုဆိုပြီး..

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကနေဘယ်လို မျက်စိလည်လာတာလဲ ဗိုလ်ကြီး၊ ရဲဘော် တွေရော။ ဆရာကြီးထွန်းဖန်နန်ရော လိုက်မလာဘူးလား"

"ဖြည်းဖြည်းပေါ့ စောမိုင်းလုံရယ်၊ ခင်ဗျားသိချင်တာ ပြောပြ မယ်၊ ကျွန်တော် တပ်ကထွက်လိုက်ပြီလေ။ ဆေးအဆင့်နဲ့ပေါ့ဗျာ။ အ ခင်ဗျားကိုသတိရတာရော၊ စိတ်ပြေလက်ပျောက် တောလည်ချင်တာရေ ပေါ့ဗျာ။ ဒါကြောင့် လာတာ စောမိုင်းလုံ"

ထိုအချိန်တွင် မိုးကလေးရွာလာသဖြင့် ကျွန်တော့်မှာ ချမ်း စိမ့်ဖြစ်လာသဖြင့် မီးဖိုဘေးသို့ အသာရွှေ့ထိုင်လိုက်မိ၏။ ခဏအကြာတွ စောမိုင်းလုံ၏ဖနီး နော်ဂျာတောင်းက. .

"ကဲ. . ရေသွားချိုးကြတော့လေ၊ စောမိုင်းလုံ. . ဗိုလ်ကြီးကို ခေါ်သွား"

ကျွန်တော်က ရေမချိုးလိုကြောင်း ငြင်းလိုက်၏။ ထိုအခါ မုဆို ကြီးစောမိုင်းလုံက. .

"ဘယ်ဟုတ်မလဲ ဗိုလ်ကြီး။ ရေကို အားရပါးရချိုးပစ်လိုက် ဒါမှ ညအိပ်လို့ကောင်းမယ်။ ရေမချိုးရင် ပိုချမ်းပြီး ကိုယ်တွေလက်တွေ ကိုက်ခဲပြီး ဖျားမှာစိုးရတယ်၊ ချိုးသာ ချိုးပါ။ ပြီးတော့ နွေးအောင် လုပ်ပေးပါ့မယ်လေ"

သူတိုက်တွန်းသောကြောင့် သူနှင့်လိုက်၍ ရေကိုချိုးလိုက်ရတော့ သည်။

ဟုတ်လည်း ဟုတ်ပါသည်၊ ရေချိုးပြီး မတူမပါးဆွယ်တာလေ နှင့် ရှမ်းဘောင်းဘီပွပွကိုဝတ်ပြီး မီးဖိုဘေးတွင် ဝင်ထိုင်ရသည်မှာ သ သောင့်သက်သာ နွေးနွေးထွေးထွေးရှိလှဘိ၏။ အပြင်မှာ မိုးက သည် လိုက်၊ စဲလိုက်ဖြင့် မှောင်စပြုလာပြီဖြစ်၍ ကျွန်တော် တံခါးကို ထပိ





လိုက်ရ၏။

မုဆိုးကြီးစောမိုင်းလုံသည် စစ်ဆွယ်တာ၊ စစ်ဘောင်းဘီများဝတ် ပြီး ရောက်လာပြီး မကြာမီပင် သူ့ဖနီးဒေါ်ဂျာတောင်းကိုယ်တိုင် ပုလင်း များ၊ ဖန်ခွက်များကိုင်၍ စားစရာအချို့ကို ထည့်ယူလာ၏။ မုဆိုးကြီး စောမိုင်းလုံ၏ 'နွေးအောင်လုပ်ပေးပါ့မယ်လေ' ဆိုသည်မှာ ဒါကြောင့်ဟု သိလိုက်ရ၏။

"ကဲ. . မိတ်ဆွေဟောင်းတွေဆိုတော့ အေးအေးဆေးဆေးမှပဲ ထမင်းစားကြပေါ့"

"ကဲ. . ဗိုလ်ကြီး။ မစားရတာကြာတဲ့ အသားတွေ စားဦးကွာ။ ဒါက တောဝက်သားကျပ်တိုက်ကို တောင်ယာခရမ်းချဉ်သီးနဲ့ ကြက်သွန်နီ နဲ့ ပြန်ပြီးဆီပူလှိမ့်ထားတာ။ ဒါကတော့ ဆတ်သားခြောက်ကိုပြုတ်ပြီး အသားမျှင်ကလေးတွေ လုပ်ကြော်ထားတာ၊ ဒါကတော့ ပိုရှားတဲ့အသား ဟေ့။ ရဲနေအောင် မီးကင်ပြီး ဆီဆမ်းထားတာ"

မုဆိုးကြီးစောမိုင်းလုံအပြောကြောင့် ကျွန်တော်က ပန်းကန်ကို အာရုံစိုက်ကြည့်ရင်း. .

"ဘာသားမို့လို့လဲဗျ။ ရှားပါးတဲ့အသားဆိုတာက. ."

"ဟာ. . ရှူးဆို မျောက်ညိုသားလေ ဗိုလ်ကြီးရဲ့"

ကျွန်တော့်မှာ ခွက်ထိုးခွက်လန်ရယ်မောလိုက်မိ၏။ မျောက်ညို သားမှာ ချင်းတွင်းမြစ်ရိုးတစ်လျှောက် ပေါလှပါ၏။ မိုးဦးကျ ကနစိုးသီး သီးချိန်ဆိုလျှင် အလွယ်တကူပစ်ခတ်ရလေ့ရှိ၏။

"အခြောက်လှန်း၊ မီးဖုတ်စားတာထက် ချေးခါးကလေးချက်မှ ပိုပြီးစားကောင်းတော့မပေါ့"

ကျွန်တော်က ပြောလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ ကြိုက်တာပေါ့ ဗိုလ်ကြီး။ ဂျာတောင်းနဲ့ ကလေးတွေက မစားကြဘူးဟ"

မုဆိုးကြီးစောမိုင်းလုံ ငွေပြီးလှမ်းပေးသော အရက်ခွက်ကို ကျွန်တော်ယူပြီး နှာခေါင်းဝမှာတွေ နမ်းကြည့်မိ၏။ ထန်းလျက်အရက်လို ချဉ်စုတ်စုတ်လည်း မနံပါ။ ကချင်ဆန်အရက်လို ဖွဲနံ့လည်း မရပါ။ ဝီစကီနံ့ကလေးလို သင်းနေပါသည်။ အရောင်ကလည်း စိမ်းလဲ့လဲ့ကလေး ညိုနေပါသည်။

"ဘာအရက်လဲဗျ စောမိုင်းလုံ"

"ဒါ‥ 'ဟောင်းပါး' ခေါ်တယ်။ ခန္ဒီးကို မှာထားရတာ။ ဒီမှာက ဒါမျိုးမရှိဘူး။ ခေါင်ရည်ပဲရှိတယ်။ ဗိုလ်ကြီးလာတာနဲ့ အတော်ဖြစ်သွားတာပေါ့။ ဟောင်ပါးက လူး၊ ဆတ်တို့ ပြောင်းဖူးတို့နဲ့ ချက်ထားတာဗျ။ ဗိုလ်ကြီး မီးရှို့ကြည့်ပါလား"

သူပြောသဖြင့် ကျွန်တော်က အိတ်ထဲမှမီးခြစ်နှိုက်နေစဉ် သူက သူ့မီးခြစ်ကိုခြစ်ပြီး ကျွန်တော့်ဖန်ခွက်ပေါ်ကို မီးတောက်တင်လိုက်ရာ ဖန်ခွက်မှာ မီးထတောက်သဖြင့် ကပျာကယာ စားပွဲပေါ်ကိုချပြီး အပေါ်မှ လက်ဝါးနှင့်အုပ်လိုက်မှ မီးတောက်ပြာပြာကလေး ငြိမ်းပြီးသေသွား၏။ သူက တဟဲဟဲရယ်နေလေသည်။

ဟောင်းပါးကို သူက ဖရေမရောဘဲ မော့နေသော်လည်း ကျွန်တော်မှာ ရေတစ်ဝက်လောက်ရောပြီးမှ သောက်ရဲပါတော့၏။ သဘာဝအရသာနှင့် ရနံ့တို့က ထူးကဲနေပါ၏။ ရန်ကုန်တွင် ကျွန်တော်တို့သောက်နေကျ ဝီစကီထက်ပင် သာသည်ဟု ထင်မိပါသည်။

ခရမ်းချဉ်သီးနှင့် လှိမ့်ထားသော တောဝက်သားကျပ်ကင်ကလည်း မစားရသည်မှာ ကြာ၍လားမသိ။ စားကောင်းလှပါ၏။ မြို့မှာရှိသည့် ဝက်ပေါင်ခြောက်လိုလည်း ဆားမငန်ပါ။ သဘာဝသားကောင်၏ အရသာ ချိုမြချိုနေပါ၏။ ကျပ်မိုးနံ့ကလေးကလည်း သင်းနေသေး၏။





"ဒါတွေက ခင်ဗျားပစ်ခဲ့တာလား"

ကျွန်တော်က အမြည်းများကိုစားရင်း မေးလိုက်၏။

"ငါပစ်တာမဟုတ်ပါဘူး ဗိုလ်ကြီး။ ငါ အမဲပစ်တဲ့ မုဆိုးအလုပ်ကို စွန့်လိုက်ပြီလေ။ ဒါတွေက ငါ့တပည့် မုဆိုးတွေက လာပို့ပေးထားတာ တွေပါ"

"ဒီလိုဆို ကျုပ်နဲ့ တစ်ပွဲတစ်လမ်း တောမလည်တော့ဘူးပေါ့။ ဟုတ်လား စောမိုင်းလုံ"

"ဗိုလ်ကြီး အဝေးကြီးကလာတာကိုတော့ ငါအားနာပါတယ်။ မုဆိုးအလုပ်ကိုတော့ ငါမလုပ်ပါရစေနဲ့တော့နော်။ ဒါပေမဲ့ ဗိုလ်ကြီး တောပစ်ချင်သပဆိုရင် ငါ့တပည့်မုဆိုးလေးတွေကို လှမ်းခေါ်ပြီး သူတို့နဲ့ ထည့်ပေးလိုက်ပါမယ်"

"တောဝက်တွေ အရင်လိုပဲ ပေါသလား စောမိုင်းလုံ။ ဒါနဲ့ တစ်ခုမေးပါရစေ။ ဒီကောင်တွေထဲမှာ မီးမကူးတာတို့ မီးနိုးကြွက်လျှောက်လိုက်ထိုးတယ်ဆိုတာတွေ စောမိုင်းလုံကိုယ်တိုင် ကြုံဖူးသလား။ ခင်ဗျားက မုဆိုးအတွေ့အကြုံများတဲ့သူဆိုတော့ ကြုံဖူးမလားလို့ မေးကြည့်တာပါ"

"တောဝက်ကတော့ ဗိုလ်ကြီးတို့ အရင်ရောက်တုန်းကထက် ပိုပေါလာပါတယ်လို့ ပြောရမှာပေါ့။ ဒီကောင်တွေ ပေါလွန်းတော့ တောင်ယာစပါးခင်း၊ ပဲခင်းတွေကို လာလာဖျက်လွန်းလို့ မနိုင်နိုင်အောင် ဖြစ်နေတယ်။ တော်ရုံတန်ရုံခြောက်လှန့်လို့ကတော့ ဖြုတောင်မဖြုဘူး။ ဗိုလ်ကြီးတို့တပ် မရှိတော့တဲ့နောက် သေနတ်ရှိတဲ့လူဆိုရင် ရှိနိုးဦးတင် လိုက်ခေါ်ကြရတာကလား။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းကတော့ ဝက်လိုက်တဲ့မုဆိုးတွေ ရှိတယ်၊ သူတို့ကတော့ ခွေးနဲ့ လှံနဲ့ လိုက်ကြတာလေ။ ခွေးတွေကတော့ အင်းခွေးတွေလောက်တော့ မကြီးဘူး။ ခပ်ပုပုနဲ့ နားရွက်ကုပ်ကုပ်ကလေးတွေပဲ၊ သူတို့ကို ဝက်လိုက်ခွေးလို့ပဲ ခေါ်ကြပါတယ်။ အဲဒီဝက်လိုက်ခွေးသုံးကောင်နဲ့ လှံ အသွားကြီးက တစ်တောင်လောက်၊ အရိုးက တစ်လံနဲ့တစ်တောင်လက် လေးသစ်လောက်ရှိတဲ့ လှံနဲ့ ဝက်လိုက်ကြတာပဲ''

''တယ်စွန့်စားရတဲ့ မုဆိုးနည်းပါလား''

''စွန့်ရတယ်ဆိုပေမယ့် ရိုးရာဓလေ့အစဉ်အလာဆိုတော့ မိန့် ဖလာလုပ်ငန်းလို ဖြစ်နေပါပြီလေ။ ခွေးတွေကလည်း သိပ်အားကိုးရတယ် မိုလ်ကြီး။ ဝက်အုပ်မြင်လိုက်ရင် ခြောက်လှန့်ပြီး အုပ်ကွဲအောင် လုပ်လိုက်ကြတယ်။ ပြီးတော့မှ အုပ်ကွဲကျန်ခဲ့တဲ့အကောင်ကို နားရွက်ဝင်ခဲတာပဲ၊ ဝက်က ပြန်ပက်ရင် ရှောင်တယ်။ နောက်တစ်ကောင်က အမြီးဝင်ခဲ နောက်.. ပြန်ပက်တုန်း တစ်ကောင်က နားရွက်ခဲနဲ့ ဝက်ဟာ ကြာတော့ မောလဲ့မော၊ ကြောက်လည်းကြောက်နဲ့ ခံနေတုန်း နားရွက်ကို မိမိရရခဲပြီး ဝက်ကိုယ်ပေါ်ကနေ တခြားဘက်ရောက်အောင် ခုန်ချလိုက်တယ်။ ဒီတော့ ဝက် ခေါင်းမော့ပြီး ဖင်ထိုင်ချလိုက်ရတာပေါ့။ ဒီတော့မှ မုဆိုးက လှံနဲ့ မိမိရရထိုးရတယ်။ အခုတော့ အဲဒီလိုထိုးရဲတဲ့လူတွေ သိပ်မရှိတော့ပါဘူး။ သေနတ်ပဲ အားကိုးကြတော့တယ်''

''မီးမကူးဘူး ဆိုတာကရောဗျာ''

''ဒါကိုတော့ ငါတို့အဘိုး မုဆိုးတွေလက်ထက်ကတည်းက အခု ထက်ထိ ယုံကြည်မှုရှိနေကြသေးတယ် မိုလ်ကြီး။ ဝက်စွယ်ဟာ ကြီးလွန်းလို့ နားဝကို လာပြီးချိတ်နေတယ်။ ဒီအစွယ်ကလည်း အခေါင်းပွမဟုတ်ဘဲ ဆင်စွယ်လို အနှစ်ပြည့်နေတယ်ဆိုရင် မီးမကူးဘူးလို့ ယုံကြည်ကြတယ်။





ငါ့ရဲ့မုဆိုးသက်တမ်းမှာတော့ တစ်ခါမှမတွေ့ဖူးသေးပါဘူး။ ငါ့အဘိုးရဲ့ အဖေခေတ်က တူမီးသေနတ်တွေနဲ့ ပစ်ကြတာလို့ ပြောတယ်။ ယမ်းစိုလို့ မီးမကူးတာနဲ့ ကြုံဖူးတဲ့ မုဆိုးတွေပြောတာကို တကယ်မီးမကူးဘူးလို့ ခွဲလမ်းယုံကြည်နေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ မိုလ်ကြီး''

''ဒါဖြင့် မီးနိုးကြွက်လျှောက်ဆိုတာကရော''

''ဒီတောဝက်ဆိုတဲ့ အကောင်တွေဟာ အစာစားနေရာက သေနတ်သံကြားလို့ လန့်တာနဲ့တစ်ပြိုင်နက် ခေါင်းငိုက်ထားတဲ့ဘက် ကို စွတ်ပြေးတာကွ။ ရှေ့က တိုက်စရာရှိ တိုက်၊ လှဲစရာရှိ လှဲပစ်တတ် တဲ့ အကောင်မျိုး။ ပြီးတော့ ဒီကောင်တွေက တောမှာကျင်လည်နေတဲ့ အကောင်တွေဆိုတော့ မြန်ဆန်သွက်လက်တယ်၊ သန်မာတယ်၊ ရှေ့တည့် တည့်ကပစ်လို့ မမှန်ဘဲ၊ နေရာမှာတင် ပုံမကျဘဲနဲ့ဆိုရင် ရုတ်တရက် ဘယ်လိုမှ ရှောင်ဖို့မလွယ်အောင် စွတ်ခနဲ ရောက်လာနိုင်တယ်။ ဒါကိုပဲ မီးနိုးကြွက်လျှောက်လို့ ခေါ်တယ်လို့ ထင်တာပဲ မိုလ်ကြီး။ တစ်ခုတော့ ရှိတယ်။ ဝက်သိုးကြီးတွေရဲ့ ပခုံးစွန်းကြီးတွေဟာ သိပ်မာတယ်။ ပေါင် လုံးလောက်၊ ပေါင်ဖျားလောက် သစ်ပင်ဆိုရင် သူ့တို့ပွတ်တာနဲ့ လဲတယ်။ ယားတဲ့အခါလည်း အဲဒီနေရာနဲ့ သစ်ပင်ကို တိုက်လိုက်၊ ပွတ်လိုက်နဲ့ လုပ်နေတော့ ကျိုးပေါင်းတက်ပြီး မာနေတော့တာပေါ့။ တော်ရုံသေနတ် ကိုးလုံးကျည်၊ ခြောက်လုံးကျည်ဆိုရင် ပေါက်ကိုမပေါက်ဘူး။ အဲဒီနေရာ ကို ပစ်ပြီး မှန်ဦးတော့ ကျည်မစူးဘူး။ အဲဒါကိုပဲ ပြီးတယ်လို့ ခေါ်နေကြ သလားတော့ မသိဘူး။ ငါကတော့ ရိုင်ဖယ်နဲ့ပဲ ပစ်လေ့ပစ်ထရှိတော့ ငါ့ရဲ့ မုဆိုးသက် နှစ်သုံးဆယ်ကျော်မှာ ပြီးတဲ့ဝက်လည်း မတွေ့ဖူးခဲ့ဘူး။ နောက်ပြီး မီးမကူးဟာလည်း မကြုံဖူးခဲ့သေးဘူး။ မီးနိုးကြွက်လျှောက် လိုက်တာ.. အဲ.. ဝက်ခေါင်းထိုး စွတ်ထိုးတာ မထိအောင်တော့ မယ်စ်ခင်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ကိုယ်ယူတဲ့နေရာမှန်အောင် ယူထားရတာပေါ့ ဗိုလ်ကြီးရေ

အခုလို မိုးကျလာပြီဆိုရင် တောဝက်သား စားလို့ကောင်းစပြီ နွေမှာဆိုရင် ဒီအကောင်တွေက ရေငတ်တော့ သူတို့သေးကို သူတို့ပြန် သောက်ရတော့ အသားက နံတယ်။ မကောင်းဘူး။ မှိုစ်တွေပေါ်တဲ့အချိန် စပါးတွေသီးတဲ့ရာသီဆိုရင် သိပ်စားလို့ကောင်းလာပြီပေါ့ကွာ။ အစာ လင်လင်စားရတော့ အသားလည်းပြည့်၊ အဆီလည်းတင်ပြီး စားရ ပိုအရသာလေးပင်တာပေါ့။ အင်း. . သူများအသားများ စားလို့ကော တယ်ပြောရင် တယ်သွားရည်ကျတယ်''

ဆိုရင်း ဟောင်ပါးကို မော့သောက်ပြီး မျောက်သားမီးဖုတ် ဆမ်းကို စားလိုက်ပြန်၏။ ပြီးမှ. .

''စားစမ်းပါ ဗိုလ်ကြီး။ ဒီတောဝက်သားပဲ ခံတွင်းတွေ့နေတာ ဆတ်သားလည်း ကောင်းပါတယ်။ ဗိုလ်ကြီးပြန်ရင် ငါစီမံပေးလိုက်ပါ့မယ် တောဝက်သားကျပ်တင်ရော၊ ခေါင်းဘစ်လုံးလုံးကို ဝက်သားချဉ် ထုပ်ပေးလိုက်ပါ့မယ်''

''ကောင်းပါတယ် စောမိုင်းလုံရဲ့။ ဆတ်သားလတ်လတ် ဆတ်ဆိုတော့ ပိုပြီးချိုတာပေါ့။ ဟိုတုန်းကတည်းက ခင်ဗျားသိတဲ့အတိုင်း ကျုပ်က ဝက်သားကို ပိုကြိုက်တယ်ဆိုတာ''

''ငါသိပါတယ်လေ။ ရှေးခေတ်က စော်ဘွားတွေဆိုရင် ဆ တွေကို သီးသန့်မွေးထားပြီးမှ ကိုယ်တိုင်ပစ်စားကြတာ''

''ဟုတ်ပါ့မလား. .။ ကျုပ်ဖြင့် ကြားတောင်မကြားဖူးပါဘူး ဘယ်လိုမွေးထားကြတာတုံးဗျ''

''ငါလည်း ငါတို့အဘိုးပြောပြခဲ့လို့ သိတာပါ။ ဟိုး. . ရှေးမြို့ ရှင်ဘုရင်တွေလက်ထက်တုန်းက ခန္တီးစော်ဘွား၊ ခန်းပတ်စော်ဘွား





သောင်သွပ်စော်ဘွားတို့ဟာ သူတို့အချင်းချင်း ချိန်းပြီးတော့ အမဲလိုက်ဖို့ ဒေသကြီးတစ်ခုကို သတ်မှတ်ထားတယ်။ ဗိုလ်ကြီးတို့ စစ်ကြောင်းထိုးခဲ့ဖူး တဲ့ ကိုးတန်ချောင်းရိုးကို မှတ်မိတယ်မဟုတ်လား။ မော်လိုက်အောက်နား က အရှေ့ဘက်ကမ်းမှာလေ။ အဲဒီ ကိုးတန်ချောင်းရိုးကို တက်သွားရင် စော်ဘွားဟင်းအိုး' လို့ခေါ်တဲ့ လွင်ပြင်ကြီးရှိတယ်။ အဲဒီထဲမှာရှိတဲ့ အမဲမှန် သမျှ အထူးသဖြင့် ဆတ်ကို ဆင်းရဲသားမုဆိုးတွေ မပစ်မခတ်ရဆိုပြီး သတ်မှတ်မွေးထားတာပေါ့။ သူတို့ စော်ဘွားတွေကိုယ်တိုင်တော့ တစ်နှစ် တစ်ကြိမ်လောက် လာပြီးတော့လိုက်ကစားလေ့ရှိတယ်။

ဆတ်ဆိုတဲ့အကောင်ကလည်း တောသိပ်နက်ရင် မနေဘူး။ မြက်ခင်းကောင်းကောင်း၊ ချောင်းနား၊ မြစ်နား၊ လွင်ပြင်မျိုးမှာသာ ကျက်စားလေ့ရှိတာ။ တောနက်တော့ ကျားကြောက်ရတဲ့ရန်ကလည်း ရှိသေးတယ်။ သူတို့စားတာကလည်း မြက်ပဲဆိုတော့ တစ်နေရာမှာနေ တယ်ဆိုရင်လည်း သိပ်ပြီး တောပြောင်းလေ့ပြောင်းထ မရှိဘူး။ ဒါကြောင့် သူတို့ကျက်စားပေါက်ပွားတဲ့ဒေသကို ကြိုးဝိုင်းသတ်မှတ်ပြီး မပစ်မခတ်ဘဲ ထားလိုက်ရင် သုံးလေးနှစ်ဆို ပစ်ချင်သလောက် ပစ်လို့ရတာပဲဗျ။ ဒီနည်းနဲ့ ပျော်တမ်းအမဲလိုက်ရအောင်ဆိုပြီး စော်ဘွားတွေက ကြိုးဝိုင်းသတ်မှတ် ပြီး မွေးထားတာလို့ ဆိုတာပဲ''

''မုဆိုးတွေ ဆတ်ကို ဘာနဲ့ပစ်ဖမ်းကြသလဲ၊ အခုနောက်ပိုင်း ပေါ့''

''တောထဲက အကောင်တွေကတော့ မျိုးမပြုတ်ချင်အဆုံးပေါ့ ဗိုလ်ကြီး။ ငါတို့အဘိုးခေတ်ကတော့ ဆတ်သား၊ ဒိုင်သား၊ ပြောင်သား ရှေးမြို့တာတွေကို မုဆိုးလိုင်စင်ရှိတဲ့လူတွေကိုမှ ပစ်ခွင့်ပေးတာ။ တစ်နှစ် မဲဘယ်နှကောင်ရတယ်၊ အထီး၊ အမ ခွဲခြားပြီး အစီရင်ခံရတယ်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်တို့၊ ပြောင်တို့ဆိုရင် အမကို မပစ်ရဘူး။ ဆတ်တို့၊ ချေတို့ဆိုရင် အမကို သားလွယ်ချိန်၊ သားပေါက်ချိန်တွေဆို မပစ်ရဘူးဆိုပြီး တားမြစ်ပေးထားတယ်။ မုဆိုးလိုင်စင်ယူထားတဲ့လူဟာ ဒီတားမြစ် တွေကို တိတိကျကျ လိုက်နာရတယ်။ ခုတော့ သေနတ်ရှိတဲ့လူ မရှိတဲ့လူရော ဥပဒေကို မသိကျိုးကျွန်ပြုပြီး ပစ်ခတ်စားနေကြတော ပါပဲ။ မုဆိုးအမည်ခံပြီး သူလည်းပစ်၊ ကိုယ်လည်းပစ် ဖြစ်နေတ ဗိုလ်ကြီး''

''ဟိုတုန်းက အမဲလိုက်တယ်ဆိုတဲ့ တကယ့်မုဆိုးကြီးတွေ ရှိသေးလား စောမိုင်းလုံ''

''ရှိပါသကော ဗိုလ်ကြီး။ ဘယ်လောက်တော်တဲ့ မုဆိုးကြ လဲဆိုတာ ငါပြောပြရင် ဗိုလ်ကြီးအံ့သြသွားမယ်။

မင်းချောင်းရွာမှာ ရှေးကတည်းက မျိုးရိုးစဉ်ဆက် မုဆိုးလု တဲ့ ဦးထော်ညွှတ်ဆိုတာ ရှိတယ်။ အခု အသက်ရှစ်ဆယ်ကျော် သူ့သားတစ်ယောက်ရဲ့ အလှူမှာ ကျွေးဖို့အတွက် ဆတ်သားရှာပေ အကောင်ဘယ်လောက်များသလဲတော့ မသိဘူး။ လာသမျှ ရပ်နီး ဧည့်သည်ကို ဆတ်သားဆီပူထိုး၊ မန်ကျည်းရွက်ဆားသိပ်အသုပ်၊ ဟင်းချိုနဲ့ ထမင်းဆယ်ရက်ကျွေးတယ်။ ဆတ်သားဆီပူထိုး ဆယ် တစ်လုံး သန့်သန့်တောင် မကုန်သေးတာ တွေ့ရတယ်''

ကျွန်တော် မျက်လုံးပြူးသွားခဲ့ရ၏။ စိတ်ထဲတွင် မယုံကြ အောင်လည်း ဖြစ်ရသည်။

''ဒီလောက်များများစားစားရအောင် ဒီမုဆိုးအိုကြီးက ပ ဆိုတာ ဟုတ်ပါ့မလား။ ဘယ်လိုလုပ် ပစ်တာလဲ။ သေနတ်နဲ့ပစ်တာ

''ဘယ်ကလာ သေနတ်ရှိမလဲဗျာ။ သူကျွမ်းကျင်တဲ့ 'ကိုင်





တောင်တဲ့နည်းနဲ့ ဖမ်းတာ။ ဆတ်သွားတဲ့လာတဲ့လမ်း၊ ခြေရာတို့ကို လိုက် ပြီးတော့ ကြည့်ထားတယ်။ မြင်ပြီဆိုရင် သူကိုယ်တိုင်လုပ်ထားတဲ့ ဝါး ကိုင်းကြီးတွေကို ဝါးအလိုက်တိုင်း၊ ထိပ်ပိုင်းကို နှီးဖြာပြီးတော့မှ ကြာပွတ် ကြီးလိုဖြစ်နေအောင် ကျစ်ထားပြီးမှ ကွင်းလျှောဖြစ်အောင် လုပ်ထားတာ။ အရင်းကို မြေကြီးထဲမှာ မြှုပ်ပြီးတော့ ကွင်းလျှောထောင်တာပဲ။ ကွင်းမှာ မိတာနဲ့ ကိုင်းကြီးက ဆတ်ခနဲလန်တက်သွားပြီး အကောင်လည်း ခြေတို လက်တို့မိပြီး ရုန်းလေကန်လေ၊ ကွင်းက မိလေနဲ့ မပြေးနိုင်တော့ဘူး။ အကောင် မနာမပြဲဘဲ အရှင်ကိုတောင် ရတယ်ဗျ။ သူ့သားအလှူတုန်းက လိုတဲ့ဆတ်တွေကို သူကိုယ်တိုင် တစ်မိုးတွင်းလုံးထောင်၊ ဖျက်ပြီး ပြုတ်၊ နှောက်.. ဆီပူထိုး၊ ဆယ်ဝင်အိုးတွေထဲမှာ သိပ်ပြီး ဆီမြှုပ်အောင်ထား တာ။ ဘယ်လောက်ထားထား ခံတယ်ဗျ။ လာသမျှလူ ဆယ်ရက်ကျွေးပြီး တဲ့အပြင် အိုးတစ်လုံးတောင် ပိုသေးတယ်ဆိုတော့ ဗိုလ်ကြီးပဲစဉ်းစားကြည့်၊ ဘယ်လောက်ဖမ်းလိုက်သလဲလို့။ သူ့မုဆိုးသက်တမ်းမှာ စံချိန်တင်လိုက် တာလည်း ဖြစ်ချင်ဖြစ်မယ်။ အဲဒီအလှူမှာပဲ မုဆိုးကြီးလည်း သာသနာ့ ဘောင်ကို အပြီးအပိုင်ဝင်သွားတယ်။ အကုသိုလ်နဲ့ သူနဲ့ ပြီးပြတ်ပြီဆိုတဲ့ အဓိပ္ပာယ်ပါပဲ ဗိုလ်ကြီး''

''အင်း.. စိတ်ဝင်စားစရာကောင်းသလို အံ့သြစရာလည်း ကောင်းတယ် စောမိုင်းလုံ။ သူ့လို တခြားမုဆိုးကြီးတွေရော ရှိသေးလား''

သူက ကျွန်တော့်အမေးကို မဖြေသေးဘဲ ဖောင်ပါးကို တစ် ကျိုက်နှစ်ကျိုက်မျှသောက်ပြီး တောဝက်သားနှင့် မျောက်ညိုသားကို ဝါးနေ ပါသေး၏။ ပြီးမှ နှုတ်ခမ်းပါးနားသပ်ပြီး ဆေးတစ်ဆုံသိပ်ကာ မီးညှိဖွာ ရှိုက်နေပြန်သည်။

''ရှိပါပြီကော ဗိုလ်ကြီး။ ပါဟဲဆိုတဲ့ရွာမှာ စောအယ်လူးဆိုတဲ့



၅

www.burmeseclassic.com



ဒူးလေးကိုင်မုဆိုးကြီးဆိုတာ ရှိတယ်။ သူက အိမ်မှာ ဟင်းပြတ်တဲ့အခါ
မှ သွားသွားပစ်တာဗျ။ အသက်ကလည်း ကြီးလာတော့ တောထဲတော
သိပ်လည်ချင်ပုံမရဘူး။ ခုဆို သူလည်း ရှစ်ဆယ်ကျော်လောက်ပြီ။ သူ
တစ်နေရာတည်းကို မှုသေထားပြီးတော့ သွားပစ်လေ့ရှိတယ်။ သူ့လု
ကလေးကိုကြည့်ရင် ရယ်စရာလည်းကောင်းတယ်။ မှတ်သားစရာလ
ကောင်းတယ်။ သူ့တဲဘေးမှာ အဆစ်တွေကို တိုးလျှိုဖောက်ထား
ဝါးပိုးဝါးကြီးတစ်ခု ထောင်ထားတယ်ဗိုလ်ကြီး''

''ဘယ်လိုသဘောလဲဗျ''

''အဲဒီထဲကို သူ အမြဲ သေးပေါက်ထည့်လေ့ရှိတယ်။ ဒီသေ
တွေကို စုထားတာပေါ့ဗျာ။ ရက်ကြာလို့ တော်တော်ရှုပြီဆိုရင် သူ့တေ
ယာခင်းနဲ့ ခပ်လှမ်းလှမ်းက တောစပ်တစ်နေရာထိ အဲဒါကြီးကို ထမ်းသ
ပြီး ဟိုမှာသွန်လေ့ရှိတယ်။ ကြာတော့ အဲဒီနေရာမှာ ဆားကျင်းက
လာဖြစ်နေတာပေါ့ ဗိုလ်ကြီး။ ချေကလေးတွေက အဲဒီဆားကျင်
လာလာပြီး ရက်လေ့ရှိတယ်။ အဲဒီလို လာရက်တဲ့အခါကျတော့မှ သူ
စောင့်ပြီး ဒူးလေးနဲ့ ပစ်တာ။ သူမြှားထိပ်မှာ အဆိပ်စိမ်ထားတာဆို
ဘယ်နေရာမှန်မှန် လဲတာပဲ။ နလုံးကိုဖောက်မှ မျက်လုံးကိုစိုက်မှဆို
တွေ ဘာမှမလိုဘူး။ အဆိပ်ကလည်း သူ့ဟာနဲ့သူ မြှားဆိပ်ပင်က
အဆိပ်နဲ့၊ ဖားပြုတ်အစေးနဲ့၊ ကျင်ငယ်ရည်နဲ့ ရောပြီးကျိုထားတ
သူ့နည်းကိုလည်း အန္တရာယ်များလွန်းလို့ဆိုပြီး ဘယ်မုဆိုးကိုမှ မပေး
တစ်ခုတော့ ရှိတယ်။ အဆိပ်လူးပြီးသားမြှား လိုချင်ရင်တော့ သူ့ဆ
ဝယ်လို့ရတယ်။ သွေးစိုတာနဲ့ ဘယ်လောက်ကြီးမားတဲ့ သားကော
ဖြစ် တစ်ဇွေ့ခုန်ဆိုရင် တစ်ချက်သာခုန်နိုင်ပြီး နှစ်ဇွေ့ခုန်ဆိုရင် နှစ်
ခုန်နိုင်တော့မယ်။ သူက အသက်ရှစ်ဆယ်ကျော်မုဆိုးကြီးဆိုတော့





လုံးမွဲနေပြီလေ။ သူ့နည်းနဲ့သူပဲ စားရအောင် လုပ်ယူရရှာတာပေါ့ဗျာ''

''အဲဒီအဘိုးကြီး အခုရှိသေးလား စောမိုင်းလုံ''

''ရှိတယ်။ ခုဆို ကိုးဆယ်ကျော်ရောမယ်ဗျ။ သူက ငါတို့အရပ်
ဇာတိ မဟုတ်ဘူး။ သစ်ထုတ်လုပ်ရေးအဖွဲ့ထဲမှာ လက်နက်ကိုင်အစောင့်
အဖြစ်နဲ့ ပါလာတာလို့ဆိုတယ်။ မိုင်းချောင်းမှာ ကောင်မလေးတစ်ယောက်
နဲ့ အကြောင်းပါပြီး သစ်တောအဖွဲ့ပြောင်းသွားတော့ ကျန်ရစ်ရာက
မုဆိုးလုပ်၊ တောင်ယာခုတ်နဲ့ နေတာပေါ့''

ကျွန်တော်သည် မုဆိုးကြီးစောမိုင်းလုံ၏ ညှော်ခန်းတွင် ခန္တီးလုံ
ပန်းပွားများနှင့် ကြက်ခြေခတ်ထားသည့်အောက်မှ နံရံကပ်ထားသော
ကျားကြီးရေကို ရှုးစိုက်ကြည့်ရင်း..

''ဒါနဲ့ နေစမ်းပါဦး စောမိုင်းလုံ။ အခု မုဆိုးအလုပ်ကို စွန့်လိုက်
ပြီဆိုတော့ ခင်ဗျားပြောတဲ့ ဆတ်မုဆိုးကြီး ဦးထော်ညွှတ်လိုမျိုး အကျွတ်
တရားရလို့များလားဗျာ''

မုဆိုးကြီးစောမိုင်းလုံသည် ဆေးတံကိုဖွာရင်း တစ်စုံတစ်ခုကို
တွေးနေဟန်ဖြင့် ငေးနေလေ၏။ အပြင်ဘက်မှ မိုးကလည်း သည်းလာ
သလို အအေးဓာတ်ကလည်း ပိုလာပြန်သဖြင့် မီးဖိုတွင် ထင်းတုံးသုံးလေး
တုံးထပ်ထည့်ရင်း မီးဖိုဘေးမှာ ခါးဆန့်လက်ဆန့် လုပ်နေပြန်၏။ သူ့
ကိုယ်ကာယမှာ တောင့်တင်းခိုင်မာလှ၏။ မေးရိုးကားကား၊ ရင်ပြင်ကျယ်
ကျယ်၊ လက်မောင်းအိုးကြီးများ ကြွားကြွားနှင့် သူ့အရပ်နှင့်သူ အလွန်
ကြည့်ကောင်းပါ၏။ ယောကျ်ားပီသလှ၏။ ဆေးတံမှ ပြာများကို မီးဖို
ဘောင်မှာ ခေါက်ချပြီးမှ..

''ငါက ဦးထော်ညွှတ်လို အကျွတ်တရားရလို့တော့ မဟုတ်ပါဘူး
ဗိုလ်ကြီး။ ဒီတော၊ ဒီတောင်၊ ဒီမြေ ဒီရေမှာ ကြီးပြင်းလာတဲ့သူပါ။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်လေးနှစ်သားလောက်ကတည်းက အဘိုးမှဆိုး၊ ဘကြီးမှဆိုး၊ အဖေ
မှဆိုးတွေနောက် လိုက်ပြီး မုဆိုးပညာသင်လာခဲ့ရတယ်။ နှစ်ကြာလာတော့
တောကိုလည်း ပိုပြီးကျွမ်းလာတယ်။ သားကောင်တွေရဲ့ ဓလေ့ကိုလည်
နားလည်လာတယ်။ အစကတော့ ဟိုဟာကလေးပစ်၊ ဒီဟာကလေး
ပေါ့။ နောက်တော့ ချေပစ်တာတို့၊ ဆတ်ပစ်တာတို့အထိ ဖြစ်လာတယ်
နောက်တော့ ငါ့လက်ကိုလည်း ငါပိုပြီးယုံလာတယ်။ သားကောင်ပြေး
တုန်း ပစ်တာတို့ ညဉ့်မှာ မီးထိုးပြီးတော့ သားကောင်ကိုပစ်ရတဲ့နည်းတွေ
ကို အဘိုးနဲ့အဖေက သင်ပေးတယ်။ နောက်တော့ လက်တွေ့စမ်းသပ်
နိုင်းရင်းက နယ်ခံ အချို့ဝါရင့်မုဆိုးတွေကတောင် ငါ့ကို ယေပေး
လေးစားလာကြတယ်။ ငါလိုက်ပစ်ရတဲ့သားကောင် တော်တော်များများ
ရတဲ့အခါ ရှိသလို မတွေ့လို့ မရတာလည်း ရှိပါတယ်။ ဒါပေမဲ့ တွေ့လို
တော့ တစ်ခါမှ လွတ်သွားတာ၊ လွဲသွားတာမျိုး မရှိခဲ့ဖူးသလောက်ပါ
ဒါက ငါပြောဖို့မလိုဘူးထင်တယ်၊ ဗိုလ်ကြီးတို့စစ်ကြောင်းနဲ့ ငါလိုက်တုန်း
ပစ်ခဲ့ရတဲ့ သားကောင်တွေက သက်သေပါလေ။

အဲဒါက ထားပါတော့။ မုဆိုးပေါက်စကတော့ ဆတ်တို့ ချေ
လောက်ပဲ ပစ်တာ။ ဒီတောတွေကလည်း သမင်မရှိဘူး။ တောတွေ
ချုံတွေက ရှိတော့ သမင်မနေဘူး။ ဒရယ်တော့ ရှိတယ်။ ငါတို့ကတေ
ဒရယ်သားကို စိမ်းရွှေရွှေနံ့တယ်ဆိုပြီး တောသွားရင်း တွေ့တာတော
ပစ်လေ့မရှိပါဘူး။ ဒီလိုနဲ့ အမဲကြီးလို့ခေါ်တဲ့ စိုင်တို့၊ ပြောင်တို့ ပ
အကြောင်းက ဒီလိုဖြစ်လာတာ ဗိုလ်ကြီး။

တစ်နေ့ ကိုရွှတစ်ခုနဲ့ ငါ ယုဝရွာဘက်လာခဲ့တာ ရွာနဲ့မလှ
မကမ်းရောက်တော့ ထူးထူးဆန်းဆန်း တွေ့လိုက်ရတယ်။ ကျွဲကြီးတ
ကောင်ကို ကျားက ချောင်းနေတာ သွားတွေ့တယ်။ ကျွဲကြီးလှ





ကျားကို ချိန်နဲ့စောင်ပြီး ဝါးရုံပင်ရင်း ဖင်ပေးပြီး အသင့်အနေနဲ့ ကိုယ်ကိုယ်ယို
ပြီး စောင့်နေတယ်။ ကျားကလည်း တော်တော်နဲ့မကပ်ဘဲ ကိုက်ငါးဆယ်
လောက်အကွာကနေ ကြွက်ကို ကြောင်ချောင်းသလို ဝပ်ပြီး ချောင်းနေ
တယ်။ နေကလည်း အနောက်ဘက်ကို ကူစပြုနေပြီ။ ငါက နေကိုကျော
ပေးပြီး ကျားနောက်က ရောက်နေတာကို ကျားက မသိဘူး။ ငါလည်း
ဘာဖြစ်ကြမလဲဆိုတာ စောင့်ကြည့်နေတယ်။ ကျားကလည်း ရှေ့မတိုးရဲ
ဘူး ဗိုလ်ကြီး။ ကျွဲကလည်း လှုပ်ကိုမလှုပ်ဘူး။

စောင့်ကြည့်ရင်း စိတ်မရှည်တော့တာနဲ့ ငါက ကျားကို လန့်
ပြေးအောင်ဆိုပြီး ရုတ်တရက် 'ဟေး' ခနဲ အော်သံပေး ဟစ်လိုက်တော့
ကျားလည်း ရုတ်ခနဲ လန့်ပြီး ဘယ်ဘက်ခင်တန်းကလေးဆီ တက်ပြေး
သွားတယ်။ ဒါပေမဲ့ ဒီအကောင် တစ်ခါတည်းထွက်ပြေးသွားတာ မဟုတ်
ဘူး။ ခင်တန်းထိပ်ရောက်တော့ ပြန်လှည့်ပြီး လူကိုပြန်ကြည့်ပြီး ဆောင့်
ကြောင့်ထိုင်လိုက်တော့တယ်။ နောက်တော့ ကျွဲကို သတိမရတော့ဘဲ
ငါ့ဆီကို အာရုံရောက်ပြီး တစ်လှမ်းချင်းလာတော့တာပဲ။

သူလာနေပုံက သိပ်အေးအေးဆေးဆေးပဲ။ သူ့စိတ်ထဲမှာ ငါ့
ကို အပြတ်ရှင်းဖို့ ဆုံးဖြတ်ထားပုံရတယ် ဗိုလ်ကြီး။ ဒီတောမှာ ဘယ်သူ
ရှင်လဲဆိုတာ သိရအောင် ပြမယ့်သဘောပဲ။ ဘေးဘီကို တစ်ချက်
ကလေးမကြည့်ဘဲ ငါ့ဆီကို တည့်တည့်လာနေတာ။ ဒါနဲ့ ငါလည်း
လက်ထဲက သုံးရာ့သုံးအင်္ဂလိပ်ရိုင်ဖယ်ကို အသံမမြည်အောင် ကျိတ်ပြီး
မောင်းတင်၊ ကျည်ထိုးပြီး လျှပ်တစ်ပြက်ပစ်နိုင်အောင် မလှုပ်မရှား
စောင့်နေလိုက်တယ်။ ဒီကောင်တွေက သိပ်မြန်တယ်။ ကိုယ်အနေအထား
ညီးနည်းကလေးလှုပ်တာနဲ့၊ ပျက်တာနဲ့ လျှပ်တစ်ပြက်ခုန်အုပ်တတ်တာ
မို့ ကိုယ်ကို မလှုပ်မယှက်နဲ့၊ အာရုံကိုလည်း သူနဲ့အပြိုင် လှုပ်ရှားနိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင်၊ မျက်လုံးမပြာအောင် ပစ်ကွင်းရှေ့သရွေ့ လိုက်နိုင်အောင် 
သွင်းထားလိုက်ရတယ်။

ဒါကလည်း သားကောင်ပြေးတုန်းလွှားတုန်း လိုက်ပစ်တဲ့ 
ကျင့်ခန်းတွေကို ငါ့အဘိုးနဲ့ အဖေက သင်ကြားလေ့ကျင့်ပေးထား
သူတို့မြန်သလောက် ကိုယ့်ချိန်သား၊ ကိုယ့်ပစ်ကွင်းနဲ့ မောင်းဆွဲမှုတို့
လည်း တစ်ဖက်က မြန်ရင်မြန်သလို အလိုလို တစ်ပြိုင်တည်းဖြစ်သွား
သလို ပစ်ပြီးသားဖြစ်သွားတာပဲ ငှ်သိကြီး။ အမှန်ကတော့ သားကော
လိုက်ပစ်နေတာ မဟုတ်ဘူး။ ပစ်ကွင်းဖြစ်လာမယ့် နေရာဆီကို ငါ့ချိန်
ရောက်နှင့်ပြီး မောင်းဆွဲဖြုတ်လိုက်မိတာ။ ပစ်ကွင်းထဲ ကျည်ရောက်
သားကောင်နဲ့လည်းဝင်တိုးရော ဆိုသလို ဖြစ်ရတာချည်းပဲ။ အဲ.. အ
ကြီးတာက သားကောင်လှုပ်ရှားမှုကို အာရုံစိုက်မိဖို့၊ ကိုယ့်အ
သလောက် ကိုယ့်လှုပ်ရှားမှုတို့က တစ်ပြိုင်နက်လိုက်နိုင်ဖို့ အတွေ့အ
ကျင့်သားများများတော့ လိုတာပေါ့။

ငါ့ဆီလာနေတဲ့ကျားဟာ ကိုက်ငါးဆယ်လောက်အကွာမှ
တော့ ကျွဲကိုချောင်းသလို ဝပ်ချောင်း ချောင်းတော့တာပဲ။ ငါက
ခပ်အေးအေးပဲ။ ကြောက်လည်း မကြောက်ဘူး။ ငါကလည်း စမယ်
သေနတ်ကို ခပ်ငိုက်ငိုက်ကလေးသာထားပြီး ပထမ မောင်းကို ဆွဲ
လိုက်ဘပဲ။ မျက်တောင်တော့ မခတ်ရဲဘူး ဗိုလ်ကြီး။ မျက်တောင်ခတ်
ပြန်အဖွင့်အချိန်ကလေးမှာတောင် ဒီကောင် ကိုယ့်ကို ခုန်အုပ်မှာဆို
သေချာနေတော့ မြင်ကွင်းကို ရှင်းသထက်ရှင်းအောင် ကြည့်နေရတ

မျော်လင့်မထားတဲ့ အချိန်ကလေးမှာ ဒီကောင်ခုန်အုပ်တ
ဘာမှ အားယူတာတို့၊ ဝပ်ရာက ထလိုက်တာတို့ ကိုယ်ကိုယ့်တ
မမြင်လိုက်ရဘူး။ ဖျတ်ခနဲမြင်လိုက်တာနဲ့ လွှားခနဲ ရောက်လာတ





ဒါပေမဲ့ ငါ့လက်ကလည်း သိပ်သေချာတာ။ ဒီအကောင့်မေးရိုးအောက်က
ကျည်ဝင်သွားတာ ကုပ်ရိုးကို ဖြတ်သွားတာပဲ၊ ငါ့ညာဘက် တစ်လံအကွာ
လောက်မှာ လေးဖက်ကားကျသွားတာပဲ။ သေချာအောင်ဆိုပြီး ဒုတိယ
ကျည်တစ်တောင့် ထပ်ပစ်လိုက်တယ်။ ညာဘက်လက်မောင်းအိုးက ဝင်
သွားတာ ဘယ်ဘက်ရင်အုံပွင့်သွားတာပဲ ဗိုလ်ကြီး''

ခမ္ဘတီးရှမ်းမုဆိုးကြီး စောမိုင်းလုံ၏ ကျားပစ်ခန်းကို နားထောင်
ရင်း မုဆိုးတစ်ယောက်၏ သတိနှင့်အသိကို နားလည်ရပါတော့သည်။

''ကျားကြီးပစ်သံကြားတော့ ရွာထဲကလူတွေလည်း ရောက်လာ
ကြတယ်။ ဝက်လိုက်တဲ့ ရွာခံမုဆိုးတွေရောပေါ့။ အဲဒီညတော့ ငါလည်း
ယဝမှာအိပ်ရင်း အောင်သားစားပွဲကြီး လုပ်ကြတာပေါ့။ အဲဒီသတင်းကြား
တဲ့ အခြားရွာကမုဆိုးတွေပါ ရောက်လာကြပြန်တယ်၊ ငါ့ကိုလည်း အဲဒီက
စပြီး မုဆိုးကြီးအဖြစ်နဲ့ အသိအမှတ်ပြုကြတယ်''

မုဆိုးကြီးစောမိုင်းလုံသည် သူ၏မုဆိုးအတွေ့အကြုံကို ခေတ္တမျှ
ရပ်ပြီး ဗောင်ပါးတစ်ခွက် အပြည့်ထည့်ပြီး တစ်ကျိုက်တည်းမော့သောက်
လိုက်၏။ ပြီးမှ မျောက်ညိုသားဖုတ်ထားသည်ကို ကောက်ဝါးလိုက်၏။
ထို့နောက် ဆေးတံကို မီးညှိကာ တဖြည်းဖြည်းချင်း ဖွာရှိုက်နေလေသည်။
ကျွန်တော်က..

''ခင်ဗျားမုဆိုးသက်အတွေ့အကြုံရော၊ လက်ဖြောင့်တာရော
ဖြစ်လျက်နဲ့ ဘာဖြစ်လို့ မုဆိုးအလုပ်ကို စွန့်လိုက်ရတာလဲ။ ကျုပ်လာလို့
တောင် တောလိုက်မလည်နိုင်ဘူးဆိုတော့ဗျာ..''

''အဲဒါတော့ ခွင့်လွှတ်ပါ ဗိုလ်ကြီး။ ငါတောင်းပန်ပါတယ်။ ငါ့
ရဲ့ မုဆိုးသက်တမ်းမှာ ကြုံရပုံက သိပ်ဆန်းတယ်။ အဲဒါကြောင့်လည်း
ဒီမုဆိုးအလုပ်ကို ရာသက်ပန်စွန့်လိုက်ရတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ..။ တောခြောက်တာတို့ ဘာတို့နဲ့ တွေ့ခဲ့ရလို့လား"

"တောခြောက်တာ၊ တောမှောက်တာတွေက ငါ့အဖို့ ရိုးနေပါပြီ
တောထဲမှာ အမဲလိုက်ရင်း စကားပြောသံလိုလို ကြားရတာတွေ၊ ဝါးရုံ
အုပ်ဟာ တခြားသစ်ပင်တွေ ငြိမ်သက်နေပေမယ့် သူတစ်ရုံတည်း ယိမ်း
ထိုးပြီး လှုပ်သွားတာတွေ၊ လေသံတွေ ကြားရတာဆိုတာတော့ ငါ့အဖို့
ရိုးနေပါပြီ။ ဒါတွေဟာ တုန်လှုပ်ချောက်ချားစရာ မဟုတ်ပါဘူး။ ငါနဲ့အတူ
လိုက်တဲ့ မုဆိုးတွေဆို ဒီလိုဖြစ်ပျက်တာမျိုးတွေတွေ့တိုင်း ငါမကြော
တတ်တာကို သိပ်အံ့ဩကြတယ်။ ဒါမျိုး တစ်ခုခုထူးခြားတာတွေပြီးရ
သူတို့ဆိုရင် ရှေ့ဆက်မသွားတော့ဘူးလို့လည်း ပြောတယ်၊ သူတို့ကတော
အစွဲအလမ်းရှိတဲ့ လူတွေလေ။ ငါကတော့ ဘာအစွဲအလမ်းမှမရှိတော
ဘာမှလည်း မကြောက်ဘူး။ ဘာအခက်အခဲမှလည်း မတွေ့ခဲ့ဘူး။ ဒါတွေ
ဟာ သဘာဝရဲ့ စရိုက်လက္ခဏာတွေပဲလို့ ယုံကြည်ထားလိုက်တာပဲ။

ငါကျားပစ်ပြီးတဲ့နောက်မှာ မုဆိုးမော် လုံးလုံးဝင်သွားတယ်လို့
ပြောရတော့မှာပေါ့။ အဲဒီကစပြီး အမဲကြီးတွေကိုပဲ ခက်ခက်ခဲခဲ၊ စွန့်စွ
စားစား ပစ်ချင်ခတ်ချင်စိတ်တွေ ပေါ်လာတယ်။ အန္တရာယ်ကလည်
ကြီးတယ်။ တောနက်တဲ့ဆီကိုလည်း သွားရတယ်၊ ကျားကိုတော့ ငါသိ
မပစ်ချင်ဘူး။ ရှာရတာ ရှားတယ်။ အန္တရာယ်များသလောက် ပြန်တော
လည်း ငွေက ဘာမှဖြစ်လောက်တာမဟုတ်ဘူး။ မုဆိုးတွက်ခြေနဲ့ကြ
ရင် စီးပွားမဖြစ်ဘူးပေါ့ ဗိုလ်ကြီး။ ဒါကြောင့် ငါတို့လို မုဆိုးကြီးတွေ
ကျားကို အရေးထားပြီး မပစ်ကြဘူး။ ဆိုးလို့၊ လူကိုက်လို့၊ နွား ကျွဲတွေ
မခံနိုင်လို့ ပစ်ပေးပါဆိုမှ၊ ဒါမှမဟုတ် ပစ်ခ ငွေကြေးပေးမှ ပစ်ပေးတေ
ရှိကြတယ်"

"ဘာလဲ..။ ကျားပစ်ရတာ ခက်ခဲလို့လား စောမိုင်းလုံ"





"မုဆိုးတိုင်းမှာလည်း သူ့နည်းနဲ့သူ ကျွမ်းကျင်လိမ္မာလေ့ရှိတယ်
ကျား ကျားဆိုးနိမ်တဲ့ မုဆိုးကလည်း သေနတ်မပါဘဲလည်း ကျားကိုရတာပဲ။
ငါတို့နယ်က မုဆိုးတွေတောင် ကျားရအောင် ဖမ်းနိုင်တယ်"

"ဘယ်လို ရအောင် လုပ်တာလဲ"

"ဒီလို ဗိုလ်ကြီး..။ သူတို့က ကျားလာလမ်း၊ သွားလမ်းကို
လေ့လာတယ်။ ပြီးတော့ ခြေရာကို တိုင်းတယ်၊ ခြေရာအဝန်း ဘယ်
လောက်ရှိသလဲဆိုတာကို သင်အုကလေးနဲ့တိုင်း၊ ပြန်ဆန့်၊ အလျားကို
သုံးဆလုပ်၊ လက်လေးသစ်ထပ်ပေါင်းလိုက်ရင် ကျားရဲ့အရပ် ရတယ်ဆို
ပါတော့။ ပြီးမှ ဒူးလေးကို ကျားရဲ့လက်ပြင်နဲ့အကိုက် မှုသေအမြင့်မှာ
ငုတ်ရိုက်ဆင်ထားတယ်။ အဆိပ်လူးမြားကို ဒူးလေးမှာတပ်ပြီး မောင်း
တင်ထားတယ်။ ပြီးမှ ကျားလာလမ်းမှာ ကြိုးစကလေး တင်းတင်းကို
ခပ်လှမ်းလှမ်းမှာ ငုတ်ရိုက်ပြီး တန်းထားတယ်။ ဒီလမ်းအတိုင်းလာပြီး
ကြိုးစကို လက်နဲ့တိုးတာနဲ့ ဒူးလေးမောင်းပြုတ်ပြီး အဆိပ်လူးမြားက
ဝင်စူးတာပဲ။ တစ်ဆွေ့ခုန်၊ နှစ်ဆွေ့ခုန်နဲ့ ကျားသေတာပါပဲ။ နွားသေကို
ပြန်စားဖို့လာတဲ့ကျားတို့ လူကိုက်ပြီး ပြန်စားဖို့လာတဲ့ကျားတို့ဆိုရင် အသေ
ပဲ။ မလွတ်တမ်း မိတာပဲ။ ဒါကလည်း အတော်အတွေ့အကြုံများတဲ့ ဝါ
ရင့်မုဆိုးကြီးတွေကျမှ လုပ်တတ်တာ"

ကျွန်တော် တော်တော်အံ့ဩသွားရပြန်ပါ၏။ ထို့ထက်အံ့ဩ
ထိတ်လန့်စရာကောင်းသော သူ၏မုဆိုးအတွေ့အကြုံက ပို၍စိတ်ဝင်စား
စရာ၊ ကြက်သီးထစရာ ကောင်းနေပါ၏။ သူကလည်း စကားပြောလက်စ
အရှိန်ရလာသလို ကျွန်တော်ကလည်း နားထောင်ကောင်းကောင်းနှင့်
နားထောင်နေလိုက်မိသည်မှာ အချိန်နာရီကိုပင် သတိမရကြတော့ပါ။

"ငါ အမဲကြီးကိုပဲ လိုက်မယ်လုပ်တော့ မုဆိုးဖော်တစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ရှာရတယ်။ တောကျွမ်းတဲ့လူ၊ အတွေ့အကြုံရင့်တဲ့လူ၊ ငါ့အပေါ်မှာ သ
ရှိတဲ့လူ၊ သတ္တိလည်းရှိတဲ့လူ။ ဒီလိုအရည်အချင်းတွေနဲ့ ပြည့်စုံတဲ့လူ
ရှာတော့ နန်းတုံးရွာက ထန်လောဆိုတဲ့ မုဆိုးကြီးတစ်ယောက်ကို သ
တွေ့တယ်။ ထန်လောကလည်း နယ်နယ်ရရမုဆိုးမှ မဟုတ်ဘဲ။ စိုင်
တောင် သေနတ်မပါဘဲ ဓက်ထိုးလှံနဲ့ ရအောင်ထိုးခဲ့တဲ့ တကယ့်သတ္တိ
မုဆိုးကျော်ပဲ ဗိုလ်ကြီး''

''ဆိုပါဦး. . ။ သူ့ရာဇဝင်ကရော''

''အစကတော့ သူဟာ တောဝက်လိုက်ထိုးတဲ့ မုဆိုးပဲ။ တစ်
ကျတော့ တောကျွံရင်း သင်းကွဲလာတဲ့ စိုင်ပေါက်ကြီးတစ်ကောင်
ရင်ဆိုင်သွားတိုးတယ်တဲ့။ သူ့ခွေးတွေကလည်း ကောင်းတော့ စိုင်ကို
တာနဲ့ လိုက်ကြတော့တာပဲ။ သူကလည်း သူ့ခွေးတွေ မျက်ခြည်ပြတ်
စီးတာနဲ့ ခပ်လှမ်းလှမ်းက ခေါ်ရင်း၊ လိုက်ရင်း လုပ်ရာက စိုင်
သူ့ကို ပြန်လှည့်ပြီး တိုက်ခိုက်တော့တာပဲ။ ဒီတော့ ပြေးစရာလမ်းကလည်
မရှိတော့ ဝါးရုံပင်ဘက် ခေါင်းပေး၊ ဟက်လက်လှန်လှဲချလိုက်ပြီး ဓက်
လှံကို မြေမှာထောက်၊ အသွားဘက်ကချိန်ပြီး ခံထားလိုက်ရတာ
ဗိုလ်ကြီး။ ဟိုအကောင်ကြီးကလည်း တအားကြုံးပြီး ဝင်အအောင်းလို
မှာ သူ့အားနဲ့သူ ရင်အုံကဝင်ပြီး ငှက်ပျောဖူးဖောက်သွားတော့တာ
ဒါကြောင့် မုဆိုးလောကမှာ သူလည်း နာမည်တစ်လုံးနဲ့ အကျော်အ
ဖြစ်လာတာပေါ့ ဗိုလ်ကြီး။

လှုပ်ပုံက တုတ်တုတ်ခိုင်ခိုင်၊ အသားမည်းမည်း၊ မျက်နှာပေါ်
ဆိုးဆိုး၊ ခေါင်းတုံးနဲ့. . '' အ[illegible]ဘယ်တော့မှမဝတ်ဘူး။ တောထဲသွားတ
ဆို ပုဆိုး ခါးတောင်းမြှောင်အောင်ကျိုက်ထားလေ့ရှိတယ်။ ဘယ်သွားသွ
ဘယ်လာလာ သူ့လက်စွဲတော်လှံကြီးကတော့ ချလေ့မရှိဘူး။ က





လူကြီး သူ့ကိုမြင်ရင် ခပ်ရှိန်ရှိန်နဲ့ ရှောင်သွားတတ်ကြတယ်။ ပြီးတော့
ထမံသီနယ်က ထမံသီသားဆိုတော့ ပိုပြီးလန့်ကြတာပေါ့ ဗိုလ်ကြီး''

''အင်း. . ထမံသီသားဆိုတော့ အဲဒီနယ်မှာ လူက ကျားဖြစ်
တယ်ဆိုတာ တကယ်ရော့ရှိသလား စောမိုင်းလုံ။ ဒါနဲ့ပတ်သက်ပြီး ဖြစ်
တယ်လို့ ယုံတဲ့လူတွေကလည်း ယုံနေကြတယ်။ သူတို့နယ်ကလူတွေ
မေးကြည့်တော့လည်း မဟုတ်ဘူးလို့ပြောတဲ့လူကပြောပြီး ရှေးရှေးကတော့
ဖြစ်ခဲ့တာတွေ ရှိတယ်လို့ ဆိုတဲ့လူကလည်း ဆိုကြတာပဲ။ ခင်ဗျား သူ့ကို
မေးမကြည့်မိဘူးလား''

မုဆိုးကြီးစောမိုင်းလုံသည် ဝါးမြစ်ဆုံဆေးတံဖွာရင်း လေးလေး
နက်နက်စဉ်းစားသလို လုပ်နေ၏။ ပြီးမှ. .

''ငါမေးမြန်းသိရသလောက်တော့ ထန်လောတို့ဟာ မန်စီတို့၊
ဗန်းမောက်တို့မှာရှိတဲ့ ဂဒူးဂဏန်းဆိုတဲ့ ဆွေမျိုးစုတွေထဲကလို 'ထမံ'
ဆွေမျိုးစုတစ်ခုပါပဲ ဗိုလ်ကြီး။ ရှေးရှေး ဘိုးဘေးဘီဘင်လက်ထက်က
ကျားဖြူနတ်ကို ကိုးကွယ်ခဲ့ကြတယ်။ အခုတော့ တစ်စတစ်စနဲ့ အဲဒီ
ကိုးကွယ်တဲ့နတ်ကိုလည်း မေ့လာခဲ့ကြပြီ။ သီးခြားလူမျိုးစု စရိုက်လက္ခဏာ
တွေလည်း တိမ်ကောလာခဲ့ကြတဲ့ပုံနဲ့ တူပါတယ်။ ထန်လောတို့ကတော့
တောပိုင်းမှာ နေလာခဲ့ကြပြီး နဂိုကလည်း မုဆိုးလုပ်စားတဲ့ အနွယ်ပဲ။
ဒါကြောင့် ရိုးရာနတ်ပသ,တာတို့ လုပ်တဲ့အခါမှာ ကျားနတ်ပူးတယ်ဆိုပြီး
တစ်နှစ်တစ်ခါတော့ လူစိတ်ပျောက်တာလိုလို၊ ကျားဟိန်း ဟိန်းတာလိုလို
အိမ်ပေါ်က အိမ်အောက်ကို ကျွမ်းပစ်ချတာတို့ ဖြစ်လေ့ဖြစ်ထရှိတာ
တွေ့ဖူးတယ်။ အဲဒီအခါမှာတော့ သူ့သားမယားတွေက သူ့တစ်ယောက်
တည်း ခြံဝင်းတံခါးပိတ်ပြီး တခြားထွက်ပြေးနေကြတာပဲ။ ရွာထဲကလူ
[illegible] သူ့ကိုမကြည့်ရဲကြဘူး ဗိုလ်ကြီး။



www.burmeseclassic.com

www.burmeseclassic.com



ငါ စုံစမ်းမေးမြန်းကြည့်တော့ ဒီလူဟာ မှော်ပေါက် နေတာ
ပြောကြတာပဲ။ ဒါပေမဲ့ ... ငါရောက်တာနဲ့ ကြုံကြိုက်လို့ ငါ
'ဟော့..ထန်လော။ ဘာလုပ်နေတာလဲ။ ကျုပ် ခင်ဗျားဆီလာတာ'
အဝေးက အသံပေးပြီး ဝင်သွားတယ်ဆိုရင် ဘာမှမဖြစ်သလိုပဲ။ ငါ
'ဆရာကြီး..ဆရာကြီး..' နဲ့ ရိုရိုသေသေပဲ။ လူကောင်းပကတိလို
ဖြစ်ပြီး ညှော်ဝတ်တောင် ပြုစုတာပဲ။ ဒါကြောင့် ငါ့ကိုဆိုရင် သူ့ရွာထဲ
လူတွေရော၊ သူ့မိန်းမနဲ့ သားသမီးတွေကပါ ပိုလေးစားပြီး တကယ့်
ကိုယ်ခံပညာတွေရှိတယ်လို့ ထင်နေကြတာ ဗိုလ်ကြီးရဲ့။

ဒီလူက တောသိပ်ကျွမ်းတယ်။ ငါတို့နှစ်ယောက် အမဲကြီး
ကြမယ်ဆိုရင် ဒီနယ်ထဲမှာ သိပ်မရှိတော့ ဒီနယ်မှာ မပစ်ကြဘူး။ ပြီးတော
အမဲကြီးပစ်တဲ့သတင်း မထွက်စေချင်တာလည်း ပါတာပေါ့လေ။
မိုင်ခြောက်ဆယ်ဝေးတဲ့ ကသာခရိုင်နဲ့ နယ်စပ်တွေထဲမှာ သွားသွား
ကြတာ။ အကောင်ကြီးရှိတဲ့နေရာကို သူက လမ်းပြ၊ ငါက ပစ်၊
ဝေစုကို တစ်ယောက်တစ်ဝက်စီ ယူကြတာပေါ့။ စိုင်နဲ့ပြောင်ကို အမ်
ထားပြီး တောနင်းကြတာ။ ငါတို့ နှစ်နှစ်ဆက်သွားကြတယ်။ ရလည်
ရပါတယ်။ ထန်လောရဲ့အိမ်လည်း ဟိုတုန်းကနဲ့စာရင် ပြောင်ပြောင်
ရောင်ဖြစ်လာတယ်။

အဲ..လွန်ခဲ့တဲ့နှစ်ကတော့ ငါ့ရဲ့မုဆိုးဘဝနောက်ဆုံးနှစ်လို့
တော့မှာပေါ့။ ဗိုလ်ကြီးသိချင်တဲ့အကြောင်း သိလာပါလိမ့်မယ်။ ငါ
အခေါက်မှာ ထန်လောရဲ့ဇာတိရုပ် ပေါ်လာတော့တာပဲ။ ငါ့ရဲ့မုဆိုးသ
တမ်းမှာ သားကောင်ကြီးတွေနဲ့ အကြိမ်ပေါင်းများစွာ ရင်ဆိုင်ကြုံတွေ့
ရပေမယ့် တုန်လှုပ်မှု၊ ကြောက်ရွံ့မှုဆိုတာ မရှိခဲ့ဘူး။ လား..လား
အခုကြုံရတာက တကယ့်ကြောက်စရာအဖြစ်ပဲ ဗိုလ်ကြီး။ ပြောရင်းတော





ကြက်သီးတွေ ဖျန်းခနဲထသေးတယ် ဗိုလ်ကြီး''

ဝါရင့်မုဆိုးကြီး စောမိုင်းလုံသည် စကားကို လေးလေးနက်နက်
ပြောရင်း တကယ်ကြက်သီးထသွားသလို တစ်ကိုယ်လုံးတုန်ပြီး ပြောလိုက်
သောအခါ ကျွန်တော့်ကိုပါ ဓာတ်ကူးပြီး ကျွန်တော်ပါ ဖျန်းခနဲ ကြက်သီး
ထသွားရ၏။ အချိန်ကလည်း ညဉ့်နက်လာပြီဖြစ်၏။ မီးဖိုတွင်းမှ ထင်း
များကျသွားပြန်သဖြင့် အအေးဓာတ်ကလည်း ပိုလာ၏။ အပြင်တွင်
မိုးက မရွာတော့သဖြင့် တိတ်ဆိတ်နေ၏။ ကျွန်တော်သည် ညောင်းညာ
လာသဖြင့် နေရာပြင်ထိုင်ရင်း အောင်ပွဲရခဲ့သည့် ကျားရေကြီးနှင့် ကြက်
ခြေခတ်ခန္တီးလုံကြီးတို့ကိုကြည့်ပြီး မျက်နှာလွှဲလိုက်မိ၏။

''မုဆိုးထန်လော့ရဲ့ ဇာတိရုပ်ဆိုတာ ဘယ်လိုဖြစ်လာလို့လဲ။
ဝေစုရတဲ့အထဲက လောဘဇောတက်လာလို့လား''

မုဆိုးကြီးစောမိုင်းလုံသည် လက်ကိုကာပြရင်း ခေါင်းကိုယမ်း
လိုက်ပြီး..

''လောဘတော့ တကယ်မကြီးတဲ့လူ။ ငါကလည်း သူ့ကို ဆင်းရဲ
တဲ့လူဆိုတော့ ညှာပါတယ်။ သူ့ကို အမြဲတမ်း ပိုပေးတယ်။ သူ့ဇာတိရုပ်
ဆိုတာ ငါစောစောပိုင်းက ခပ်ပေါ့ပေါ့သဘောထားလာခဲ့တဲ့ အချက်တစ်
ချက်ရှိတယ် ဗိုလ်ကြီး။

အဲဒါက ငါလှဲလိုက်တဲ့သားကောင် လဲပြီဆိုတာနဲ့ သူဟာ
အဲဒီအကောင်ကြီးဆီကို အပြေးသွားတာပဲ။ မသွားနဲ့ဦးဆိုပြီး
သတိပေးလည်း မရဘူး။ အကောင်ကြီးဆီရောက်တော့မှ သူ့လက်စွဲတော်
လုံကြီးနဲ့ အကောင်ရဲ့လည်မျိုကို ဖိထိုးလေ့ရှိတယ် ဗိုလ်ကြီး။

'ဒါ..ဘာလုပ်တာလဲ ထန်လော' လို့ မေးကြည့်တော့ ခပ်ပြုံးပြုံး
ပဲ။ 'မုဆိုးသိဒ္ဓိတင်တာပါ ဆရာကြီး' တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တဲ့နှစ်က နှစ်ယောက်ထွက်ကြရောဆိုပါတော့။ မော်လို ကနေ သင်ငါ၊ အဲဒီက မိုင်းချောင်း၊ ပါဟဲ၊ ပါဟဲကမှ နန်းပုံဝင်။ ထန်လေ ကိုခေါ်ပြီး တစ်ညအိပ်နဲ့ ကသာကြိုးဝိုင်းကို ရောက်သွားကြတယ်။ ကြိုးဝိ ရောက်တော့ သားကောင်ကြီးတွေရှိမယ့်စခန်း"တွကို ရှာကြတာပဲ။ တ ညကျတော့ ရွာနဲ့မနီးမဝေး စခန်းတစ်ခုမှာ မိုးချုပ်တာနဲ့ နှစ်ယောက်သ စခန်းချကြတယ်။

ငါတို့စခန်းချတဲ့နေရာမှာ တောပိတောက်ပင်ကြီးရှိ တယ် အဲဒီအောက်မှာ မီးဖိုပြီး စားကြသောက်ကြပေါ့။ ငါလည်း ခရီး ပန်းတော့ ပါလာတဲ့ အရက်လက်ကျန်ကို အပြတ်သောက်လိုက်တယ် ထန်လောကတော့ သိပ်မသောက်ဘူး။

မနက်ဖြန် ရွာဝင်ပြီး ရိက္ခာဖြည့် မယ့်အတူတူ လက်က မထားတော့ဘူးဆိုပြီး သောက်လိုက်မိတယ်။ ပြီးတော့ တောထဲ အိပ် အခါ မတော်တဆ ကျားဆွဲမှာ၊ ဆင်နင်းခံရမှာ လည်း ကြောက်ရသေ တော့ တစ်ယောက်တစ်လှည့်စီ အိပ်ကြရတယ်။ မအိပ်တဲ့လူက မီးဖို မပြတ်ထည့်ပေးထားရတယ်။ အိပ်ချင်ရင် အိပ်နေ တဲ့လူကို နှိုးပြီ ကိုယ်က အိပ်ရတယ်။ ဒါမှ တောရိုင်းတိရစ္ဆာန်ရန်ကရော၊ သေနတ်တေ ကျည်တွေအတွက် လူသူလေးပါးရော စိတ်ချရတယ်။

အဲဒီညဦးကတော့ ငါ ပထမညဦးပိုင်းမှာပဲ ထန်လောကို စရာရှိတာ၊ သတိပေးစရာရှိတာတွေ ပေးပြီး လှဲအိပ်လိုက်တယ်။ ဘ လောက်နှစ်နှစ်မြိုက်မြိုက်အိပ်ပျော်သွားတယ်ဆိုတာတောင် မသိလိုက် ဘူး။ ငါတစ်ရေးနိုးလာလို့ ထမယ်လုပ်တော့ ကိုယ်ခန္ဓာကြီးတစ်ခု လှုပ်လို့မရအောင် ဖြစ်နေတော့တယ်။ ဒါနဲ့ ရှန်းကန်ကြည့်တော့လ ရှန်းမရကန်မရဖြစ်နေလို့ ခေါင်းကိုစောင်းကြည့်၊ ဇက်ထောင်ကြည့်လို လိုက်ကြီး၊





တော့မှ ငါ့တစ်ကိုယ်လုံး ကြိုးတွေနဲ့ လှုပ်မရအောင် တုပ်ထားတာကို သိရတော့တယ်။ ဘယ်လိုဖြစ်ပါလိမ့်လို့ ဘေးဘီကို ကြည့်တော့လည်း ထန်လောကိုတော့ မတွေ့ဘူး။ သေနတ်တွေ၊ မီးဖိုတွေ၊ ချထားတဲ့ ဘူး ခွက်တွေဆိုတာကလည်း အာမှ နေရာမယွင်းဘူး။ ဒါနဲ့ 'ထန်လော.. ထန် လော..' လို့ အော်ခေါ်ကြည့်တယ်။ ထူးသံလည်း မကြားရဘူး။ ဒီတော့ ငါတို့တော့ ဘေးအန္တရာယ်တစ်ခုခုတွေ့ပြီလို့ တွေးမိပြီး စိတ်ထဲမှာ ပေတ် တော်တုန်လှုပ်ချောက်ချားသွားတယ်။

လရောင်လေးကလည်း ဝင်တော့မယ့်ဆဲဆဲ တစောင်းကလေး သာနေတယ်။ လရောင်အောက်မှာ နှင်းတဖြိုက်ဖြိုက်ကျနေပေမယ့် မှိုင်း မတိုက်တော့ ခပ်လှမ်းလှမ်းထိ သဲသဲကွဲကွဲမြင်နေရတယ်။ ဒါပေမဲ့ ဘာ လူရိပ်လူယောင်မှ မမြင်ရဘူး။

ငါလည်း ဘယ်လိုဘယ်လိုဖြစ်တာလဲဆို တာ ဘာမှစဉ်းစားလို့မရဘူး။ ငါ့ကိုချည်ထားတဲ့ကြိုးကလည်း ငါယူလာတဲ့ ကြိုး မဟုတ်ဘူး။ ထန်လောယူလာတာလည်း မမြင်မိဘူး။ ဝှက်ပြီး သူ့ အထုပ်ထဲ ပါလာရင်တော့ မပြောတတ်ဘူးပေါ့ ဗိုလ်ကြီး။ စဉ်းစားလို့ကို မရဘူး။

ဒီလိုနေတုန်း-ပြုန်းခနဲ အရိပ်မည်းကြီး ချုံကွယ်ကလေးတစ်ဖက် က ပေါ်လာလို့ ကြည့်လိုက်တော့ လ.ကို ကျောပေးပြီး မားမားကြီးပေါ် လာသူဟာ ထန်လောဖြစ်နေတော့တယ်။ ထုံးစံအတိုင်း အကျႌကလည်း မပါ။ ခါးတောင်းကိုလည်း ကျိုက်ထားသေး။ လက်က လှံကြီးကလည်း ကိုင်ထားပြီး လူပုံက မည်းမည်း။ လရောင်နဲ့ အရောင်ကထွက်နေတော့ ကြောက်စရာ၊ တုန်လှုပ်စရာပါ။ ဒါတောင် မျက်နှာကိုမမြင်ရလို့



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို စိုက်ကြည့်ပြီး တရွေ့ရွေ့ရွေ့တိုးလာနေတယ်။ ပြီးတော့ ခြေထောက်နဲ့တည့်တည့် နှစ်လံကွာလောက်မှာ ရပ်လိုက်ပြန်တယ်။ ဒီအ မှာ သူ့မျက်နှာပေါ်ကို လရောင်တစ်ခြမ်းကျနေလို့ မြင်နေရတယ်။ ရုပ်ဟာ တစ်ခါတစ်ခါ မှော်ထတယ်ဆိုတဲ့အခါ ပြောင်းသွားတဲ့ရုပ်မျိုး ဖြစ်နေတယ်။ နဂိုရုပ်နဲ့နဂိုစိတ် မရှိတော့ဘူးလို့ ရိပ်မိလိုက်တယ်။ ဒါ ငါ့အသံကြားရင် သူဟာ သတိပြန်ရတတ်တာ တွေးမိလို့ ငါ သူ့နာမည် ခေါ်မလို့ အော်ကြည့်လိုက်တယ်။ ဘယ်လိုဖြစ်သွားသလဲ မသိဘူး။ လ ချောင်းထဲက ကြွက်သားတွေ အလုပ်မလုပ်ကြတော့ဘူး။ လှုပ်လို့ တော့ဘူး။ အသံထွက်လို့ မရတော့ဘူး။ အဲဒီမှာ ငါ့တစ်သက်နဲ့တစ်ကို ကြောက်တယ်ဆိုတာ ဒါပဲလားလို့ သတိထားလိုက်မိတယ်။ အဲဒီတုန်း ငါ့ကြောက်စိတ်ဟာ ခေါင်းကဆံပင်တွေ ရှစ်ရှစ်နဲ့ ထောင်ပြီး ကျောက်ကျ သလား အောက်မေ့ရဲ့တယ်။ ခြေတွေ၊ လက်တွေဆိုတာ လှုပ်ဖို့၊ ရုန်း နေနေသာသာ ခန္ဓာကိုယ်နဲ့ အဆက်ပြတ်ပြီး လှုပ်လို့ရှားလို့တောင်မရတော့ ဘူး ဖြစ်သွားတယ် ဗိုလ်ကြီး။

ထန်လောဟာ လက်ထဲကလှံကြီးကို ခပ်မြှောက်မြှောက်လု ဆ့ကြည့်လိုက်ပြီးမှ

'ဆရာကြီး. . . . ဆရာကြီးကို ကျွန်တော် အလွန် လေးစ ပါတယ်။ ကြည်ညိုတာလည်း သိပ်ကြည်ညိုတယ်။ ဆရာကြီး သတ္တိမျိုးကိုလည်း ကျွန်တော် ဘယ်မှာမှ မတွေ့ဖူးသေးပါဘူ ကျွန်တော်ဟာ ဘယ်သားကောင်မျိုးကိုမှ ပင်ပင်ပန်းပန်းလိုက်စရာမ တော့တဲ့ မုဆိုးကြီး ဖြစ်တော့မှာပါ။ စိုင်အုပ်၊ ပြောင်အုပ်ဆိုတဲ့ အကော တွေအုပ်ထဲ ငင်ပြီးတော့ ကျွန်တော့်ကြိုက်ကောင်ကို ချိုကိုင်တွန်း ရတော့မယ်ဆိုတာ ကျွန်တော်သိတယ်။ ဒါတင်မကဘူး။ ကျွန်တော်လို့





တဲ့ အစွယ်ရှိတဲ့ ဆင်ကို အစွယ်ပေါ်နင်းပြီးမှ လှံနဲ့ထိုးဦး။ ရတော့မှာ သချာတယ်။ ဒါကြောင့် ဆရာကြီးကို ကျွန်တော် အခုလိုလုပ်ရတာပါ။ ကျွန်တော်ရတဲ့ အမဲတိုင်းအမဲတိုင်းအတွက် ဆရာကြီးကို ကျွန်တော် မြှတ်မီးပသ,သွားမှာ ဖြစ်ပါတယ်။ ဆရာကြီး ဘာမှ စိတ်ပူစရာမလိုပါ ဘူး။ ကျွန်တော်သစ္စာဆိုပါတယ်' လို့ပြောပြီး လှံကြီး ဆ, ဆပြီး နောက်ကို တစ်လှမ်းချင်းဆုတ်သွားတယ် ဗိုလ်ကြီး။

သူဆုတ်သွားတာကို ငါလိုက်ကြည့်နေရုံကလွဲလို့ ဘာမှလုပ်လို့ ရတော့ဘူး။ အော်လို့လည်း မရ၊ လှုပ်လို့၊ ရုန်းလို့လည်း မရ ဖြစ်နေ တော့တာပဲ။ သူ လှံပစ်လို့ လက်ဆကောင်းမယ့်နေရာမှာ သူရပ်မှာပဲ။ တဲ့အချိန်မှာ သူ့လှံ လည်ပင်းလာစူးမလား၊ ရင်ညွန့်လာစိုက်မလား။ တော့ သေရမှာပဲလို့သာ စိတ်ထဲက အောက်မေ့ပြီး တစ်၊ နှစ်၊ သုံး၊ ရေရွတ်နေမိတော့တယ်။

နောက်ဆုတ်နောက်ဆုတ်နဲ့ သွားနေတော့ သူဟာ မသိမသာ ဘက်ကိုရွေ့ပြီး ဆုတ်နေတာ တွေ့ရတယ်။ သူ့နောက်ဘက်မှာ ပေါင် ယ်လောက်ထိ ပေါက်နေကြတဲ့ ကိုင်းမြက်တောစပ်ကလေး ရှိတယ်။ ထဲကို တိုးပြီး သုံးလေးလှမ်းလည်းဆုတ်လိုက်ရော ပြုန်းခနဲထခုန် က်တာပဲ ဗိုလ်ကြီး။ ပါးစပ်ကလည်း တစ်တောလုံးညံသွားအောင် သံနက်ကြီးနဲ့အော်လိုက်တာ ဆူသွားတာပဲ။ ငါကတော့ သတိနဲ့စောင့် ည့်နေတာမို့ ဖြစ်ပျက်သွားတာကို အကုန်မြင်လိုက်ရတယ်။ လူရော၊ ရော လေထဲကိုမြောက်တက်သွားလိုက်တာ လူ့လက်ခုပ်တစ်ဖောင် တက်ကို မြင့်သွားတယ် ထင်လိုက်ရတယ်။ ငါကပဲ ပက်လက်လှန်နေ အပေါ်ကိုမော့ကြည့်နေရလို့လားတော့ မသိဘူး။ လရောင်ထဲမှာ ညီခနဲ ခြေကားယားလက်ကားယားနဲ့ လှံကြီးပါ မြောက်လိုက်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကိုပဲ။ ပြီးတော့ ပြန်ကျတော့ မှောက်လျက်ကြီး ဘုန်းခနဲပြု
ပြန်ကျလာတာပဲ။ နောက်. . တစ်ချက်နှစ်ချက်တွန့်ပြီး မလှုပ်တော့
ဗိုလ်ကြီး။ ပြန်လည်း မထတော့ဘူး။ ဘယ်လိုဖြစ်တာပါလိမ့်ဆိုတ
စဉ်းစားလို့ မရသေးဘူး။ ဝါ့ကိုယ်ငါလည်း ရှန်းလို့ ထလို့မှ မရ
သွားလည်းမကြည့်နိုင်ဘူး။

ဒါနဲ့ မိုးလင်းပြီး နေကလေးပွင့်လာတော့မှ အနီးအန
တောင်ယာကိုသွားနေကြတဲ့လူသံတွေ ကြားလို့ အသံပေး ခေါ်ယူရ
သူတို့လာကြပြီး ငါ့ကိုကြိုးဖြေပေးကြပြီးမှ ထန်လောဖြစ်ပျက်ပုံကို
သေချာချာစစ်ဆေးကြည့်ရတော့တယ် ဗိုလ်ကြီး''

''ဖြစ်ပုံက ဘယ်လိုလဲဗျာ။ တောကြီးမြွေဟောက်များ
လိုက်တာလား''

''ဘယ်က တောကြီးမြွေ ဟုတ်မလဲ ဗိုလ်ကြီး။ မြွေဆိုရ
တို့ဆီမှာ ကိုက်လို့မသေပါဘူး။ ထန်လောတို့ဆို မြွေကိုက်ခံရတာ
အခုဖြစ်တာက ကျူးသွားလမ်းမှာ ဆိပ်လူးအူးလေးကို ငုတ်ရိုက်ပြီး
ကို ကြိုးနဲ့ဆိုင်းပြီး ထောင်တဲ့နည်းနဲ့ ထောင်ထားတာကို နောက်
သွားရင်း ပေါင်နဲ့တိုးမိရာက မောင်းပြုတ်ပြီး မြှားဝင်စူးသွားလို့ဗျ။ မြ
ထုံးစံအတိုင်း တစ်ရွေ့ခုနှစ်၊ နှစ်ရွေ့ခုနှစ်နဲ့ တွေ့သွားတော့ သူ့ခမျာ
လှုပ်ရှားတာတောင် မလုပ်နိုင်တော့ဘဲ အသက်ပျောက်သွားတော့
ဗိုလ်ကြီး။

ဒီကိစ္စကို သေမှုသေခင်းနဲ့ အမှုပိတ်ပစ်လိုက်ရတယ်။ ဒါ
အဲဒီက စပြီးတော့ မုဆိုးအလုပ်ကို စွန့်လိုက်တာပါ။ ဒီအဖြစ်ကို
စဉ်းစားလိုက်တိုင်း ကြက်သီးထစရာပါပဲ ဗိုလ်ကြီး။ လူဆိုတာ အ
လွန်အားကြီးပြီဆိုရင် ရူးသွားတတ်တာမျိုးပဲ။ ကိုယ့်ကိုယ်ကိုယ်





တယ် ဘယ်ထင်မလဲ၊ ယုံကြည်မှုပြင်းထန်တယ် ဆိုရမှာပေါ့။ ထန်လော
သူ့မှော်ကို သူတကယ်ယုံတာနဲ့တူပါတယ်။ ငါ့ကို စကားပြောနေတုန်း
ဆိုရင် သူ့စိတ်တွေ တကယ်ပြောင်းနေတာ။ သူယုံကြည်တဲ့အတိုင်း
မယ်ထင်နေတယ်နဲ့ တူပါတယ်။ တစ်ကိုယ်လုံး နတ်ကျထားသလို
တ်ဆတ် ဆတ်ဆတ်နဲ့ တုန်နေတာပဲ ဗိုလ်ကြီး''

ကျွန်တော်သည် ယခုမှပင် ပင့်ထားသောသက်မကို ဟင်းခနဲ
ိုက်နိုင်ပါသည်။ စိတ်ဝင်စားစရာကောင်းသလို ကြောက်စရာလည်း
ောင်းလှပါသည်။ ကျွန်တော် တောလည်ခဲ့ ပြီးခါခြင်းကို မလိုက်
သည့် အကြောင်းရင်းကို သိရသဖြင့်လည်း သူ့အား အပြစ်တင်၍
စ်တော့ပါ။ သူကြုံတွေ့ရသည့် အဖြစ်မျိုးသည် မုဆိုးတစ်ယောက်မှာ
ယောက် တွေ့ကြုံခဲ့သော အဖြစ်မျိုးပင် ဖြစ်ပါသတည်း။ ။

❖

**အောင်ခင်မိုး**

www.burmeseclassic.com



# ကိုရေချမ်းနဲ့ မပန်းရုံ

ကိုရေအေးကို ဦးနောက်မှမှန်သူဟု တစ်ရွာလုံးက သတ်မှတ်ြပီးသည်။

ကိုရေအေးသည် ညနေစောင်းသည့်နှင့် ရွာအနောက်ဘက်ထိပ် ကုန်းမြင့်နံဘေးမှ ထနောင်းပင်ကြီးအောက်သို့ ရောက်လာတတ်ကာ နောင်းပင်အောက်ရှိ ရေချမ်းစင်ဘေးက သစ်သားခုံတန်းလျားလေးပေါ် င် လာထိုင်နေတတ်သည်။

ထိုနေရာတွင် တောင်ကုန်းလေးတစ်ခုရှိကာ တောင်ကုန်းပေါ်၌ မ်းစေတီဆိုသော ထုံးစေတီလေးတစ်ဆူလည်း ရှိလေ၏။ ထနောင်းကုန်း ၏ လူသူအရောက်အပေါက်နည်းသောအပိုင်းလည်း ဖြစ်လေသည်။ နောင်းကုန်းသည် အရှေ့၊ တောင်၊ မြောက်ဘက်တို့မှ ဝင်လာနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



နိုးမတောင်ခြေရှိ စည်ကားသောရွာကြီးတစ်ရွာဖြစ်ပါသည်။

ရွာ၏အနောက်ဘက်မှာမူ ထူထပ်သောသစ်တောအုပ်သာရှိ သဖြင့် လူနေမြို့ရွာတို့ မရှိပေ။ ထို့ကြောင့် အနောက်ဘက်တောတန်းသည် လူသူအရောက်အပေါက်နည်းသည့်ဒေသ ဖြစ်နေရခြင်းဖြစ်ပါသည်။

မည်သို့ဆိုစေ တောင်ကုန်းကလေးပေါ်မှ လွမ်းစေတီလေးနှ တောင်ခြေမှ ထနောင်းပင်ကြီးတို့ ရှင်းမှာမူ လွမ်းမောဖွယ်ကောင်းလှ ပေသည်။

ကိုရေအေးသည် နေ့စဉ် ညနေချိန်ရောက်တိုင်း မပျက်မကွ ပင် ထနောင်းပင်ကြီးအောက်သို့ ရောက်လာမြဲဖြစ်သည်။ မိုးရွာနေသည် နေ့မျိုးမှာပင် ကိုရေအေးကား ထနောင်းပင်အောက်သို့ ရောက်လာတတ် လေ၏။

ကိုရေအေးသည် တစ်စုံတစ်ယောက်ကို စောင့်မျှော်နေခြင်းပင် ဖြစ်ပါ၏။ အခြားသူများအမြင်တွင် ကိုရေအေးလုပ်ရပ်ကို ရူးသွပ်မှုဟုသာ မြင်ကြသည်။ ကိုရေအေးကတော့ သူမျှော်လင့်စောင့်စားနေသူသည် တစ် နေ့တွင် အမှန်တကယ်ရောက်လာမည်ဟု ထင်နေရှာသည်။

ကိုရေအေးသည် မပန်းရုံကို စောင့်မျှော်နေပါသည်။

မပန်းရုံဆိုသူကား လွန်ခဲ့သောနှစ်ပေါင်း (၅၈) နှစ်အကြာကပင် ကွယ်လွန်သွားပြီဖြစ်သော ကိုရေအေး၏ချစ်သူ ဖြစ်ပါသည်။ အတိအကျ ဆိုရလျှင် ကိုရေအေး၏ ယခင်ဘဝဖြစ်သော ကိုရေချမ်းဘဝက ချစ်သူဖြ ပါ၏။

ကိုရေအေးကား ကွယ်လွန်ခဲ့ပြီးဖြစ်သော ယခင်ဘဝချစ်သူ ဟောင်းသည် သူ့ရှိရာသို့ မလွဲမသွေပြန်လာလိမ့်မည်ဟုပင် ယုံကြည်ထ မှတ်နေရှာလေ၏။





ထို့ကြောင့် ယခုဘဝတွင် အသက် (၁၈) နှစ်အရွယ်မှစတင်ကာ ဘဝဟောင်းမှ ချစ်သူပြန်အလာကို စောင့်မျှော်နေခြင်းဖြစ်လေသည်။

တကယ်တော့ ကိုရေအေးအသက်သည်ပင် ယခုဆိုလျှင် (၄၂) ပြည့်ခဲ့ပေပြီ။ ဦးရေအေးဘဝ ရောက်နေပါပြီ။

ကွယ်လွန်ပြီးဖြစ်သော ဘဝဟောင်းကချစ်သူကို နှစ်ပေါင်းများ ကြာအောင် စောင့်မျှော်နေသည့် ကိုရေအေးလုပ်ရပ်ကို တစ်ရွာလုံးက ားမလည်နိုင်အောင် ရှိကြသည်။ အများတကာက ကိုရေအေးကို ယဉ် ဉ်လေးနှင့် ရူးနေသူဟုပင် သတ်မှတ်ကြလေ၏။

အဖြစ်အပျက်များ၏ အစကား မြန်မာနိုင်ငံသို့ ဖက်ဆစ်ဂျပန် ား ဝင်ရောက်ကျူးကျော်သည့် ၁၉၄၅ ခုနှစ်မှ စတင်ခဲ့လေ၏။

❋ ❋ ❋

၁၉၄၅ ခုနှစ် အင်္ဂလိပ်ကိုတိုက်ထုတ်၍ ဂျပန်များ မြန်မာ့မြေပေါ် သောင်းကျန်းနေသည့်အချိန်။ ဂျပန်တို့သည် အစပိုင်းတွင် မြန်မာတို့ကို ကူညီမယောင်နှင့် တကယ်တမ်းကျတော့ လွတ်လပ်ရေးအတုကိုပေးကာ မြန်မာ့မြေပေါ်မှာနေ၍ မြန်မာလူမျိုးများကို ဇော်ကားမော်ကားပြုနေလေ သည်။

မြန်မာမိန်းမပျိုများကို ခြေတော်တင်ခြင်း၊ မြန်မာမျိုးချစ်လူငယ်



www.burmeseclassic.com

www.burmeseclassic.com



များကို နည်းလမ်းပေါင်းစုံသုံး၍ နှိပ်စက်ခြင်းများဖြင့် သောင်းကျန်းချင်တိုင်း သောင်းကျန်းနေကြသည်။

မြန်မာမျိုးချစ်လူငယ်များလည်း ဂျပန်ကို ပြန်လည်တိုက်ထုတ်ရန် ရှိသမျှလူအင်အားဖြင့် စုရုံးကြံစည်နေကြသည့်အချိန် ဖြစ်ပါသည်။

ထနောင်းကုန်းရွာကြီးသည်လည်း မျိုးချစ်လူငယ်ပေါများသော သူ့ကျွန်မခံလိုသည့် တိုင်းရင်းသားရွာကြီးတစ်ရွာဖြစ်ပေ၏။

ထနောင်းကုန်းရွာမှ မောင်ရေချမ်းသည်လည်း မျိုးချစ်မြန်မာသူရဲကောင်းတစ်ယောက် ဖြစ်ပေသည်။ မောင်ရေချမ်းသည် သူ့ကဲ့သို့လူငယ်များကို စုစည်းကာ မြို့ပေါ်မှ မြန်မာတပ်များနှင့် ဆက်သွယ်ပြီး ဖက်ဆစ်ဂျပန်ကို တိုက်ထုတ်ရာ၌ တစ်ဖက်တစ်လမ်းမှ ကူညီနေသူတစ်ဦး ဖြစ်ပေသည်။

ထိုစဉ်က မောင်ရေချမ်းအသက်သည် (၂၀) ခန့်ရှိနေပါပြီ။

မောင်ရေချမ်း၌ တစ်ရွာတည်းနေ သက်တူရွယ်တူ ချစ်ရသူလည်း ရှိနေသည်။ မပန်းရုံတဲ့..။

မောင်ရေချမ်းနှင့် မပန်းရုံတို့ ချစ်ခရီးသည် ဖြောင့်ဖြူးပြီးဖြစ်ပါသည်။ နိုင်ငံရေးတည်ငြိမ်လျှင်ဖြင့် ချစ်သူနှစ်ဦး သမားရိုးကျ အိမ်ထောင်ထူကာ တောရွာသဘာဝ အေးချမ်းသာယာစွာပေါင်းဖော်သွားရုံသာ ရှိပေသည်။

တိုင်းတစ်ပါးသားများ၏ ကျူးကျော်စော်ကားမှုကို ခံပြင်းသော မောင်ရေချမ်းသည် မိမိကိုယ်ရေးကိုယ်တာကို ဘေးဖယ်ကာ တော်လှန်ရေးထဲ၌ ပါဝင်ခြင်းဖြင့် အချစ်ရေးကိစ္စကို ဘေးဖယ်ထားလိုက်သည်။

မောင်ရေချမ်း၏မိဘများမှာ ထနောင်းကုန်းတွင် အချမ်းသာဆုံး စာရင်းဝင် လယ်ယာကိုင်းကျွန်းရှိသူများဖြစ်ပြီး ကုန်စုံဆိုင်ကြီးနှင့် စီးပွား





လမ်းဖြောင့်သော သူဌေးများဖြစ်ပေသည်။

မပန်းရုံတို့မိသားစုကတော့ ဆင်းရဲရှာကြပါသည်။ သားသမီးဆို၍ မပန်းရုံတစ်ဦးတည်းရှိသော်ငြား ဖခင်ကြီးမှာ သူတစ်ပါးလယ်ယာတွင် သူရင်းငှားအဖြစ် ပင်ပန်းကြီးစွာ လုပ်ကိုင်ရရှာသည်။ မိခင်ကြီးကလည်း အရွယ်နှင့်မလိုက်အောင် သူတစ်ပါးအိမ်များတွင် အဝတ်လျှော်၊ မောင်းထောင်း စသည် ကူညီလုပ်ကိုင်ပေးရင်း တစ်ဝမ်းတစ်ခါးကို ကျောင်းနေရသူများဖြစ်ပေသည်။

သို့သော် မောင်ရေချမ်းမိဘများက သူတို့သားကို ဆင်းရဲသော မပန်းရုံနှင့် ချစ်ကြိုက်နေသည့်အတွက် ငြိုငြင်ခြင်းမရှိခဲ့ပါပေ၊ ဆင်းရဲသော်လည်း ရိုးသားသူများမို့ မောင်ရေချမ်းနှင့်မပန်းရုံကို သဘောတူကြပါသည်။

ချစ်သူနှစ်ဦး၏ ချစ်ခရီးကား ထိုကဲ့သို့ ဖြောင့်ဖြူးသာယာလျက်ရှိပေ၏။

နိုင်ငံရေးမတည်ငြိမ်မှုကြောင့်နှင့် ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်နေသည့် မောင်ရေချမ်း တာဝန်များကြောင့် မပေါင်းသင်းနိုင်သေးပဲ အချိန်ဆွဲထားရခြင်းဖြစ်လေသည်။

ယင်းသို့ဖြင့် ၁၉၄၅ ခုနှစ်ဦးပိုင်းတွင် ထနောင်းကုန်းရွာသို့ ဂျပန်တပ်တစ်တပ် ရောက်ရှိလာလေသည်။

ဂျပန်တပ်ကို ဦးဆောင်ခေါ်ယူလာသူမှာ အခြားသူမဟုတ်။ ထနောင်းကုန်းရွာသားပင်ဖြစ်ပြီး ဂျပန်စကားလေး အနည်းငယ်တတ်၍ စကားပြန်လုပ်နေသော အလိုတော်ရိ အောင်ဘုစိန်ဆိုသူပင် ဖြစ်ပါသည်။

အောင်ဘုစိန်က ဂျပန်စစ်ဗိုလ်အား မျက်နှာလိုမျက်နှာရလုပ်ကာ ထနောင်းကုန်း၌ လူငယ်များ ဂျပန်ကိုတိုက်ထုတ်ရန် ကြံစည်နေကြောင်း၊ မြန်မာ့တပ်မတော်နှင့် အဆက်အသွယ်ပြုလုပ်နေကြကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သတင်းပေးကာ ခေါ်ယူလာခဲ့ခြင်း ဖြစ်လေသည်။

ဂျပန်တပ်စိတ်ချီတက်လာသည်ကို ကြားသည်နှင့် မောင်ရေချမ်းနှင့် မျိုးချစ်လူငယ်တစ်သိုက်သည် တောထဲသို့ ရှောင်တိမ်းနေရလေ၏။ ဂျပန်စစ်သားများလည်း ရွာအနောက်ဘက်ရှိ လွမ်းစေတီရှိရာ တောင်ကုန်းအောက်မှ ဘုန်းကြီးကျောင်းဝင်းထဲတွင် စခန်းချကာ ရပ်နားကြလေသည်။

အောင်ဘုစိန်က ဂျပန်စစ်သားများအား မျိုးချစ်လူငယ်များနေအိမ်သို့ လိုက်ပြသောအခါ မျိုးချစ်လူငယ်များကို တစ်ဦးတလေမှပင် မတွေ့ရချေ။ အောင်ဘုစိန် မျက်နှာပျက်လေပြီ။

"စိတ်မပူပါနဲ့ မာစတာ။ ဒီကောင်တွေသတင်းကို ကျွန်တော် စုံစမ်းပါ့မယ်။ ဒီကောင်တွေကို ဖမ်းမိစေရပါမယ် မာစတာ"

အောင်ဘုစိန်က ဂျပန်စစ်ဗိုလ် အ်မျက်မသိုစေရန် မျက်နှာချိုသွေး၍ ပြောလိုက်သည်။

ဂျပန်စစ်သားများသည် ရွာထဲသို့လှည့်ကာ အိမ်များတွင် မွေးထားသည့် ကြက်များကို ဆွဲယူခြင်း၊ မိန်းမပျိုများကို ထိကပါးရိကပါးပြုလုပ်ခြင်းများဖြင့် ထင်တိုင်းကြဲနေသည်။ ရွာသားများမှာမူ ကြောက်ရွံ့သောကြောင့် ဘာမှမပြောသာပဲ ငုံ့ခံနေရ၏။ မည်သူကမှလည်း မပြောရဲပါ။ ဂျပန်စစ်သားများ၏ ဆိုးဝါးရက်စက်မှုများကို ကြားဖူးထားသည်မို့ မျက်နာကိုပင် စေ့စေ့ပြန်မကြည့်ရဲကြပေ။

ဂျပန်များသည် စိတ်မထင်လျှင် လူကို လက်သည်းခွံခွာခြင်း၊ ရေနွေးပူလောင်းခြင်းများဖြင့် နှိပ်စက်တတ်ကြောင်းကို တစ်ရွာလုံးက ကြားဖူးကြပြီး ဖြစ်ပေသည်။

မိန်းမပျိုများကိုလည်း မတရားကျင့်၍ ခြေတော်တင်တတ်ကြောင်း ကြားသိထားရ၍ မိန်းကလေးအရွယ်ကောင်းမှန်သမျှ အိမ်ပြင်မထွက်ရဲ





အသက်ပင် ပြင်းပြင်းမရှူရဲဘဲ အိမ်ထဲ၌ ပုန်းအောင်းနေရလေသည်။

သို့ဖြင့် ဂျပန်စစ်ဗိုလ်နှင့် စစ်သားများသည် အောင်ဘုစိန်လမ်းပြသောကြောင့် သူကြီးအိမ်သို့ ရောက်သွားကြလေသည်။

သူကြီးအိမ်တွင် သူကြီးအား ဆဲဆိုကြိမ်းမောင်းကာ ရွာမှလူငယ်များ ဘယ်မှာပုန်းရှောင်နေလဲဟု မေးလေသည်။ သူကြီးက မသိကြောင်းပြောသည့်အခါ စစ်ဗိုလ်က သူကြီးကို ပါးရိုက်လေသည်။

သူကြီးနှင့်စစ်ဗိုလ်ကြား စကားပြန်လုပ်ပေးသူမှာ အောင်ဘုစိန်ပင် ဖြစ်ပေသည်။ ဂျပန်စစ်ဗိုလ်ကလည်း မြန်မာစကားကို တစ်လုံးစနှစ်လုံးစ တတ်ကျွမ်းသူဖြစ်သည်။

ဖြစ်ချင်တော့ ထိုအချိန်က မပန်းရုံသည် သူကြီးအိမ် ရောက်နေခဲ့သည်။ သူကြီးမိသားစု၏ အဝတ်များကို လာလျှော်ပေးနေသည့် မိခင်ကြီးကို ကြိုဆိုရန် ရောက်နေခြင်းဖြစ်၏။

ဂျပန်စစ်သားများရောက်လာသည်ကို ကြား၍ သူကြီး၏တူမနှစ်ယောက်နှင့်အတူ မီးဖိုခန်းထဲတွင် ပုန်းအောင်းနေခဲ့သည်။

ဂျပန်စစ်သားတစ်ယောက်သည် သူကြီးအိမ်ထဲမှ ပစ္စည်းများကို လိုရာဆွဲယူ၍ အိမ်အနှံ့လျှောက်ကြည့်ရင်း မီးဖိုခန်းထဲသို့ ရောက်သွားလေသည်။

ထိုအခါ မီးဖိုခန်းထဲတွင် ကြောက်လန့်စွာထိုင်နေသော သူကြီးကတော်ကြီးနှင့် ပန်းရုံမိခင်တို့ကို တွေ့လိုက်ရသည်။

ပန်းရုံ၏ မိခင်ကြီးသည် မီးဖိုခန်းထဲသို့ ရုတ်တရက်ဝင်လာသော ဂျပန်စစ်သားကို ကြောက်လန့်ကာ စိတ်မလုံစွာဖြင့် သူ့သမီးပုန်းအောင်းနေသော စပါးထည့်သည့် ပုတ်ကြီးဆီသို့ လှမ်းကြည့်လိုက်လေသည်။ ဂျပန်စစ်သားကလည်း အမူအရာပျက်နေသည့် အဘွားကြီးပုံစံကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ နားလည်လိုက်လေ၏။

ဂျပန်စစ်သားသည် ပုတ်ကြီးအနားသို့ လျှောက်သွားပြီး ပုတ်ကြီ
ကို ဖယ်လိုက်လေသည်။ ထိုအခါ ပုတ်နောက်တွင် ပုဝင်ရင်း ပုန်းအောင်
နေသည့် မိန်းမငယ်သုံးဦးကို တွေ့လိုက်ရလေတော့၏။

မိန်းကလေးသုံးယောက်ကို မြင်လိုက်ရ၍ ဂျပန်စစ်သား၏
မျက်နှာမှာ ဝင်းလက်သွားလေသည်။

မိန်းကလေးသုံးယောက်ထဲတွင် ပန်းရုံက အပေါ်လွှင်အထင်ရှား
ဆုံး ဖြစ်နေ၏။ ပန်းရုံ၏ ဖြူနုသောအသားအရေက သူကြီးတူမနှစ်ယောက်
နှင့်ယှဉ်သော် ထင်း၍နေလေသည်။ လုပလွန်းသောကြောင့်ပင် ဆင်းရဲ
သော်လည်း ပန်းရုံသည် ထနောင်းကုန်းရွာ၏ ကွမ်းတောင်ကိုင်မလေး
ဖြစ်နေရသည် မဟုတ်ပါလော။

သူကြီးတူမနှစ်ယောက်က တုန်နေအောင် ကြောက်ရွံ့နေသော်
လည်း ပန်းရုံက မထူးတော့သည့်အတူတူ ဝပ်၍ပုန်းနေရာမှ ထလိုက်
သည်။ ဂျပန်စစ်သားကို ခပ်တည်တည်ဖြင့် ပေ၍ကြည့်နေသည်။ ပန်း
ကား မျိုးချစ်လူငယ်၏ ချစ်သူပီသစွာပင် သတ္တိရှိသူဖြစ်လေသည်။ ဂျပန်
စစ်သားက ပန်းရုံကို တစ်ခဏတာ ငေးစိုက်ကြည့်နေ၏။

ထို့နောက် အိမ်ရှေ့သို့ ပြေးထွက်သွားလေသည်။

''ဘီရုမာမ. . ဘီရုမာမ. . သိပ်လှတယ် မာစတာ''

ဂျပန်စစ်သားက သူ၏စစ်ဗိုလ်အား အစီရင်ခံလိုက်လေသည်။

''ဘယ်မှာလဲ''

''အိမ်ထဲမှာ''

အောင်ဘုစိန်က အိမ်ထဲသို့ပြေးဝင်သွားကာ ပန်းရုံတို့သုံးယောက်
ကို ခေါ်ထုတ်လာလေသည်။ အဘွားကြီးနှစ်ယောက်လည်း နောက်မှ





ကြောက်ရွံ့စွာ လိုက်ပါလာကြလေ၏။

''အလို. . သိပ်လှပါလား''

ဂျပန်စစ်ဗိုလ်က ပန်းရုံကိုအမြင်တွင် အံ့သြစွာရေရွတ်လေ၏။

''ဒီတောအရပ်မှာ ဒီလိုအချောအလှမျိုးလည်း ရှိသားပဲ''

''မှန်ပါတယ် မာစတာ။ သူက ဒီရွာရဲ့ ကွမ်းတောင်ကိုင်ပါ။
ကွမ်းတောင်ကိုင်ဆိုတာ. .''

အောင်ဘုစိန်က ဂျပန်စကားဖြင့် ရှင်းပြနေသည်။

''ဒီကောင်မလေးကို ငါကြိုက်တယ်။ ညကျ ငါ့စခန်းကို ခေါ်ခဲ့''

''ဟုတ်ကဲ့. . ဟုတ်ကဲ့. . မာစတာ။ ဟေ့. . ပန်းရုံ။ နင်တော့
ကံကောင်းတာပဲဟေ့။ မာစတာက နင့်ကိုမြှောက်စားတော့မယ်။ နင် ရေမိုးချိုး
ပြီး အလှအပပြင်ထားပေတော့။ ဒီည နင် မာစတာနဲ့ အတူအိပ်ရမယ်''

''အို. . ကိုအောင်ဘု။ တော်မိုက်ရိုင်းလှချည်လား''

ပန်းရုံသည် အောင်ဘုစိန်ကို စက်ဆုပ်စွာစိုက်ကြည့်လိုက်ပြီး
မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ သူကြီးအိမ်ထဲမှ ထွက်ပြေးသွားလေသည်။

''ကောင်မလေး ရှက်သွားတာပါ မာစတာ''

''ကောင်းတယ်. . ကောင်းတယ်. . ။ အတွေ့အကြုံမရှိသေးတဲ့
မိန်းလေးပဲ။ အဲဒါမျိုးမှ ငါက ကြိုက်တာ''

မာစတာကြီးက ထွက်ပြေးသွားသော ပန်းရုံ၏နောက်ကျောကို
ကြည့်ရင်း သဘောကျစွာ ရယ်လိုက်လေသည်။

''ဒေါ်ဆယ်. . ခင်ဗျားသမီးကို မာစတာကြီးက တော်ကောက်
လိုက်ပြီ။ ကြားတယ်မဟုတ်လား။ ညကျ မာစတာကြီးဆီ လွှတ်လိုက်ပေ
တော့''

* * *



www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းမှာ တခဏချင်းပင် ရွာထဲသို့ပျံ့လွှင့်သွားလေတော့ ပန်းရုံမိခင်ကြီး ဒေါ်ဆယ်မှာ ငိုကြီးချက်မဖြင့် အိမ်ပြန်လာ သည်။

"အကျိုးတော့ နည်းပါပြီ ကိုရင်ရေ၊ ကျုပ်တို့သမီးလေး..

"သမီး ဘယ်နည်းနဲ့မှ ဂျပန့်မယား အဖြစ်မခံပါဘူး အ

"သမီးရယ်.. သူတို့ ဘုန်းကြီးနေတဲ့ အချိန်ကွယ်၊ မထ သတ်ပစ်တဲ့အကောင်တွေ၊ သမီးအတွက်နဲ့ တစ်ရွာလုံး မီးတိုက်ခံနေ မယ်ကွယ်"

"သူတို့ကြောက်တာနဲ့ အညံ့ခံရတော့မှာလား၊ သမီးကြံပါမယ်

ထိုစဉ် သူတို့တဲနောက်ဖေးမှ ကလေးတစ်ယောက် ဝင်လာ သည်။

"အစ်မပန်းရုံ.. အစ်မပန်းရုံ.."

"ဟင်.. မောင်ပန်းမွှေး"

မောင်ပန်းမွှေးမှာ ပန်းရုံချစ်သူ ကိုရေချမ်း၏ ညီငယ်လေ ပေသည်။ အသက် (၁၅) နှစ်သာ ရှိသေးသည်။

"အစ်မပန်းရုံသတင်းကြားလို့ ကျွန်တော် အစ်ကိုတို့ပုန်းနေ နေရာကို ပြေးပြီး ပြောပြီးပြီဗျ"

"ဟင်.. ကိုရေချမ်းတို့နေရာကို နင်သိတယ်ပေါ့"

"သိလို့ပေါ့ အစ်မပန်းရုံ၊ အစ်ကိုက အစ်မပန်းရုံကို သူနဲ့တ တည်းလိုက်ခဲ့တော့တဲ့၊ အစ်ကိုရယ်.. ရွာတောင်ပေါက်က စောင့်နေ မယ်၊ ရွာတောင်ပေါက် ကုက္ကိုပင်အောက်မှာ ထိုင်နေတဲ့ အနူကြီး အစ်ကိုပဲ၊ အစ်ကို အနူလို ရုပ်ဖျက်ထားတာ၊ အစ်မပန်းရုံ အခုချက် ပြေးပေတော့"





ခဏအကြာတွင် ပန်းရုံတို့တဲဆီမှ တောင်ဝှေးကိုထောက်ရင်း ခွတစ်ဖက်ထော့နဲ့ထော့နဲ့ဖြင့် ခေါင်းမြီးခြုံကာ ထွက်ခွာသွားသည့် အဘွား တစ်ယောက်သဏ္ဍာန်ကို မြင်တွေ့ရလေသည်။

ဒုက္ခိတအဘွားအိုကား ရုပ်ဖျက်ထားသော ပန်းရုံပင် ဖြစ်လေ တည်း။

❋ ❋ ❋

ညပိုင်းတွင် ပန်းရုံရောက်မလာသဖြင့် ဂျပန်များစခန်းချရာ ကြီးကျောင်း၌ ပွက်လောရိုက်နေလေသည်။

အောင်ဘုစိန်သည် ပန်းရုံကိုခေါ်ရန် လာခဲ့ရာ ပန်းရုံတို့တဲ ရောက်တွင် ပန်းရုံမရှိတော့ကြောင်း သိလိုက်ရသည်။

"ဦးမောင်ခ.. ဒေါ်ဆယ်.. ခင်ဗျားတို့သမီး ဘယ်မှာလဲ၊ ပန်းရုံ ခင်ဗျားတို့ ဘယ်မှာဝှက်ထားသလဲ"

"မသိပါဘူးမောင်ရင်၊ ကျုပ် သူကြီးအိမ်ကပြန်လာတော့ အိမ် သမီးမရှိတော့ပါဘူး။ မောင်ပြောလိုက်တဲ့စကားကြောင့် ကြောက်ပြီး က်ပြေးသွားတယ်ထင်ပ"

"မဖြစ်နိုင်ဘူး။ ထွက်ပြေးရင်လည်း ခင်ဗျားတို့သိရမယ်"

"မသိပါဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းရုံ ဒီည ပါမလာရင် မာစတာကြီးက မလွယ်ဘူး။ ခင်
တို့ကို သတ်လိမ့်မယ်"

"တကယ်မသိတာပါ မောင်အောင်ဘုစိန်ရယ်။ တစ်ရွာတ
သားချင်းတွေပါကွယ့်။ မင်းက ကိုယ့်ရွာသားဘက်က ပါဖို့ကောင်းပါတ

"ဦးမောင်ခ..ခင်ဗျား ကျုပ်ကိုဆရာလုပ်စရာမလိုဘူး။ ခင်
တို့တော့ ဒုက္ခလှလှတွေ့တော့မယ်။ ဟွန်း.."

အောင်ဘုစိန် ဒေါသထွက်၍ ပြန်သွားသည်။

ပန်းရုံပါမလာသည့်အတွက် ဒုက္ခတွေ့ရမှာက ပန်းရုံမိဘ
သာ မဟုတ်။ အောင်ဘုစိန်ကိုယ်တိုင်ပင်။ မာစတာ၏ ငြိုငြင်မှုကြ
ဒုက္ခရောက်သွားနိုင်ပါသည်။

အောင်ဘုစိန်က ပန်းရုံမရှိတော့ကြောင်းကို ဂျပန်စစ်ဗိုလ်
ကြောက်ကြောက်ဖြင့် အစီရင်ခံလိုက်သည့်အခါ ဂျပန်စစ်ဗိုလ်၏မျက်
ဒေါသဖြင့် နီရဲသွားလေသည်။

"အဲဒါ..မင်းအသုံးမကျလို့ပေါ့။ ကောင်မလေးကို စောင့်
နိုင်းမထားလို့ပေါ့။ ဘယ်ကိုသွားသတုံး။ သူ့အဖေအမေကို ပေါ်အောင်
အခုဖမ်းချုပ်။ ဘီရုမာမကို ဒီညပဲ ငါယူချင်တယ်"

ယင်းသို့ဖြင့် ပန်းရုံ၏မိဘနှစ်ပါးမှာ ညတွင်းချင်းပင် ဖမ်း
ညှဉ်းဆဲခြင်း ခံရလေသည်။

အဘိုးကြီး၊ အဘွားကြီးမှာ အဝတ်အစားများချွတ်၍ ကျေ
ပေါ်သို့ ရေနွေးပူများလောင်းချခြင်း ခံရသည်။ ထို့နောက် လက်သ
များကို အစိမ်းလိုက်ဆွဲနှုတ်ခြင်း ခံရပြန်သည်။ နှုတ်ထားသော လက်သ
နေရာကို ဆားဖြင့်သိပ်ကြပြန်သည်။

ပန်းရုံ၏မိခင်ကြီးမှာ ထိုညတွင်ပင် သေဆုံးသွားလေတော့





အဘိုးကြီးက မခံနိုင်တော့သည့်အဆုံး ပန်းရုံ သူ့ချစ်သူနောက်
ကို လိုက်သွားပြီဖြစ်ကြောင်း ဖွင့်ပြောလိုက်ကာ သတိလစ်မေ့မြောသွားလေ
သည်။

※ ※ ※

တိုင်းပြည်တစ်ပြည်တွင် မျိုးချစ်စိတ်ရှိသူ အများအပြားရှိသလို
သားထဲက လောက်ထွက်၍ တဒင်္ဂစည်းစိမ်ချမ်းသာကို မက်မောကာ
ရွာဖောက်တတ်သူများလည်း ဒုနှင့်ဒေးရှိပေသည်။

အောင်ဘုစိန်ပေးသော မက်လုံးများကို သွားရည်ကျကာ ပန်းရုံ
ပုန်းအောင်းနေသည့်နေရာကို ဖော်ပြောသူက ပြောလိုက်လေ၏။

နောက်တစ်နေ့ နေ့လယ်ခင်းတွင် တောထဲရှိ လျှို့ဝှက်စခန်းတစ်
မောင်ရေချမ်းနှင့် ပန်းရုံတို့ကို ဖမ်းဆီးရမိခဲ့လေသည်။

မျိုးချစ်လူငယ်များ၏စခန်းကို ဂျပန်တပ်က ဝင်စီးရာ လက်နက်
မမှု၍ မျိုးချစ်လူငယ်များ တပ်ဆုတ်ပြေးရသည်။ မောင်ရေချမ်းနှင့်
ပန်းရုံတို့ ကြင်စဦးဇနီးမောင်နှံကိုမူ လက်ရဖမ်းဆီးမိခဲ့လေ၏။

မောင်ရေချမ်းကို ဂျပန်စစ်သားများက လက်ပြန်ကြိုးတုပ်၍
ဆီးခေါ်ဆောင်လာကြသည်။

ဂျပန်များစခန်းချရာဘုန်းကြီးကျောင်းကို ရောက်သည်နှင့် ဂျပန်



www.burmeseclassic.com

www.burmeseclassic.com



စစ်ဗိုလ်က ကျောင်းရှေ့မြေကွက်လပ် နေပူထဲ၌ မောင်ရေချမ်းကို နေလှန်းထားလိုက်လေ၏။ ပန်းရုံကိုမူ ထနောင်းပင်ကြီးအရိပ်အောက်တွင် ကုလားထိုင်ဖြင့် ထိုင်ခိုင်းထားသည်။

ထို့နောက် တစ်ရွာလုံးရှိ လူကုန် တစ်ယောက်မကျန်ကို ဆင့်ခေါ်ကာ မောင်ရေချမ်းကို နှိပ်စက်ပုံအား ကြည့်ရှုခိုင်းလေသည်။ ရွာသူရွာသားတို့သည် မကြည့်ရက်သော်လည်း အာဏာစက်ကို ကြောက်ရွံ့၍ ရောက်လာကြလေသည်။

"အားလုံး ကြည့်ထားကြ။ နိပ္ပွန်စစ်တပ်ကို အာခံတဲ့သူတို့ ရေချမ်းခံသလို ခံကြရမယ်"

အောင်ဘုစိန်က တစ်ရွာလုံးကြားအောင် အော်ပြောလိုက်သည်။

"မာစတာ. . ဒီအကောင်ဟာ ပန်းရုံကိုခိုးယူရုံ မကပါဘူး။ နိပ္ပွန်စစ်တပ်မတော်ကြီးကို ဖြိုခွဲဖို့ ကြိုးစားနေတဲ့ လူတစ်ယောက်ပါ။ ဗမာ့တပ်မတော်နဲ့ အဆက်အသွယ်ရှိပါတယ်"

"ဘာ. ."

သူ့ခြေတော်တင်မည့် မိန်းကလေးကို ခိုးယူသွားသူအဖြစ် ... တီးနေရာမှ မောင်ရေချမ်းသည် မျိုးချစ်လူငယ်တစ်ယောက်ဖြစ်မှန်း ... လိုက်သည့်အခါ ဂျပန်စစ်ဗိုလ်၏ဒေါသမှာ အထွတ်အထိပ်သို့ ရောက်သွားလေသည်။

"ရွာက လူငယ်တွေကိုလည်း တော်လှန်ဖို့ စည်းရုံးပါတယ် မာစတာ။ သူဟာ ဒီရွာက မျိုးချစ်လူငယ်ခေါင်းဆောင်တစ်ယောက်..."

အောင်ဘုစိန်က သူ့အပေါ် မာစတာကြီး၏ဒေါသများ ... ပျောက်စေရန် မောင်ရေချမ်းအပြစ်များကို ဖိပြော၍နေသည်။





"အဲဒါကြောင့် ကျွန်တော်မျိုးကြီး ဒီကောင့်ကို မရအရ ဖမ်းလာခဲ့တာပါ"

"ဒီကောင့်ကို နောင်ကြဉ်သွားအောင် ပညာပေးလိုက်ကြစမ်း။ နိပ္ပွန်တပ်မတော်ကို အာခံသူဟာ ဘယ်လိုအပြစ်ဒဏ်မျိုး ခံစားရတယ်ဆိုတာ တစ်ရွာလုံးက မြင်ပေစေ"

စစ်ဗိုလ်က အမိန့်ပေးလိုက်သည်နှင့် ဂျပန်စစ်သားများ၏ တုတ်ချက်များက မောင်ရေချမ်းတစ်ကိုယ်လုံးပေါ်သို့ ကျရောက်သွားလေသည်။ ထို့နောက် မောင်ရေချမ်းအား ကောင်းကင်သို့မော့ကာ နေလုံးကိုကြည့်ခိုင်းလေသည်။ အချိန်ကား မွန်းတည့်ချိန်ဖြစ်ပေရာ နေသည် အပူဆုံးအချိန်ဖြစ်လေသည်။

နေကိုစိုက်ကြည့်နေသော မောင်ရေချမ်း၏မျက်လုံးများ ကျိန်းစပ်၍ မျက်တောင်ခတ်လိုက်သည်နှင့် စစ်သားတစ်စုက မျက်လုံးကိုဖြဲကာ ... များဖြင့် ပက်ထည့်ကြလေသည်။

ထို့နောက် မောင်ရေချမ်း၏လက်နှစ်ဖက်နှင့် ခြေနှစ်ဖက်မှ ခြေသည်း လက်သည်းများကို တစ်ခုမကျန် ပလာယာဖြင့် ဆွဲခွာကြလေသည်။

မောင်ရေချမ်းက တစ်ချက်မှမညည်းညူဘဲ ကြိတ်ခံနေ၏။

ပန်းရုံသည် မြင်ကွင်းကို ထနောင်းပင်ကြီးအောက်မှ စိုက်ကြည့်၍ အံကိုတင်းတင်းကြိတ်ထားသည်။ မျက်ရည်တစ်စက်မကျ။ မျက်ရည်ကျခြင်းဖြင့် အညံ့ခံအရှုံးပေးရာကျမည်ကို သိထားသော ပန်းရုံသည် မျိုးချစ်လူငယ်၏ ဇနီးကောင်းပီသစွာ ခံနိုင်ရည်ကို မွေးထားပေသည်။ မျက်စိတစ်ချက် တောင်ကုန်းထက်မှ စေတီဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်မှာ ဘုရားထံ အာရုံပြုဆုတောင်းခြင်းပဲ ဖြစ်ပေလိမ့်မည်။

"ငါယူမယ့်မိန်းမကို ဦးဦးဖျားဖျားခိုးယူသွားတဲ့ကောင်ကို မှတ်...



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် ပညာပေးရမယ်၊ ဒီကောင့်အဝတ်တွေကို ဆွဲချွတ်လိုက်စ
ပေါ့"

ဂျပန်ဗိုလ်က အမိန့်ပေးလိုက်သည်နှင့် မောင်ရေချမ်းကိုယ်ပေါ်
အဝတ်များကို ဆွဲချွတ်လိုက်ကြလေသည်။ မောင်ရေချမ်းကား အပေါ်ပိုင်း
ရော၊ အောက်ပိုင်းပါ အဝတ်မပါဘဲ ကိုယ်လုံးတီးဖြစ်သွားလေ၏။ ဂုတ်
များဖြင့် ရိုက်နှက်ထား၍ မောင်ရေချမ်းရင်ဘတ်နှင့် ကျောတစ်ပြင်လုံး
အရှိုးရာများ ထင်နေလေသည်။ ဂျပန်စစ်သားအချို့က အရှိုးရာများထဲ
ဆားများဖြင့် ပက်ကြပြန်၏။

အစွမ်းကုန်နှိပ်စက်နေသော မြင်ကွင်းကြောင့် အမျိုးသမီးအချို့
မေ့လဲသွားကြသည်။ အော်သူအော်၊ ငိုသူငိုကြသည်။ ကလေးများ
ကြောက်လန့်တကြားငိုသံများလည်း ဆူညံစွာထွက်ပေါ်လာလေ၏။

"ဘယ်သူမှ လှည့်မပြန်ကြနဲ့၊ အားလုံးကြည့်နေကြ"

ရွာသားအားလုံးသည် အရက်စက်အကြမ်းကြုတ်ဆုံးသော မြ
ကွင်းကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရလေတော့၏။

ဂျပန်စစ်ဗိုလ်သည် မြေပေါ်တွင် ပက်လက်လန်လဲကာ ကိုယ်
လုံးတီးဖြစ်နေသည့် မောင်ရေချမ်းအနီးသို့ ကပ်သွားသည်။ ထို့နောက်
သူ၏ခါးမှ ဓားရှည်ကြီးကို ဆွဲထုတ်လိုက်ကာ မောင်ရေချမ်း၏ ယော်ပါအ
လီးဖြတ်လိုက်လေသည်။

"ဟင်.."

"ဟာ.."

"အို.."

"အမလေး.."

ကြောက်ရွံ့ထိတ်လန့်စွာ အော်ဟစ်လိုက်သော အသံများဖြ





တ်ဝန်းကျင်တစ်ခုလုံး ပွက်လောရိုက်သွားလေသည်။

"ဟား.. ဟား.. ဟား.. ဟား.."

"ဟား.. ဟား.. ဟား.. ဟား.."

ဂျပန်စစ်ဗိုလ်က အသံနက်ကြီးဖြင့် ရယ်မောလိုက်လေ၏။

ဂျပန်စစ်သားများကလည်း ဝိုင်းဝန်းရယ်မောကြလေသည်။

မောင်ရေချမ်းသည် ဒဏ်ရာပေါင်းစုံဖြင့် မြေပေါ်၌ ထွန့်ထွန့်လူး
ရှာလေ၏။

ထို့နောက် ဂျပန်စစ်ဗိုလ်သည် ထနောင်းပင်အောက်သို့သွားကာ
ရုံလက်ကို ဆွဲ၍ခေါ်လေသည်။

"အမျိုးယုတ်..။ ငါ့အသားကို မထိနဲ့"

ပန်းရုံက ရှောင်တိမ်းရင်း အော်ဟစ်လိုက်သည်။

"နင့်အကောင် သုံးလို့မရတော့ဘူး။ နင် ငါ့ကို ယူမယ်မဟုတ်
။ ငါ့မယားလုပ်မယ်မဟုတ်လား"

ပန်းရုံသည် မည်သူမှမျှော်လင့်မထားသော အပြုအမူတစ်ခုကို
လိုက်သည်။

"နင့်လို ဖက်ဆစ်ခွေးကို ဘယ်တော့မှ လင်မလုပ်ဘူး။ ထွီ.."

ပန်းရုံထွေးထည့်လိုက်သော တံတွေးသည် ဂျပန်စစ်ဗိုလ်၏
က်နှာတစ်ပြင်လုံးကို နှံ့အောင်စဉ်သွားတော့၏။

ဂျပန်စစ်ဗိုလ်၏ ဖြူသောအသားမှာ ချက်ချင်းရဲတက်လာသည်။
ခံပြင်းခြင်း၊ ဒေါသထွက်ခြင်းနှင့် လူအများရှေ့တွင် မမျှော်လင့်
ခံလိုက်ရ၍ ရှက်ခြင်းများ ရောနှောပေါင်းစပ်ကာ သူ့လက်သည်
ထားသောဓားအိမ်ဆီ ရောက်သွားလေ၏။

လက်ထဲမှာ ပါလာသောဓားဖြင့် ပန်းရုံလည်ပင်းကို ထိုးစိုက်၍



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ပန်းရုံ၏လည်ပင်းဆီမှ သွေးများပေါက်တောက်ပန်းထွက်လ

တော့သည်။

ဂျပန်ဗိုလ်က ပန်းရုံကို ကွင်းပြင်ထဲသို့တွန်းပစ်လိုက်ရာ ပန်

သည် မောင်ရေချမ်းကိုယ်ပေါ်သို့ မှောက်လျက်ကျသွားလေ၏။

"ပန်း. . ပန်းရုံ. . ပန်းရုံ. ."

မောင်ရေချမ်းက ပန်းရုံကို တ,၍ခေါ်လိုက်သည်။

ပန်းရုံကား မောင်ရေချမ်းကိုယ်ပေါ်ရောက်သည်နှင့် မော

ချမ်းကို ဖက်တွယ်ကာ ချက်ချင်းပင် အသက်ပျောက်သွားလေတော့

"ပန်းရုံရယ်. ."

နှိပ်စက်မှုပေါင်းစုံ၏ဒဏ်ကို ခံထားရသော်လည်း မောင်ရေ

ကား ပန်းရုံထက်နောက်ကျပြီးမှ အသက်ထွက်သွားလေသည်။

တချို့က မောင်ရေချမ်းသည် ပန်းရုံဖြစ်အင်ကို မြင်လိုက်

ရင်ကွဲနာကျကာ အသက်ပျောက်ရခြင်းဖြစ်သည်ဟု ဆိုစမှတ်ပြုခဲ့ကြ

သည်။

❋ ❋ ❋



ပန်းရုံ၏ဖခင်ကြီး ဦးမောင်ခသည်လည်း နှိပ်စက်ခံရမှုဒဏ်ဖြင့်

နောက်သုံးရက်အကြာ၌ ကွယ်လွန်လေသည်။

ဂျပန်ခေတ်၌ ဖက်ဆစ်စနစ်ဆိုး၏ဒဏ်ကို တစ်နိုင်ငံလုံး ခံစားခဲ့

ရသည့်ထဲတွင် ထနောင်းကုန်းရွာလေးမှာတော့ မေ့မရနိုင်ဖွယ်၊ အသည်း

နလုံးတုန်လှုပ်ဖွယ်ရာများဖြင့် ရွာ၏သမိုင်းကြောင်းကို စွန်းထင်းစေခဲ့ရလေ

သည်။

ကိုရေချမ်းနှင့်မပန်းရုံတို့၏ ကြေကွဲဖွယ်အဖြစ်ဆိုးကား ဖက်ဆစ်

တို့မကျဆုံးမီကလေးမှာ ဖြစ်ပွားခဲ့ခြင်းဖြစ်လေသည်။

ထိုအဖြစ်ဆိုးများ ဖြစ်ပျက်ပြီး မများမကြာမီ ၁၉၄၅ ခုနှစ်၊ မတ်လ

(၂၇) ရက်နေ့တွင် ဗမာ့တပ်မတော်သည် ဖက်ဆစ်ဂျပန်များကို မြန်မာ့မြေ

ပေါ်မှ အပြီးတိုင်မောင်းထုတ်နိုင်ခဲ့လေသည်။

သို့သော် ကိုရေချမ်းနှင့်မပန်းရုံတို့ကား ထိုအဖြစ်များကို သိရှာ

တော့မည်မဟုတ်ပေ။

ရွာသားများက ကွယ်လွန်သူများကို ရည်စူးကာ ထိုနေရာ၌ပင်

မြှုပ်နှံသင်္ဂြိုဟ်၊ အမျှအတန်းပေးဝေခဲ့ကြလေသည်။

ရွာသားများသည် ကိုရေချမ်းနှင့်မပန်းရုံတို့ ကြင်စဦးချစ်သူဇနီး

မောင်နှံ သေဆုံးခဲ့သည့်နေရာရှိ ထနောင်းပင်ကြီးအောက်၌ ချစ်သူနှစ်ဦးကို

ရည်စူး၍ ရေချမ်းစင်တစ်ခု တည်ထားခဲ့ကြသည်။

အုတ်ဖြင့်အခိုင်အမာပြုလုပ်ထားသော ရေချမ်းစင်၌. .

**ကွယ်လွန်သူ မျိုးချစ်လူငယ် ကိုရေချမ်းနှင့် မပန်းရုံ**

**ဇနီးမောင်နှံအား ရည်စူး၍ ထနောင်းကုန်းရွာသားများကောင်းမှု**

ဟု ကမ္ပည်းရေးထိုးထားလေသည်။

ထိုရေချမ်းစင်ကလေးအား ယနေ့ထက်တိုင် မြင်တွေ့နိုင်ပါ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နောင်ကာလကြာသော် ရေချမ်းစင်ဘေးတွင် လူအများ နားနေထိုင်ရန် သစ်သားခုံတန်းလျားလေးတစ်ခုကို တည်ဆောက်ခဲ့ပြန်လေသည်။

အမျိုးသမီးစာဖောက် အောင်ဘုစိန်သည်ကား ဖက်ဆစ်များတွက် အပြေးတွင် ရွာသားလူငယ်များ၏ ဝါးရင်းတုတ်ဖြင့် ဝိုင်းဝန်းရိုက်နှက်သုံးမှုကြောင့် မရှုမလှသေပွဲဝင်ခဲ့ရလေသည်။

❋ ❋ ❋

ထိုအဖြစ်အပျက်များဖြစ်ပျက်ပြီး ဆယ်နှစ်တိတိကြာမြင့်ချိန်တွင် ကား ထနောင်းကုန်းရွာ၌ ပြောစမှတ်တွင်သည့် ဖြစ်ရပ်ဆန်းတစ်ခုကို ကြုံတွေ့ခဲ့ရပြန်လေသည်။

၁၉၅၅ ခုနှစ်ဖြစ်သည်။

ထိုအချိန်တွင် မြန်မာနိုင်ငံသည်လည်း လွတ်လပ်ရေးရခဲ့ပြီ ထနောင်းကုန်းရွာကလေးသည်လည်း မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ် ဒေသ၌ရှိသည်မို့ နောက်ဆက်တွဲ သောင်းကျန်းသူများ၏ဘေးရန်မှ ကင်းလွတ်ကာ အေးချမ်း၍နေလေပြီ။

အဖြစ်ဆန်းကား အခြားမဟုတ်။

ကိုရေချမ်း၏ညီ ကိုပန်းမွှေးသည် တစ်ရွာတည်းနေ မအေးချစ်





နှင့် အိမ်ထောင်ကျကာ သားဦးလေးတစ်ယောက် ထွန်းကားခဲ့လေသည်။ ထိုသားကလေးကား ဂျပန်ခေတ်က ကွယ်လွန်ခဲ့သူ ကိုရေချမ်းဝင်စားသူ ဖြစ်နေခြင်းပါတည်း။

ကိုပန်းမွှေးသည် မပန်းရုံအား ဂျပန်စစ်ပိုလ်လက်မှကယ်တင်ရန် သူ့အစ်ကို ကိုရေချမ်းပုန်းရှောင်နေရာ တောထဲသို့ သွားရောက်သတင်းပေးခဲ့သူ ကိုရေချမ်း၏ညီငယ်လေးဖြစ်ပါသည်။

ကိုပန်းမွှေးမွေးလာသော သားဦးလေးမှာ ကိုရေချမ်းဝင်စားသူ ဖြစ်ကြောင်း တဖြည်းဖြည်းဖြင့် သိသာထင်ရှားလာခဲ့သည်။

ကလေးက စားကိုမြင်လျှင် ကြောက်သည်။ ငိုသည်။ စကား တတ်စအရွယ်တွင် ကလေးက ဖခင်ဖြစ်သူကိုပန်းမွှေးကို 'ညီလေး' ဟု ခေါ်သည်။ ကိုရေချမ်းနှင့် ကိုပန်းမွှေးမှာ အသက်ငါးနှစ်ကွာကာ ညီအစ်ကို နှစ်ဦးတည်းရှိ၍ အလွန်ချစ်ခင်ကြပါသည်။

စိတ်လိုလက်ရရှိချိန်တွင် 'ငါ့ကိုဂျပန်သတ်တာ' ဟု မိခင်ဖြစ်သူကို ပြောပြတတ်သည်။

ကိုပန်းမွှေးနှင့် မအေးချစ်တို့၏ သားဦးလေးကို ကွယ်လွန်သူ ကိုရေချမ်း ဝင်စားသည်ဟု တစ်ရွာလုံးက ယုံကြည်ကြလေ၏။

ကလေးကို ကိုရေချမ်းနာမည်နှင့် ခပ်ဆင်ဆင် 'မောင်ရေအေး' ဟု မှည့်ခေါ်လိုက်လေသည်။

ကိုရေအေး၏ ယေဘုယျမှာ ဤမျှလောက်သာဖြစ်သည်။ ပတ်ဝန်းကျင်နှင့် မိသားစုက ကွယ်လွန်သူဘကြီး ဝင်စားသူအဖြစ် လက်ခံထားကြသည်။ အခြားထူးထူးထွေထွေအဖြစ်မျိုး မရှိ။

မောင်ရေအေးနောက်တွင် ကိုပန်းမွှေးတို့၌ မောင်ရွှေသွေးနှင့် ငယ်ငယ်ကျေးဆိုပြီး သားတစ်ယောက်၊ သမီးတစ်ယောက် ထပ်၍ထွန်းကားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ နှစ်နှစ်ကြီး၊ နှစ်နှစ်ငယ်များဖြစ်၍ မောင်နှမသုံးယောက်မှာ ချစ်သ
ကြင်နာကြပါသည်။

ယခုစဉ်ဘဝတွင် မောင်နှမသုံးယောက်လုံးကို ရွာရှိမူလတန်း ကျောင်းကလေးတွင် ထားခဲ့သည်။ မောင်ရေအေး လေးတန်းအောင်သည့် နှစ်တွင် ရွာကျောင်းကို အလယ်တန်းကျောင်းအဆင့် တိုးမြှင့်လိုက်သော ကြောင့် အလယ်တန်းသို့ ဆက်လက်တက်ခဲ့လေသည်။

ထိုခေတ်က အလယ်တန်းမှာ (၇) တန်းအထိသာရှိပါ၏။ (၇) တန်းအောင်လျှင် (၈) တန်းပညာကို အထက်တန်းအဆင့်အဖြစ် ဆက်သင် ရသည်။

မောင်ရေအေးသည် အသက်ဆယ့်ခြောက်နှစ်တွင် (၇) တန်း အောင်ခဲ့သည်။ ထိုခေတ်က အသက်ခုနစ်နှစ်ရှိမှ ကျောင်းစနေရသည့် ဓလေ့ ဖြစ်သည့်အပြင် သူငယ်တန်းကို သူငယ်တန်းလေး၊ သူငယ်တန်း ကြီးဟူ၍ အဆင့်ခွဲကာ နှစ်နှစ်တက်ရသည်။ ထို့ကြောင့် မောင်ရေအေး (၇) တန်းအောင်ချိန်တွင် အသက်ဆယ့်ခြောက်နှစ်ရှိနေရခြင်းဖြစ်၏။

မိဘများက မောင်ရေအေးကို မြို့ကျောင်းသို့ပို့၍ ပညာဆက် သင်စေသည်။

မောင်ရေအေး မြို့ကျောင်းမှ (၈) တန်းအောင်သည့်နှစ်တွင် ညီငယ်မောင်ရွှေသွေးက (၇) တန်းအောင်ကာ မြို့ကျောင်း၌ ပညာဆက် သင်ခဲ့သည်။ ညီအစ်ကိုနှစ်ယောက်လုံး မြို့မှာ ပညာဆက်သင်နေကြ အငယ်ဆုံး မယဉ်ကျေးကိုမူ လေးတန်းအောင်သည်နှင့် ကျောင်းနုတ်လိုက် သည်။ မိန်းကလေးမို့ ထိုခေတ်ကာလအမြင်ဖြင့် စာတတ်လျှင် တော် လောက်ပြီဟု ယူဆကာ ကျောင်းဆက်မထားတော့ခြင်းဖြစ်ပါသည်။

မောင်ရေအေး (၉) တန်းတက်နေချိန်အထိမူ မည်သည့်ထူးခြား





ချက်မှ ဖြစ်ပေါ်မလာသေး။ ကိုးတန်းတက်နေဆဲ စာမေးပွဲကြီးဖြေခါနီး အချိန်ကျမှ မောင်ရေအေးဖောက်လာခြင်းဖြစ်သည်။

မောင်ရေအေးသည် စာမေးပွဲကို မဖြေတော့ဘဲ ကျောင်းမှထွက် ကာ ရွာသို့ပြန်လာခဲ့သည်။ မိဘများကိုလည်း ကြိုအသိမပေး။ မည်သူနှင့်မှ လည်း မတိုင်ပင်။ သူ့သဘောနှင့်သူ ကျောင်းထွက်ကာ ရွာပြန်လာခြင်း ဖြစ်လေသည်။

"ငါ့သားရယ်. . မင်း ပညာလည်း တော်သားနဲ့၊ စာမေးပွဲနီးမှ ဘာလို့ ကျောင်းက ထွက်လာရတာလဲ"

"ကျွန်တော်ရွာပြန်လာတာ အကြောင်းရှိတယ် အဖေ။ ကျွန် တော့်ချစ်သူ ပန်းရုံဟာ ပြန်လာလိမ့်မယ်။ ပန်းရုံပြန်အလာကိုစောင့်ဖို့ ကျွန်တော် ရွာကိုပြန်လာတာပါ အဖေ"

"ဘာကွယ်. . မပန်းရုံက ပြန်လာမယ်"

"ဟုတ်ပါတယ်အဖေ။ ပန်းရုံက ကျွန်တော့်ကို အိပ်မက်ပေး တယ်။ အိပ်မက်ထဲမှာ ပန်းရုံဟာ လွှမ်းစေတီခြေရင်းက ထနောင်းပင် အောက်ကို ပြန်လာတယ်အဖေ"

"ငါ့သား. . သေပြီးသူဟာ ဘယ်လိုပြန်လာနိုင်ပါ့မလဲကွယ်။ နှစ် ပေါင်းလည်း ကြာပါပြီ။ ပြီးတော့ မင်းဟာ အရင်ဘဝလို ရေချမ်းမဟုတ် တော့ဘူး ငါ့သား။ မင်းဟာ လက်ရှိဘဝမှာ မောင်ရေအေးပဲ"

"ဒါပေမဲ့ အိပ်မက်ထဲကအတိုင်း ဖြစ်လာမယ်ဆိုတာ ကျွန်တော် သိတယ် အဖေ။ ပန်းရုံ ထနောင်းပင်အောက်ကို ပြန်ကို ပြန်လာမှာပါ။ ကျွန်တော် အဲဒီအိပ်မက်ကို တစ်ခါတည်းမက်တာ မဟုတ်ပါဘူး အဖေ။ မက်တဲ့နေ့ကတည်းက ညတိုင်းမက်နေတာပါ။ ပန်းရုံဟာ အိပ်မက်ထဲက အတိုင်း ပြန်လာရင် ကျွန်တော်နဲ့မဆုံမှာစိုးလို့ သူ့ကိုစောင့်ဖို့ ရွာကိုပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပါ အဖေ''

မောင်ရေအေး၏ အစွဲအလမ်းကြီးမှုကို မိဘများအံ့သြခဲ့ရသည် မြို့ကျောင်းကိုမူ ပြန်မလွှတ်တော့။ ထိုခေတ်က ခုနစ်တန်း အောင်လျှင်ပင် စာရေးစာချီဖြစ်စေ၊ ကျောင်းဆရာဖြစ်စေ အစိုးရအလု ကို ဝင်လုပ်လို့ရနေသည်မို့ မောင်ရေအေး၏ ကိုးတန်းပညာကို လုံလော ပြီဟု ယူဆသည်။ ရွာမှာလည်း ကိုယ်ပိုင်လယ်ယာနှင့်၊ ကုန်စုံဆိုင်နှ စီးပွားရေးလုပ်ငန်းများရှိပြီးသားဖြစ်သည့်အပြင် ထိုလုပ်ငန်းများကို သာ အကြီးဖြစ်သည့် မောင်ရေအေးကပင် ဦးဆောင်ရမည်မို့ အတင်းအကျ ကျောင်းဆက်မတက်နိုင်းတော့ပါ။

မောင်ရေအေးကမူ ရွာသို့ပြန်ရောက်သည့်နေ့မှစ၍ ညနေတိုင် ညနေတိုင်း ရွာအနောက်ထိပ်က ထနောင်းပင်အောက်ကို သွားထိုင်နေ တတ်သည်။

ဦးပန်းမွှေးသည် အစပိုင်းတွင် မောင်ရေအေး၏အစွဲအလမ်းမှာ ကာလကြာလျှင် ပျောက်သွားလိမ့်မည်အထင်နှင့် ဘာမှမပြောဘဲ လွှတ် ထားခဲ့သည်။ အိမ်ထောင်ချပေးလိုက်လျှင် ဘဝဟောင်းက ပန်းရုံကို စွဲ လမ်းနေမှုများ ပျောက်သွားမည်ဟု ယူဆကာ ရွာထဲမှ သင့်တော်သည့်မိန်း ကလေးတစ်ဦးနှင့် စပ်ဟပ်၍ ပေးစားရန် ကြံခဲ့သေးသည်။

မောင်ရေအေးက ခါးခါးသီးသီးပင် ငြင်းပယ်ခဲ့လေသည်။

''ဘယ်မိန်းမမှ မယူဘူး အဖေ၊ ကျွန်တော့်အတွက် ပန်းရုံ ပြန်ကိုပြန်လာမှာပါ။ ပန်းရုံဟာ ကျွန်တော့်ဆီပြန်လာတယ်ဆိုတဲ့ အိပ်မက် ကို နေ့တိုင်းမက်တယ် အဖေ၊ တစ်ခါတလေမက်တာ မဟုတ်ဘူး၊ ညတိုင်း ညတိုင်း မက်တာ။ အိပ်မက်ဟာလည်း တစ်ခါနဲ့တစ်ခါ ဘာမှမကွဲပြားဘူး ဒီအတိုင်းချည်းပဲ။ ကျွန်တော်က ထနောင်းပင်အောက်က ခုံတန်းလေးမှာ





ထိုင်နေတုန်း ပန်းရုံက ရွာဘက်ကနေ ကျွန်တော့်ဆီကို လျှောက်လာတာ အဖေ။ ပန်းရုံကို ကျွန်တော်ထကြိုတော့ ပန်းရုံလည်း ကျွန်တော့်အနား ရောက်လာရော အိပ်မက်က ဆုံးသွားရော''

''ဒါက အိပ်မက်ပဲကွ''

''နေ့စဉ်ရက်ဆက် မက်နေမှတော့ တကယ်ဖြစ်လာမှာမို့ပေါ့ အဖေရဲ့''

''ဂျပန်ခေတ်က ဒီအဖြစ်အပျက်တွေဟာ နှစ်ပေါင်း (၃၀) လောက်ရှိပါပြီ ငါ့သားရယ်။ သေပြီးတဲ့လူဟာ ဘယ်လိုပြန်လာနိုင်မှာလဲ''

''ကျွန်တော်တောင် ကိုရေချမ်းဘဝကနေ ရေအေးဖြစ်လာသေး တာပဲ အဖေ၊ ပန်းရုံလည်း ဘဝပြောင်းပြီး ရောက်လာမှာပေါ့''

ဦးပန်းမွှေး သက်ပြင်းကိုသာ ချမိတော့သည်။ မောင်ရေအေး၏ အစွဲအလမ်းကို ဘယ်လိုမှချွေချွတ်လို့မရခဲ့။ သင့်တော်သော မိန်းကလေး များနှင့် တစ်ယောက်ပြီးတစ်ယောက် စပ်ဟပ်ပေးစားသော်လည်း ဟွင်တွင် ခေါင်းခါငြင်းဆန်ခဲ့သည်။

မောင်ရေအေးတွင် အခြား အရက်သောက်၊ ကြက်တိုက်၊ လောင်းကစား စသည့် ဒုစရိုက်အလုပ်များ ကင်းရှင်းနေ၍လည်း အပြောရ ခက်နေသည်။

မောင်ရေအေးက အိမ်လုပ်ငန်းများကို ဦးဆောင်၍ စနစ်တကျ လုပ်ပေးသည်။ အိမ်ထောင်ပြုဖို့ ငြင်းဆန်သည့်မှအပ မိဘစကားကို နားထောင်သည်။ အများနှင့်မတူသော၊ သာမန်လူနှင့်ကွဲပြားသော ဝေလေ စိုက်ဟူ၍ ဘဝဟောင်းကချစ်သူကို ပြန်လာမည်ဟု တစ်ထစ်ချယုံကြည် နေသော အစွဲအလမ်းတစ်ခုသာ ရှိလေသည်။

ဘယ်သူဘာပြောပြော မောင်ရေအေးကတော့ ညနေစောင်း



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ရွာအနောက်ပိုင်းက ထနောင်းပင်ကြီးအောက်သို့ ရောက်နေပြီ

ထနောင်းပင်အောက်မှ ယခင်ဘဝက ကိုရေချမ်းနှင့် မပန်းရုံတို့ကို ရည်စူးတည်ဆောက်ထားသော ရေချမ်းစင်နံဘေးက သစ်သားခုံတန်းလျားလေးတွင် ထိုင်နေတတ်သည်။ ထိုင်ရင်း ချစ်သူမပန်းရုံလာမည့်ဆိုသည့် လမ်းကို ငေးမျှော်နေတတ်သည်။

မြို့ကျောင်းမှ ပြန်လာသည့်နေ့မှစ၍ တစ်နေ့မပြတ် သွားရောက်နေခြင်းဖြစ်သည်။

မိုးရွာ၊ လေထန်သည့် မိုးကာလများမှာလည်း မောင်ရေအေးကတော့ ထနောင်းပင်အောက်ကို ရောက်သည်ပင်။ စင်စစ် ထနောင်းပင်ရှေ့မြေကွက်လပ်သည် ယခင် ကိုရေချမ်းဘဝက နှိပ်စက်ကလူပြုမှုခြင်းခံရကာ ချစ်သူနှစ်ဦးလုံး အသက်စွန့်ခဲ့ရသည့် နေရာဟောင်းတစ်ခုဖြစ်လေသည်။

⁂ ⁂ ⁂

ဤသို့ဖြင့် မောင်ရေအေးသည် လွမ်းစေတီအောက်ခြေ ထနောင်းပင်အောက်မှ ချစ်သူမပန်းရုံကို စောင့်မျှော်ခဲ့သည်မှာ နှစ်ကာလများစွာပင် ကြာညောင်းခဲ့ချေပြီ။

မောင်ရေအေးကိုယ်တိုင်ပင် ကိုရေအေးဘဝမှ ဦးရေအေးဘဝ





ပြောင်းရွှေ့ကာ အသက်အရွယ်ရင့်ရော်လာပေပြီ။

မိဘများဖြစ်သော ဦးပန်းမွှေး၊ ဒေါ်အေးချစ်တို့ပင် ကွယ်လွန်ခဲ့လေပြီ။ ရွာမှာ ကိုရေချမ်းနှင့်မပန်းရုံတို့၏ ဂျပန်ခေတ်က အဖြစ်ဆိုးကို သိမီလိုက်သူများလည်း တစ်စတစ်စ နည်းပါးသွားလေပြီ။

ကိုရေချမ်း၏ညီ မောင်ရွှေသွေးမှာ မြို့တွင် ကျောင်းနေရင်း တက္ကသိုလ်မှ ဘွဲ့ရသည်ထိ ပညာသင်ကြားခဲ့ရာ မြို့တွင်ပင် အလုပ်အကိုင်နှ အိမ်ထောင်ကျကာ ရွာကိုပြန်ရောက်မလာတော့ပေ။

ညီမအငယ်ဆုံးလေး မယဉ်ကျေးသည်လည်း ကျေးရွာသဘာဝ အသက်ဆယ့်ခြောက်နှစ်အရွယ် ငယ်စဉ်မှာပင် အိမ်ထောင်ရက်သားကျကာ သားသမီးများပင် လူပျို၊ အပျိုရွယ်များ ဖြစ်နေကြပေပြီ။

ကိုရေအေးကတော့ နေ့စဉ်မပျက် ထနောင်းပင်အောက်သို့ သွားရောက်ကာ ချစ်သူမပန်းရုံပြန်အလာကို မျှော်လင့်နေဆဲ။

ရွာသူရွာသားများအဖို့ ဦးရေအေး၏ လုပ်ရပ်သည် အဆန်းတကြယ်မဟုတ်တော့။ နောင်လာနောက်သား ငယ်ရွယ်သူများကတော့ ဦးရေအေးတစ်ယောက် ဘာကြောင့် ညနေတိုင်း ထနောင်းပင်အောက် သွားထိုင်နေတတ်သည်ကို သိပင်မသိတော့ပေ။

ဦးရေအေးကို ရူးနေသည်ဟု စွပ်စွဲရအောင်ကလည်း ခက်ခဲလှသည်။ ဦးရေအေးသည် ရပ်ရေးရွာရေးကိစ္စများ၌လည်း အကြောင်းရှိလျှင် ကူညီသည်။ အလှူအတန်းကိစ္စများ၌လည်း ပါဝင်သည်။ ကောင်းမှုစုရိုက်လည်း တစ်ခုမှမလုပ်။

အိမ်မှုလုပ်ငန်းတွင်လည်း လယ်ယာအလုပ်ခွင်ရော၊ ကုန်စုံဆိုင်လုပ်ငန်းမှာပါ ကြိုးကြပ်ပေးသည်။ ညီမဖြစ်သူ မယဉ်ကျေးမိသားစုနှင့်အတူ စုကွဲသိုက်မပျက် လုပ်ကိုင်စားလျက်ရှိသည်။ တူ၊ တူမများအပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ချစ်ခင်ကြင်နာမှုရှိသည်။

ဆိုင်အတွက် ရောင်းကုန်ပစ္စည်းများ မြို့တက်ဝယ်သည့်ကိစ္စကို ဘယ်သောအခါမှ မလုပ်ပေ။ ယောက်ဖဖြစ်သူနှင့် အရွယ်ရောက်လာသော တူများကသာ လုပ်ကိုင်ကြသည်။ မြို့တက်၍ ပစ္စည်းဝယ်လျှင် ကိုယ်ပိုင် ထရော်လာဂျီဖြင့်သွား၍ လိုအပ်သမျှ ဝယ်ယူရတာတ်သည်။ ရံဖန်ရံခါ မြို့တွင် ညအိပ်ရသည်။ ကိုရေအေးက မြို့တွင် ညအိပ်သောင်တင်နေမည် စိုး၍ဆိုကာ ဘယ်တော့မှ မြို့ကိုမသွားပေ။

ညနေပိုင်း ထနောင်းပင်အောက်မှနေ၍ မပန်းရုံကို စောင့်မျှော် သည့်အလုပ် ပျက်သွားမှာ စိုးသည်။

ယုတ်စွအဆုံး ညီငယ်မောင်ရွှေသွေး မင်္ဂလာဆောင်စဉ်က အစ်ကိုကို လာစေချင်လွန်း၍ မောင်ရွှေသွေးက ရွာအရောက်လာခေါ်သည့် တိုင် လိုက်မသွားပေ။ မပန်းရုံကို စောင့်မျှော်သည့်ဝတ် ပျက်သွားမည် သောကြောင့်ပင်။

ရွာမှရွာသွားသည့်နေ့ကျမှ မပန်းရုံရောက်လာလျှင် မခက် လား။ မပန်းရုံနှင့် မဆုံစည်းလိုက်ရပဲ ရှိလိမ့်မည်။

ကိုရေအေးသည် မြို့မှ ကျောင်းထွက်ပြီး ပြန်လာကတည်းက ရွာထဲကနေ တစ်ဖဝါးမှမခွာ။ ဘယ်ခရီးမှမသွားဘဲ နေခဲ့လေသည်။ ထို နေ့မပျက် ထနောင်းပင်အောက်မှနေ၍ ချစ်သူကို စောင့်မျှော်နေခဲ့ သည်။

သည်လိုနှင့် ယခုအခါ ကိုရေအေး၏အသက်အရွယ်သည် (၄၂) နှစ်သို့ ရောက်လာခဲ့လေပြီ။

❋ ❋ ❋





ယင်းသို့ဖြင့် ၁၉၉၇ ခုနှစ်၊ စာသင်ကျောင်းများဖွင့်လှစ်သော ဇွန်ဦးရာသီသို့ ရောက်ရှိလာလေသည်။

ထိုအချိန်တွင်..

ထနောင်းကုန်းရွာ တစ်ရွာလုံးကို အံ့ဩတုန်လှုပ်သွားစေသော သတင်းတစ်ရပ် ထွက်ပေါ်လာလေ၏။

ဦးရေအေးအိမ်ထောင်ပြုတော့မည်ဆိုသည့် သတင်းပင် ဖြစ်ပေ တော့သည်။

ထိုသတင်းကို ဦးရေအေးကိုယ်တိုင်က ထုတ်ပြန်ကြေညာလိုက် ခြင်းဖြစ်သည်။

အရွယ်ရှိစဉ်ကပင် အိမ်ထောင်ပြုရန် အတန်တန်ငြင်းဆန်ခဲ့ သော ကိုရေအေးသည် အရွယ်လွန်ကာမှ ဘာစိတ်ကူးပေါက်၍ အိမ် ထောင်ပြုရသနည်း။

စိတ်ဝင်တစားဖြင့် စေ့ငုလိုက်သည့်အခါ ဦးရေအေးနှင့် မင်္ဂလာ ဆောင်မည့် သတို့သမီးကား ရွာအထက်တန်းကျောင်းသို့ မကြာခင်ကမှ ရောက်လာသည့် အလယ်တန်းပြဆရာမ ဒေါ်ထားထားအိဆိုသူ ဖြစ်နေ သည်။

ပို၍ဆန်းပြားသည်ကား 'ဒေါ်ထားထားအိ' အား ဆရာမဂုဏ် နှင့် 'ဒေါ်' တပ်ခေါ်နေရသော်လည်း သူမ၏အသက်မှာ (၂၄) နှစ်သာရှိ သေးခြင်းပင်။

ထို့ပြင် ဒေါ်ထားထားအိ ထနောင်းကုန်းရွာသို့ ရောက်လာခြင်း မှ တစ်လသာ ရှိပါသေးသည်။

အိမ်ထောင် မပြု မပြုနှင့် ပြုမယ့်ပြုတော့ တစ်ရပ်တစ်ကျေးမှ ပြောင်းရွှေ့လာသည့် မိမိသမီးအရွယ် ကျောင်းဆရာမလေးနှင့် ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တကယ်တော့ ထားထားအိသည် ကိုရေအေး၏ တူ၊ တူမများနှ
ရွယ်တူဖြစ်သည်။

ဘွဲ့ရပညာတတ် ရုပ်ရည်ချောမောလှသော ဆရာမလေး
လည်း ဘယ်အတွက်ကြောင့် ဖခင်အရွယ် တောသားကြီးတစ်ယောက်
လက်ထပ်ရန် သဘောတူညီရသနည်း။

တစ်ရွာလုံး၏ စိတ်ဝင်စားမှုအပေါင်းမှာ ဦးရေအေးနှင့် ဆရာ
လေး ထားထားအိတို့အပေါ် ပုံကျသွားလေသည်။

ဦးရေအေးနှင့် မထားထားအိတို့၏ မင်္ဂလာဆွမ်းကျွေးကို ရွာ
ဘုန်းကြီးကျောင်း၌ ကျင်းပခဲ့လေသည်။ ထိုဘုန်းကြီးကျောင်းကား ဂျ
ခေတ်က ဖက်ဆစ်ဂျပန် တပ်စခန်းချခဲ့သည့်ကျောင်း။ လွမ်းစေဝီတော
ကုန်းခြေရင်းတွင်ရှိသည့်ကျောင်း။ ကိုရေအေး မပန်းရုံကို စောင့်မျှော်
သည့် ထနောင်းပင်အနီးရှိ ကျောင်းပင် ဖြစ်လေသည်။

တစ်ရွာလုံးရှိ လူကြီးသူမအားလုံး၊ ဖိတ်ကြားခံရသူရော၊ အဖိ
မခံရသူများပါ မင်္ဂလာဆွမ်းကျွေးပွဲသို့ ရောက်လာကြလေသည်။

ထိုပွဲတွင် ဦးရေအေးက ဘုန်းတော်ကြီးကို တိုင်တည်လျှော
ထားလိုက်လေသည်။

"တပည့်တော်စောင့်မျှော်နေတဲ့ တပည့်တော်ရဲ့ချစ်သူ မပန်
ဟာ တခြားသူမဟုတ်ပါဘူးဘုရား။ တပည့်တော်နဲ့ လက်ထပ်မယ့် ပေ
က ဆရာမလေး မထားထားအိပါပဲ"

＊＊＊



ထားထားအိသည် ပုသိမ်မြို့သူဖြစ်ပါသည်။

မြစ်ဝကျွန်းပေါ်မှ ပုသိမ်မြို့နှင့် ထနောင်းကုန်းရွာတည်ရှိသော
မြေလတ်ဒေသတို့မှာ အလှမ်းကွာဝေးလှပါသည်။

ထားထားအိကို ၁၉၇၃ ခုနှစ်မှာ မွေးဖွားခဲ့ပါသည်။

ထားထားအိသည် သာမန်လူတစ်ယောက်လိုပင် နေထိုင်ကြီး
ပြင်းခဲ့သည်။

သူမဘဝမှာ ထူးခြားတာတစ်ခုပဲရှိသည်။

ညစဉ် အိပ်မက်မက်ခြင်းပင် ဖြစ်ပါသည်။

လူတစ်ယောက်အတွက် အိပ်မက်မက်ခြင်းကို ထူးခြားမှုဟုပြော
လောက်စရာလား မေးစရာရှိပေသည်။

ထားထားအိ မက်သောအိပ်မက်မှာ အများတကာနှင့်မတူသည့်
အတွက် ထူးခြားသည်ဟု ဆိုရမည်သာ ဖြစ်ပါသည်။

ထားထားအိသည် လူမှန်းသိတတ်စကတည်းက တစ်ခုတည်း
သောအိပ်မက်ကို ညစဉ်မက်ခဲ့သည်။ လူမှန်းသိတတ်စအရွယ်ကတည်းက
မက်ခဲ့သောအိပ်မက်မို့ ဘယ်အရွယ်၊ ဘယ်ကာလမှ စ၍မက်ခဲ့သည်ကိုပင်
ထားထားအိ မမှတ်မိပါ။

သိတတ်သောအရွယ် ရောက်ပါမှပင် လူတိုင်းသည် မိမိကဲ့သို့
အိပ်မက်တစ်ခုတည်းကို ညစဉ်မက်လေ့ရှိလေသလားဟု စေ့စေ့စပ်စပ်ကြည့်
သည့်အခါမှပင် မိမိ၏ထူးခြားမှုကို သိရှိလာရခြင်းဖြစ်ပါသည်။ ထိုအိပ်မ
ကို ညစဉ်မက်ရလွန်း၍ ထားထားအိသည် အိပ်မက်ဟုပင် မထင်တော့။
နေ့စဉ်ကြုံတွေ့ရသောကိစ္စတစ်ခုလို ဖြစ်နေသည်။ ညအိပ်သည်နှင့် သည်
အိပ်မက်ကို မက်တော့မည်ဆိုတာလည်း ကြိုသိနေသည်။

ထားထားအိ၏အိပ်မက်မှာ ဤသို့ဖြစ်သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲ၌ ထားထားအိအရွယ်မှာ အသက်ဆယ့်ခြောက်နှ
အရွယ် အပျိုဖြန်းကလေး ဖြစ်နေသည်။ ကလေးဘဝကတည်းကယ
အိပ်မက်ထဲ၌ ကိုယ့်ကိုယ်ကိုယ် အပျိုအရွယ်မိန်းကလေးတစ်ယောက်အဖြ
ခံစားရသည်။ မြင်ရသည်။

သူမသည် အိပ်မက်ထဲတွင် နေရာတစ်နေရာသို့ လမ်းလျှော
သွားလျက်ရှိသည်။ သူမဦးတည်သွားနေရာအရပ်၌ နောက်ခံရှုခင်းအဖြ
တောင်ကုန်းလေးတစ်ခုနှင့် တောင်ကုန်းပေါ်တွင် ထုံးဖြူဖြူစေတီလေးတ
ဆူ ရှိနေသည်။ တောင်ကုန်းမရောက်ခင်မှာတော့ ထနောင်းပင်တစ်
ထီးထီးမားမားရှိနေပြီး ထနောင်းပင်အောက်၌ ရေချမ်းစင်တစ်ခုကို မြ
တွေ့ရလေသည်။

ဆက်၍လျှောက်လာရာ ထနောင်းပင်အနီးသို့ အရောက်တွ
အပင်အောက် ခုံတန်းလျားလေးပေါ်၌ ထိုင်နေသော လုလင်ပျိုတစ်ဦး
တွေ့ရလေ၏။ လုလင်ပျိုမှာ ဖျင်ကြမ်းအင်္ကျီကို ဝတ်ဆင်ထားပြီး ပုဆိုးကွ
ကျားနှင့်ဖြစ်သည်။ ခန့်ညားချောမော၍ ယောကျ်ားပီသသောလူငယ်တစ်
ဖြစ်ပါသည်။

ထားထားအိကိုအမြင်တွင် လုလင်ပျိုက ခုံတန်းလျားမှ ထ
ကာ လက်ဆန့်တန်း၍ ကြိုဆိုလိုက်လေသည်။ သူမသည်လည်း လုလ
၏ ရင်ခွင်ထဲသို့ အလိုက်သင့်ပြေးဝင်သွားမိကာ ထိုနေရာ၌ပင် အိပ်မ
သည် ပြီးဆုံးသွားမြဲဖြစ်လေ၏။

ထားထားအိသည် ထိုအိပ်မက်ကို အဖြေမထုတ်နိုင်ခဲ့။ ဖြစ်
သား ဘဝဟောင်းက ပုံရိပ်တစ်ခုလား။ ရှေ့အနာဂတ်တွင် ကြုံတွေ့ရမ
နိမိတ်ပုံလား။ အဓိပ္ပာယ်မဖောက်နိုင်ခဲ့ချေ။

အိပ်မက်ကို မိခင်ဖြစ်သူကိုတော့ မကြာမကြာ ပြောပြဖူးသ





အလယ်တန်းကျောင်းသူဘဝတွင် သူငယ်ချင်းများကို ပြောပြဖူးသည်။
ကြာတော့ ထိုအိပ်မက်မှာ နေ့စဉ် ထမင်းစားရေသောက်လို ဖြစ်နေကျ
ဖြစ်ရိုးဖြစ်စဉ်သဖွယ် ဖြစ်လာ၍ အမှုမထားတော့ချေ။

အိပ်မက်ကမူ ယခုအချိန်အထိ တစ်ညဥ့်မလပ် ဆက်၍မက်ဆဲ
ပင်တည်း။

ထားထားအိဘဝမှာ သူမကိုချစ်ရေးဆိုသူတွေ များစွာကြုံခဲ့ဖူး
ပါသည်။ ထားထားအိ ဘယ်သူ့ကိုမှ ပြန်ချစ်လို့မရခဲ့။ ထားထားအိက
နိုက်စွာပင် မိမိချစ်သူသည် အိပ်မက်ထဲက လုလင်ပျိုဟုပင် ယုံမှတ်နေ
သည်။ စိတ်ကူးယဉ်ဆန်လှသော်လည်း ပြင်ပလောကမှ ချစ်ရေးဆိုလာသူ
များကို ချစ်မရနိုင်သည့်အတွက် အိပ်မက်ကမ္ဘာထဲက လူကိုသာ ချစ်သူ
အမှတ်ဖြင့် အိပ်မက်လောက၌သာ ပျော်မွေ့နေခဲ့လေသည်။

သည်လိုနှင့် ထားထားအိ ဘွဲ့ရသည်။ ကျောင်းဆရာမ ဝင်လုပ်
သည်။ အလယ်တန်းပြဆရာမအဖြစ် ထနောင်းကုန်းရွာသို့ ပြောင်းရွှေ့ခွင့်
သည့်အခါ ရင်ထဲ၌ အလိုလိုပျော်နေမိသည်။ မိဘများက ရပ်ဝေးကို
လွှတ်ချင်၍ အလုပ်ထွက်ရန် တိုက်တွန်းသော်လည်း ထားထားအိသည်
တွေ့အကြုံရအောင် သွားကြည့်ပါဦးမည်ဆိုကာ တာဝန်ကျရာသို့ တစ်
ကိုယ်တည်းထွက်ခဲ့လေသည်။

ထားထားအိအား မြို့နယ်ပညာရေးမှူးရုံးသို့ လစာလာထုတ်
သည့် ထနောင်းကုန်းမှ ဆရာမဒေါ်သီတာထံ အပ်နှံလိုက်၏။

ဒေါ်သီတာက ထနောင်းကုန်းရောက်လျှင် သူ့အိမ်မှာပဲ နေဖို့
ပေါ်သည်။ မိခင်မုဆိုးမကြီးနှင့် ဒေါ်သီတာတို့ နှစ်ဦးတည်းနေသည့်အိမ်
အားနာစရာမလိုကြောင်း ပြောသည်။

ထားထားအိ တာဝန်ကျရာ ထနောင်းကုန်းရွာသို့ ဒေါ်သီတာနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ လိုက်ပါခဲ့သည်။

ရွာအဝင်မှာပင် ကားပေါ်မှနေ၍ ရွာအနောက်ဘက်ရှိ တေ ကုန်းပေါ်မှ ထုံးဖြူဖြူစေတီလေးကို လှမ်းမြင်လိုက်သည်။ မိမိအိပ်မက်ထဲ စေတီကလေးနှင့် တူလိုက်တာဟု ထင်မိသည်။ နေ့စဉ် အိပ်မက်ထဲ မြင်နေကျရှုခင်းမို့လည်း စွဲစွဲမြဲမြဲမှတ်မိနေသည်။

ဒေါ်သီတာ့အိမ်ကိုရောက်တော့ နေ့လယ်ခင်းဖြစ်သည်။ အ အပိုး၊ ပစ္စည်းပစ္စယများ နေရာချထားပြီးချိန်တွင် ညနေပင်မစောင်းသေ ထားထားအိကို အိမ်အပေါ်ထပ်၌ နေရာချထားပေးသည်။

ထားထားအိသည် မိမိကိုပေးထားသော အပေါ်ထပ်အ ပြတင်းပေါက်မှ အနောက်ဘက်သို့ မျှော်ကြည့်လိုက်သည့်အခါ ရွာအ တွင် ကားပေါ်မှမြင်တွေ့ခဲ့ရသော ထုံးစေတီလေးကို ဖူးတွေ့ရလေသည် အဝေးမြင်မို့ တောင်ကုန်းမြင့်ပေါ်မှ စေတီကို မြင်တွေ့ရခြင်းဖြစ်သည် စေတီကလေး တောင်ကုန်းပေါ်မှာတည်ရှိနေပုံက အိပ်မက်ထဲကနှင့် တ ပုံစံတည်း။

ထားထားအိ သွားကြည့်ချင်စိတ် ပေါက်လာသည်။ ဒေါ်သီတ မိခင်ကြီးကို မေးမြန်းကြည့်တော့ လမ်းမအတိုင်း အနောက်ဘက်လျှော သွားလျှင် ရောက်သည်ဟု ပြော၏။

ထားထားအိလည်း "ရွာထဲပတ်ကြည့်လိုက်ဦးမယ်" ဟု ပြော တစ်ယောက်တည်းပင် တောင်ကုန်းလေးရှိရာဘက်သို့ မှန်းဆထွက်လာ လေသည်။

လူနေအိမ်ခြေကျဲပါး၍ တောင်ခြေနှင့်နီးလာသည့်အခါ တော ကုန်းလေး၏ ရှုခင်းကို ထင်ရှားစွာ မြင်လိုက်ရလေသည်။ ထားထား အသက်ရှူမှားသွားမိလေ၏။ မြင်ကွင်းမှာ မိမိအိပ်မက်ထဲကနှင့် တစ်ထ





တည်းပါလား။

တောင်ကုန်းလေးတည်နေပုံ၊ တောင်ကုန်းပေါ်မှ ထုံးစေတီ၊ တောင်ကုန်းမရောက်ခင်စပ်ကြားမှ ထနောင်းပင်ကြီး၏ အကိုင်းအခက်များ ကိုင်းကျနေပုံမှာလည်း နေ့စဉ်မက်နေသည့် အိပ်မက်ထဲကနှင့် တစ်ထပ်တည်း။ ထို့ပြင် ထနောင်းပင်အောက်က အုတ်သားရေချမ်းစင်ကလေး။

ပြီးတော့ ရေချမ်းစင်ဘေးက သစ်သားခုံတန်းလျားလေး။ ထားထားအိရင်များ တဆတ်ဆတ်ခုန်လာသည်။ ငယ်စဉ်ကတည်းက အိပ်မက်ထဲတွင် မြင်တွေ့ခဲ့ရသော မြင်ကွင်းများကို မျက်ဝါးထင်ထင် မြင်နေရပြီ။ ထားထားအိ၏ခြေလှမ်းများသည် ရှေ့မှ တစ်စုံတစ်ခုက ဆွဲခေါ်လိုက်သလို နောက်မှ တစ်စုံတစ်ရာက တွန်းပို့လိုက်သလို မြန်ဆန်စွာပင် ရွှေ့လျားသွားလေသည်။ မြင်ကွင်းများက ပို၍ပို၍ပီပြင်လာပါပြီ။

အိပ်မက်ထဲကအတိုင်းပင် ခုံတန်းလျားပေါ်ထိုင်နေသော လူတစ်ယောက်ပုံရိပ်ကို မြင်လိုက်ရသည်။

မိမိအိပ်မက်သည် အနာဂတ်ကာလအတွက် ရှေ့ပြေးနိမိတ်ပုံပါတကား။ ခုံတန်းလျားပေါ်မှ လူသည်လည်း ထားထားအိကို အမြင်တွင် ထရပ်လိုက်လေသည်။

တစ်ဦးနှင့်တစ်ဦး နီးလာသည်နှင့်အမျှ ပုံရိပ်များကို ထင်ရှားစွာ မြင်လိုက်ရလေသည်။ ထားထားအိ ခြေလှမ်းတစ်ချက်တော့ တွန့်သွားလိုက်သေးသည်။ မိမိရှိရာ ထလာသူသည် အိပ်မက်ထဲကလုလင်ပျို မဟုတ်။

"အို‥ မဟုတ်သေးပါဘူး။ သူပါပဲ‥"

အိပ်မက်ထဲတွင် နေ့စဉ်မြင်ရလွန်း၍ မှတ်မိနေသောမျက်နှာ။ သူမှ သူအစစ်ပါပင်။ သို့သော် သူသည် အိပ်မက်ထဲကလို ငယ်ရွယ်သော လုလင်ပျိုကလေးတော့ မဟုတ်။ လူလတ်ပိုင်းအရွယ် ကြီးရင့်ပြီဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်ပိုင်ရှင်တစ်ဦးသာ။

မည်သို့ဆိုစေ ထိုလူသည် အိပ်မက်ထဲ နေ့စဉ်မြင်တွေ့နေရ သာဖြစ်ကြောင်း ထားထားအိ အတပ်သိလိုက်သည်။ ယုံမှားသံသယကင်း စွာ လက်ခံလိုက်သည်။ ထိုအခါ ထားထားအိ၏ခြေလှမ်းများသည် ပြ လည်သွက်လက်သွားပြန်လေသည်။

ယင်းသို့ဖြင့် နှစ်ယောက်သား နီးကပ်စွာဆုံမိကြလေပြီ။ အိပ်မက် ထဲကလိုတော့ သူက လက်ကမ်းမကြိုပါ။ ထားထားအိကလည်း သူ့ရင်ခွင် ထဲ ပြေးမဝင်မိပါ။ နှစ်ယောက်သား တစ်ယောက်မျက်နှာကို တစ်ယောက် ငေးကြည့်နေမိကြသည်။

အတန်ကြာမှ ယောကျ်ားသားထံမှ စကားသံထွက်ပေါ်လာလေ သည်။

"ပန်းရုံ.. ပန်းရုံ.. ကိုယ့်ရဲ့ပန်းရုံ။ ပန်းရုံ ကိုယ့်ဆီကို တကယ် ပြန်လာတယ်နော်"

"ရှင်.. ကျွန်မ.. ကျွန်မ.. ကျွန်မ ပန်းရုံမဟုတ်ပါဘူး ဦး ဦးကရော ဘယ်သူပါလဲဟင်"

"ဟုတ်ပါတယ်။ မင်း.. ပန်းရုံပါ မိန်းကလေးရယ်။ ကိုယ်ဟာ မင်းကို အိပ်မက်ကမ္ဘာထဲမှာ စောင့်နေခဲ့တာ နှစ်ပေါင်းကြာပါပြီ"

"ရှင်.. အိပ်မက်ကမ္ဘာထဲမှာ..။ ကျွန်မလည်း အိပ်မက်ထဲမှာ တော့ ဦးကိုတွေ့ဖူးပါတယ်၊ ဒါပေမဲ့ ကျွန်မအိပ်မက်ထဲက ဦးက ဒီအသက် အရွယ် မဟုတ်ဘူး။ လူငယ်တစ်ယောက်ပါ။ ဒါပေမဲ့ အဲဒီလူငယ်ဟာလည်း ဦးပါပဲလေ"

"ထိုင်ပါဦးလေ။ ပန်းရုံက အတိတ်ဘဝကို ကိုယ့်လောက်မမှတ်မိ ဘူး ထင်တယ်"





"ကျွန်မကို ပန်းရုံလို့ခေါ်တယ်၊ ဟုတ်လား.. ဦး။ တကယ်က ကျွန်မနာမည် ထားထားအိပါ ဦး။ ကျွန်မ ဒီရွာကျောင်းမှာ အလယ်တန်းပြ အဖြစ် တာဝန်ကျလို့ ဒီနေ့မှ ဒီရွာကို ရောက်လာတာပါရှင်"

✻ ✻ ✻

"ဒါဖြင့်.. ဒကာမလေးက မပန်းရုံ လူဝင်စား မဟုတ်ဘူးပေါ့"

ဆရာမလေးထားထားအိ ပြန်လည်ပြောပြသမျှကို နားထောင် နေသော ကျောင်းထိုင်ဘုန်းတော်ကြီးက မေးလိုက်သည်။

"ကိုရေချမ်းနဲ့ မပန်းရုံတို့ရဲ့ ဂျပန်ခေတ်က အဖြစ်အပျက်ကို ဦးပြန်ပြောပြမှ တပည့်တော်မ သိရပါတယ်ဘုရား။ တပည့်တော်မဟာ မပန်းရုံဝင်စားတာ ဟုတ်၊ မဟုတ်ဆိုတာတော့ မသေချာပါဘူး။ တပည့် တော်မ ငယ်စဉ်ကလည်း မိဘများက လူဝင်စားလို့မပြောခဲ့ပါဘူး။ တပည့် တော်မ ကိုယ်တိုင်လည်း အရင်ဘဝဟောင်းနဲ့ပတ်သက်လို့ ဘာမှမမှတ်မိပါ ဘူး ဘုရား"

ထားထားအိစကားကို အားလုံးက နားစိုက်ထောင်နေကြသည်။

"ဒါပေသည့် အိပ်မက်မက်တာ၊ အိပ်မက်ထဲမှာ ကိုရေအေးကို တွေ့တာတွေထောက်ရင် ဆရာမလေးဟာ မပန်းရုံဝင်စားတာ ဖြစ်နိုင်ပါ တယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွာလူကြီးတစ်ဦးက ဝင်၍ထောက်လိုက်သည်။

"ဟုတ်ပါတယ်..။ အတိတ်ဘဝကို မှတ်မိ၊ မမှတ်မိဆိုတာ လည်း ဇာတိဿရဉာဏ်နဲ့ ဆိုင်ပေတာကိုး။ ဆရာမလေးက ဇာတိဿ ဉာဏ်နည်းလို့ မမှတ်မိတာလည်း ဖြစ်နိုင်တာပေါ့"

"ဟုတ်ပါတယ်..။ ဒါကြောင့်သာ မယန်းရုံဘဝက နေရာပော ကို အိပ်မက်ထဲမှာ မြင်ယောင်တာပေါ့။ ပြီးတော့ ဆရာမလေးနဲ့ ကိုရေအေ အသက်ကွာနေတာကို ထောက်ကြည့်ရင် ကိုရေချမ်းက လူ့ဘဝကို အ ပြန်ရောက်ပြီး မယန်းရုံကတော့ နောက်ကျမှ လူပြန်ဖြစ်တာလို့ တွက်ဆ ရတယ်"

"ကျွန်တော် ပြောပါရစေ"

ကာယကံရှင်ဖြစ်သူ ကိုရေအေးက ဝင်ပြောလိုက်သည်။

"ပန်းရုံကို ကျွန်တော့်အိပ်မက်ထဲမှာ စတွေ့တာ ကျွန်တေ အသက် ဆယ့်ရှစ်နှစ်မှာပါ။ ပန်းရုံ ထနောင်းပင်အောက်ကို ပြန်လာတယ် ဆိုတဲ့ အိပ်မက်ကြောင့် မြို့ကနေ ကျောင်းထွက်ပြီးတော့တောင် ရွာ အရောက် ကျွန်တော်ပြန်လာခဲ့တာ ကျွန်တော်နဲ့သက်တူရွယ်တူတွေ သိ ပါတယ်။ ထား..အဲ..ထားထားအိမွေးတဲ့ခုနှစ်က ၁၉၇၃ ခုနှစ်ပါတဲ့ ၁၉၇၃ ခုနှစ်မှာ ကျွန်တော့်အသက် ဆယ့်ရှစ်နှစ်ပါ။ အဲဒီနှစ်မှာပဲ ကျ တော် မြို့ကျောင်းက ထွက်ပြီး ပြန်လာခဲ့တာပါ။ သူနဲ့ကျွန်တော် အသ ဆယ့်ရှစ်နှစ်ကွာပါတယ်၊ ဒီတော့ ပန်းရုံဟာ ထားထားအိအနေနဲ့ ပုသိမ် မှာ ပြန်ပြီးမွေးဖွားလာတယ်၊ လူပြည်ပြန်ရောက်တာနဲ့ ကျွန်တော်နဲ့ဆုံ အိပ်မက်ကတစ်ဆင့် အသိပေးတယ်။ ထားထားအိအနေနဲ့ မယန်းရုံဘ ပြန်မမှတ်မိတာကတော့ ခုနပြောသလို ဇာတိဿရဉာဏ်ကြောင့် ဖြ ကောင်းဖြစ်ပါလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် ပန်းရုံကို အိပ်မက်ထဲမှာ ကျွန်တေ





ပြန်တွေ့တဲ့အချိန်နဲ့ ထားထားအိမွေးဖွားချိန် တိုက်ဆိုင်နေတာကိုကြည့်ရင် ထားထားအိဟာ ပန်းရုံလူဝင်စားလို့ မှတ်ယူလို့ရတယ်မဟုတ်လားဗျာ"

"မှန်ပါတယ်"

"ဒီလိုပဲ မှတ်ယူရမှာပါပဲလေ၊ အထုံရေစက်ပါလို့လည်း ဆရာမ လေးနဲ့ ကိုရေအေးတို့ ခုဘဝမှာ တွေ့တွေ့ချင်း မေတ္တာသက်ဝင်ကြတာ မဟုတ်လား"

"ဟုတ်ပါတယ်၊ အသက်အရွယ်ကွာခြားတာကို ထည့်မတွက်ဘဲ ကိုရေအေးကို လက်ထပ်ရဲတဲ့သတ္တိဟာ ဆရာမလေးဟာ မယန်းရုံဘဝက လာတဲ့သူ ဖြစ်လို့သာပဲပေါ့။ သက်သေအထောက်အထားပြဖို့ရာကတော့ မျိုးဟာ သိပ္ပံနည်းကျ သက်သေပြလို့ရတဲ့ ကိစ္စမျိုးမှ မဟုတ်ပေပဲကိုး"

"ဒီလိုဆိုရင် တစ်ခုမေးပါရစေဦး။ ဆရာမလေးရဲ့ ရုပ်ရည်ဟာ မယန်းရုံနဲ့ တူသလား"

ဤမေးခွန်းကို မည်သူမှ မဖြေနိုင်ခဲ့ပေ၊

ကျောင်းထိုင်ဆရာတော်ကြီးက..

"ကိုရေချမ်းနဲ့ မယန်းရုံတို့အဖြစ်ကို လူကြီးသူမတွေပြန်ပြောလို့သာ ကြားဖူးနေတာကိုး။ ငါ့အသက် ခြောက်ဆယ်ရှိပြီ။ ဂျပန်ခေတ်က မွေးပြီဆိုပေမယ့် အသက်နှစ်နှစ်သုံးနှစ် ရှိသေးတာကလား။ ဒီအဖြစ်တွေ ကို မမှတ်မိပါဘူး။ မယန်းရုံကိုလည်း မြင်ဖူးတောင် ရုပ်ကိုဖမ်းမရတော့ဘူး"

"မှန်ပါတယ်ဘုရား။ အဲဒီခေတ်က မယန်းရုံရဲ့ ဓာတ်ပုံအထောက် အထားလည်း မကျန်ရစ်တာမို့ ထားထားဟာ မယန်းရုံနဲ့ တူ မတူ မသိ နိုင်တော့ပါဘူး။ တပည့်တော်ကတော့ အိပ်မက်စမက်ကတည်းက အိပ်မက် ထဲမှာတွေ့ရတဲ့ မိန်းကလေးဟာ ထားထားပါပဲ။ အိပ်မက်ထဲက မိန်းကလေး ကိုပဲ ပန်းရုံလို့ အသေအချာမှတ် ထင်ခဲ့တာပါ။ အရင်ဘဝပန်းရုံနဲ့ ထားထားတို့



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည် တူ၊ မတူဆိုတာတော့ မသိနိုင်တော့ပါဘူး''

''အေးလေ.. လူဝင်စားဆိုတိုင်းလည်း တူချင်မှ တူမှာပေါ့။ ယခင်ဘဝ အဖြစ်အပျက်ကို မှတ်မိလို့ ပြန်ပြောနိုင်လို့သာ လူဝင်စားလို့ သတ်မှတ်ကြတာကို။ ယခင်ဘဝက ယောကျ်ားဖြစ်ပေမယ့် ခုဘဝမှာ မိန်းမဖြစ်ချင် ဖြစ်တတ်တာကလား။ လိင်ကွဲပြားမှုတောင် ရှိနိုင်သေးတာ ရုပ်ရည်တူ မတူက အဓိကမဟုတ်ပါဘူးလေ''

''အင်း.. ဘာပဲဖြစ်ဖြစ် ကိုရေအေးနဲ့ ဆရာမလေးတို့အဖြစ်ကို တော့ ဆန်းကြယ်တဲ့အဖြစ်တစ်ခုလို့ မှတ်ယူရမှာပါပဲလေ''

✻ ✻ ✻

ထားထားအိသည် မပန်းရုံဝင်စားသူ ဟုတ်၊ မဟုတ်၊ မပန်းရုံနှင့် ထားထားအိ ရုပ်ရည်ချင်း တူ၊ မတူဆိုသည်ကိုမူ မဆန်းစစ်နိုင်တော့ပါ။

ကိုရေချမ်းနှင့် မပန်းရုံတို့အဖြစ်ကို သိမီသူ၊ မျက်မြင်ကိုယ်တွေ့ရှိသူများလည်း ရွာ၌မရှိတော့။ ကွယ်လွန်ကုန်ကြပြီ။ မျက်မြင်သိမီလိုက်သူမှာ ကိုရေချမ်းနှင့် တော်လှန်ရေးအတူလုပ်ခဲ့ကြသည့် မျိုးချစ်ရဲဘော် တစ်ဦး အသက်ရှစ်ဆယ်အရွယ်ဖြင့် အသက်ရှင်လျက်ရှိသေးသော်လည်း ထိုအဘိုးအိုမှာ မျက်စိကွယ်နေပြီ။

တစ်ခုစဉ်းစားစရာရှိသေးသည်။ ကိုရေချမ်းနှင့် မပန်းရုံတို့ဖြစ်ရပ်များ ဖြစ်ပွားစဉ်က ထနောင်းပင်အောက်တွင် ရေချမ်းစင်ရော၊ ခုံတန်း





လျားပါ မရှိသေးပေ။ ထားထားအိသည် မပန်းရုံလူဝင်စားဖြစ်၍ အတိတ်ဘဝတစ်စိတ်တစ်ဒေသကို အိပ်မက်ထဲတွင် ပြန်မြင်သည်ဆိုပါက အိပ်မက်ထဲ၌ ရေချမ်းစင်နှင့်ခုံတန်းလျားတို့၏ပုံရိပ် ပါဝင်စရာမလိုပေ။ မပန်းရုံကွယ်လွန်စဉ်က မြင်ကွင်းများအတိုင်းသာ ဖြစ်သင့်သည်။

ဖြစ်နိုင်စရာရှိသည်မှာ မပန်းရုံသည် လူအဖြစ် တစ်နေရာ၌ ပြန်လည်ဝင်စားနေပြီဆိုတာကို ကိုရေအေးကိုလည်း အိပ်မက်ဖြင့် အသိပေးခဲ့ပြီး ထားထားအိကိုလည်း လက်ရှိထနောင်းကုန်းရွာမြင်ကွင်းများကို အိပ်မက်ထဲ၌ ဖော်ပြကာ နှစ်ဦးစလုံးကို မမြင်ရသော သဘာဝတရားက ပြိုင်တူအသိပေးခဲ့ခြင်းပဲ ဖြစ်လိမ့်မည်။

နှစ်ဦးသား ပြိုင်တူမက်ခဲ့သည့် အိပ်မက်ကိုလည်း ကိုရေအေးနှင့် ထားထားအိတို့ တွေ့ဆုံသည့်နေ့မှစ၍ မမက်တော့။

မည်သို့ဆိုစေ ထနောင်းကုန်းရွာသူ၊ ရွာသားများအဖို့တော့ ကိုရေအေးနှင့်မထားထားအိတို့အဖြစ်မှာ ချစ်ခြင်းမေတ္တာတရားနှင့်ပတ်သက်လာလျှင် စံပြုပြောဆိုစရာဖြစ်ရပ်တစ်ခု ဖြစ်ခဲ့လေသည်။

ကိုရေအေးနှင့် ထားထားအိတို့ အိမ်ထောင်ကျကြပြီး နှစ်နှစ်အကြာတွင် သားကလေးတစ်ယောက် ထွန်းကားခဲ့လေသည်။

ယခုအခါ..

ကိုရေချမ်းနှင့်မပန်းရုံတစ်ဖြစ်လဲ ကိုရေအေးနှင့် မထားထားအိတို့မိသားစုသည် ထနောင်းကုန်းရွာ၌ ယခုတိုင် ချစ်ခင်စွာ ပေါင်းသင်းနေထိုင်လျက် ရှိနေဆဲပါပင်။ ။

❖

(ဝန်ခံချက်။ ။ ဖြစ်ရပ်မှန်ကို မှီငြမ်းရေးသားပါသည်)

ဆောင်းလုလင်

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

# သန်းခေါင်ယံတံခါးခေါက်သံ

◁ ၁ ▷

"ဒေါက်. . ဒေါက်. ."

"ဒေါက်. . ဒေါက်. ."

"ဒေါက်. . ဒေါက်. ."

အလို. . အချိန်မတော်ကြီး တံခါးခေါက်သံ ပေါ်လာပြန်ပါ ကျွန်တော် မီးခလုတ်ကိုဖွင့်၍ နာရီကိုကြည့်လိုက်သည်။

ညဉ့် (၁၂) နာရီတိတိ။

ကျွန်တော် ခုတင်ပေါ်မှ လူးလဲထလိုက်သည် လှုပ်ရှားသံကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖနီးသည် မခင်ဦးနွေကပါ လူးလဲ၍ထလိုက်သည်။

"ဘာဖြစ်လို့လဲ မောင်"

"ဟို.. ဟို.. ဟို.."

"ဘာဟိုလဲ.. ။ အိမ်သာသွားမလို့လား။ နွေလည်း သွားချင်လို့

"ဒေါက်.. ဒေါက်..."

"ဒေါက်.. ဒေါက်..."

"ဟင်.. တံခါးခေါက်သံ.."

ဖနီးသည် ခင်ဦးနွေ အိမ်ရှေ့ကပေါ်လာသည့် တံခါးခေါက်သံ ကြောင့် မျက်လုံးနှစ်လုံးကျယ်သွားပြီး ကျွန်တော့်လက်မောင်းကို အ တကြားဆုပ်ကိုင်၍ စိုးရိမ်ထိတ်လန့်နေသည်။

BURMESE CLASSIC .com

"မောင်.. မောင်.."

"နွေ.. နွေ.. ပြန်အိပ်နေပါကွယ်.. နော်"

"ဟင့်အင်း.. နွေ.. နွေကြောက်တယ်။ မ.. မအိပ်ရဲဘူး"

"ညှော်သည်များလား.. ။ ခွေးများ ကုတ်ခြစ်နေသလား.."

"အို.. ခွေးက တံခါးခေါက်တတ်မှာလား မောင်ရဲ့.. ဟ

"နှုတ်သီးနဲ့ခေါက်ရင် မြည်နိုင်တာပဲ။ မောင်သွားကြည့်လို့ မယ်"

"ဟင့်အင်း.. နွေတစ်ယောက်တည်း မ.. မနေရဲဘူး။ နွေလ လိုက်မယ်"

"ကဲ.. ဒါဆိုလည်း.. ထ"

သို့နှင့် ကျွန်တော်တို့နှစ်ဦးသား အိပ်ခန်းထဲမှသည် တံခါးခေါ သံကြားနေရသည့် အိမ်ရှေ့တံခါးမကြီးရှိရာသို့ သတိနှင့်ထွက်လာ ကြသည်။





"ဒေါက်.. ဒေါက်..."

"ဒေါက်.. ဒေါက်..."

တံခါးခေါက်သံက စောစောကကြားရသည့်အတိုင်း တစ်ခါခေါက် လျှင် နှစ်ချက်မှန်မှန်ပေါ်လာနေသည်။

"ဘယ်သူလဲဟေ့"

"......"

"ဘယ်သူလဲလို့ မေးနေတယ်လေ။ အချိန်မတော် ဘာကိစ္စလဲ။ ပြော.."

အပြင်ဘက်မှ တုံ့ပြန်ပြောဆိုသံ လုံးဝမကြားရ။ တံခါးခေါက်သံ ရပ်သွားသည်။ အသက်ပြင်းပြင်းရှူသံကို ကြားရသည်။ ပြီး.. ညှီစို့စို့ အနံ့တစ်မျိုး.. ။

အသက်ရှူသံက ဝေဒနာတစ်ခုခုကြောင့် ရှူနေသည့်အသံမျိုး။ ထို့အပြင် ညည်းသံသဲ့သဲ့လည်း ကြားရပြန်သည်။

"ဒေါက်.. ဒေါက်..."

"ဒေါက်.. ဒေါက်..."

"ဟော.. ဟော.. ခေါက်ပြန်ပြီ"

တံခါးခေါက်သံက ပို၍စိပ်ပြီး မြန်သလိုရှိလာ၏။ ကြည့်ရတာ အချင်စလို အရေးကြီးနေဟန်.. ။

"ဟေ့.. ဘယ်သူလဲလို့ မေးနေတယ်လေကွာ"

တံခါးကို အရမ်းမဖွင့်ရဲ။ အချိန်က သန်းခေါင်ယံ။ ဖွင့်လိုက်လို့ တားပြဖြစ်နေလျှင် ကိုယ်ကျိုးနည်းရခြိမ့်မည်။

မေး၍ မရတော့ မသက်သာသလို ဖြစ်လာခဲ့ရ၏။

သို့နှင့် ချောင်းကြည့်ပေါက်မှ အသာ ကတ်ပိုင်းပြားကိုရွှေ့၍



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကြည့်လိုက်သည်။ လူလည်းမတွေ့။ ခွေးလည်းမတွေ့။

တံခါးခေါက်သံက အတန်ကြာငြိမ်နေ၏။ ကျွန်တော်တို့နှမ်

လည်း တစ်ဦးမျက်နှာ တစ်ဦး အကဲခတ်သလိုကြည့်ပြီး ငြိမ်နေကြ

အချက်ပြလိုက်၏။

"အည်း.."

"ဟော.."

"အင်း..ဟင်း..ဟင်း.."

"ကြားလား..မောင်.."

"ကြားတယ် နွေ..။ ဒုက္ခရောက်လာသူများလား မသိ

"အိမ်ရှေ့မီးလုံး ဖွင့်လိုက်ပါလား မောင်"

ကျွန်တော်က ခင်ဦးနွေအကြံပြုသည့်အတိုင်း အိမ်ရှေ့မီးလုံး

ဖွင့်လိုက်သည်။ တံခါးကိုမှီပြီး ညည်းနေသလို အသံသဲ့သဲ့ကို ခပ်တိုး

ကြားရသည်။

သည့်နောက်..

နံရံကြားရှိ ငှက်ကြီးတောင်ဓားရှည်ကို ညာလက်နှင့် တင်း

ဆုပ်ကိုင်ရင်း တံခါးချက်များကိုဖြုတ်၍ အသာဖွင့်ဟလိုက်သည်။

"ဖရုံး.."

"အမလေး.."

"ဟ..ဟ.."

"ဝီး.."

"ရှမ်း.."

ကျွန်တော် လန့်ဖျပ်ပြီး ဓားနှင့်ပက်လိုက်သည်။ သို့သော် အ

မှာ..ဘာလူမှမရှိ။

ဒိတ်ကူးသစ်စာပေ



ခိုငှက်တစ်ကောင်လို ငှက်သတ္တဝါတစ်မျိုး လန့်ပျံသွားသည်ကို

လိုက်ရသည်။ သို့နှင့် လက်နှိပ်ဓာတ်မီးပါယူ၍ တံခါးရှေ့က နေရာဝန်း

ကျင်ကို မီးထိုးပြီး ကြည့်လိုက်သောအခါ..

ရွှံ့များပေကျံနေသည့် ခြေရာနှစ်ခု..။

ပြီး..မိုးရေစက်လိုလို၊ ချွေးလိုလို၊ သွေးလိုလို အစက်အချို့..။

"ဒါ..ဒါ..ဘာလဲမောင်..ဟင်"

"ခြေရာ.."

"ဒါဆို..လူ..လူ..ရောက်နေပြီပေါ့"

"ဒီလိုယူဆရမလို ဖြစ်နေပြီ နွေ"

"သတိထားနော် မောင်။ တစ်နေရာမှာ ပုန်းခိုပြီး နေချင်နေမှာ"

ကျွန်တော် ဓားတစ်ဖက်၊ လက်နှိပ်ဓာတ်မီးတစ်ဖက်နှင့် ဝန်းကျင်

ကို မီးထိုး၍ ရှာကြည့်လိုက်သည်။ ဘာမျှမတွေ့..။

သို့နှင့် ခြံစည်းရိုးအသွားလမ်းကြောင်း ကွန်ကရစ်လမ်းတိုလေး

ပါသို့ မီးထိုးကြည့်လိုက်သည်။

ဒီမှာ အပြန်ခြေရာအချို့ကို အထင်းသားမြင်လိုက်ရသည်။

ရွှံ့ပေနေသည့် ခြေရာအချို့..။

ယောကျ်ားခြေရာမျိုး..။ အချို့ခြေရာပေါ်မှာ ချွေးစက်လိုလို၊

သွေးစက်လိုလို..။

အိမ်ရှေ့တံခါးကို သေသေချာချာစစ်ဆေးလိုက်သည်။

သံတံခါး လုံးဝမပွင့်။

အာမခံသော့ခလောက်ခတ်ထားသည့် တံခါးသည် သည်အတိုင်း

သော့ခတ်လျက်..။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## ၂

ခုတလော ကျွန်တော်တို့ဖနိုးမောင်နဲ့ စိတ်ညစ်နေသည်
တနင်္ဂနွေနေ့ ရောက်လာမှာကိုပဲဖြစ်သည်။

ဘာလို့လဲ..ဟုတ်လား..။

အကြောင်းရှိလို့ပေါ့ဗျာ..။

ကျွန်တော်တို့ ဒီအိမ်ကိုပြောင်းရွှေ့လာပြီးလို့ တစ်လပြည့်သ
ရက်ကာလအတွင်း သို့ကလို ထူးဆန်းသောတံခါးခေါက်သံကို တစ်ပတ်
တစ်ကြိမ်၊ လေးကြိမ်တိတိ ကြုံခဲ့ရပြီးပြီ။

ဒီအိမ်နှင့်ခြံကို ဝယ်လိုက်တာ ဘာမှမကြာသေး။

ယခင်က ကျွန်တော်တို့ဖနိုးမောင်နှံက စမ်းချောင်းမှာ အ
ငှား၍ နေ၏၊ ကျွန်တော် စက်ဘူမှာ သုံးနှစ်အလုပ်သွားလုပ်ပြီးနေ
ပထမဦးဆုံးအကြိမ် ပြန်အရောက်မှာ ပွဲစားမှတစ်ဆင့် ဤခြံနှင့် တစ်
တိုက်ကလေးကို ဈေးချိုချိုနှင့်ရ၍ ဝယ်နေလိုက်ခြင်းဖြစ်သည်။

ခြံဝန်းက ပေ (၆၀ × ၄၀) ရှိသည်။ အိမ်ရှေ့မှ အလွန်လှပသ





န်းဥယျာဉ်လေးရှိသည်။ ရေစုပ်စက်ရှိသည်။ အရိပ်ကောင်းသည့် ညောင်
င်ကြီးတစ်ပင်ရှိသည်။

ခြံစည်းရိုးကို အုတ်ရိုးပတ်၍ သံဆန်ခါအစေ့ကာထားရကား
ခွေးနှင့်ခွေး မပြောနှင့်။ ကြောင်နှင့်ကြက်ပင် ဝင်လို့မရ။

ဝန်းကျင်မှာ တိုက်အိမ်အချို့ရှိသော်လည်း ခပ်ကျဲကျဲ၊ လုမ်း
ာမ်းမို့ နေရတာ နားအေးဖွယ် ဟန်ပန်သဏ္ဌာန်အပြည့်အဝရှိ၍ ဝယ်
ိုက်ခြင်းဖြစ်၏။

ခက်သည်ကား..

ထူးဆန်းသော တံခါးခေါက်သံ..။

ဤတိုက်အိမ်သို့ ရောက်ပြီးနောက် ကျွန်တော်တို့ အိမ်တက်
ဲလာပြုခဲ့၏။ ဘုန်းကြီးငါးပါးပင့်ဖိတ်၍ ပရိတ်တရားနာပြီး အသိမိတ်ဆွေ
ား အိမ်နီးဝန်းကျင်များကို အာဟာရကျွေးမွေးပြီး ကုသိုလ်ဒါနပင်
ုခဲ့သေး၏။

ပထမဦးဆုံး တနင်္ဂနွေနေ့ညပဲ ဖြစ်သည်။

"ဒေါက်..ဒေါက်.."

"ဒေါက်..ဒေါက်.."

အချိန်က ညဉ့်သန်းခေါင်ယံ..။ တံခါးခေါက်သံကြောင့် လင်
ယားနှစ်ယောက် နိုးလာကြပြီး တံခါးဖွင့်ကြည့်လိုက်သောအခါ ဘယ်သူမှ
ျှ မတွေ့ရ။

"မောင်နားကြားလွဲလို့ နေမှာပါ မောင်ရယ်။ ပြန်အိပ်ကြပါစို့"
ဟုတ်မှာပါ..။ ကျွန်တော် နားကြားလွဲပြီး ဆန္ဒစောလို့နေမှာပါ။
ငှင်းနောက် ပြန်အိပ်လိုက်ကြသည်။

ဟော..ဒုတိယမြောက် တနင်္ဂနွေညသို့ ရောက်လာခဲ့ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



အချိန်က ညဉ့်ဘက်‥။

ဗီဒီယိုနှစ်ကားကြည့်ပြီးနောက် နှစ်ယောက်သား ချစ်ရည်လူး

အိပ်ပျော်သွားခဲ့ကြသည်။

"ဒေါက်‥ ဒေါက်‥"

"ဒေါက်‥ ဒေါက်‥"

"ဒေါက်‥ ဒေါက်‥"

"မောင်‥"

"‥‥‥"

"မောင်‥ ထစမ်းပါဦး‥ မောင်‥ မောင်‥"

"အင်‥ အင်‥ ဟင်‥ ဟင်‥"

"ထပါဦး မောင်ရဲ့ ‥ မောင်‥ ထပါဦး"

မရမကလှုပ်နှိုးနေ၍ ကျွန်တော် အိပ်ချင်မူးတူးနှင့် ထထိုင်လိုက်

သည်။

"ဘာဖြစ်လို့လဲ နွေ"

"အိမ်‥ အိမ်ရှေ့က‥"

"ဘာဖြစ်လို့လဲ"

"ဟော‥ ဟော‥"

"ဒေါက်‥ ဒေါက်‥"

"ဒေါက်‥ ဒေါက်‥"

"ကြားလား‥ မောင်"

"ဟင့်‥ တံခါးခေါက်သံပါလား"

"ဒေါက်‥ ဒေါက်‥"

"ဒေါက်‥ ဒေါက်‥"





နှစ်ချက်ဆင့်ပြီး ခေါက်နေသည့်အသံ။ အချိန်မတော် ဘယ်သူ

များပါလိမ့်။ သို့နှင့် မီးဖွင့်ပြီး ထ၍ တံခါးရှိရာသို့ လာခဲ့လိုက်ကြသည်။

"ဘယ်သူလဲဟော့"

ပြန်ထူးသံ မကြား‥။

ခင်ဦးနွေရဲ့ မိဘများလား။ ယောက္ခမအဘိုးကြီးက ခုတလော

ကျန်းမာ။ ယောက္ခမအိမ်ကဆိုလည်း တယ်လီဖုန်းဆက်၍ အကြောင်း

ကြားရပေမည်။ ဖုန်းမဆက်ချင်လို့များ လူကိုယ်တိုင်လာရောသလား။

သည်မှာ ဖနီးသည် ခင်ဦးနွေက မေးလိုက်၏။

"အဖေတို့အိမ်ကလားဟင်"

"အင်း‥ ဟင်း‥"

သို့ကလို အပြင်မှ ပြောသံလိုလို၊ ညည်းသံလိုလို ကြားရ၍

တံခါးကိုဖွင့်လိုက်သောအခါ အပြင်မှာ ဘယ်သူမှမရှိ။ မီးဖွင့်၍ လိုက်ကြည့်

ကြသေး၏။

ဘာဆိုဘာမှ မရှိ‥။

တံခါးဝန်းကျင်ကို ငုံ့၍ကြည့်လိုက်သည်။

အလို‥

ပိုးတဝါး ခြေရာတစ်စုံ‥။ ပြီး‥ အရက်နံ့လို အနံ့မျိုး ကျန်နေ

သေး၏။

အေးလေ‥ ကျွန်တော်တို့ခြေရာပဲနေမှာပါဟု ကောက်ချက်ချပြီး

အိပ်ခဲ့လိုက်ကြသော်လည်း နှစ်ကြိမ်မြောက်ဖြစ်၍ ဘာများပါလိမ့်ဟု

မယားနှစ်ယောက် စဉ်းစားကြသေး၏။ အရက်နံ့က ဘာကြောင့်နံရ

လဲ။ အရက်ကို ကျွန်တော်မသောက်တတ်။

အဖြေကို ထုတ်လို့မရ။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် စိတ်ညစ်မခံဘဲ အိပ်ပစ်လိုက်ကြသည်။

ခက်သည်ကား..

ထူးဆန်းသောတံခါးခေါက်သံသည် ကြားရက်များမှာ လုံးဝမ

လာခဲ့။ တနင်္ဂနွေနေ့ညသည် သန်းခေါင်ယံ (၁၂) နာရီထိုးသည်နှင့် ပေါ်လာ

တတိယမြောက်တနင်္ဂနွေနေ့ ညဦးမှာဖြစ်၏။

"နွေ.."

"ရှင်.. အစ်ကို"

"ဟိုအသံများ လာဦးမလား မသိဘူး"

"ဘယ်အသံလဲ အစ်ကို"

"ထူးဆန်းတဲ့ တံခါးခေါက်သံ"

"ခွေးတို့၊ ကြောင်တို့၊ ငှက်တို့ လာလုပ်တာ နေမှာပါ အစ်

ရယ်"

"ကိုယ်တို့ခြံက ခွေးနဲ့ကြောင်မှ ဝင်လို့မရတာပဲကွာ"

"အစ်ကိုကလည်း..။ ကြောင်ဆိုရင် သစ်ပင်ပေါ်ကနေ ခုန်

ရင် ရတာပေါ့လို့"

"အေးလေ.. ဒီည စောင့်ကြည့်ကြတာပေါ့"

"မအိပ်ဘဲ စောင့်ကြည့်ကြမလား အစ်ကို"

"အိပ်ရေးပျက်ပါတယ် မိန်းမရာ။ တော်ကြာ သင်းက မလာ

ရင် မနက် အိပ်ရေးပျက်မယ်။ အိပ်ကြတာပဲ ကောင်းပါတယ်ကွာ"

ဘာရယ်လို့မဟုတ်။ အသံကို စိတ်ဝင်စားသလိုရှိရင်း ခွေး

နေခြင်းသာဖြစ်၏။

ဒင်းနောက် လင်မယားနှစ်ယောက် စကားပြောရင်းက အိ

ပျော်သွားခဲ့ကြသည်။





"မောင်.. မောင်.."

"......"

"မောင်ရေ.. မောင်.. ထ.. ထပါဦး"

"ဘာလဲ.. ဘာလဲ.. ဘာဖြစ်လို့လဲ"

"ဟို.. ဟို.. ရောက်.. ရောက်နေပြီ.. မောင်"

"ဘယ်သူရောက်နေလို့လဲကွ။ မင်းကလည်း.. ခိုးမှုပဲ"

"ဟို.. ဟို.. တံခါးခေါက်သံ.. မောင်"

"ဟင်.. ဘယ်နေရာကလဲဟင်.. နွေ"

"နောက်.. နောက်ဖေးဘက်ကပဲ မောင်။ ဘုရား.. ဘုရား.."

"ဟော.."

သို့နှင့် ကျွန်တော်တို့နှစ်ဦးသား နောက်ဖေးမီးဖိုဆောင်ဘက်သို့

ဖွင့်၍ ခပ်သုတ်သုတ်လှမ်းလာခဲ့လိုက်ကြသည်။

"ဒေါက်.. ဒေါက်.."

"ဒေါက်.. ဒေါက်.."

အလို.. ဟုတ်ပါရဲ့။ တံခါးခေါက်သံ..။ ဟိုအပတ် တနင်္ဂနွေနေ့

ညများကလို တံခါးကို နှစ်ချက်ဆင့်၍ ခေါက်နေပါကလား။

"ဘယ်သူလဲကွ"

အသံတိတ်သွားပြန်သည်။

"ဘယ်သူလဲလို့ မေးနေတယ်လေကွာ။ မကြားဘူးလား"

"ဒေါက်.. ဒေါက်.."

"ဟော.. ဟော.."

"ဒေါက်.. ဒေါက်.."

ကျွန်တော် ဒေါသထွက်ထွက်နှင့် မီးဖိုဆောင်သုံး သားလိုးတာရှည်



www.burmeseclassic.com

www.burmeseclassic.com



ကို ဆုပ်ကိုင်ပြီး တံခါးချက်ကို ဖွင့်လိုက်သည်။

အေးမြသော လေရိုင်းက ဝင်ရွေ၍ လန့်ပင်သွားရသေး၏

ဟော..ဘယ်သူမှ မရှိ။

မီးဖွင့်၊ မီးထိုးပြီး လိုက်ရှာသည်။ အိမ်သာဝန်းကျင်ပါ လိုက်ရှာ

သည်။ ရေစည်ပိုင်းများအကြား စဉ့်အိုးများအကြား အနှံ့ လိုက်ရှာသည်

ဘာမှမရှိပါလား။

ခြေရာ..

ခြေရာတော့ ကျန်ရစ်ခဲ့သည်။

ရွှံ့များပေလူးနေသည့် ခြေရာအချို့..။

ဝင်လမ်းရှိပြီး ပြန်ထွက်လမ်းမရှိသော ခြေရာများ..။

* * *

## ‹၃›

အခု စတုတ္ထအကြိမ်မြောက် တွေ့ရသောအခါ ကျွန်တော်တို့

ပြဲခဲ့ရပါပြီ။ လူဝင်လာတာ ကောန်အမှန် သေချာနေသည်။

ဘယ်လို ဝင်လာသလဲ။

ခြံစည်းရိုးကျော်၍ ဝင်လာသလား။

ညောင်ပင်ပေါ် ကြိုးပစ်၍ ဝင်လာသလား။

တံခါးခေါက်သံက တနင်္ဂနွေနေ့ ညတိုင်း သန်းခေါင်ယံရောက်

သည်နှင့် ပေါ်လာသည်။

သို့နှင့် ပဥ္စမမြောက်တနင်္ဂနွေသို့ ရောက်သောအခါ ကျွန်တော်

တို့ လုံးဝမအိပ်ကြတော့။

ကျွန်တော်တို့ တံခါးဖွင့်၍ စောင့်ကြိုနေကြသည်။

ကျွန်တော်တို့နှင့်အတူ စိတ်ပညာဘွဲ့ရ ဆရာဝန်တစ်ဦးလည်း

အတူရှိနေသည်။ ထို့အပြင် စိတ်ပညာရှင်ဆရာဝန်၏မိတ်ဆွေ စာရေးဆရာ

တစ်ဦးလည်း အတူရှိနေကြသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသောတံခါးခေါက်သံနှင့် စပ်လျဉ်း၍ ကျွန်တော်
ကျောင်းနေဖက်သူငယ်ချင်း စိတ်ပညာဆရာဝန် ကိုမြင့်မောင်ကို ပြော
တော့ သူက ရယ်သည်။ 'မဖြစ်နိုင်ပါဘူး' ဟု ဆို၏။

သို့နှင့် သူ့ကို ပဥ္စမြောက်ညမှာ လေ့လာအကဲခတ်ရန် ခေါ်
လိုက်ခြင်းဖြစ်၏။ ဒီအကြောင်းကို သူ့ရဲ့မိတ်ဆွေ ဂမ္ဘီရစာရေးဆ
ညိုဆန်းသျှင်ဆိုသူ ကြားရတော့ သူပါလိုက်၍လေ့လာပါရစေဟု ဆိုသ
ညေ့ခန်းမှာ ကျွန်တော်တို့လင်မယားအပါအဝင် စုစုပေါင်း လူလေ
စကားပြောရင်း၊ လက်ဖက်ရည်သောက်ရင်း စောင့်နေကြ၏။

"အသံတွေဟာ တိရစ္ဆာန်ကြောင့်လည်း ပေါ်လာတာပဲ ကို
ထွန်းရဲ့"

"ကျွန်တော့်အိမ်မှာ ဘာတိရစ္ဆာန်မှ မရှိဘူး ကိုမြင့်မော
ဒီမှာ စာရေးဆရာဆိုသူက ဝင်၍ပြော၏။

"အချို့အိမ်က သစ်သားတွေဟာ နေပူဒဏ်၊ အအေး
ကြောင့် အသံမြည်တာမျိုးရှိတယ် ဦးတင်ထွန်းရဲ့။ အဲဒါကို အချို
'သစ် ခြောက်' တယ်လို့ ဆိုကြတယ်"

"ဒါဆို ဘာလို့ တနင်္ဂနွေည သန်းခေါင်ယံကျမှ အချိန်
လာလာခြောက်ရ၊ ခေါက်ရသလဲဗျာ..ဟင်"

"စဉ်းတော့ စဉ်းစားစရာပေါ့ဗျာ။ ဒီည့လက်တွေ့ကြည့်ကြ
ပေါ့"

သို့နှင့် အချိန်ဖြုန်း၊ စောင့်သည့်အနေနှင့် ဗီဒီယိုကား
တစ်ကားပြီးတစ်ကား ကြည့်ကြသည်။

ကြည့်ရင်း ကျွန်တော်တို့လင်မယားက တိုင်ကပ်နာရီကြီး
လှမ်းလှမ်းကြည့်လိုက်ကြသည်။





မကြာခင် တိုင်ကပ်နာရီမှ (၁၂) နာရီမြည်သံ ပေါ်လာ၏။

"ဒင်..ဒင်..ဒင်.."

"ဟော..(၁၂) နာရီထိုးပြီပဲ ကိုတင်ထွန်း"

"ဟုတ်တယ်ဗျ"

"အသံလည်း မကြားရပါလား"

"စောင့်ကြည့်ပါဦးဗျာ"

သို့နှင့် စောင့်ကြည့်ကြသည်။ ဘာတံခါးခေါက်သံမှ မကြားရ၊
သူတို့နှစ်ဦးက ကျွန်တော်တို့လင်မယားနှစ်ယောက်ကိုကြည့်၍ ပြုံးပြကြ
သည်။ အချိန်အတန်ကြာသွား၏။

"ခင်ဗျားတို့ တစ်ခုခုကို စိတ်စွဲလမ်းလို့ပါ။ ဟစ်စတီးရီးယားများ
ဖြစ်နေရောသလား ကိုတင်ထွန်းရာ။ တစ်နေ့လောက် ကျုပ်တို့စိတ်ရောဂါ
ကုဆေးရုံကို လာရောက်အစစ်ဆေးခံလှည့်ပါဦးဗျာ။ ဆေးလေးဝါး
လေး သင့်မြတ်တာ သောက်လိုက်ရင် အိပ်ပျော်သွားပြီး နဂိုပုံမှန် ပြန်ဖြစ်
သွားမှာပါ။ နောက်ပြီး တစ္ဆေသရဲဇာတ်ကားတွေလည်း သိပ်မကြည့်ကြပါ
နဲ့ဗျာ..နော်"

"ကိုမြင့်မောင်.."

"ဗျာ..ကိုတင်ထွန်း"

"ကျွန်တော်တို့ အိမ်ရှေ့တံခါးကို ပိတ်လိုက်ရင် မကောင်းဘူး
လားဗျာ"

"အိပ်တော့မလို့လားဗျ"

"အိပ်ချင်လည်း အိပ်ကြတာပေါ့"

"ဒါဆိုလည်း ပိတ်လေဗျာ"

ဒီမှာ ကျွန်တော်က ဖွင့်ထားသည့် အိမ်ရှေ့ကျွန်းတံခါးမကြီးကို



www.burmeseclassic.com

www.burmeseclassic.com



စေ့ဝိတ်လိုက်ပြီး ချက်ချလိုက်သည်။

ငင်းနောက် လက်ကျန်အစားအစာများကို စားရင်း ငြိမ်သ...

နေစဉ်..

"ဒေါက်..ဒေါက်.."

"ဟော.."

"ဒေါက်..ဒေါက်.."

"လာ..လာပြီ..အစ်ကို"

"ဟုတ်တယ်။ ရောက်လာပြီ။ ဒီမှာ ကိုမြင့်မောင်.. နားထော...

ဗျာ"

"ဒေါက်..ဒေါက်.."

"ဒေါက်..ဒေါက်.."

"ဟင်.."

"အေးဟ.. တံခါးခေါက်သံပဲဗျ"

စေ့ပိတ်ထားသည့် ကျွန်းတံခါးကို အပြင်မှ လက်သံပြင်းပြင်း...

ခေါက်နေသည်။ ငင်းတံခါးခေါက်သံကို စာရေးဆရာရော၊ စိတ်ရောဂါ...

ဝန်ရော ချက်ချင်း ပြုန်းစားကြီးကြားလိုက်ရသောအခါ မျက်လုံးများကျ...

၍ အံ့ဩသွားကြသည်။

"ဒေါက်..ဒေါက်.."

ကျွန်တော်က ပြေး၍ တံခါးနားမှာ ရပ်လိုက်၏။ သူတို့...

လည်း အမြန်လျှောက်လာပြီး ရပ်၍ နားစွင့်နေလိုက်ကြ၏။

"ဘယ်သူလဲကွဟေ"

"......"

"ဟေ့.. ဘယ်သူလဲလို့ မေးနေတယ်"





ဒီည ကျွန်တော် လုံးဝမကြောက်ပါ။ အပြင်ကလူသည် သူခိုး...

...ပြဖြစ်နေပါစေ။ အထဲမှာ လူအင်အားရှိနေ၍ ကျွန်တော့်မှာ စိုးရိမ်...

...ကြောက်လန့်မှု လုံးဝမရှိ။

အပြင်က တံခါးခေါက်သံ ငြိမ်သွား၏။

"ဟေ.. ဘယ်သူလဲလို့ မေးနေတာ မကြားဘူးလား"

"အည်း.. ဟင်း.. ဟင်း.."

"ဟော.. ညည်းသံပဲဗျ ကိုတင်ထွန်း"

"အည်း.. ဟင်း.. အင်း.. ဟင်း"

"ဒဏ်ရာရပုံ ရတယ်။ လူတော့ လူပဲ၊ တံခါးဖွင့်လိုက်ဗျာ"

သို့နှင့် ကျွန်တော် တံခါးကို ချက်ဖြုတ်ပြီး အသာဟ၍ ဖွင့်လိုက်...

...သည်။ ပြင်ပမီးရောင်အောက်မှာ ဘာဆိုဘာမှ မရှိ။

"ဟင်.. ဘာမှမရှိပါလား"

"ဘယ်များရောက်သွားလဲဗျ။ ရှာကြပါဦး"

ကျွန်တော်တို့ လက်နှိပ်ဓာတ်မီးကိုယ်စီနှင့် လိုက်ရှာကြသည်။

...ကျွာ မောသွားသည်။ ဘာမှမတွေ့။

"ဒီမှာဗျ ကိုမြင့်မောင်။ ကြည့်စမ်း.."

"ဟာ.. လူ့ခြေရာပဲဗျို့"

"ရွှံ့တွေပေနေတာ တွေ့လား"

"အေးဗျ..။ ကျုပ်တို့ ခင်ဗျားတို့ ဖိနပ်မှာ ရွှံ့မပေပါဘူးဗျာ။

...ကလည်း နွေရာသီကြီးပါ။ ဘယ်နှယ့်ဖြစ်ပါလိမ့်ဗျာ"

ကျွန်တော်တို့ ဝင်လမ်း ထွက်လမ်းများကို စူးစမ်းရှာဖွေကြပြန်...

...သည်။ ခြေရာအချို့ ညောင်ပင်အောက်မှာ ပျောက်သွားသလို ရှိနေ၏။

စာရေးဆရာလုပ်သူက ညောင်ပင်ကြီးကို မသင်္ကာသလို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။

"ထူးဆန်းတယ်ဗျာ"

"ယုံပြီလား ဆရာဝန်ကြီး"

"အင်း. တစ်မျိုးတော့ တစ်မျိုးပဲဗျ"

"ကိုတင်ထွန်း.."

"ခင်ဗျာ.. စာရေးဆရာကြီး။ ဘာများပြောချင်လို့ပါလဲခင်ဗျ ပြောပါ.."

"ဖြစ်နိုင်ရင် ခင်ဗျား ဒီအိမ်ခြံရဲ့ နောက်ကြောင်းကို စုံစမ်းကြ.. စမ်းဗျာ"

"ဘာဖြစ်လို့လဲ စာရေးဆရာ"

"ခင်ဗျားတို့ တစ္ဆေသရဲဆိုတာကို ယုံလားဟင်"

ကျွန်တော်သည် တစ္ဆေသရဲကို လုံးဝမမြင်ဖူးပါ။ မကြုံ အများသူငါ ပြောပြောနေသည်ကို ကြားရဖူးပါသည်။ သို့သော် ကိုယ် တစ်ခါမှ မကြုံဖူးသေး"

"တစ်ခုခုတော့ တစ်ခုခုပဲဗျ။ အိမ်တွေမှာ သစ်ခြောက်တယ် တာ ရှိတယ်။ အိမ်တိုင်ကနေ ညဉ့်နက်ဘက်ကျရင် တကျွတ်ကျွ စုတ်ထိုးသလို ဖြစ်နေတာ"

"အဲဒီတော့.."

"ရှေးမြန်မာတို့အယူအဆအရ မသန့်တဲ့သစ် ပါလာလို့ပဲ ကျရင် သစ်ခြောက်အော်သံ၊ မြည်သံ ကြားရတဲ့တိုင်ကို သစ်မင်းသာ ပြီး ရိုက်သွင်းရင် သစ်မင်းသားရဲ့ သိဒ္ဓိအရှိန်ကြောင့် သစ်ခြောက်အော် တိတ်သွားရောဗျ"

"ဒါဆို.. ဒါ.. သစ်ခြောက်နေတာလား စာရေးဆရာရဲ့"

စိတ်ကူးသစ်စာပေ



စိတ်ရောဂါကုဆရာဝန်က စာရေးဆရာရဲ့မျက်နှာကို လှမ်းကြည့် မေးလိုက်သည်။

"ပြောရရင်တော့ ဒါ.. သစ်ခြောက်တာ မဟုတ်ဘူးဗျ"

"ဒါဖြင့်.. ဘာလဲဗျ။ ခန့်မှန်းစမ်းပါဦး"

"အိမ်ရှင် ကိုတင်ထွန်းတို့လင်မယားရဲ့ အပတ်စဉ်အတွေ့အကြုံ ပြောရရင် ဒီထူးဆန်းတဲ့တံခါးခေါက်သံရှင်ဟာ တစ္ဆေ၊ ဒါမှမဟုတ် ဘာဘဝ တစ်ခုခုပဲ။ ညီစိုစိုအနံ့လိုလို၊ အရက်နံ့လိုလိုလည်း နံနေတာ.."

"ဗျာ.."

"ဟင်.."

"ဟုတ်ပါ့မလား စာရေးဆရာ"

"ဒါကြောင့် ကျွန်တော်ပြောနေတာပါ။ မူလအိမ်ခြံပိုင်ရှင်များကို မေးမြန်းပြီး နောက်ကြောင်းရာဇဝင်ကို စုံစမ်းကြည့်ပါလို့ ပြောရ"

***

www.burmeseclassic.com

www.burmeseclassic.com

## ၄

သို့နှင့် ကျွန်တော် အိမ်ခြံမြေပွဲစားကြီး ဦးချစ်သောင်းအိမ်
ရောက်သွားပြီးနောက် ကျွန်တော့်အိမ်ရဲ့ ထူးဆန်းသောဖြစ်ရပ်များ
ပြောပြလိုက်သည်။

ပွဲစားကြီးဦးချစ်သောင်းလည်း အံ့သြနေ၏။

"မှန်ရာပြောရရင် ကျွန်တော်လည်း ပွဲစားသာလုပ်ပြီး ကို
တွန်းကို ကူညီလိုက်ရတာပါဗျာ။ အိမ်က ဈေးလည်းချိုတယ်။ နေရလ
ကောင်းတယ်။ ဒါကြောင့် ဝယ်ဖို့ တိုက်တွန်းရတာပါ။ ခင်ဗျားပြောသ
ထူးဆန်းတဲ့အဖြစ်အပျက်မျိုး ရှိနေမှန်း လုံးဝမသိခဲ့ရပါဘူး ဦးတင်ထွန်း
လာဗျာ.. ကျွန်တော်တို့ မူလအိမ်ပိုင်ရှင်ဖြစ်တဲ့ ဒေါ်မြလေးနွယ်ကို
မေးကြည့်ရအောင်ဗျာ။ လာ.."

သည်လိုနှင့်..

ကျွန်တော်နှင့် ပွဲစားကြီးဦးချစ်သောင်းတို့ မူလနဂိုတိုက်ပိုင်
ဒေါ်မြလေးနွယ်အိမ်သို့ ရောက်သွားခဲ့ကြသည်။





ရောက်သည်နှင့် ဦးချစ်သောင်းနှင့် ကျွန်တော်က ဖြစ်စဉ်များကို
ပြောပြလိုက်သောအခါ ဒေါ်မြလေးနွယ် မျက်စိမျက်နှာပျက်သွားခဲ့၏။

"မောင်ရင်တို့က ပြန်ရောင်းချင်လို့လားဟင်"

"မရောင်းချင်ပါဘူး အန်တီ။ ဆက်နေမှာပါ။ ကျွန်တော်သိချင်
တာက ဒီအိမ်၊ ဒီခြံမှာ နဂိုကရော အဲဒီလိုမျိုး ထူးဆန်းတဲ့ တံခါးခေါက်သံ
ကို ကြားရ ကြုံရသလားဆိုတာ သိချင်လို့ပါ"

သည်မှာ ဒေါ်မြလေးနွယ်က..

"မောင်တင်ထွန်းတို့ ကြောက်တတ်သလားဟင်"

"ဘာကိုကြောက်ရမှာလဲ အန်တီ"

"တစ္ဆေ သရဲ နာနာဘာဝတို့ကိုပါ"

"တစ္ဆေ သရဲ နာနာဘာဝ.. ဟုတ်လား။ ကျွန်တော်မကြောက်
ပါဘူး အန်တီ။ ဘာဖြစ်လို့ပါလဲ ခင်ဗျာ"

"အခု မင်းတို့ကြုံနေရတာ တစ္ဆေခြောက်သံ"

"ဗျာ.. ဒါ.. ဒါ.. တစ္ဆေခြောက်သံ.."

"ဟုတ်တယ်..။ ကြောက်သွားပြီလား"

"ဟင့်အင်း.. လုံးဝမကြောက်ပါဘူး။ ဘာကြောင့် တစ္ဆေခြောက်
တယ်လို့ ပြောနိုင်ရတာလဲ အန်တီ။ အဲဒါကို ရှင်းပြရင် တော်ပါပြီခင်ဗျာ"

သည်မှာပဲ မူလအိမ်ပိုင်ရှင် ဒေါ်မြလေးနွယ်သည် မျက်ရည်လည်
လည်နှင့် သူတို့ဖြစ်ရပ်ဆန်းကြယ်ကို ပြောပြခဲ့လေသည်။

"အန်တီ့ယောက်ျားနာမည်က ဦးကျော်ဇေယံတဲ့။ လုပ်ငန်းက
အင်းသမားပါ။ အင်းသမားဆိုတာ တံငါလုပ်ငန်းပေါ့ကွယ်။ မိုးနှံ့ဆောင်းမှာ
လုပ်ငန်းက အရမ်းကိုအောင်မြင်တာပါ။ အင်းလုပ်ငန်းအောင်မြင်လွန်းလို့
အခု မင်းတို့နေရာမှာ တိုက်အိမ်သန့်သန့်တစ်လုံး မိသားစုအတွက် ဝယ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေယံက ဆောက်ပေးခဲ့တယ်။ သူဟာ မြစ်ဝကျွန်းပေါ်မှာ အင်း
ငန်းကို လုပ်နေတယ်။ တနင်္ဂနွေနေ့ကျရင် သူ့ကိုယ်ပိုင်ကားနဲ့ အခု
နေရာကို ရောက်လာတယ်။ လူက ကားစီးနိုင်ပေမယ့် သန့်သန့်ပြန့်
မရှိဘူး။ အင်းထဲမှာ ရေစွတ်ပက်၊ ရွှံ့စွတ်ပက်နဲ့ နေသလို အပြင်မှာ
ဖြစ်ကတတ်ဆန်းနေလေ့ရှိတယ်။

မြို့ပေါ်ကိုရောက်လာရင် မူးအောင်သောက်တာ။ ငွေကလ
ချမ်းသာတော့ အပေါင်းအသင်းများကို ဒိုင်ခံတိုက်တာ။

သောက်လို့ ပျော်လို့ ဝမှ သူ့ကားကို သူမောင်းပြီး ည
သန်းခေါင် ဒီကိုရောက်လာတာ။ ရောက်ရင် တံခါးကို နှစ်ချက်ဆင့်
လေ့ရှိတာ သူ့အကျင့်ပဲ။ တံခါးခေါက်သံကြားရင် သူမှန်း သိရပြီ။
တံခါးကိုဖွင့်၊ သူ့ကိုသန့်စင်ပေးပြီး နှစ်ရက်၊ သုံးရက် ဒီတိုက်မှာ
ပြီးရင် လုပ်ငန်းရှိရာကို ပြန်သွား။ လွန်းပျံ့လုပ်နေတာ။ တစ်နေ့..အ
ကနေ ပြန်လာတယ်။ ထုံးစံအတိုင်း ညစ်ညစ်ပေပေနဲ့။ ဒီမြို့ကိုရောက်
ထုံးစံအတိုင်း သောက်စားမူးယစ်ပြီး ကားမောင်းပြန်လာတာ လ
သစ်ပင်နဲ့ ကားတိုက်ပြီး သေပါရောကွယ်''

''အို..ဖြစ်ရလေဗျာ''

''အဲဒီလိုဖြစ်သွားမှန်း အန်တီတို့မသိပါဘူး။ ထုံးစံအတိုင်း
ခေါင်ယံမှာ တံခါးခေါက်သံကြားလို့ ကိုယ့်လင်သားမှန်းသိပြီး တံခါး
တော့ ဘယ်သူမှမရှိဘူး။ နောက်နှစ်နာရီအကြာမှာ ကိုကျော်ဇေယံ
မှောက်ပြီး ကွယ်လွန်သွားကြောင်း လူအချို့လာအကြောင်းကြားလို့
တာပဲ။ တိုတိုပြောရရင် အဲဒီလိုဖြစ်ပြီးနောက်ပိုင်း တနင်္ဂနွေည
နာရီရောက်တိုင်း မကျွတ်မလွတ်ဘဲ အယူတိမ်းခဲ့တဲ့ ကိုကျော်
ဝိညာဉ်တစ္ဆေ တံခါးလာခေါက်လေ့ရှိတယ်။ ဖွင့်ကြည့်ရင် လူမတွေ့





ညည်းသံ၊ မှုးသံ ကြားရတယ်''

''နောက်ထပ် ဘာများတွေ့ပါသေးလဲ အန်တီ''

''ရှုံ့ပေနေတဲ့ ခြေရာ''

''သြော်..ဖြစ်ရလေဗျာ။ ဒါဆို ကုသိုလ်ကောင်းမှုများ မလုပ်တူး
သားဟင်''

''လုပ်တာပေါ့..။ ကျွတ်ချိန်မတန်လို့ ထင်ပါရဲ့။ အစွဲအလမ်း
ကြီးလို့ ထင်ပါရဲ့။ လုံးဝမကျွတ်ဘဲ တနင်္ဂနွေညတိုင်း လာလာအသံပြုနေ
တော့ ကြာရင် အဒေါ်တို့လည်း ရင်ကွဲဝမ်းနည်းဖြစ်ရလွန်းလို့ ဒီပွဲစားကြီး
တစ်ဆင့် ရောင်းလိုက်ရတာပဲ လူကလေးရယ်''

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

<၉>

ကျွန်တော် တစ္ဆေသရဲကို မယုံခဲ့ပါဘူး။

ဘာလို့လဲဆိုတော့ ကိုယ်တွေ့မကြုံဖူးလို့ပါ။

အခု ကြုံနေရပြီ။

တစ္ဆေလား၊ သရဲလား ကွဲကွဲပြားပြားမသိရဘူး။ အလွန်ကို

ဆန်းတာတော့ အမှန်ပဲ။

ကျွန်တော်တို့ ယုံကြည်ကိုးကွယ်တာက ရတနာမြတ်သုံး

ထေရဝါဒပဲ၊ သည်မှာ ကျွန်တော်တို့ကိုးကွယ်တဲ့ ဆရာတော်ကြီးကို

အကြောင်း လျှောက်ထားမေးမြန်းတော့ ဆရာတော်ဘုရားကြီးက

စွဲလမ်းမှုကြောင့် ဖြစ်ရတာ။ သေပြီး နောက်ဘဝများအကြောင်းကို

ခဲ့သည်။

သို့နှင့်. .

ကျွန်တော်တို့က ကွယ်လွန်သူ မကျွတ်မလွတ်သေးပုံရတဲ့





သူကြီး အင်းသူ့ငွေး ဦးကျော်ဖေယံရဲ့ဝိညာဉ်ကို လေးလေးစားစားဖိတ်ခေါ်ပြီး ဆရာတော်ကြီးရဲ့ မေတ္တာရပ်ခံ စိမ်ချက်နဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဝါးများ လှူဒါန်းပြီး သူ့ကိုပါ တရားအတူနာစေခဲ့ပါတယ်။

ပြီးနောက်. . အမျှအတန်းပေးဝေပါတယ်။

ဆရာတော်ဘုရားကြီးက မေတ္တာရှင်ပါ။ ပြီး. . မဟာသိဒ္ဓိရှင်ကြီးပါ။ ပရဝိညာဉ်သားကို တရားချတယ်၊ ပြတယ်။ ပြီး. . မေတ္တာပို့ အမျှပေးဝေတယ်။

လိုအပ်သော ပရိတ်ရေမန်းများကို သိုးမြှင့်လို့ အကွယ်အကာများ စီရင်ပေးခဲ့တယ်။

သည်လိုနဲ့ ချောက်ချားစရာကောင်းလှတဲ့ တနင်္ဂနွေနေ့ညကို ရောက်လာခဲ့တယ်။ ရင်တဖိုဖိုနဲ့ ညသန်းခေါင်ယံကို စောင့်မျှော်နေကြတာပေါ့။

ကျွန်တော်. .

ခင်ဦးနွေ. .

စိတ်ရောဂါကုဆရာဝန်နဲ့ စာရေးဆရာ. .

လေးဦးတို့ပဲဖြစ်သည်။ နာရီက (၁၂) နာရီထိုးသံကို ကြားနေရသည်။ တံခါးမကြီးကို စေ့ပိတ်ထားသည်။ အသာနားစွင့်နေကြသည်။

ထူးဆန်းတဲ့ တံခါးခေါက်သံကို မကြားရ။

တစ်နာရီ. .

နှစ်နာရီ. .

သုံးနာရီ. .

အချိန်သာကုန်ရော. .။ တံခါးခေါက်သံကို လုံးဝမကြားရဘူး။ သည်အချိန်မှာ တံခါးလည်းဖွင့်လိုက်ရော. .



www.burmeseclassic.com

www.burmeseclassic.com



ရန့်တစ်ခု အိမ်ထဲကို တိုးဝင်လာခဲ့သည်။

ရန့်က. .

ပထမ ငါးကင်ရန့်။ မွှေးကြိုင်လို့. . ။

ပြီးတော့. .

သင်းထုံနေတဲ့ နံ့သာဖြူရန့်. . ။ နံ့သာဖြူရန့်က အတန်ကြ

ကျွန်တော်တို့အားလုံး အံ့သြနေကြသည်။

ပရဝိညာဉ်သား အင်းသူဌေး ဦးကျော်ဇေယံ ကံကောင်း

ကျွတ်လွတ်သွားပြီနဲ့ တူပါရဲ့။ ကျွတ်လွတ်ပါစေလေ. . ။

ဘဝဆိုးမှ ဘဝကောင်းသို့ အေးချမ်းသာယာစွာ လွတ်မြောက်

စေ. . ။ ။

❖

နတ်လှူ



www.burmeseclassic.com

www.burmeseclassic.com

# တမလွန်မှ ချစ်သူများ

ကျွန်မနာမည် လွမ်းဝေသော်..။

မြန်မာစာနောက်ဆုံးနှစ်တက္ကသိုလ်ကျောင်းသူတစ်ဦးပါ။ ကြ
ပတေးသမီး ပုတီးမွှားမို့ အချစ်ရေးကံကလည်း မကောင်းပါ။ တတိယ
တုန်းက တက္ကသိုလ်ကျောင်းသား၊ စာပေဝါသနာတူ ကိုခင်မောင်ညွ
'ရင်ထဲကချစ်သူ' အဆင့် ဖြစ်ခဲ့ကြပြီးမှ ရုတ်တရက် ကိုခင်မော
ကားတိုက်ကွယ်လွန်ခဲ့သဖြင့် သောကွဲကွဲခဲ့ရပါသည်။

ပုတီးသဘော မကျော်စော ဆိုသကဲ့သို့ ဗေဒင်၊ လက္ခဏာ
ကြည့်သူ ကျွန်မအတွက် ကံဇာတ်ဆရာက ဘဝအစမှာပင် ဦးချိုးလို
ထင်ပါသည်။ မွေးကတည်းက စိတ်အားငယ်တတ်သူ ကျွန်မအ
သိုက်နန်းအဆက်ဝင်စားသူလို့ မေမေက ပြောထားပြီး အိမ်ထော

စိတ်ကူးသစ်စာပေ



သည်း မရဘူးတဲ့ရှင်။ ဆိုလိုတာက ကျွန်မနှင့်ပတ်သက်ပြီး ချစ်သူဖြစ်လာ
သူ၊ အိမ်ထောင်ရှင်ဖြစ်လာမည့်သူဟာ စောစောစီးစီးသေဆုံးလိမ့်မယ်လို့
ယ်ဆိုက ဗေဒင်ဟောထားသတဲ့ရှင်။ ကျွန်မကတော့ ခေတ်လူငယ်ဖြစ်လို့
ယုံအကြည်မရှိပါဘူး။ ဒါပေမဲ့ အားနွဲ့သူမိန်းမသားတစ်ယောက်အနေနဲ့
ိုခင်မောင်ညွန့်ဆုံးပါးသွားကတည်းက အဲဒီအစွဲဟာ ကျွန်မကို ပူးကပ်
တပါတယ်။

ဒါကြောင့် ကျွန်မဘဝမှာ နောက်တစ်ယောက် ချစ်သူမထား
တော့ပါဘူးရယ်လို့ စိတ်ကူးထားမိပါတယ်။ ဒါကြောင့် ကျွန်မ တစ်ယောက်
ည်း သီးသန့်နေရတာကို နှစ်သက်လာတယ်။ မိန်းမဖော်သူငယ်ချင်းတွေ
တောင် ပျော်ပျော်ရွှင်ရွှင်၊ ချစ်ချစ်ခင်ခင် မနေတော့ပါဘူးရှင်။ လွမ်းဆွေး
ဲ့စိတ်၊ အလိုမကျတဲ့စိတ်၊ အားငယ်တတ်တဲ့စိတ်တွေကို စာထဲမှာပဲ
ှိပ်နှံလိုက်ပြီး တစ်ကိုယ်တည်း သီးခြားနေတတ်လာပါတယ်။ နောက်ဆုံး
စ်စာမေးပွဲကြီးကို အမှတ်ကောင်းကောင်းနဲ့အောင်ပြီး အလုပ်ကောင်း
ကောင်းရလို့ မိဘကိုလုပ်ကျွေးနိုင်ဖို့ကိုသာ ရည်မှန်းချက်ထားပါတော့တယ်။

တက္ကသိုလ်စာကြည့်တိုက်ကြီးကတော့ ကျွန်မဘဝအတွက်
ဘွာအရှိဆုံး အဖော်မွန်ပါ။ ကျွန်မကွယ်ခွဲနိသွားသောတောင်မှ သူက
ာင်လာနောက်သားတွေအတွက် ရှေ့ဆောင်လမ်းပြ အဖော်မွန်ကောင်း
စ်ယောက်အနေနဲ့ ရပ်တည်နေဦးမှာပါ။ ဒါကြောင့်လည်း တက္ကသိုလ်
ာက်ဆုံးနှစ်ကျောင်းသူဖြစ်တဲ့ ကျွန်မဟာ အချိန်ရတာနဲ့ စာကြည့်တိုက်
ဲ ရောက်နေလေ့ရှိပါတယ်။

စာကြည့်တိုက်ထဲရောက်တော့လည်း စာပေဝါသနာတူသူ ကို
င်မောင်ညွန့်ကို တရေးရေးမြင်နေမိပါတယ်။ သွားအတူ၊ စားအတူ
ဝတွေကို မြင်ယောင်နေမိပြီး အောက်မေ့သတိရလျက်ပါ။ လက်တွေ့

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



ဘဝမှာတော့ ကျွန်မတစ်ကိုယ်တည်းရယ်ပါ။ အဆွေးတော်ခံရှိသူ၊
ကတည်းက တစ်ကိုယ်တည်း သီးခြားနေတတ်တဲ့ အကျင့်ရှိသူမို့လည်း
ကျွန်မ တဖြည်းဖြည်း နေတတ်လာပါတယ်။ လာတုန်းကလည်း တ
ယောက်တည်း။ ပြန်သွားတော့လည်း တစ်ယောက်တည်းဆိုတဲ့ တရား
သဘောကိုလည်း နားလည်သဘောပေါက်လာပါတယ်။ ဒါကြောင့်လည်း
ကျွန်မရဲ့ လွမ်းစိတ်ဆွေးစိတ်တွေကို စာပေထဲမှာပဲ နှစ်မြှုပ်ထားလိုက်
တော့တယ်။

လူဆိုတာ အပေါင်းအသင်း၊ ပတ်ဝန်းကျင်နဲ့ အဆင်ပြေအောင်
နေရတယ်ဆိုတာကို ကျွန်မသိပါတယ်။ အမေကလည်း မကြာခဏ ဆုံး
တတ်ပါတယ်။ အိမ်မှာဆိုရင်လည်း မိသားစုနဲ့နေရပေမယ့် ကျွန်မ အခ
အောင်းပြီး စာဖတ်နေတတ်တာ များပါတယ်။ အမေက ကျွန်မအကြော
သိလို့ မပြောပေမယ့် အဖေကတော့ ကျွန်မအနေအထိုင်ကို လေ့လာ
ယခင်ကလို မချုပ်ချယ်တော့ဘဲ လွတ်လပ်ခွင့်ပေးပါတယ်။ အပျော်စက
တွေနဲ့လည်း ဆုံးမတတ်ပါတယ်။ ကျွန်မကတော့ နောက်ဆုံးနှစ်စာမေး
အရေးကြီးကြောင်း အကြောင်းပြချက်နဲ့ အခန်းအောင်းနေတာ များ
တယ်။

တစ်နေ့ ကျောင်းစာသင်ချိန်ပြီးတာနဲ့ တက္ကသိုလ်စာကြည့်တိုက်
ထဲ ကျွန်မရောက်နေပါတယ်။ ကျွန်မတင်ရမယ့် စာတမ်းက 'လှိုင်ထိ
ခေါင်တင်မင်းသမီး၏ ဘဝနှင့်စာပေ' အကြောင်းပဲဖြစ်တယ်။ ကျွန်မရှာ
နေစဉ် ခေါင်းစဉ်တူရထားတဲ့ ကျောင်းသားတစ်ယောက်နဲ့ ဆုံဖြစ်ပါတယ်
သူ့ကို ကျွန်မပြုံးဖူးနေပါတယ်။ သူက ကျွန်မတို့အခန်း (B) က မဟုတ်
ဘူး။ အခန်း (A) ကပါ။ အတန်းတူ၊ မေဂျာတူ ဖြစ်ပါတယ်။ ကျွန်မနဲ့
မရင်းနှီးပါဘူး။ ကျွန်မရှာနေတဲ့စာအုပ်ကို သူလည်းရှာနေတာပါတဲ့။ ထွေ





တော့ တစ်ယောက်ကိုတစ်ယောက် ဦးစားပေးကြရင်း၊ စာပေအကြောင်း
ပြောကြဆိုကြရင်းက ရင်းနှီးကြရပါတယ်။ သူလည်း စာအတော်ဖတ်ပုံရပါ
တယ်။ ခေတ်ဟောင်းက စာပေတွေကို ခေတ်သစ်အမြင်နဲ့ ဝေဖန်ရာမှာ
ချမ်းအကိုးအကားနဲ့ အလွန်တော်ပါပေတယ်။ လှိုင်ထိပ်ခေါင်တင်ရဲ့
ဘာလယ်ကဗျာတွေကို ရွတ်ပြသွားတာ စုံလို့ပဲ။ သူ့နာမည်က ကိုမောင်
မောင်တဲ့။

ရက်ကြာလာတာနဲ့အမျှ သူနဲ့ကျွန်မ ရင်းနှီးကျွမ်းဝင်လာကြပြီး
ပေဝါသနာတူချင်းဖြစ်လို့ စကားလည်း အတော်ပြောဖြစ်ကြပါတယ်။
တမိလုပ်နေတတ်တဲ့ ကျွန်မတောင် သူနဲ့စကားပြောပြီး စိတ်ဓာတ်တက်
ကြွလာပါတယ်။ စာကြည့်တိုက်ထဲမှာ တခြားသူကို အနှောင့်အယှက်ဖြစ်
စိုးလို့ စကားတိုးတိုးပြောရတာ အားမရဘဲ စာကြည့်တိုက်ရှေ့ ကုံကော်
တာက ထိုင်ခုံလေးတွေမှာ ထိုင်ပြီး စကားပြောဖြစ်ပြန်ပါတယ်။ မရိုးသား
စကားတော့ တစ်ခွန်းမှမပါပါဘူး။ စာအကြောင်းပေအကြောင်း ပြော
ကြရင်း သူ့ရည်မှန်းချက်၊ ကိုယ့်ရည်မှန်းချက်နဲ့ သူ့အကြောင်း၊ ကိုယ့်
အကြောင်းတော့ ပါသပေါ့ရှင်။

သူက လူရည်သန့်တစ်ယောက်ပါ။ ချမ်းသာတဲ့မိသားစုရဲ့ သား
ထိမ်းလည်း ဖြစ်ပုံရပါတယ်။ အနေအေးသလို ကျွန်မလို စာကြမ်းပိုးတစ်
ယောက်ပါပဲ။ ကြာသပတေးသား ရာဇဝင်မှန်းလည်း သိလာရတယ်။
ရှာ ဗေဒင်မတွက်တတ်ပေမယ့် ဗေဒင်လည်း ယုံတယ်။ လင်္ကာလည်း
ဝါသနာပါတယ်။ ဆရာ...ိုင်ရဲ့ စာအုပ်တွေကို သူအများကြီးဖတ်ထား
တာတဲ့ရှင်။

ဒီလိုနဲ့ စာတမ်းအတွက် အကိုးအကားစာအုပ်တွေကိုရှာရင်း၊
စာတမ်းပြုစုကြရင်းနဲ့ တစ်ယောက်နဲ့တစ်ယောက် အတော်အတန်ရင်းနှီး



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်တဲ့အဆင့်ကို ရောက်လာကြပါတယ်။ ကျွန်မကတော့ ခဲမှန်းဖူးတဲ့
စာသူငယ်လို ခံစားဖူးတော့ သူ့ဘက်က ဟန်ရေးပြလာတာတောင် ကျွန်မ
ကျေ့ပတ်ရှောင်ရှားပြီး နေခဲ့ပါတယ်။ သူ့ဘက်ကတော့ တစ်နေ့တခြား
မရိုးမသားဖြစ်လာပုံရပါတယ်။ အဲဒါနဲ့ ကျွန်မ သူ့ကို ကိုခင်မောင်ညွှန့်လို
ဖြစ်မှာစိုးလို့ ရှောင်နေလိုက်တော့တယ်။

နောက်ဆုံးစာမေးပွဲကြီးစစ်တဲ့ ပထမနေ့မှာပဲ ကျွန်မ သူ့ကို
ရှောင်လို့မရတော့ပါဘူး။ စာမေးပွဲဖြေတော့ တစ်ခန်းတည်းကျတာကို
သူက ပြောလာပါတယ်။

"မသော်.. ကျွန်တော့်ကို ရှောင်နေတာလား။ ခဏလောက်
တွေ့ပါရစေ။ စာမေးပွဲဖြေပြီးရင် ကော်ရစ်ဒါမှာ ဦးတဲ့လူက စောင့်ကြ
အောင်နော်"

"ဟုတ်ကဲ့ ကိုမောင်မောင်"

ကျွန်မ မငြင်းသင့်တော့၍ သူ့အဆိုပြုချက်ကို လက်ခံလိုက်ရ
တယ်။ ကျွန်မစိတ်ထဲ လေးနေပါတယ်။ သူ့ကို ဒုတိယကိုခင်မောင်ညွှန့်
မဖြစ်စေချင်ပါ။ စာမေးပွဲဖြေပြီးတော့ သူနဲ့တွေ့ပါတယ်။ သူက အရင်ဖြေ
ပြီးလို့ ကော်ရစ်ဒါမှာ စောင့်နေတာပါ။

"မသော် ဖြေနိုင်တယ်မဟုတ်လား။ ဟိုတစ်ခါ ကျွန်တော်ရှာ
ပြခဲ့တဲ့အပိုဒ်တွေ အတော်များများပါတယ်နော်"

"ဟုတ်ကဲ့.. ဖြေနိုင်ပါတယ်။ ကိုမောင်မောင့်ကိုလည်း ကျေးဇူး
တင်ပါတယ်"

"ကဲ.. ကျွန်တော်တို့ အဆာပြေစားရအောင် ဦးချစ်ဆိုင်ဘက်
သွားမယ်နော်"

"ဟုတ်ကဲ့ရှင့်"





ကျွန်မ စိတ်လက်ပေါ့ပါးစွာ ပြောလိုက်မိပါသည်။ စာမေးပွဲကို
ကောင်းစွာဖြေနိုင်လို့ ထင်ပါသည်။ ကျွန်မစိတ်ထဲ ပေါ့ပါးလန်းဆန်းနေပါ
သည်။ ဆိုင်ရောက်သော် လက်ဖက်ရည်နှင့်မုန့်များ မှာပြီးသည်နှင့် သူ

"မသော်.. ကျွန်တော်တို့ စာမေးပွဲကြီးပြီးလို့ ခွဲကြရတော့မှာမို့
စိတ်သိုင်းဝိုင်းမနေတော့ဘဲ ကျွန်တော့်ရဲ့ Propose ကို မြန်မြန်ပဲ
ပြောပါရစေတော့။ ကျွန်တော် မသော်ကိုချစ်တယ်။ မသော်လက်ခံတယ်ဆို
ရင် ကျွန်တော့်မိဘတွေကိုပြောပြီး စာမေးပွဲကြီးပြီးလို့ Bible ဖြေပြီးတဲ့
နောက်တစ်နေ့မှာ စေ့စပ်ကြောင်းလမ်းလုပ်ချင်တယ်။ မင်္ဂလာဆောင်ပွဲကို
တော့ မသော်ကြိုက်တဲ့ နေ့ အချိန်၊ နေရာကို ရွေးပါ။ အချိန်မရှိတော့လို့
တိုတိုရှင်းရှင်းပဲပြောရတာကို ရိုင်းတယ်လို့ မထင်ပါနဲ့နော်။ မသော်မိဘများ
ကို အသိပေးပြီး မနက်ဖြန်လောက်ကို အဖြေသိချင်ပါတယ်ဗျာ"

ကျွန်မ ကျဉ်းထဲကျပ်ထဲ ရောက်နေပါပြီ။ ကျွန်မ သူ့အချစ်ကို
လက်မခံနိုင်၍ မဟုတ်ပါ။ မချစ်ရဲလို့ပါ။ မချစ်ရဲတာကလည်း သူ့အတွက်
ပါ။ ကိုခင်မောင်ညွှန့်လို ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ။ ကျွန်မ သူ့အတွက်
စိုးရိမ်မိတယ်လေ။ စိုးရိမ်မိတာကို အချစ်ဟုခေါ်လျှင်တော့ ကျွန်မ သူ့ကို
ချစ်နေမိပြီဟု ပြောရတော့မည်။ ကျွန်မ ဆင်ဆင်ခြင်ခြင်ဖြေလိုက်ပါသည်။

"ကျွန်မ အမြန်ဆုံးစဉ်းစားပါ့မယ် ကိုမောင်မောင်"

"ကျွန်တော်ကတော့ အမြန်သိချင်ပါတယ်။ မသော် ဉ်းစားပါ။
စာမေးပွဲရက်ကြီးမှာ ဒီလိုပြောရတာ အားနာပါတယ်ဗျာ။ စာမေးပွဲတွေပြီး
သွားရင် တစ်ယောက်နဲ့တစ်ယောက် တွေ့ရတာခက်မှာမို့ပါဗျာ။ ကျွန်တော့်
ကိုနားလည်ပေးပါ မသော်ရယ်.. နော်"

ကျွန်မတို့ ခွဲခွာကြတော့ သူ ကျွန်မကို ကားမှတ်တိုင်အထိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ပေးပါသည်။ မနက် စာမေးပွဲဖြေဖို့ လာတော့လည်း သူ မှတ်တို
စောင့်ကြိုနေတတ်ပါသည်။ ကျွန်မကတော့ စာမေးပွဲအကြောင်းက
အခြားအကြောင်းမပြောပါ။ သူ့ဘက်က စလာလျှင်လည်း ကျွန်မ
လမ်းကြောင်းလွှဲပြီး ပြောတတ်ပါသည်။ သူကလည်း စာမေးပွဲကြီးအ
ဖြစ်၍လည်းကောင်း၊ နားလည်မှုရှိသောကြောင့်လည်းကောင်း ဆက်
တော့ပါ။

စာမေးပွဲ ရေးဖြေနောက်ဆုံးနေ့ ဖြေပြီးနောက် အတ
သွားပါသည်။ ကျွန်မတို့ပြုစုထားသော စာတမ်းတင်ပြီး မေးဖြေ (Bi
သာ ကျန်ပါတော့သည်။ ပါမောက္ခကိုယ်တိုင် စစ်ဆေးမေးမြန်းမည်
ပြုစုထားသော စာတမ်းအား ကျေညက်ရန်တော့ လိုပါသည်။ ကိုယ်
ပင်ပန်းခံပြုစုထားခြင်းဖြစ်၍ စာတမ်းပါ လိုင်ထိပ်ခေါင်တင်မင်းသမီး
၏ ဘောလယ်ရတု ကဗျာတွေကိုလည်း အလွတ်ရနေပါသည်။
စိုးရိမ်ပြီး ကျွန်မအား မိုငြမ်းကိုးကားသော စာအုပ်စာတမ်းများအ
ကိုလည်း ရှင်းလင်းပြနေပါသည်။ ထိုနေ့ဟွင် ပေါ့ပါးသောဝတ်စုံ
ဝတ်ရန်၊ အိပ်ရေးပျက်မခံရန်၊ စိတ်ထဲတွင် စာအကြောင်းမှလွဲ၍
အကြောင်းများ (အိမ်တွင်းရေးအကြောင်းများ) မတွေးရန် သတိပေး
သည်။

ကျွန်မ အိမ်ပြန်ရောက်တော့ စိတ်လက်ပေါ့ပါးနေသဖြင့်
အား မီးဖိုချောင်တွင် ဝိုင်းကူလုပ်ပေးပါသည်။ အငယ်မလည်း ကျေ
ပြန်ရောက်နေပြီဖြစ်၍ ကျွန်မအား အံ့ဩစွာဖြင့် လိုက်ကြည့်နေပါ
အမေက..

"သမီး စာမေးပွဲဖြေနိုင်တယ်ထင်တယ်။ မျက်နှာလေးက
လင်းလို့ကွယ်။ မင်္ဂလာရှိလိုက်တာ"





"ဟုတ်ကဲ့အမေ၊ သမီး ကောင်းကောင်းဖြေနိုင်ပါတယ်၊ နှုတ်ဖြေ
(Bible) သာ ကျန်တော့လို့ စိတ်ပေါ့သွားပါပြီ။ ဒါနဲ့ အမေ.."

ကိုမောင်မောင်၏ Propose ကိစ္စအား ပြောရန်ဖြစ်သော်လည်း အငယ်မရှိနေ၍ မပြောဖြစ်ပါ။ အမေက ရိပ်မိဟန်ဖြင့်..

"သမီးငယ်လေးရေ.. အပေါ်ထပ်က ဘုရားပန်းအိုးတွေ သွားကြည့်စမ်းကွယ်။ ပန်းတွေခြောက်နေရင် အသစ်လဲရအောင်"

"ဟုတ်ကဲ့ မေမေ"

အငယ်မ အပေါ်ထပ်တက်သွားတော့ ကျွန်မ အမေ့ကိုဖက်ထား ပြီး မွှေးမွှေးပေးမိပါသည်။ အမေက ကျွန်မအား..

"သမီးရယ်.. အမေတို့လည်း ငယ်ရာက ကြီးလာတာပါ။ သမီး မျက်နှာ မြင်ကတည်းက အမေရိပ်စားမိပါတယ်။ သမီး တစ်ခုခုပြောချင်နေတယ် မဟုတ်လား"

"ဟုတ်ပါတယ် အမေ၊ ဒီလိုပါ"

ကျွန်မ ကိုမောင်မောင်နှင့် ကျွန်မအကြောင်းအား ခရေစေ့တွင်းကျ ပြန်ပြောမိပါသည်။ အမေ့သဘောထားအား မေးမြန်းကြည့်ရာ..

"သမီးသဘောပါကွယ်။ သမီးစိတ်ချမ်းသာရင် ပြီးတာပဲ၊ သမီး အဖေအတွက်တော့ မပူပါနဲ့။ အမေ တာဝန်ယူပါတယ်။ အဲ.. မောင်ခင် မောင်ညွန့်လို မဖြစ်ဖို့တော့ သမီးကြိုးစားရလိမ့်မယ်။ ဘုရားကိစ္စ များများ လုပ်ပေါ့ကွယ်။ အစွဲအလမ်းတော့ မထားနဲ့။ ကံ ကံ၏အကျိုးပေါ့ကွယ်"

"ဟုတ်ကဲ့ပါ အမေ"

ကျွန်မ အလွန်ပျော်သွားပါသည်။ ဘုရားပန်းလဲရန်ကိစ္စလည်း ကျွန်မပင် လုပ်လိုက်ပါသည်။

နောက်တစ်နေ့မနက်တွင် ရွှင်လန်းတက်ကြွစွာဖြင့် ကျောင်းသို့



www.burmeseclassic.com

www.burmeseclassic.com



သွားပါသည်။ ကားမှတ်တိုင်တွင် သူစောင့်နေရာ ကျွန်မက သူ့ Propose ကို လက်ခံကြောင်းနှင့် မိဘများအား အသိပေးပြီး ကြောင်း ပြောပြရာ သူ့အင်မတန်ပျော်ရွှင်သွားပုံရပါသည်။

"မသော်ရယ်. . ပျော်လိုက်တာ။ မင်္ဂလာပါပဲ။ ကျေးဇူးလည်း တင်ပါတယ်။ ကိုယ့်မိဘတွေကိုလည်း ဖွင့်ပြောပြီးပါပြီ။ မနက်ဖြန် နေ့ သန်ဘက်ခါ တနင်္ဂနွေနေ့မှာ ကိုယ့်မိဘတွေနဲ့ လာတောင်းမယ်နော်

အဲဒီနေ့က ကျွန်မတို့နှစ်ဦးစလုံး ခုံနံပါတ်စောသဖြင့် နေ့လယ် (၁၂) နာရီခန့်တွင် စာတမ်းမေးဖြေစာမေးပွဲကြီး ပြီးပါသည်။ ကောင်း ဖြေနိုင်ကြသဖြင့်လည်း ဝမ်းသာကြပါသည်။ ဦးချစ်ဆိုင်သို့ သွား နေ့လယ်စာစားကြ၍ မရောက်တာကြာပြီဖြစ်သော တက္ကသိုလ်စာကြ တိုက်ရှေ့မှ ကံ့ကော်တောအတွင်း ထိုင်ခုံကလေးတွင်ထိုင်ရင်း အပန်း ကြပါသည်။ ဤတစ်ခါတော့ တရားဝင်ထိုင်ရသလို ချစ်သူနယ်မြေ ကံ့ တောက ကြိုဆိုနေဟန်ရှိပါသည်။ ယနေ့မှ ထူးထူးကဲကဲ ကံ့ကော်ရနံ့ ပိုမိုသင်းပျံ့နေသည်ဟု ကျွန်မထင်မိပါသည်။

ကံ့ကော်ရိပ်တွင် ကျွန်မက အချဉ်ထုပ်စားရင်း၊ ကိုမောင်မေ က နေကြာစေ့စားရင်း ဘဝရှေ့ရေး ဆွေးနွေးတိုင်ပင်ရပါတော့သည်

"ကိုမောင်မောင် ကျွန်မအကြောင်းကို ဘယ်လောက်သိသ

"သိပြီလားဗျာ. . ။ ကိုယ့်ချစ်သူအကြောင်းပဲ။ လေ့လာထ တာပေါ့။ မသော်တို့နေတာက အမှတ်(၄၁)၊ သီတာလမ်း၊ ကျောက်မြော အဘ ဦးသော်တာ၊ အမိ ဒေါ်မာလာတို့ရဲ့ သမီးအကြီးဆုံး။ အငယ်မ က (၁၀) နှစ်သမီးရှိပြီ။ နာမည်က မသော်တာဝင်းတဲ့။ (၅) တန်းကျော သူ။ တာမွေအ. ထ. က (၁) မှာ ကျောင်းတက်တယ် မဟုတ်လား"

"အင်း. . ဟုတ်ပါတယ်။ တခြားအကြောင်းတွေကိုရော ဖုံး





ထားဘူးလား။ ဥပမာ ကျွန်မမှာ ရည်းစားရှိခဲ့ဖူးတယ်ဆိုတဲ့ အကြောင်း ပေါ့"

"အဲဒါလည်း စုံစမ်းပြီးပါပြီဗျာ။ မသော်နဲ့ တွဲခဲ့တဲ့ ကိုခင်မောင်ညွန့် မြန်မာစာကပဲ။ မသော်ထက် တစ်တန်းကြီးတယ်။ ရည်းစားမဟုတ်ဘဲ စာပေဝါသနာတူ သူငယ်ချင်းလို့ သိရတယ်၊ အခုတော့ အဲဒီလူ ဆုံးသွားပြီ ဟုတ်လား"

"အဲဒါတော့ မဟုတ်သေးဘူး ကိုမောင်မောင်ရဲ့။ သူနဲ့ကျွန်မနဲ့ သူငယ်ချင်းလည်းမက၊ ရည်းစားလည်းမကျလို့ ပြောရမှာ ထင်ပါရဲ့။ ကျွန်မတို့နှစ်ဦး စာပေဝါသနာတူ ခင်မင်ခဲ့ရာက သူသေမှ သူ့ရဲ့ Propose လုပ်တဲ့စာကို ရခဲ့ပါတယ်။ ကျွန်မကလည်း ရင်ထဲမှာ သူ့ကို ချစ်ခဲ့မိပါတယ်။ အဲဒါ အမှန်အတိုင်း ပြောရတာပါ"

"အဲဒါကို ကျွန်တော်ဂရုမစိုက်ပါဘူး မသော်ရယ်။ မသော်လို ချစ်စရာကောင်းသူ၊ သဘောထားပြည့်ဝစင်သူကို ဘယ်ယောကျ်ားလေးမဆို ခင်မင်နေခွင့်ရရင် ချစ်မိကြမှာပါပဲ။ တကယ့်ရည်းစားအစစ်ဖြစ်ခဲ့ရင် တောင် ကျွန်တော် ကိုယ်ချင်းစာတရားနဲ့ ခွင့်လွှတ်ပေးနိုင်ပါတယ် မသော် ယ်"

ကိုမောင်မောင်က ကျွန်မလက်ကလေးကိုကိုင်ပြီး လှိုက်လှိုက်လှဲ လှဲ ပြောရှာပါသည်။ ထိုအချိန်တွင်ပဲ ကျွန်မတို့ထိုင်နေသည့် ခုံတန်းလျား လေးနောက်ကျောက ကံ့ကော်ပင်ပေါ်မှ တောက်တဲ့တစ်ကောင်၏ စူးရှူး ဝါးအော်သံကို ကြားရပါတော့သည်။

"တောက်တဲ့. . တောက်တဲ့. . တောက်တဲ့. ."

ထိုအခါမှ ကျွန်မသတိပြုမိတော့သည်။ ကျွန်မတို့ထိုင်နေကြသည် တက္ကသိုလ်စာကြည့်တိုက်နှင့်အနီးဆုံး ကိုခင်မောင်ညွန့်နှင့် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေကျခုံတန်းလျားလေး ဖြစ်နေပါသည်။ စာကြည့်တိုက်ချစ်သူ ကြမ်းပိုးလေး ကိုခင်မောင်ညွန့် စိတ်ဖွဲလမ်းမှုဖြင့် တောက်တဲ့ဘဝ ရောက်သွားပြီလားလို့လေ။

ကျွန်မ ကိုခင်မောင်ညွန့်ကို သတိရတော့ ပြောမထွက်သ စကားကို ပြောရပါတော့သည်။

''ကျွန်မ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်နော် ကိုမောင်မော ကျွန်မက ခေတ်ပညာတတ်မိန်းကလေးဖြစ်ပေမယ့် ဗေဒင်တော့ ယုံတ ရှင့်။ ကျွန်မက သိုက်ဆက်က လာတာ။ ကျွန်မနဲ့ချစ်ကြိုက်တဲ့ ယောက် လေးတိုင်း သေဘေးကြုံရမယ်လို့ စွဲလမ်းနေတယ်ရှင့်၊ ဒါကြောင့် ကို မောင်ကို သတိပေးချင်တယ်။ အခု နောက်ဆုတ်လို့ရပါသေးတယ်။ ကျ ဘယ်လိုမှ သဘောမထားပါဘူး။ ကိုမောင်မောင် အလေးအနက်စဉ် စေချင်ပါတယ်''

''ဩော်.. အဲဒီလိုလား။ ကျွန်တော်ကတော့ သိုက်အဆက် နတ်တို့ စုန်းတို့ကို မယုံပါဘူး။ မသော်အချစ်ကို ရလို့ သေရမယ်ဆို တောင် ကျွန်တော်ဆယ်ခါပြန်သေရဲပါတယ်ဗျာ''

''ကိုမောင်မောင်အတွက် ကျွန်မပြောနေတာပါ။ တိုက်ဆိုင် ရင်လည်း ဒုတိယတိုက်ဆိုင်မှုတစ်ခုမဖြစ်အောင် ကျွန်မကကြယ် လေ၊ ကျွန်မ အသည်းကွဲခံပြီး ပြောနေရတာပါ။ ကိုမောင်မောင်လို တစ်ယောက်အတွက် ချစ်ခင်ရမယ့် မိန်းကလေးတွေ မရှားပါဘူး စဉ်းစားပါဦး''

''မသော် အဲဒီလိုပြောလေ၊ ကျွန်တော်အတွက် ဆုံးဖြတ် နိုင်မှာလေပဲ၊ ကျွန်တော် အလေးအနက်စဉ်းစားပြီးပြီ၊ မသော် ကျွန် ကိုချစ်ဖို့ပဲ အရေးကြီးတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်နောက်မဆုတ်





ိုင်မယ်။ မသော် ကျွန်တော့်ကို ချစ်တယ်မဟုတ်လား။ အဲဒါဆိုရင် ်ပြီ''

''ဟုတ်ကဲ့ပါရှင်။ ကိုမောင့်သဘောအတိုင်းပါပဲရှင်''

ကျွန်မစကားကြားရတော့ ကိုမောင်မောင်မှာ ကျွန်မလက် လေးအား ဆုပ်ကိုင်ပြီး ဝမ်းသာလွန်း၍ ခုန်ပေါက်နေရှာပါသည်၊ ချိန်တွင် တောက်တဲ့ကြီးက အော်ပြန်ပါသည်။

''တောက်တဲ့.. တောက်တဲ့.. တောက်တဲ့..''

ကျွန်မမှာလည်း နှစ်နှင့်ချီ၍ ချုပ်တည်းထားရသောစိတ်ကို ပေးလိုက်မိပြီး ကိုမောင်မောင်၏အပျော်များ ကျွန်မထံ ကူးစက်လာပါ ။ ထိုနေ့က ရွှေတိဂုံဘုရားသို့ သွားကြပြီး ကျွန်မတို့နှစ်ဦး၏ မွေးနေ့ တိုင် ကြာသပတေးနံ့တွင် ပန်း၊ ဆီမီး၊ ရေချမ်း၊ သက်စေ့ပူဇော်ကြ၍ ဆုများ တောင်းကြပါသည်၊ နှစ်ဦးတွဲ၍ ဓာတ်ပုံရိုက်ကြပြီး တစ်ပုံစီယူ တ်ပုံနောက်ကျောတွင် နှစ်ဦးစလုံး အမှတ်တရ လက်မှတ်ထိုးကြ ည်။

ညနေ အိမ်ပြန်ရောက်တော့ ကျွန်မပျော်ရွှင်နေဟန်ကို မြင်ရ အမေက..

''သမီး သိပ်ပျော်နေတယ်ထင်တယ်။ စာမေးပွဲကြီး ပြီးသွားတော့ ်ပေါ့သွားပြီပေါ့ကွယ်''

''ဟုတ်ပါတယ် အမေ၊ တာဝန်ကြီးတစ်ခုကို အောင်အောင်မြင် ောင်ရှက်ပြီးလို့ အလုံးကြီးကျသွားသလိုပါပဲ၊ နောက်တစ်ခုကတော့ ာင်မောင်တို့မိသားစု လာမယ့်တနင်္ဂနွေနေ့မှာ လာတောင်းရမ်းလိမ့် အမေ။ အဲဒါ အဖေ့ကိုပြောပြီး ကြိုတင်စီစဉ်ပေးပါဦး''

''သမီး စိတ်ချမ်းချမ်းသာသာနဲ့ ပျော်ပျော်ရွှင်ရွှင် နေပါကွယ်။



www.burmeseclassic.com

www.burmeseclassic.com



အမေ အားလုံးစီစဉ်ပေးပါ့မယ်။ သမီးအဖေကလည်း အရင်လို
တော့ပါဘူးကွယ်၊ အမေ တာဝန်ယူပါကယ်။ ညနေ သမီးအဖေ
လာတာနဲ့ အမေအသိပေးလိုက်ပါ့မယ်။ သမီးစိတ်ချနေပါ''

စနေနေ့တစ်နေ့လုံး အမေပြင်ဆင်နေပါသည်။ အိမ်ကို
အိမ်နီးချင်းကောင်လေးများကိုခေါ်၍ သန့်ရှင်းရေးလုပ်ပါသည်။
တော့ အိမ်အပြင် ပန်းအိုးများအား ရေလောင်းခြင်း၊ ပေါင်းသင်
စီစဉ်နေရာချထားနေပါသည်၊ ဧည့်သည်များအား နေ့လယ်စာထမ
မည်ဟု အမေက ပြောသည်၊ ထို့ကြောင့် အမေနှင့်အတူလိုက်၍
ဝယ်ပေးရသေးသည်။ အမေစီစဉ်ပုံမှာ ပြည့်စုံလှသည်။ ဧည့်ခ
အတွက် ပန်းကအစ အမေက ရွေးပေးသည်။ ညဘက်တွင်
အမေက အစောကြီးအိပ်နိုင်းပြီး သူကတော့ တကုပ်ကုပ်ပြင်ဆင်
သည်။ ကျွန်မလည်း အိပ်ခန်းထဲဝင်ပြီး မနက်ဖြန်အတွက် ဝတ်
ရပါတော့သည်။ နောက်ဆုံး ကိုမောင်မောင့်အကြိုက် အရောင်
အဆင်များအား ရွေးချယ်လိုက်ပါတော့သည်။

ဘုရားဝတ်ပြုအပြီး ညအိပ်ရာဝင်ရာ အတော်နှင့် အိပ်
ဝမ်းသာပြီး စိတ်လှုပ်ရှားလွန်း၍ ဖြစ်ပါလိမ့်မည်။ ည (၁၀) နာ
အိပ်ပျော်ရာ အိပ်မက်ထဲတွင် ကျွန်မတစ်ဦးတည်း တက္ကသိုလ်
တောက ထိုင်ခုံကလေးတွင် ထိုင်နေမိပြီး တောက်တဲ့အော်
မော့ကြည့်ရာ တောက်တဲ့ကြားကြီးတစ်ကောင်မှာ ကုံကော်ပ
အော်နေခြင်းဖြစ်ပြီး အသေအချာကြည့်ရာ တောက်တဲ့ဦးခေါင်း
တွင် ကိုခင်မောင်ညွန့်၏မျက်နှာဖြစ်နေပြီး ကျွန်မအား စကားလု
သည်။

''မသော်. . ဝမ်းသာပါတယ်၊ ဒါပေမဲ့ ဒီထိုင်ခုံပေါ်ကို





မထိုင်ပါနဲ့။ ကိုမောင်မောင်နဲ့တွဲပြီး လာထိုင်ရင် ကျွန်တော်မနေတတ်ဘူး။
မသော်တစ်ယောက်တည်းလာထိုင်တာကိုတော့ ကျွန်တော်ကြိုဆိုပါတယ်။
နောက်ဆိုလည်း မသော်တစ်ယောက်တည်း လာထိုင်မှာပါ''

ကျွန်မ အိပ်ရာက လန့်နိုးပါသည်။ နာရီကြည့်လိုက်တော့ ည
လယ် (၁၂) နာရီသာ ရှိသေးသည်။ ပြန်အိပ်သော်လည်း မပျော်တော့ပါ။
စိတ်စွဲလမ်း၍ ဖြစ်ဟန်တူပါသည်။ ကျောင်းပြီးသွားပြီဖြစ်၍ ကုံကော်တော
ဘက်လည်း ခြေဦးလှည့်ရန် အကြောင်းမရှိတော့ပါ။ ဟိုတွေးဒီတွေးဖြင့်
မိုးလင်းသွားပါသည်။ မနက် (၅) နာရီခန့် အိပ်ရာထ၊ မျက်နှာသစ်တော့
အမေ မီးဖိုချောင်ဝင်၍ ချက်ပြုတ်နေပါပြီ၊ အဖေကတော့ ဘုရားခန်းတွင်
ဘုရားဝတ်ပြုနေသည်။ အမေ့အား ဝိုင်းဝန်းကူညီရန် ကျွန်မ မီးဖိုချောင်ထဲ
ဝင်တော့ အမေက. .

''သမီး လုပ်စရာရှိတာလုပ်ပါ။ ဒီမှာ မစုနဲ့မနု ရှိတယ်၊ ဟင်း
တစ်မျိုးပဲ ကျန်ပါတော့တယ်။ သမီးကိစ္စတွေ ပြီးရင်တော့ ထမင်းစားပွဲ
ပေါ်မှာ လက်ဖက်ရည်နဲ့ မုန့်တွေ အဆင်သင့် ရှိတယ်။ သမီးအဖေလည်း
ဘုရားရှိခိုးပြီး ဆင်းလာတော့မှာ။ သူ့အတွက်လည်း ဝတ်စုံတွေအဆင်သင့်
ရွေးထားတယ်''

ဩော်. . အမေ. . အမေ. .။ သမီးကိစ္စအတွက် သူ့ခမျာ
ပင်ပန်းရှာလှသည်။ ဝီရိယလည်း ကောင်းရှာသည်။ ညက အိပ်တောင်အိပ်
ရဲ့လား မသိပါ။ ကျွန်မ အပေါ်ထပ်ပြန်တက်တော့ အဖေနှင့် လှေကားရင်း
တွင် ဆုံသည်။

''သ . . အဲ ဘုရားဝတ်ပြုမလို့ မဟုတ်လား။ ပြီးရင် လက်ဖက်ရည်
သောက်၊ ရေမိုးချိုး ပြင်ဆင်တော့ကွယ့်''

''ဟုတ်ကဲ့ အဖေ''



www.burmeseclassic.com

www.burmeseclassic.com



အဖေလည်း စိတ်စောနေဟန်ရှိပါသည်။ အခုမှ (၆) နာရီခွဲသာ ရှိပါသေးသည်။ ကျွန်မ နာရီဝက်ခန့် ဘုရားရှိခိုး၊ ပုတီးစိပ်ပြီးနောက် ဆုတောင်းမေတ္တာပို့သပါသည်။ ကျွန်မ အပေါ်ထပ်ကဆင်းလာပြီး လက်ဖက်ရည်စားပွဲထိုင်တော့ အဖေရှိနေပါသည်။

"သမီးကို စကားပြောချင်လို့ စောင့်နေတာ။ သမီးချစ်သူ မောင်မောင်ကို အဖေတို့ မမြင်ဖူးသေးပါဘူး။ ဒါပေမဲ့ အဖေတို့သဘောတူပါတယ်။ သမီးစိတ်ကြိုက် ရွေးထားတာဆိုတော့ အဖေတို့လည်း သဘောကျမှာပါ။ အဖေ ပေဒင်ကို မယုံပါဘူး။ တိုက်ဆိုင်မှုကိုတော့ ယုံတယ်။ ဒုတိယတိုက်ဆိုင်မှု မဖြစ်အောင်တော့ သမီးတို့တာဝန်ပဲ။ ဘုရားတရားအလုပ်ကို သမီးတို့နှစ်ဦးစလုံး ကြိုးကြိုးစားစားလုပ်ကြကွယ့်"

"ဟုတ်ကဲ့ပါ အဖေ၊ သမီးကြိုးစားလုပ်ပါ့မယ်"

အဖေ အပေါ်ထပ်ပြန်တက်သွားတော့ ကျွန်မတစ်ဦးတည်း စားသောက်နေစဉ် အငယ်မ အိပ်ရာမှနိုး၍ အပေါ်ထပ်မှ ဆင်းလာပါသည်။ နေမြင့်မှ အိပ်ရာထတတ်သူ ညီမငယ်မှာ ယနေ့တော့ အစောကြီးနိုးလာဟန်တူသည်။

"မမကြီး သမီးကို စောင့်ဦးနော်။ သမီး မျက်နှာသစ်လိုက်ဦးမယ်"

"အေး.. အေး.. ညီမလေး။ မြန်မြန်လုပ်နော်..။ မမကြီးမှာ လုပ်စရာကိစ္စတွေ ရှိသေးတယ်"

"ဟုတ်.."

မကြာပါ..။ ညီမငယ်မှာ လက်ဖက်ရည်စားပွဲတွင် ထိုင်၍စားသောက်ရင်း ကျွန်မအား မေးပါတော့သည်။

"မမကြီး.. ဦးမောင်မောင်က ဦးခင်မောင်ညွန့်ထက် ချောလား"





ကျွန်မ မဖြေရသေးမီ မီးဖိုချောင်မှ အမေရောက်ရှိလာပါသည်။

"သမီးငယ်.. ဘာတွေမေးနေတာလဲ။ မမကြီး အလုပ်တွေရှိသေးတယ်၊ တွေ့ပဲ တွေ့ရတော့မယ့်ဥစ္စာ။ သမီးငယ်ကိုလည်း ရေချိုးပြီးရင် ဝတ်အစားရွေးပေးလိုက် သမီးကြီးရေ"

"ဟုတ်ကဲ့ အမေ"

ကျွန်မ မဖြေချင်သောကိစ္စကို အမေက ဝင်ဖြေသွားခြင်းဖြစ်သည်။ ညီမငယ်ကတော့ ကျေနပ်ဟန်မတူပါ။ ကျွန်မ အပေါ်ထပ်ပြန်တက်ခဲ့ပါသည်။ ရေမိုးချိုး၊ ဖြီးလိမ်းပြင်ဆင်ခြင်းအတွက် အချိန်ယူရပါဦးမည်။

ညက ရွေးချယ်ထားသော ဝတ်စုံငါးစုံအား တကယ်ဝတ်ကြည့်လိုက်တော့ စိတ်တိုင်းမကျပြန်ပါ။ ထပ်မံရွေးချယ်ရာ နာရီဝက်ခန့်အကြာတွင် အပြာနုရောင်ဝတ်စုံကလေးအား စိတ်တိုင်းကျမိသဖြင့် ရေချိုးဆင်းပြီး ဖြီးလိမ်းပြင်ဆင်ရပါတော့သည်။ ညီမငယ်ကလည်း အပြာနုရောင်အား သဘောကျသည်ဆို၍ သူ့အတွက်လည်း အပြာနုရောင်ဝတ်စုံကလေးအား ရွေးချယ်ပေးရပါသည်။ မိတ်ကပ်အရောင်၊ နှုတ်ခမ်းနီအရောင်၊ ဖိနပ်အရောင်များအား စိတ်တိုင်းကျရွေးချယ်ပြီးနောက် လည်ဆွဲနှင့် နားကပ်တို့အား ရွေးချယ်ရပြန်ပါသည်။ နောက်ဆုံး အပြာနုရောင်ဝတ်စုံဖြင့် လိုက်ဖက်စေရန် အမေပေးထားသည့် ပတ္တမြားတစ်ဆင်စာအား ဝတ်ဆင်လိုက်ရပါတော့သည်။ နှုတ်ခမ်းနီရဲရဲ လက်သည်းနီရဲရဲနှင့် လိုက်ဖက်မည်ဟုတော့ ထင်ပါသည်။ မနက် (၈း၃၀) နာရီတွင် အမေ အပေါ်ထပ်သို့တက်လာပြီး ကျွန်မအလှပြင်ဆင်ခြင်းကို ကြည့်ရှုပါသည်။

"သမီးရေ.. နီရဲလွန်းတယ်ကွယ့်၊ လှတော့လှပါတယ်၊ သမီး.. လက်သည်းနီနဲ့ နှုတ်ခမ်းနီကို ပန်းရောင်ပြောင်းဆိုးလိုက်ကွယ့်၊ အနီရောင် လျော့သွားတာပေါ့။ ဆံပင်ကိုလည်း ဖားလျားမထားနဲ့။ နောက်မှာစုပြီး



www.burmeseclassic.com

www.burmeseclassic.com



ချည်ထားလိုက်။ ဟုတ်ပြီ..။ မျက်နှာအနေအထား တည်ကြည်ခန့်ည
သွားတာပေါ့။ လက်စကအင်္ကျီက တော်ဆန်သလိုပဲ၊ အပြာရောင်လက်
အင်္ကျီ ရှိသေးတယ်မဟုတ်လား။ ပြောင်းဝတ်လိုက်ကွယ်။ ဒါမှ သမီ
လက်မောင်းအလှ ပေါ်မှာပေါ့။ သမီးတို့ လူငယ်တွေပဲ၊ မကာလက်မ
ကွယ်"

အစ်မကြီးတစ်ယောက်လိုတစ်မျိုး အမေလိုတစ်မျိုး ဆုံးမ
သင်တတ်သော အမေ့အား ကျွန်မလိုက်လျှော့ကန်တော့မိပါသည်။ အေ
သောအလှအပကို ဆင်ယင်ခြယ်သတတ်ရုံတင်မက အချက်အပြုတ်
ရာ အထူးကောင်းမွန်သော အမေလည်းဖြစ်သည်။ အချစ်အလုပ်
တတ်သည်။ အိမ်ထောင်ရှင်ကောင်းတစ်ဦးဖြစ်သည့် အမေထံမှ အ
သင်ယူစရာ များစွာကျန်ပါသေးသည်။ ကျွန်မ အမေပြောသည့်အ
ပြောင်းလဲပြင်ဆင်နေစဉ် အမေက ညီမငယ်အတွက်လည်း ဝတ်စုံရွေး
၍ ဖြီးလိမ်းပြင်ဆင်ပေးသွားပါသည်။ အဖေ့အခန်းဘက် ကူးသွားသ
အဖေ့ကိုလည်း လိုက်ဖက်လျော်ညီအောင် ဆင်ယင်ပေးဦးမှာ အမှ
ဖြစ်ပါသည်။

မနက် (၉) နာရီတိတိတွင် ဧည့်သည်များ ရောက်ရှိလာပါသ
Corolla Van တစ်စီးနှင့် Publica Pickup တစ်စီးတို့ဖြင့်
သည်။ ကျွန်မတို့က အိမ်ပေါက်ဝမှကြိုဆို၍ နေရာပေးရာ ကိုမောင်
မှ သူ့မိဘများ၊ ရပ်ရွာလူကြီးများနှင့် ကျွန်မတို့မိသားစုအား မိတ်ဆက်
ပါသည်။

ဧည့်ခန်းတွင် ထိုင်လျှင်ထိုင်ချင်း ကိုမောင်မောင့်အဖေ
"ကျွန်တော်ကတော့ အချိန်လေးစားတယ်ဗျ ဦးသော်တ
အခုလည်း သာမညတောင်ဆရာတော်ဘုရားကြီးရဲ့ မင်္ဂလာအချိန်ကို





လုပ်လုပ်ကြရအောင်။ ဒီနေ့ တနင်္ဂနွေနေ့ဆိုတော့ မင်္ဂလာအချိန်က
နက် (၉) နာရီနဲ့ (၁၀) နာရီအတွင်းပဲ၊ စေ့စပ်ပွဲအခမ်းအနားကို အဲဒီ
ချိန်အတွင်း အပြီးလုပ်ကြရအောင်၊ စားတာ၊ သောက်တာ၊ ဧည့်ခံတာ
နောက်မှလုပ်ဗျာ"

"ဟုတ်ကဲ့ ဦးတင်မောင်ခင်ဗျား"

သို့နှင့် နှစ်ဖက်မိဘလူကြီးများအစီအစဉ်ဖြင့် စေ့စပ်ပွဲကို ကျင်းပ
သည်။ လက်ထပ်ပွဲကိုတော့ ကျွန်မတို့နှစ်ဦးတိုင်ပင်ရမည်ဖြစ်ပြီး နေ
ကိုတော့ ကျွန်မကြိုက်ရာရွေးချယ်ရန် ခွင့်ပေးပါသည်။ သူတို့အသင့်
လုပ်လာသည့် စေ့စပ်လက်စွပ်ကိုလည်း နှစ်ဖက်မိဘများရှေ့တွင် ရပ်ရွာ
ကြီးများက ဝတ်ဆင်ပေးပါသည်။ ကြာသပတေးသားသမီးများဖြစ်၍
နှင့်မြကို ကွင်းထားသည့် အသည်းပုံမြလက်စွပ်ကလေး ဖြစ်ပါသည်။
က်ထပ်လက်စွပ်ကိုတော့ စိန်စီ၍ မြရံထားသော လက်စွပ်နှစ်ကွင်းအား
ထိမ်တွင် စိတ်ကြိုက်ဒီဇိုင်းဆွဲ၍ အပ်နှံထားကြောင်း ကိုမောင်မောင်က
ပြောပါသည်။ စေ့စပ်ပွဲအပြီးတွင် နေ့လယ်စာ ထမင်းစီစဉ်ထားကြောင်း
ရသည်နှင့် ကော်ဖီနှင့်မုန့်များပင် မစားကြတော့ဘဲ လက်စုံထမင်းဝိုင်း
င်ကြပါသည်။
တင်မောင်..

"ကျုပ်ကတော့ ပွင့်လင်းတယ်ဗျ။ စားစရာရှိ စား၊ လုပ်စရာရှိ
၏။ ဟုတ်တယ်မဟုတ်လား ဦးသော်တာ"
မေ..

"ဟုတ်တာပေါ့ ဦးတင်မောင်ရယ်။ ပြောစရာရှိတာလည်း
ပွင့်လင်းလင်းပြောကြတာ အကောင်းဆုံးပေါ့"

ကိုမောင်မောင့်အမေက..



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တာပေါ့ရှင်။ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ကျွ
ချွေးမလေးကို မြင်ရတာနဲ့ ရင်အေးသွားတာပဲ။ ကျွန်မထင်တာထ
ပိုချောနေလို့ပါ။ ပညာကလည်း သားနဲ့တစ်တန်းတည်းဆိုတော့ ပြော
မရှိပါဘူး''

အဖေနှင့်အမေကတော့ တပြုံးပြုံးပါ။ ညီသည်များမှာ အ
လက်ရာကို အားရပါးရ စားကြပါသည်။ နှစ်ဖက်မိဘများ အဆင်ပြေ
လည်း ကျွန်မတို့ ဝမ်းသာကြရပါသည်။

နေ့လယ်စာ စားပြီးနောက် လက်ဖက်ရည်ဝိုင်းတွင် ကိုမေ
မောင့်အဖေမှ..

''ဦးသော်တာရေ..ဘာမှမပူနဲ့ဗျို့။ အားလုံး ကျုပ်တို့တာ
ထား။ အိမ်မှာ ကားနှစ်စီးရှိတယ်။ တစ်စီးကို သားတို့ သမီးတို့ အ
လက်ဖွဲ့မယ်။ နေစရာလည်း ကျုပ်မှာ စမ်းချောင်းမှာ တိုက်တစ်လုံးအ
တယ်။ တစ်ဦးတည်းသောသားဆိုတော့ လက်ဖွဲ့ရဦးမှာပဲ။ လုပ်ငန်းကိုင
အတွက်လည်း မပူနဲ့။ ကျုပ်မှာ လုပ်ငန်းခွဲတွေရှိတယ်။ သားက ဦးစီး
ချွေးမက စာရင်းကိုင်ပေါ့။ ကျုပ် အကုန်စီစဉ်ထားပါတယ်''

''ကောင်းလှပေါ့ ဦးတင်မောင်ရယ်၊ အဘက်ဘက်က ပြည့်
ဗျာ။ ကျွန်တော့်သမီးလေး ကံကောင်းတာပေါ့''

''ဒါတင် ဘယ်ကမလဲ ဦးသော်တာရဲ့။ ခင်ဗျားလည်း ဘ
မန်နေဂျာဆို၊ ပင်စင်ရရင် ထွက်ဗျာ။ ကျွန်တော့်မှာ ပွဲရုံတွေ ရှိသေးတ
အဲဒီမှာ မန်နေဂျာလုပ်ပေါ့ဗျာ''

''ကျွန်တော်က ပင်စင်နီးပေမယ့် တစ်နှစ်လောက်ကျန်
တယ်ဗျ၊ ဒါပေမဲ့ သားတို့ သမီးတို့ ကိစ္စတွေပြီးရင်တော့ ပိတ်ရက်တွေ
ဦးတင်မောင်ရဲ့ ပွဲရုံကိစ္စတွေကို လေ့လာရတာပေါ့ဗျာ။ ပွဲမဝင်ခင် အပြ





ကျင်းပ ဆိုတာလိုပေါ့ဗျာ''

''အကောင်းဆုံးပေါ့ဗျာ။ ပွဲရုံအလုပ်က ဦးသော်တာတို့ ဘဏ်
အလုပ်လောက် မခက်ပါဘူးဗျာ။ ကုန်ပစ္စည်းအဝင်အထွက်၊ အတက်အကျ
ဈေးနှုန်းတွေကို ညှိနှိုင်းပြီး ရောင်းသင့်တာရောင်း၊ သိုမှီးသင့်တာ သိုမှီး၊
ဝယ်သင့်တာ ဝယ်ရုံပါပဲ''

နှစ်ဖက်မိဘများ အဆင်ပြေကြသဖြင့် ကျွန်မတို့စေ့စပ်ပွဲလေး
အောင်မြင်အထမြောက်ပါသည်။ အပြန်တွင် ကိုမောင်မောင်နှင့် ၎င်း၏
မိဘများကပါ အိမ်အလည်ခေါ်သဖြင့် ကျွန်မက မိဘများအား ခွင့်တောင်း
ရာ ခွင့်ပြုကြပါသည်။

ကားပေါ်တွင် ကိုမောင်မောင်မောင်းသဖြင့် ကျွန်မက ရှေ့ခန်း
တွင် ထိုင်ရပါသည်။ ကိုမောင်မောင်၏ မိဘများကတော့ နောက်ခန်းတွင်
ထိုင်ကြပါသည်။ သူတို့အိမ်မှာ စမ်းချောင်း မီးသတ်အနောက်ဘက်တွင်
ဖြစ်ပြီး ခြံဝင်းနှင့်အိမ်ကြီးမှာ အတော်ကြီးမားကျယ်ပြန့်ပြီး ခေတ်မီလှပါ
သည်။ အိမ်ရောက်သည်နှင့် ကိုမောင်မောင်၏မိခင်မှ..

''သမီး..လွတ်လွတ်လပ်လပ်နေပါ။ ဒါလည်း သမီးတို့အိမ်ပါပဲ၊
နောင်တစ်ချိန်မှာ အဖေတို့ အမေတို့ ဆုံးပါးသွားရင် သမီးတို့ အမွေရမှာ
ပါပဲ။ ခဏနားပြီးရင် သားက သမီးတို့လက်ထပ်ပြီးရင် နေရမယ့်အိမ်ကို
လိုက်ပြလိမ့်မယ်ကွယ့်''

''ဟုတ်ကဲ့ပါ မေမေ''

ကိုမောင်မောင်က ကျွန်မလက်အား ဆွဲခေါ်ပြီး အပေါ်ထပ်သို့တက်
လာကြရာ အိမ်ဖော်ဖြစ်ဟန် မိန်းကလေးများက လိုက်ကြည့်နေပါသည်။
အိမ်အပေါ်ထပ်တွင် ဘုရားခန်းကြီးမှာ ကျယ်ဝန်းလှပြီး ဆင်ကိုးကောင်
ပေါ်တွင် သီတင်းသုံးတော်မူနေသည့် 'မဟာသွံ့သာရ' ရုပ်ရှင်တော်မြတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးအား ကြည့်ညိုဖွယ် ဖူးတွေ့ရသည်။ ကျွန်မ မနေနိုင်တော့ဘဲ ကိုမောင် မောင့်လက်ကိုဆွဲ၍ ထိုင်ခိုင်းပြီး အာရပါးရှုးမြော်မိပါသည်။ မိဘများ အခန်းမှာ ဘုရားခန်းအနီးတွင်ရှိပြီး ကိုမောင်မောင့်အခန်းမှာ အနောက် ဘက်တွင် ရှိပါသည်။ တတိယအခန်းမှာ အလင်းရောင်ကောင်းမွန်စွာ ရသည့် စာကြည့်ခန်းဖြစ်သည်။ မြောက်ဘက်တွင် ဧည့်ခန်းနှစ်ခန်းရှိသည် စာကြည့်ခန်းနှင့် မျက်နှာချင်းဆိုင် ဧည့်ခန်းနှစ်ခန်း၊ အစွန်ဆုံးတွင် ရေချိုး ခန်းနှင့် အိမ်သာရှိပါသည်။

ကိုမောင်မောင်က ကျွန်မအား အပေါ်ထပ်ကို လိုက်ပြပြီး အောက်ထပ်ဆင်းလာကြရာ ကိုမောင်မောင်၏အဖေနှင့်အမေမှ ထမင်း စားခန်းတွင် လက်ဖက်ရည်သောက်ရန် စောင့်ဆိုင်းနေပါသည်။

"လာကြ..လာကြ..သမီးနဲ့သားတို့။ လက်ထပ်ပြီးရင်လည်း ဒီအိမ်မှာ နေလို့ရတယ်ကွယ့်။ လွတ်လွတ်လပ်လပ်နေချင်ရင်တော့ စမ်း ချောင်းဓာတ်ဆီဆိုင်နားကအိမ်မှာလည်း သွားနေလို့ ရတယ်ကွယ့်။ အဲ အိမ်ကလည်း ကောင်းပါတယ်။ သားတို့ သမီးတို့ကို လက်ဖွဲ့မယ့် အိမ် ကွယ့်။ စားသောက်ပြီးကြရင် သားလိုက်ပြလိုက်ပါကွယ်"

စားသောက်နေကြစဉ် ကိုမောင်မောင်၏မိဘနှစ်ပါးမှာ ကျွန်မ အား လေ့လာနေကြပြီး တပြုံးပြုံးဖြင့် သဘောကျနေဟန်လည်း ရှိပါသည် ကိုမောင်မောင်ကတော့ စကားနည်းသူဖြစ်သဖြင့် မိဘနှစ်ပါးရှေ့တွင် ရိုကျိုးဟန်ရှိပါသည်။

ကျွန်မတို့ လက်ဖက်ရည်သောက်ပြီးနောက် Corolla ကား လေးဖြင့် စမ်းချောင်းဓာတ်ဆီဆိုင်ဘက်သို့ ထွက်ခဲ့ကြသည်။ ကျွန်မ နေရမည့်အိမ်ကလေးမှာ ဓာတ်ဆီဆိုင်နှင့် နှစ်ခြံကျော်တွင်ရှိပြီး လသ တန်းဖြစ်သည်။ ကျယ်ဝန်းလှသောခြံအတွင်း ဘန်ဂလိုပုံစံ သောက်လု





ထားသော တိုက်သစ်ကလေးဖြစ်သည်။ ပန်းပင်များကလည်း စုံလင်လှ သည်။ အထူးသဖြင့် ကျွန်မနှစ်သက်သော သစ်ခွပန်းများအား စင်များနှင့် ထိုး၍ စိုက်ပျိုးထားခြင်းဖြစ်သည်။ နိုင်ငံခြားမျိုးများအပြင် ရှိုင်သဇင်ဥ များကိုလည်း၊ တိုင်ကြီးများဖြင့် စိုက်ပျိုးထားသဖြင့် သဇင်ပန်းရနံ့က သင်းပျံ့လှသည်။

အိမ်ကလေးမှာ တစ်ထပ်တိုက်ကလေးဖြစ်၍ မကျယ်ဝန်းလှ သော်လည်း အိမ်အင်္ဂါရပ်ဖြင့် ပြည့်စုံပါသည်။ အနောက်ဘက်တွင် ကား ဒေါင်နှင့် အလုပ်သမားအိမ်ကလေးလည်း ရှိသည်။ ဤခြံတွင် ခြံစောင့် ထင်မယားသာ ထားရှိကြောင်းလည်း သိရသည်။

"မသော်..ဒီခြံက ကိုမောင်လက်ထပ်ရင် နေဖို့ မိဘတွေက ဆောက်ပေးထားတာ။ ပန်းပင်တွေကတော့ ကိုယ့်လက်ရာတွေပါ။ စိတ်ကူး သလို ပုံဖော်ထားတာ။ မသော်ကြိုက်ရဲ့လားဟင်"

"ကြိုက်ပါတယ် ကိုမောင်။ မသော် အလွန်စိတ်ချမ်းသာပါတယ်။ သော်ထင်ထားတာထက်တောင် ပိုနေပါသေးတယ်။ ကိုမောင့်မိဘနှစ်ပါး ကိုလည်း အရမ်းကျေးဇူးတင်မိပါတယ်ရှင်"

ကိုမောင်နှင့် ကျွန်မ အိမ်ကလေး၏ ဧည့်ခန်းတွင် ထိုင်ကြရင်း ကိုမောင်က ကျွန်မပခုံးကလေးအား ဖက်ရင်း..

"မသော်..ကိုယ့်တို့ အမြန်ဆုံးလက်ထပ်ကြရအောင်နော်။ လက်ထပ်ပြီးရင် တောင်ကြီးဘက် သွားလည်မယ်။ အင်းလေးဖောင်တော် ဘုရားလည်းဖူးရင်း၊ တောင်ကြီးက ပွဲရုံတွေကိုလည်း စစ်ဆေးရင်းပေါ့။ တောင်ကြီးမှာလည်း အနားယူဖို့ အိမ်ကလေးတစ်လုံး ရှိသေးတယ်။ အဲဒီတော့ မသော်က လက်ထပ်ချင်တဲ့နေ့နဲ့ နေရာကို အမြန်ဆုံးရွေးချယ် ပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့ပါ ကိုမောင်၊ မသော်မိဘတွေနဲ့ တိုင်ပင်ပြီး အမြန်ဆုံး ... အဖြေပေးပါ့မယ်။ ခဏကလေး စောင့်ပါနော်”

“မှသော်.. အချိန်မဆွဲနဲ့နော်။ ကိုမောင် မနေနိုင်တော့ဘူး”

သူ ပထမဆုံးအကြိမ်အဖြစ် ကျွန်မနဖူးကလေးကို နမ်းပါသည်။ ကျွန်မကလည်း ကြည်လင်ရွှင်ပျစွာ လက်ခံမိပါသည်။ သူ တစ်ဆင့်တိုးလာ... ၍ ကျွန်မတားရပါတော့သည်။

“ကိုမောင်.. တော်တော့ကွယ်၊ ပေးထားတဲ့အမှတ်တွေ လျော့... ကုန်လိမ့်မယ်နော်”

“အင်း.. ဟုတ်ပါရဲ့။ ကိုမောင်လည်း အောင့်ထားရတာ ကြာ... တော့ စိတ်ကို လွှတ်ပေးလိုက်မိတယ်။ မသော် စိတ်မဆိုးနဲ့နော်”

ကျွန်မတို့ ခဏနားပြီး ကိုမောင်တို့အိမ်သို့ ပြန်လာကြပါသည်။ ညနေစောင်းပြီဖြစ်၍ ကိုမောင့်မိဘများက ညနေစာထမင်းစားပြီးမှပြန်ရန် ... တားသဖြင့် ထမင်းလက်ဆုံ စားကြရပါသေးသည်။ အပြန်တွင် ကိုမောင်... က လိုက်ပို့သည်။ ကျွန်မအမေက ညစာစားရန် ပြင်ဆင်ထားသော်လည်း ညစာစားပြီးသဖြင့်လည်းကောင်း၊ ကိုမောင် အပြန်နောက်ကျမှာစိုး၍ ... လည်းကောင်း စောစောပြန်နိုင်းရပါသည်။ ကိုမောင်ကတော့ ကျွန်မ... မျက်နှာကို ကြည့်လို့မဝဟန်ဖြင့် မပြန်ချင်သေးပါ။

“ကိုမောင်.. ပြန်တော့နော်။ နောက်ကျရင် ကိုမောင့်မိဘတွေ ... စိတ်ပူနေဦးမယ်။ မနက်ဖြန်မှ လာခဲ့နော်။ မနက်ဖြန် ရွှေတိဂုံဘုရား... သွားဖူးမယ်”

“အမိန့်တော်မြတ်အတိုင်းပါခင်ဗျား။ မနက်ဖြန် စောစောလာ... မယ်။ မသော် အသင့်ပြင်ဆင်ထားပါ”

ကိုမောင့်မှာ ပြောပြောဆိုဆို ကျွန်မပါးလေးအား ခိုး၍နမ်းသွား...





...သေးသည်။ ကြာလျှင် ပိုကဲမှာစိုး၍ ကျွန်မ ကိုမောင့်အား ကားပေါ်သို့ ...နှလိုက်ပို့လိုက်ရပါသည်။

“ကိုမောင်.. ကောင်းကောင်းပြန်နော်။ ဟိုသည် မဝင်နဲ့တော့။ ...ကို ဂရုစိုက်မောင်းပါ။ စိတ်ရှည်ပါ၊ သည်းခံပါနော်။ ကြားလား..”

“ဟုတ်ကဲ့.. ကြားပါတယ်ခင်ဗျား။ ပြန်ပါဦးမယ်ခင်ဗျ။ မသော်.. ... မနက်ဖြန် စောစောလာမှာနော်”

“ဟုတ်ကဲ့.. လာခဲ့ပါ။ ဒီကျမှ မျက်နှာသစ်ပါ။ Break Fast ...”

“တကယ်လား..။ ဒါဆို ဒီမှာပဲအိပ်တော့မယ်။ အိမ်ကို ဖုန်း...လိုက်မယ်လေ”

“ဟိုး.. ဆရာ.. ဟိုး.. အစောကြီးကျန်သေးတယ်”

“ဘယ်စောတော့မှာလဲ မသော်ရယ်။ အခုပဲ ည (၈) နာရီ ထိုး...မယ်”

“အချိန်ကို ပြောတာမဟုတ်ဘူး ဆရာကြီးရဲ့။ လက်မထပ်ရ...သေးလို့ ပြောတာ”

“သိပါတယ်၊ တမင်ပြောတာပါ။ ကဲ.. မသော် အချစ်ရေ..။ ...သွားပြီနော်”

ကျွန်မ လက်ပြနှုတ်ဆက်ရင်း ကိုမောင့်ကား နောက်မီးနီကလေး ...ကွယ်သွားသည်အထိ ခြံဝတွင် ငေးကြည့်နေမိပါသည်။ ထိုစဉ် လေအေး ...သလို စိမ့်ခနဲဖြစ်သွားပြီး ချမ်းစိမ့်စိမ့်ဖြစ်လာပါသည်။ မဆီမဆိုင် ...မောင်ညွှန့်အား သတိရမိသဖြင့် ကျွန်မ ခြံဝင်းတံခါးအား သော့ ...ခတ်၍ အိမ်တွင်းသို့ ဝင်ပြေးလာမိပါသည်။ အမေက အိမ်ဝမှ ...ကြည့်..



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့.. သမီး၊ ဘာဖြစ်တာတုံး"

"ချမ်းစိမ့်စိမ့်ဖြစ်သွားလို့ပါ အမေ"

"တစ်နေ့လုံး အပြင်သွားနေတော့ အအေးပတ်သွားတာ
တယ်၊ သမီး ညဘက် ရေမချိုးနဲ့တော့နော်၊ ခြေလက်ဆေး၊ ဘုရားဝ
ပြီး စောစောအိပ်ရာဝင်တော့နော်"

"ဟုတ်ကဲ့ အမေ"

ကျွန်မ အမေပြောသည့်အတိုင်း မျက်နှာသစ်၊ သွားတို
ခြေလက်ဆေးပြီး ဘုရားဝတ်ပြု၍ စောစောအိပ်ရာဝင်ခဲ့ပါသည်။ စိ
လမ်း၍ ထင်ပါသည်။ အိပ်ပျော်သည်နှင့် ကိုခင်မောင်ညွန့်အား အိပ်
မက်ပါသည်။ ကိုခင်မောင်ညွန့်မှာ ယခင်အခါကလို တောက်တ
မဟုတ်တော့ပါ။ လူအတိုင်း ဖြစ်သည်။

"မသော် ပျော်နေတယ်မဟုတ်လား၊ ကိုယ်လည်း ပျော်ရ
မှာပါ၊ ကိုယ်ပျော်ရင် မသော်ဝမ်းနည်းရတော့မှာ၊ မသော် အိမ်ထော
မရဘူးဆိုတာ မှတ်မိရဲ့လား"

ကျွန်မ အတော်ထိတ်လန့်သွားပါသည်၊ ဇောချွေးများပြ
ပြီး..

"သွား.. သွား.. ရှင်အခုသွား၊ ကျွန်မတို့ကို မနှောင့်ယှက်
လွတ်ရာကျွတ်ရာ သွားပါ"

ကိုခင်မောင်ညွန့်မှာ တဟီးဟီးရယ်ရင်း တဖြည်းဖြည်းပျေ
ကွယ်သွားပါသည်။

တစ်ဖက်ခန်းမှ အမေ ချက်ချင်းရောက်လာပြီး မီးဖွင့်
"သမီး.. သမီး.. ဘာဖြစ်တာလဲဟင်၊ ကိုယ်လည်း မပ
အိပ်မက်ဆိုးတွေ မက်ပြီထင်တယ်"





ကျွန်မ အမေ့ကိုဖက်၍ ငိုမိပါသည်။ အိပ်မက်အကြောင်း ပြော
ရာ..

"သမီး ပင်ပန်းပြီး စိတ်စွဲလမ်းလို့ ဖြစ်တာပါကွယ်၊ တိတ်ပါ..။
အခြေအနေက အလျှင်လိုမှ မဟုတ်တာ၊ ကဲ.. ကဲ.. အိပ်တော့နော်၊
မေပါ သမီးနဲ့ အတူအိပ်ပေးမယ်"

ကျွန်မ အမေ့ရင်ခွင်တွင် ခေါင်းဝင်ရင်း အိပ်ပျော်သွားပါသည်။
င်၏မေတ္တာတရားမှာ အားရှိလှပါသည်၊ ဘာအိပ်မက်မှ မမက်တော့ပါ။
က် (၆) နာရီထိုးမှ တစ်ရေးနိုးတော့သည်။

ကျွန်မ စောစောထ၍ မျက်နှာသစ်၊ ရေမိုးချိုး၊ ဘုရားဝတ်ပြုပြီး
ယ်မ်းပြင်ဆင်နေစဉ် နံနက် (၇) နာရီတိတိအချိန်၌ ကိုမောင်မောင်
ာက်ရှိလာပါသည်။ ရွှေတိဂုံဘုရားသို့ သွားရောက်ဖူးမြော်ကြပြီးနောက်
ယ်စာ စောစောစားကြ၍ သမ္မတရုံတွင် ရုပ်ရှင်ကြည့်ကြပါသည်။
ျွန်မတို့နှစ်ဦး အလွန်ပျော်ကြပါသည်။

ဖွန်လဆန်းတွင် စာမေးပွဲအောင်စာရင်းများ ထွက်လာပါသည်။
ျွန်မတို့နှစ်ဦးစလုံးပင် Credit ပါပြီး (Q) ဝင်သဖြင့် ဂုဏ်ထူးတန်း
တ်ခွင့်ရပါသည်။ အောင်စာရင်းများ ထွက်ပြီးဖြစ်၍ ကျွန်မတို့ မင်္ဂလာပွဲ
ွက် ရက်သတ်မှတ် ရွေးချယ်လိုက်ကြပါသည်။ ဇူလိုင်လ (၁) ရက်၊
ှာ်နွေနွေး အင်းယားလိတ်ဟိုတယ်..။

မင်္ဂလာဖိတ်စာတွင် သတို့သား၊ သတို့သမီးတွဲများ ထည့်၍ရိုက်
သဖြင့် ကျွန်မအလွန်ဝမ်းသာမိပါသည်။ မိန်းမသားဖြစ်၍လည်း ဒီဂုဏ်
လေးကိုတော့ ကြွားဝါချင်ပါသေးသည်။ ခမ်းနားကြီးကျယ်ခြင်းကို အလို
တော့ မဟုတ်ပါ။ လူမှုအဆင့်အတန်းကလေးတော့ ထည်ထည်ဝါဝါ
ချေချင်သေးသည်၊ ကိုမောင်မောင်ကလည်း စိတ်ကြိုက်လုပ်ဆောင်ပေး



www.burmeseclassic.com

www.burmeseclassic.com



ရှာပါသည်။

ဖွန့်လကုန် နောက်ဆုံးပတ်တွင် ကျွန်မနှင့် ကိုမောင်အ

အပေါင်းအသင်း မိတ်ဆွေသင်္ဂဟအမျိုးများအား ဖိတ်စာလိုက်

သည်။ အားလုံးက ဝမ်းသာကြသည်။ ကျွန်မတို့မှာလည်း ပျော်

ပြုံး မော်၍မဆုံးတော့ပါ။

အခမ်းအနားတစ်ခုလုပ်ရသည့်မှာ တကယ်တော့ မလွ

ငွေကြေးပြည့်စုံသော်လည်း နှစ်ဖက်စိတ်တိုင်းကျ လုပ်ရသည်မှာ

သလောက် မလွယ်ပါ။ သမီးဦး၊ သားဦးဖြစ်၍ ပုံကြီးချဲ့ကြရာ ကျွ

များဘက်မှ ပြဿနာမရှိသော်လည်း ကိုမောင့်မိဘများ လုပ်ချင်

မဆုံးနိုင်တော့။ သူတို့ဘက်က နေအင်အား၊ ဆွေမျိုးအပေါင်းအသ

အား တောင့်တော့လည်း တစ်ဦးတည်းသောသားအတွက် ကြိုက

နားစွာ လုပ်ချင်သည်ကိုတော့ အပြစ်မဆိုရက်တော့ပါ။ မင်္ဂလာ

ရာတွင်လည်း သုံးကြိမ်တိုင်တိုင်ချုပ်ပြီးမှ စိတ်တိုင်းကျတော့သည်။

ကားကိုလည်း ရှိပြီး Corolla ကားကို စိတ်တိုင်းမကျဟု

Mercedes (200-E) အဖြူရောင်ကို ရွေးချယ်ဝယ်ယူလို

သည်။ အိပ်ရာခမ်းနားအတွက်လည်း Dunlop ကုမ္ပဏီမှ မှာ

သည့် ပစ္စည်းများသာ။

လိုအပ်သည်ထက် ပိုနေသဖြင့် ကျွန်မ မနေတတ်

ကိုမောင်ကတော့ အေးအေးပင်။ သူ့မိဘများ လုပ်ပေးသည်ကို

နေပဟန်တူပါသည်။

ဇူလိုင်လ (၁) ရက်၊ တနင်္ဂနွေနေ့တွင် အင်းယားလိတ်

မင်္ဂလာပွဲကျင်းပရာ လွန်စွာစည်ကားလှပါသည်။ ပတ္တမြားခန်းမ

ပြည့်ရှုံသာမက အပြင်၌ပင် ဝိုင်းခင်းပေးရပါသည်။ ကျွန်မတက်





သော မင်္ဂလာပွဲများအနက် ကျွန်မတို့မင်္ဂလာပွဲမှာ အစည်ကားဆုံးဖြစ်ပါသည်။ နှစ်ဖက်မိဘများမှာလည်း လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်နေကြပါသည်။ လက်ဖွဲ့ပစ္စည်းများမှာ Liteace ကားသုံးစီးတိုက်၍ သယ်ရသည်။ အဖိုးတန်လက်ဝတ်လက်စားနှင့် ငွေကြေးများလည်း သန်းနှင့်ချီ၍ရကြောင်း ကိုမောင်ပြော၍ ကျွန်မသိရပါသည်။

ညဘက်တွင် နယ်မှ ဧည့်သည်၊ အမျိုးများနှင့် အပေါင်းအသင်းများအား ညစာစားပွဲဖြင့် ဧည့်ခံပြန်သဖြင့် ကျွန်မတို့ တက်ရောက်ရပြန်ပါသည်။ အရက်ပွဲပါသဖြင့် ကျွန်မ ကိုမောင့်အား သတိပေးရပါသည်။ သို့သော် ကိုမောင်မှာ သောက်တတ်သူမဟုတ်ပါ။ သူ့အပေါင်းအသင်း မိတ်ဆွေများအား ဧည့်ခံ၊ ထိန်းပေးရင်း ဧည့်ဝတ်ပြုရှာပါသည်။

ည (၁၀) နာရီမှ ဧည့်ခံပွဲပြီးပါသည်။ ကျွန်မတို့လည်း ဝမ်းသာလုံးဆို့နေသဖြင့် အစားအစာကို ဟုတ်တိပတ်တိ မစားဖြစ်ပါ။ အအေးခန်းတွင်း ဖြစ်သော်လည်း ကျွန်မတို့မှာ အရက်နံ့၊ ဆေးလိပ်နံ့၊ စားသောက်ရာအနံ့များကြောင့် ငြီးစီစီဖြစ်နေရာ မရွှင်လန်းကြပါ။ အပြန်လမ်းတွင် ကိုမောင်က မာစီဒီးကားကို ကိုယ်တိုင်မောင်းပါသည်။ တံခါးများဖွင့်ထားသဖြင့် ပြင်ပလေနုအေးကလေး ဝင်လာ၍ သက်သာရာရပါသည်။

"မသော်.. ဗိုက်မဆာဘူးလား။ တစ်ခုခု စားရအောင်"

"မစားချင်ဘူး ကိုမောင်။ အအေးတစ်ခုခုလောက်ပဲ သောက်ချင်တယ်"

"အင်း.. ဟုတ်တယ်၊ ကိုမောင်လည်း ဗိုက်ဆာသလိုလို၊ မဆာသလိုလိုပဲ။ အအေးတစ်ခုခုသောက်တာပဲ ကောင်းပါတယ်"

သို့နှင့် ကျွန်မတို့ ကုက္ကိုင်းရှိ အအေးဆိုင်တစ်ခုတွင် ဖါလူဒါ ဝင်သောက်ကြပါသည်။ အဆာလည်းပြေ၊ အအေးလည်းဝင်သွားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်၍ ကောင်းသွားပါသည်။

"မသော်ရေ.ကိုမောင်တို့ အဖေတို့အိမ်ကို အလျှင်ဝင်ထို မယ်နော်။ တော်ကြာ စိတ်ပူနေမှာစိုးလို့ပါ။ မသော် ဆာရင်လည်း ထမင်းစားကြသေးတာပေါ့နော်"

"ကိုမောင်ဆာရင် စားပါ။ မသော်တော့ မစားတော့ ကိုမောင့်အဖေနဲ့အမေကို ဝင်ကန်တော့ပြီးမှ မသော်တို့ အိမ်ကယ သွားကြတာပေါ့နော်"

ဘောင်ဒရီလမ်း (မွှေဗေဝတီလမ်း) ကို ချိုးကွေ့တော့ ယောက်ကို တိုက်မိမလိုဖြစ်သွားသည်။ မီးမှောင်နေသော လမ်းဖြစ် ကာချိုးအကွေ့တွင် ရုတ်တရက် မမြင်ရပါ။ ထိုသူမှာ ကားလမ်းမအ တွင် လမ်းလျှောက်နေခြင်းဖြစ်ပြီး အရက်မူးနေဟန်တူပါသည်။

"ကိုမောင်..သတိထားနော်။ လမ်းက မှောင်နေတယ်"

ည (၁၁) နာရီခန့်ရှိပြီဖြစ်၍ လမ်းဘေးဆိုင်များလည်း သိ ဖြစ်သည်။ ထို့ကြောင့် လမ်းသွားလမ်းလာ မရှိသလောက်ပင်။ သတိရ၍ စောစောကလူအား လှည့်ကြည့်မိရာ နောက်ကလူမှာ နောက်မှ အပြေးလိုက်လာနေသည်။ အသေအချာကြည့်တော့ မောင်ညွှန့်သေဆုံးစဉ်က ဝတ်ထားသော အပြာရောင်ဂျာကင်အင်္ကျီ ထားပြီး လူမှာလည်း အတော်တူလှသည်။

ကား၏နောက်မှ ပြေးလိုက်လာပုံမှာ လေထဲတွင်ဝဲ၍ လိုက် မျိုးဖြစ်သည်။ ကားအရှိန်မှာ မနည်းသော်လည်း နောက်ကလိုက်လာ ကျွန်မတို့ကားအား မီလုမီခင် ဖြစ်လာသည်။

"ကိုမောင်..မြန်မြန်မောင်းပါ။ နောက်ကလူ မီတော့မ

"မသော်..ကြောက်နေလား။ ကိုမောင် မှန်တံခါးတွေပိတ်





။ သွားနေတဲ့ ကားထဲကလူကို အပြင်လူက ဒုက္ခမပေးနိုင်ပါဘူးကွာ"

ဘောင်ဒရီလမ်း (မွှေဗေဝတီလမ်း) မှာ မှောင်သည့်အပြင် ကား သွားအလာပြတ်နေပြီး ကျွန်မတို့ကား ဘောင်ဒရီလမ်းနှင့် လင့်လမ်းဆုံ က်မှသာ ကားအသွားအလာတွေ့ရပြီး နောက်ကလူလည်း ပြတ်ကျန်ခဲ့ သည်။ ဒါတောင် ကျွန်မနောက်လှည့်ကြည့်ရာ လက်ပြနေပါသေးသည်။

"ကိုမောင်..သရဲခြောက်တာလား မသိဘူးနော်"

"အလကားပါကွာ..။ အရက်မူးသမား လိုက်နှောင့်ယှက်တာ မှာပါ"

"ကိုမောင်ရယ်..အရက်သမားက အဲဒီလောက်မြန်ပါ့မလား"

ကိုမောင် အသံတိတ်သွားပါသည်။ ဝိဇယမီးပွိုင့်မီတော့ ကားရပ် တင့်ရသည်။ အခြားကားများလည်း ရှိနေ၍ ကျွန်မ မကြောက်တော့ပါ။ သော် စောစောကအဖြစ်အပျက်ကိုတော့ မကျေနပ်ပါ။ မြေနီကုန်းမီးပွိုင့် ရောက်တော့ မီးစိမ်းနေသဖြင့် ဖြတ်စဉ် လမ်းလယ်တွင် မီးဝါသွားသဖြင့် ကိုမောင်က ဘရိတ်အုပ်လိုက်ရာ ကြည့်မြင်တိုင်ဘက်မှလာ၍ လှည်းတန်း က်သို့သွားမည့် Hilux ကားက မီးစိမ်းလုမောင်းရာမှ ကျွန်မတို့ကားနှင့် ပြင်းထန်စွာတိုက်တော့သည်။ MERCEDES 200-E ကားမှာ ဘယ် မောင်းဖြစ်၍ ဒရိုင်ဘာခန်းမှ ကိုမောင့်အား တည့်တည့်ဝင်တိုက်မိခြင်းဖြစ် သည်။

"မသော်..အား.."

ကိုမောင်၏အသံကို နောက်ဆုံးကြားလိုက်ရပြီး ကျွန်မလည်း တံခါးဘောင်နှင့် တိုက်မိ၍ မေ့မြောသွားပါသည်။ ကျွန်မသတိရတော့ ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနသို့ ရောက်နေပါသည်။

"ကိုမောင်..ကိုမောင်.."



www.burmeseclassic.com

www.burmeseclassic.com



"ဟော..သမီး သတိရလာပြီ။ သမီး အားတင်းထား။ သ ဘာမှမဖြစ်ဘူး"

ကျွန်မအမေ၏ အသံဖြစ်သည်။ မျက်လုံးဖွင့်ကြည့်တော့ အ က ကျွန်မလက်ကိုဆုပ်၍ မျက်နှာကို မိုးကြည့်နေသည်။ ဘေးတစ်ဖက် အဖေလည်း ရှိနေသည်။ အဖေက..

"သမီး နေကောင်းတယ်နော်။ ကိုယ်တွေ လက်တွေ လှုပ်ကြ စမ်း"

ကျွန်မ ထထိုင်ပြီး လှုပ်ပြရပါသည်။ လှုပ်ရှား၍ အကုန်ရပါသ

"အင်း..ကောင်းပါတယ်။ ခေါင်းပဲ နည်းနည်းထိတာပါ

အဖေပြောမှ ကျွန်မစမ်းကြည့်မိသည်။ ကျွန်မနဖူးတွင် ပတ် စည်းထားသည်။ သို့သော် ဒဏ်ရာပြင်းထန်ဟန် မတူပါ။ တစ်စစ်စစ်ကို ခဲနေသော်လည်း မခံမရပ်နိုင်အောင် နာကျင်ခြင်းမရှိပါ။

"အမေ..ကိုမောင်ရောဟင်"

"သူက ဟိုဘက်ခန်းမှာကွယ့်။ ဒဏ်ရာနည်းနည်းပြင်းတ သူ့အဖေနဲ့ အမေလည်း စောင့်နေကြတယ်"

"အမေ..သမီးသွားကြည့်ချင်တယ်"

"နေဦးကွယ့်..။ ဆရာဝန်ရဲ့ ခွင့်ပြုချက်ရမှ သမီးကြည့်ရ ထင်တယ်။ အမေ သွားကြည့်ပြီး မေးလိုက်မယ်နော်"

ကျွန်မ ခေါင်းညိတ်ပြလိုက်ပါသည်။ ခေါင်းကိုက်လာပြန်သ အိပ်ရာပေါ်ပြန်လှဲပြီး မှိန်းနေရပါသည်။ ဆရာဝန် ရောက်လာပါသ ကျွန်မအခြေအနေကို စစ်ဆေးပြီး..

"သမီး လမ်းလျှောက်ဖို့ မကောင်းသေးဘူးကွယ့်။ ခဏနား အခု ခေါင်းကိုက်နေတယ်မဟုတ်လား။ ခေါင်းကိုက်ပျောက်မှ သွားတွေ့





ကွယ်။ ဆရာမ ဆေးလာတိုက်လိမ့်မယ်နော်။ ခဏကလေး နားနေပါ"

ကျွန်မ နားနေပြီး တွေးနေမိပါသည်။ ကျွန်မတောင် ဤမျှခံစားနေရပါလျှင် ကိုမောင့်အခြေအနေမှာ ပိုဆိုးဟန်တူပါသည်။ ဆရာမဆေးလာတိုက်သဖြင့် ဆေးသောက်ပြီး ကျွန်မ ခဏအတွင်း အိပ်ပျော်သွားပါသည်။ ကိုမောင် လာခေါ်သည်။

"မသော်..ထ..ထ..အိမ်ပြန်ကြရအောင်နော်။ ကိုမောင်တော့ ကောင်းသွားပြီ"

"ဟုတ်ကဲ့ ကိုမောင်"

ကျွန်မ ဝမ်းသာအားရ အိပ်ရာက ထထိုင်လိုက်ပါသည်။ ခုတင်အနီးတွင် ထိုင်နေသော အမေက..

"သမီးနိုးပြီလား။ ဖြည်းဖြည်းထကွယ့်"

"အမေ..ကိုမောင်ကောင်းသွားပြီမဟုတ်လား။ စောစောက သမီးကို လာခေါ်တယ်လေ"

အမေ မျက်နှာပျက်သွားသည်ကို ချက်ချင်းမြင်လိုက်ပြီး..

"မောင်မောင် ကောင်းသွားပါပြီကွယ်။ စောစောက သမီးအဖေကိုတောင် လာခေါ်လို့ လိုက်သွားတယ်"

"ဟုတ်လားအမေ..။ သမီးဝမ်းသာလိုက်တာ။ ရေသောက်ချင်တယ် အမေ"

"အေး..အေး..တိုက်မယ်။ သမီး ဗိုက်ဆာနေလိမ့်မယ်။ ကော်ဖီပူပူလေးနဲ့ မုန့်နည်းနည်းစားနော်။ တော်ကြာ ဆေးသောက်ရဦးမှာ။ အစာမရှိလို့ မဖြစ်ဘူး"

ကျွန်မ စားသောက်ရင်း တွေးနေမိပါသည်။ ကိုမောင် ကောင်းသွားတာ တကယ်ဟုတ်ရဲ့လား။ ကိုမောင်က ဒဏ်ရာအပြင်းအထန်ရသူ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို စောစောကလည်း သူလာခေါ်သေးသည်။ ကျွန်မ ငိုသံပါ ဖြင့်..

"အမေ သမီးကို လိမ်နေတာလားဟင်။ သမီးကို ပွင့်ပွင့်လင်းလင်းပြောပါ။ ကိုမောင် ကောင်းသွားရင် သမီးဆီကို ချက်ချင်းပြေးလာ မှာ"

"အဟုတ်ပါ သမီးရယ်။ အမေ မလိမ်ပါဘူး။ သမီးကိုမောင်က ဒဏ်ရာနည်းနည်းပြင်းတော့ သူ့ကို အိပ်ဆေးတွေပေးထားရတယ်ကွယ်။ လမ်းလျှောက်လို့ မရသေးပေမယ့် ကောင်းသွားပါပြီ။ အခု အိပ်ပျော်နေ တယ် သမီးရဲ့"

"အင်း..ဟုတ်မှာပါ။ စောစောက သမီးအိပ်မက်မက်တာ ဖြစ် မှာပါ။ ကိုမောင် သမီးကိုလာခေါ်တယ် အမေရဲ့။ အိမ်ပြန်ကြရအောင်တဲ့"

အမေ မျက်ရည်စို့သွားပါသည်။ တစ်ဖက်သို့ မျက်နှာလွှဲရင်း..

"သမီး စိတ်စွဲလမ်းလို့ အိပ်မက်မက်တာပါကွယ်။ ကဲ..ကဲ.. ခဏလှဲနေလိုက်ဦးနော်။ ခေါင်းပြန်ကိုက်လာဦးမယ်"

ကျွန်မပြန်လှဲနေရပါသည်။ သို့သော် အိပ်မပျော်တော့ပါ။ စိတ် ကို လွှင့်ထားရင်း မင်္ဂလာဆောင်အခမ်းအနားဆီရောက်လိုက်၊ အခြ ကားနောက်မှ လိုက်ပါလာသည့် အရက်မူးသမားဆီရောက်လိုက်နှင့် ခေါ ထဲတွင် ချာချာလည်နေပါတော့သည်။ နောက်ဆုံး ကျွန်မ မှေးခနဲအိပ်ပျော် သွားပြန်ပါသည်။ ကျွန်မအိပ်ပျော်နေသော်လည်း ဝန်းကျင်ကို သိနေ မြင်နေသလိုပင်။ အဖေ အခန်းထဲသို့ ပြန်ဝင်လာသည်။ အမေက ကျွန် အိပ်နေသည်ကို ကြည့်ရင်း..

"မောင်မောင်ဘယ်လိုနေသေးလဲ ကိုသော်တာ"

အဖေက ခေါင်းယမ်းပြရင်း..





"သတိပြန်လည်မလာတော့ဘူး"

ကျွန်မရင်ထဲမှာ ကြိတ်ငိုနေမိပါသည်။ သို့သော် ရှိုက်သံတစ်ချက် ထွက်သွားဟန်တူပါသည်။

"အင့်.."

အမေက..

"ဟင်..သမီးအိပ်ပျော်နေတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်အမေ၊ သမီး အိပ်ပျော်နေတာပါ။ ဒါပေမဲ့ သမီး ပတ်ဝန်းကျင်ကို အိပ်ပျော်နေတုန်း သိရုံတင် မကဘူး။ အရင်ဘဝ အကြောင်းတောင် သိနေသလိုပဲ။ ကိုမောင်ဆုံးသွားပြီမဟုတ်လား အမေ"

"မဟုတ်ပါဘူးကွယ်။ သတိမေ့နေတာပါ။ မကြာခင် သတိရ လာမှာပါ။ သမီး စိတ်ချမ်းချမ်းသာသာနေပါကွယ်"

"မဟုတ်ပါဘူး အမေ။ သမီး စိတ်ထိန်းနိုင်တဲ့ အင်အားတွေ လည်း ရလာပါပြီ၊ ကိုခင်မောင်ညွန့်တို့၊ ကိုမောင်တို့ ဆုံးတာ သမီးကြောင့် ပါ။ အထူးသဖြင့် ကိုမောင်ဆုံးတာ သမီးမှာ လုံးဝတာဝန်ရှိနေတယ်။ သမီးအပြစ်ပါ အမေ"

"အဲဒီလိုလည်း မဟုတ်ပါဘူး သမီးရယ်။ ကံ ကံ၏အကျိုးပေါ့။ သတ္တဝါတစ်ခုဖြစ်လာရင် ကံစီမံရာ နာခံရမှာပဲ။ ဖြစ်ချိန်တန်တော့ဖြစ်၊ ပျက်ချိန်တန်တော့ ပျက်ပေါ့။ အဲဒါ လောကသစ္စာတရားပဲ"

အဖေကလည်း ဝင်ပြောပါသည်။

"သမီး..စိတ်ထောင်းတော့ ကိုယ်ကြေသတဲ့။ ဖြစ်တာ၊ ပျက် တာဟာ သမီးအမေပြောသလို လောကဓံတရားပဲ။ ဖြစ်ခြင်း၊ ပျက်ခြင်းကို ရှုမြင်တတ်ဖို့ အရေးကြီးတယ်။ လူဖြစ်လာရင် တစ်နေ့ သေရမှာပဲ။ အသက်ကြီးတယ်၊ အသက်ငယ်တယ်ဆိုတာ မရှိဘူး။ သူ့အချိန်နဲ့ သူပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခြင်း၊ ပျက်ခြင်းကို နာနာရှုပါ သမီးရယ်၊ အဲဒါ ဝိပဿနာတရားပါပဲ၊ လုတိုင်း မလွန်ဆန်နိုင်တဲ့ တရားပါကွယ်"

အဖေနှင့်အမေက တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးသဖြင့် ကျွန်မစံစားမှုများ သက်သာသလိုရှိပါသည်။ သို့သော် ယခုအချိန်တွင် ကျွန်မအတောင့်တဆုံးအရာမှာ သေခြင်းတရားဖြစ်သည်။

"တမလွန်မှာ ပြန်ဆုံမယ် ကိုမောင်ရယ်.. နော်"

❖

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

# မလုံတဲ့အပုံး

စန္ဒီသည် အမှတ်မထင် ဓာတ်လိုက်ခံရရာမှ အမြင်ပေါက်
ခဲ့ခြင်းဖြစ်လေသည်။

အမြင်ပေါက်သည်ဆိုသည်မှာ ကိုယ့်ရှေ့တွင် အမှန်တကယ်
သည့်အရာများကို မျက်စိထဲတွင် ထင်မြင်လာခြင်းမျိုးဖြစ်ပါသည်။
မြင်လာရသော မြင်ကွင်းများသည် အခြားသော အဝေးတစ်နေ
အဖြစ်တွေလား၊ ပရလောက (သို့မဟုတ်) နာနာဘာဝဝိညာဉ်များ
ရှားမှုလားဆိုတာ စန္ဒီ့အဖို့ မကွဲပြားခဲ့ချေ။

ထိုနေ့က ရေတင်စက်ကို ဖွင့်ထားရင်း စန္ဒီရေချိုးနေခဲ့
သူမရေချိုးပြီးချိန်နှင့် ကန်ထဲသို့ရေပြည့်ချိန်မှာ အံကိုက်ဖြစ်နေ
စန္ဒီသည် ကိုယ်ပေါ်မှရေများကို အတတ်နိုင်ဆုံး မျက်နှာသုတ်





အောင်သုတ်ခဲ့ပါသေးသည်။ ခြောက်သွေ့သောဖိနပ်ကိုစီး၍ ရေတင်
ရှိရာသို့ သွားသည်။ ရေတင်စက်ခလုတ်ကို ပိတ်လိုက်သည်။

ကိုယ်ပေါ်မှာ ရေမရှိအောင် သတိထားပါလျက် မည်သို့ဖြစ်သွား
ည်မသိ။ ခလုတ်ကိုလှမ်းကိုင်လိုက်သော သူမလက်ထဲသို့ လျှပ်စစ်ဓာတ်
င်မှုကို ခံစားလိုက်ရသည်။ စန္ဒီ့တစ်ကိုယ်လုံး ထုံကျင်သွားသည်။
လုံးအမြင်တစ်ခုလုံး လင်းလက်သွားကာ အဖြူရောင်သက်သက်ဖြစ်
သွားသည်။ ထို့နောက် ပက်လက်လန်၍ လဲကျသွားလေသည်။ တော်ပါ
သေးသည်။ လျှပ်စစ်ဓာတ်နှင့် ကင်းလွတ်သွား၍ သူမ ဘာမှမဖြစ်ခဲ့။
ဘာက်လက်မောင်းမှာတော့ ထုံကျင်ကိုက်ခဲနေခဲ့သည်။

အသံကြား၍ အဘွားက ပုတီးစိပ်နေရာမှ ဘုရားစင်ရှေ့ကနေ
ပြေးလာသည်။

"စန္ဒီ . . ဘာဖြစ်တာလဲ . . ဘာဖြစ်တာလဲ . . ။ ဓာတ်လိုက်တာ
လား"

အဘွားက လဲနေသောစန္ဒီ့ကို ထူမပေးသည်။

"မြေးလေး . . စန္ဒီ . . သတိရရဲ့လား"

"ရပါတယ် အဘွား။ သမီး ဘာမှမဖြစ်ပါဘူး"

သူမသည် ပေါ့ပါးစွာပင် လဲနေရာမှ ထလိုက်၏။

အဘွားက သူမကို ထူပေးသည်။

သမ်ဓလင်းပေါ်လဲနေရာမှ အားယူထရင်း ထူပေးနေသော
ဘွားကို မော့ကြည့်လိုက်သည်။ သည်တွင် စန္ဒီသည် မြင်နေကျမြင်ကွင်း
ဟုတ်သော ထူးခြားသည့်မြင်ကွင်းတစ်ခုကို မြင်လိုက်ရခြင်းဖြစ်သည်။
ဘွားနောက်မှာ လူတစ်ယောက်ရပ်နေပုံကို မြင်လိုက်ရခြင်းဖြစ်သည်။
အံ့သြသွားသည်။ အိမ်မှာ အဘွားနှင့်စန္ဒီ နှစ်ယောက်တည်းရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



အချိန် ဖြစ်ပါသည်။

စန္ဒီမြင်နေရသောလူမှာ စန္ဒီတို့ကို နောက်ကျောခိုင်း၍ ရပ်[illegible] ခြင်းဖြစ်သည်။ စန္ဒီနှင့် အဘွားက မျက်နှာချင်းဆိုင်ဖြစ်နေ၍ ထိုသူသ[illegible] အဘွား၏နောက်ဘက်တွင် ကျောခိုင်း၍ရပ်နေခြင်းဖြစ်သည်။

"ဟင်. . ဟိုမှာ. . ဟိုမှာ. ."

စန္ဒီက အဘွားနောက်ကျောဘက်ကို လက်ညှိုးထိုးပြ၍ အေ[illegible] လိုက်မိသည်။

"ဟင်. . ဘာလဲငါ့မြေး။ ဘာတွေ့လို့လဲ"

"အဘွားနောက်မှာ လူတစ်ယောက် ရပ်နေတယ်။ အို. ."

စန္ဒီက မတ်တတ်ထရပ်လိုက်ရင်း ထိုသူကိုကြည့်လိုက်ရာ အဖြ[illegible] သောမြင်ကွင်းများကိုပါ မြင်လိုက်ရ၍ ပိုအံ့အားသင့်သွားရသည်။

"ဘယ်မှာလဲ ငါ့မြေးရဲ့။ ဘယ်သူမှလည်း မရှိပါလား"

အဘွားက နောက်ကိုလှည့်ကြည့်ရင်း ပြောသည်။

"နေဦး. . နေဦးအဘွား။ သမီးမြင်သလို အဘွားမမြင်ဘူးယ[illegible] တယ်။ သမီး လူတစ်ယောက်ကို မြင်နေရတယ်"

စန္ဒီသည် သူမြင်နေရသည့် လူကြီး၏ပုံရိပ်ကို လိုက်ကြည့်[illegible] သည်။ သူမ၏မျက်လုံးများကိုလည်း ပွတ်သပ်ကြည့်မိသည်။ သူမ အဖြ[illegible] မများပါ။ လူတစ်ယောက်ကို စန္ဒီ တကယ်ကို မြင်နေရပေ၏။

ထိုသူသည် စန္ဒီတို့နှင့် ကြမ်းတစ်ပြေးတည်းမှာ မတ်တတ်[illegible] နေခြင်းဖြစ်သည်။ စန္ဒီတို့မြေးအဘွားနှင့် နီးကပ်စွာရပ်နေခြင်းဖြစ်သည်[illegible] သူက စန္ဒီတို့ကို နောက်ကျောခိုင်းထားသည့်အတွက် သူ့မျက်နှာကိုမ[illegible] မမြင်ရပေ။ ကြည့်ရသည်မှာ ဖေဖေတို့အရွယ်လောက်ရှိသော ယောက်[illegible] ကြီးတစ်ဦး ဖြစ်ပေသည်။





စန္ဒီသည် ထိုလူကြီးနောက်ကျောကို ကြည့်နေရင်းမှ သူမသည် [illegible]မြင်ကွင်းနှစ်ခုကို ထပ်လျက်အနေအထားဖြင့် မြင်နေရခြင်းဖြစ်ကြောင်း [illegible]သိလာလေသည်။

စန္ဒီမြင်နေရသည်မှာ ထိုလူကြီးသာ မဟုတ်သေး၊ အခြားသော [illegible]လူနေတိုက်ခန်းတစ်ခု၏ သွင်ပြင်ကိုပါ မြင်နေရခြင်းဖြစ်သည်။ ထိုလူကြီး[illegible]သည် စန္ဒီတို့နေအိမ်နှင့် မသက်ဆိုင်သော သီးခြားဖြစ်သည့် ထိုတိုက်ခန်း[illegible]ထဲတွင် မတ်တတ်ရပ်နေခြင်းသာ ဖြစ်ပါ၏။

စန္ဒီတို့နေထိုင်ရာအိမ်က သပ်သပ်၊ ထိုလူကြီးရှိနေသောတိုက် [illegible]ခန်းက သပ်သပ်။ သီးခြားစီဖြစ်ပါသည်။ သူမ ပကတိနေထိုင်နေသည့် [illegible]အိမ်ထဲမှာပင် အခြားသောလူနေတိုက်ခန်းတစ်ခုအသွင်သဏ္ဌာန်ကို ထပ် [illegible]လျက်မြင်နေရခြင်းပင် ဖြစ်ပါသည်။ လူကြီးမှာလည်း စန္ဒီမြင်နေရသော [illegible]အိမ်ထဲမှ လူသာ ဖြစ်လေသည်။

"အဘွား. . သမီးပြောတဲ့လူကြီးကို အဘွားမမြင်ရပါဘူးနော်"

စန္ဒီက သေချာအောင် အဘွားကို ထပ်မေးလိုက်သည်။

"ဘာကိုလဲကွယ်. . ဘာကိုမြင်ရမှာလဲ။ စန္ဒီ. . ငါ့မြေး. .။ နင် [illegible]ဘာဖြစ်သွားတာလဲ။ စာတ်လိုက်လို့များ. ."

"ခဏနေဦး အဘွား။ ခဏ. ."

စန္ဒီတို့နှင့် မလှမ်းမကမ်းတွင် ရပ်နေသောလူကြီးက နောက် [illegible]ကျောခိုင်းလျက်အနေအထားမှပင် ရှေ့သို့လျှောက်သွားသည်ကို မြင်လိုက် [illegible]ရလေသည်။ သူရပ်လိုက်သည့်နေရာမှာ ပြတင်းပေါက်တစ်ခု၏ ဘေးတွင် [illegible]ဖြစ်၏။ သူက ပြတင်းပေါက်ကို လက်ထောက်ကာ အောက်သို့ငုံ့ကြည့်ရင်း [illegible]တစ်စုံတစ်ခုအော်ပြောနေပေသည်။ အသံကိုတော့ မကြားရပေ။

ကြည့်ရသည်မှာ ထိုလူသည် အပေါ်ထပ်ပြတင်းပေါက်မှနေ၍



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ် အပြင်ဘက်သို့ တစ်စုံတစ်ခုလှမ်းအော်ပြောနေပုံမျိုးဖြစ်ပါ
စန္ဒီနှင့်အဘွား ရောက်နေသောနေရာမှာ ရေချိုးခန်းဘေးက ရေတင်
ထားရာ အခန်းကျဉ်းကလေးဖြစ်ပါသည်။ စန္ဒီသည် ရေစက်အခန်းကို
ထိုလူကြီးရှိနေသည့် အဆောက်အဦကိုပါ ပုံရိပ်နှစ်ခုအား ထပ်လျက်သာ
ဖြင့် ထင်ရှားစွာမြင်နေခြင်းဖြစ်လေသည်။

စန္ဒီသည် ထိုလူကြီးကို အနီးကပ်မြင်ရစေရန် ထိုလူကြီးနော
ကျောခိုင်းရပ်နေသည့်နေရာထိ လျှောက်သွားလိုက်သည်။

သို့သော် စန္ဒီ ခြေလှမ်း၍ နေရာရွှေ့လိုက်သည်နှင့် စန္ဒီမြင်နေ
သောမြင်ကွင်းမှာ ပြောင်းသွားလေသည်။ အပိုမြင်နေရသော မြင်ကွ
ပျောက်သွားခြင်း မဟုတ်။ မြင်ကွင်းပြောင်းသွားခြင်းသာ ဖြစ်ပါသည်

စန္ဒီနေရာရွှေ့လိုက်သည်နှင့် ထိုလူကြီး ပြတင်းပေါက်တွင် ရပ်နေ
သော မြင်ကွင်းရော၊ သူရှိနေသည့် အိမ်ခန်းပုံရိပ်ပါ ပျောက်ကွယ်သွားကာ
စန္ဒီ့အမြင်ထဲ၌ ပန်းခြံတစ်ခုပုံရိပ်ကို မြင်လာရပြန်သည်။

စန္ဒီသည် မိမိရောက်နေသော ရေတင်စက်ထားသည့် အခန်း
လေးနှင့် ဘေးမှအဘွားကိုလည်း ပကတိအတိုင်း မြင်နေရသည်။ ယ
တစ်ခါ ပေါ်လာသော ပန်းခြံမြင်ကွင်းကိုလည်း ထင်ထင်ရှားရှားမြင်နေ
ရခြင်း ဖြစ်ပါသည်။

ရုပ်ရှင်ဇာတ်ကားများတွင် ဇာတ်ဝင်ခန်းတစ်ခုနှင့်တစ်ခု အကူး
အပြောင်း၌ ရှေ့အခန်းမှပုံရိပ်နှင့် နောက်တစ်ခန်းမှပုံရိပ်ကို ဖလင်နှစ်
ထပ်၍ မြင်ရပုံမျိုးဖြစ်ပါသည်။

စန္ဒီသည် ပန်းခြံတစ်ခုအတွင်းသို့ ရောက်နေပြန်လေသည်
စန္ဒီ့မျက်လုံးထဲတွင် အဘွားနှင့် မိမိအိမ်ကိုရော၊ အမြင်သစ်ဖြစ်သည့်
ပန်းခြံကိုရော ရောယှက်၍ တစ်ထပ်တည်းမြင်နေရခြင်းဖြစ်လေသည်





ဒ္ဒီက ပန်းခြံထဲမှနေ၍ လှမ်းမျှော်ကြည့်လိုက်ရာ မြင့်မားသော နှစ်ထပ်အိမ်
ကြီးတစ်လုံးကို မြင်လိုက်ရလေသည်။ နှစ်ထပ်အိမ်ကြီး၏ အပေါ်ထပ်
ပြတင်းပေါက်၌ မတ်တတ်ရပ်လျက် အိမ်အောက်ထပ်သို့ ငုံ့ကြည့်နေသော
လူကြီးတစ်ယောက်ကိုလည်းကောင်း၊ အိမ်အောက်ထပ် အပြင်ဘက်မှ
ထိုလူကြီးကို မော့ကြည့်နေသော လူသုံးယောက်ကိုလည်းကောင်း မြင်
လိုက်ရပြန်သည်။

စန္ဒီက ပြတင်းပေါက်တွင် မတ်တတ်ရပ်နေသော လူကြီးကိုကြည့်
၍ စောစောက နောက်ကျောမှမြင်ခဲ့ရသော လူကြီးဖြစ်မှန်း သိလိုက်လေ
သည်။ စောစောက မျက်နှာကိုမမြင်လိုက်ရသော်လည်း သူဝတ်ထားသည့်
ကုတ်အင်္ကျီရောင်ကြီးနှင့် အရပ်အမောင်းက ထိုလူကြီးပင်ဖြစ်ကြောင်း
ဖော်ပြနေပေသည်။ ထိုလူကြီးက ပြတင်းပေါက်ကို လက်ထောက်ကာ
အောက်မှလူသုံးယောက်ကို တစ်စုံတစ်ခုအော်ပြောနေပေသည်၊ စောစော
က နောက်ကျောဘက်ဆီမှအမြင်ကို ရှေ့ဘက်မှမြင်နေရခြင်းမျိုး ဖြစ်ပါ
သည်။ ပြတင်းပေါင်တွင် လက်ထောက်ထားဟန်မှာလည်း စောစောက
မြင်လိုက်ရသည်နှင့် တစ်ပုံစံတည်းဖြစ်ပါ၏။

အောက်ထပ်ခြံဝင်းထဲမှ လူသုံးယောက်သည် ထိုလူကြီး၏စကား
ကို နာခံဟန်ဖြင့် ခေါင်းများကို ညိတ်ပြကာ ခြံအပြင်ဘက်သို့ ထွက်ခွာသွား
ကြလေ၏။

"စန္ဒီ . . သမီး . ."

အဘွားက စိုးရိမ်ကြောင့်ကြသောလေသံဖြင့် စန္ဒီ့လက်မောင်း
ကိုပုတ်ရင်း ခေါ်လိုက်လေသည်။

စန္ဒီသည် အဘွားကိုလည်း မြင်နေရသည်။ အဘွားခေါ်သံကို
လည်း ကြားနေရသည်၊ တစ်ဆက်တည်းပင် သူမ၏ ဒုတိယအမြင်ရှုခင်းကို



www.burmeseclassic.com

www.burmeseclassic.com



လည်း မြင်နေရဆဲပင် ဖြစ်ပေ၏။

"ခဏလေးအဘွား.. ခဏလေး.."

စန္ဒီက အဘွားကို လက်ပြတားဆီးကာ ထိုလူကြီးကို ပိုရှုမြင်ရ... ရန် ပန်းခြံထဲမှ ရှေ့ကိုတိုးလိုက်သည်။ စန္ဒီသည် ပန်းခြံထဲတွင် နှင်းဆီပ... အိုးတစ်ခုရှေ့သို့ ရောက်နေရာ ထိုပန်းအိုးကိုကွေ့၍ ရှေ့ကိုထွက်လိုက်ခြင်း ဖြစ်၏။

တကယ်တော့ ပကတိအခြေအနေမှန်တွင် စန္ဒီ့ရှေ့မှာ ဘာ... အတားအဆီးရှိမနေပါ။ စန္ဒီက ဘာမှအဟန့်အတားမရှိသော နေရာကို ခြေလှမ်းကွေ့၍ လှမ်းသွားသည်ကို ကြည့်ပြီး အဘွားက နားမလည်နိုင် အောင် ဖြစ်နေလေသည်။

စန္ဒီ့အဖို့လည်း ခြေလှမ်းလှမ်း၍ နေရာရွှေ့လိုက်သည်မှာ မထူး ခြားဘဲ ဖြစ်သွားလေသည်။ အဘယ်ကြောင့်ဆိုသော် သူမ မြင်နေရသည့် မြင်ကွင်းသည် ပျောက်ကွယ်သွားကာ အခြားသောမြင်ကွင်းတစ်ခု အစား ထိုးဝင်ရောက်လာသောကြောင့် ဖြစ်ပါသည်။ စန္ဒီသည် လူကြီးကို သေချာ မမြင်လိုက်ရ၍ မချင့်မရဲဖြစ်သွားလေသည်။

တစ်ဆက်တည်းမှာပင် သူမ မြင်နေရသော ဒုတိယပုံရိပ်လွှာ သည် အတိမ်းအစောင်းမခံကြောင်း သဘောပေါက်လိုက်မိလေ၏။ ယခု တစ်ခါ နေရာရွှေ့လိုက်စဉ်ကလည်း မြင်ကွင်းပြောင်းသွားသည်။ ယခုတစ် ခါလည်း ခြေလှမ်းရွှေ့ရုံနှင့် မြင်ကွင်းက ပျောက်ကွယ်ကာ နောက်တစ်မျိုး ပြောင်းသွားပြန်၏။

စန္ဒီသည် မိမိအမြင်၌ အပိုမြင်လွှာတစ်ခု ပူး၍မြင်နေရသည်ကို ဘာကြောင့်ဟု မဆန်းစစ်နိုင်အားသေးဘဲ ဒုတိယအမြင်လွှာ၏ သဘော သဘာဝကို လေ့လာကြည့်နေမိသည်။





ယခုတစ်ခါ စန္ဒီ့မျက်စိထဲ၌ ပြောင်းလဲသွားသော မြင်ကွင်းမှာ ...မ်ကြီးတစ်ခု၏ ဧည့်ခန်းမမြင်ကွင်း ဖြစ်နေပြန်သည်။ ဧည့်ခန်းသည် ...ကျယ်ပြောလှကာ ကြမ်းပြင်၌ အစိမ်းရောင်ကတ္တီပါကော်ဇောကြီး ခင်း ...ထားသည်။ ဆိုဖာဆက်တီကို ခမ်းနားစွာ ချထားပေ၏။ ဧည့်ခန်းနံရံတွင် ...န်းချီကားကြီးတစ်ချပ်ကို မြင်လိုက်ရသည်။ ပန်းချီကားမှာ မိန်းမပုံပန်းချီ ...ကား ဖြစ်လေသည်။

"စန္ဒီ.. မြေးလေး.. သမီးဘာဖြစ်နေတာလဲ။ ဒီဘက်ကိုလှည့် ...စမ်း အဘွားကို ကြည့်စမ်း"

အဘွားက စိုးရိမ်ကြောင့်ကြသောလေသံဖြင့် စန္ဒီ့ပခုံးကိုပုတ်ရင်း ...သူ့ဘက်သို့ ဆွဲလှည့်လိုက်သည်။

"အို.."

အနေအထားပြောင်းသည်နှင့် မြင်နေရသောမြင်ကွင်းမှာ ပြောင်း ...လဲသွားတော့မည်ကို သိလိုက်၍ စန္ဒီက မချင့်မရဲအော်လိုက်မိ၏။ စန္ဒီသည် ...နံရံတွင်ချိတ်ထားသော ပန်းချီကားကို စိတ်ဝင်တစားကြည့်နေမိခြင်းဖြစ် ...သည်။ အဘွားက ဆွဲလှည့်လိုက်၍ ဧည့်ခန်းမြင်ကွင်းမှာ ပျောက်သွားရ ...လေ၏။

"သမီး.."

"အဘွား.."

"ဘာဖြစ်နေတာလဲ။ ဘာကိုမြင်ရလို့လဲ၊ အဘွားကို ပြောစမ်း"

"သမီးလေ.. လူတွေ၊ ရှခင်းတွေကို မျက်စိထဲမှာ မြင်နေရတယ် အဘွား"

"အလို.. ဘုရား.. ဘုရား.."

"မစိုးရိမ်ပါနဲ့အဘွား။ သမီး ဘာမှမဖြစ်ပါဘူး။ ဒါ.. တစ်ခုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာပါ။ ဟော. . ပြောရင်းဆိုရင်း မီးဖိုခန်းတစ်ခုကို မြင်ရပြန်ပြီ။ အဘွ… ကတော့ မြင်မှာမဟုတ်ဘူးနော်။ ကြည့်စမ်း. . မီးဖိုပေါ်မှာ ထမင်းအိုး… တယ်။ ဆူပြီး ဝေကျနေပြီ။ အထဲမှာ ဘယ်သူမှလည်းမရှိဘူး။ ဩ… ဩော်. . လူတစ်ယောက်ဝင်လာပြီ အဘွား။ ဟော. . အဲဒီလူက ခြေ… ဖက် ဆာနေပါလား။ ထမင်းအိုးအဖုံးကို လှပ်လိုက်ပြီ''

စန္ဒီသည် သူမမြင်နေရသမျှကို နှုတ်မှ လိုက်ရွတ်နေမိခြင်း… သည်။ အသက်သုံးဆယ်အရွယ် အနိုင်းအစေဖြစ်ဟန်တူသော ယော… တစ်ယောက်သည် ကိုယ်တစ်ခြမ်း ညာဘက်စောင်းကာ ထော့နဲ့ထော့… မီးဖိုခန်းထဲ ဝင်လာ၏။ သူ့ခြေနှစ်ဖက်မှာ အနိမ့်အမြင့်မညီဘဲ ညာဘ… ခြေတစ်ဖက်က သိမ်နေသည်လား။ နိမ့်နေသည်လား မသိပေ။ ထို… ထမင်းအိုးကို အဖုံးဖွင့်ကာ ယောက်မနှင့်မွှေနေသည့်မြင်ကွင်းကို စန္ဒီ… နေရခြင်း ဖြစ်ပါသည်။

''စန္ဒီ. .''

အဘွားက ခပ်ဆတ်ဆတ်ခေါ်လိုက်၏။

''ငါရှူးတော့မယ်။ နင်တမင်လုပ်နေတာလား စန္ဒီ''

''ဟာ. . အဘွားကလည်း''

''လာခဲ့. . လာခဲ့. .စန္ဒီ။ နင့်ကို ပရိတ်ရေနဲ့ လုပ်ပေးမှ ဖြစ်တော့ မယ်''

အဘွားက စန္ဒီ့ကို ဆွဲခေါ်သွားလေ၏။

✻✻✻



''နေပါဦး အဘွားရဲ့။ သမီးမှာ ထမိရင်လျှားကြီးနဲ့လေ။ အဝတ်… တား ဝတ်ပါရစေဦး''

''အေး. . ဝတ်လိုက်။ သနပ်ခါးတွေ ဘာတွေ နောက်မှလူး။ …ဝတ်အစားသာ ဝတ်လိုက်''

အဘွားက စန္ဒီ့ဖြစ်ရပ်ကိုကြည့်၍ စိုးရိမ်ပူပန်နေလေသည်။ အဘွားစိတ်ပူမည်ဆိုလည်း ပူစရာပင်။ စန္ဒီ့မျက်လုံးထဲမှာ အခု… ဘယ်ကမှန်းမသိသော ပုံရိပ်များကို မြင်နေရဆဲဖြစ်သည်။ အဆက်… …ပြတ်ပင် မြင်နေရခြင်း ဖြစ်ပါ၏။

စန္ဒီသည် အမြင်လွှာထဲတွင် ပေါ်လာသောမြင်ကွင်းများကိုကြည့်… …း တစ်စုံတစ်ခုကိုတော့ သဘောပေါက်လာပေပြီ။ သူမ မြင်နေရသော …ရိပ်များမှာ ဆက်စပ်မှုရှိနေခြင်းပင်။ စန္ဒီသည် ကြီးမားကျယ်ဝန်းသော …ကြီးတစ်ခုအတွင်းမှ နှစ်ထပ်တိုက်ကြီးတစ်လုံး၏ မြင်ကွင်းကို အတွင်း …ရာ၊ အပြင်ပါ တစ်လှည့်စီမြင်နေရခြင်းပင် ဖြစ်ပါသည်။

ယခုပင် ကြည့်. .။ စန္ဒီ့အမြင်သည် ပန်းခြံထဲသို့ ပြန်ရောက်နေ …ပြီ။ ယခင်တစ်ခါ ပန်းခြံကိုမြင်စဉ်က ရောက်ခဲ့သည့်နေရာနှင့် မတူ။ …ကြာခင်က ပန်းခြံမြင်ကွင်းမှာ အိမ်ကြီးကို ရှေ့မှမြင်နေရသည့်အမြင်ဖြင့် …ခဲ့သည်။ ထို့ကြောင့် အပေါ်ထပ်ပြတင်းပေါက်မှ မတ်တတ်ရပ်စကားပြော …နေသော လူကြီးကိုပါ မြင်ခဲ့ရခြင်းဖြစ်၏။

ယခုတစ်ဖန်မြင်ရသည်က စောစောကပန်းခြံပင်ဖြစ်ပါ၏။ သို့ …သော် ပို၍ဘေးဘက်ကျသောနေရာသို့ ရွှေ့နေလေသည်။ အိမ်ကြီးကိုတော့ …ပန်းခြံထဲမှလှမ်းကြည့်လျှင် မြင်နေရဆဲ။ အိမ်မှာလည်း အခုနက မြင်ခဲ့ရ …သည့် နှစ်ထပ်တိုက်ကြီးပင် ဖြစ်ပါသည်။ စန္ဒီသည် တစ်ခုတည်းသော …နေရာမှ အိမ်ခြံဝင်းကြီးထဲရှိ မြင်ကွင်းများကို နေရာပြောင်း၍ တစ်လှည့်စီ



www.burmeseclassic.com

www.burmeseclassic.com



မြင်နေရသည်ကို သဘောပေါက်လာသည်။ ဘာကြောင့် ဒီလိုအမြင်အာ
ဖြစ်လာတယ်ဆိုတာတော့ စဉ်းစားလို့မရပေ။

စန္ဒီအဝတ်အစားလဲပြီးသည့်အခါ အဘွားက စန္ဒီ့လက်ကိုဆွဲ
ဘုရားစင်ရှေ့သို့ ခေါ်သွားလေ၏။ အဘွားလက်ဆွဲခေါ်သွား၍သာ တေ
တော့သည်။ စန္ဒီ့အမြင်တွင် ပကတိမြင်ကွင်းနှင့် ဒုတိယအမြင်လွှာထ
ပုံရိပ်ယောင်တို့ ရောနှောနေသောကြောင့် လမ်းလျှောက်ရတာ အခက်အ
ရှိနေလေသည်။ အဘွားဆွဲခေါ်ရာ ပါသွားသည့် စန္ဒီသည် သူမ၏ ဒုတိ
အမြင်လွှာထဲမှ စားပွဲများ၊ ကုလားထိုင်များကဲ့သို့သော ပစ္စည်းပစ္စယမျ
ကို တိုးလျှိုပေါက်ဖြတ်သန်းသွားမိလျက်သား ဖြစ်နေသည်။ သူမတ
ယောက်တည်းသာ လမ်းလျှောက်ရပါက ဒုတိယအမြင်လွှာတွင် မြင်နေ
သောပစ္စည်းများကို တကယ့်အရှိမှတ်ပြီး ရှောင်တိမ်းနေမိမည် ဖြစ်ပါ၏

အဘွားက စန္ဒီ့ကို ဘုရားအား အရင်ဦးချစေသည်။

ပြီးတော့ ဆရာတော်ဘုရားကြီးဓါတ်ပုံရှိတ်ချောင်း စန္ဒီ့တစ်ကိုယ်လုံ
ကို တောက်ပေးသည်။ မျက်လုံးထဲကိုလည်း မျက်စဉ်းသဖွယ် ခတ်ပေ
လေ၏။

"ကဲ.. ပေါက်ကရတွေ မြင်ရသေးသလား"

"သမီးမြင်ရတာတွေက ပေါက်ကရတွေ မဟုတ်ဘူး အဘွား
တကယ်ရှိတဲ့ နေရာတစ်ခုကို မြင်နေရတာမျိုးပါ"

"ဟာ.. အခု မြင်ရသေးလားလို့ ငါမေးနေတာ"

"မြင်နေရသေးတာပဲ အဘွား။ သမီးမျက်စိထဲမှာ ဟောဒီအိ
မြင်ကွင်းရော၊ အဲဒီမြင်ရာမြင်ကွင်းရော နှစ်ခုလုံးကို ထပ်လျက်မြင်နေ
တာပါ။ အခု သမီးမြင်နေရတာက ထမင်းစားခန်းပဲ အဘွား။ သမီးဟာ
အဲဒီထမင်းစားခန်းထဲ ရောက်နေသလိုပဲ"





"ဘုရား.. ဘုရား.."

"ထမင်းစားပွဲပေါ်မှာ အုပ်ဆောင်းကြီးတစ်ခု အုပ်ထားတယ်။
ဆောင်းအောက်မှာ စားစရာတွေ ပြင်ထားပုံရတယ်။ အဲဒါတွေ
တော့ မမြင်ရဘူး။ သမီးလေ.. ထမင်းစားခန်းမြင်ကွင်းကိုသာ မြင်နေရ
။ အခန်းထဲမှာတော့ လူတစ်ယောက်မှ မရှိဘူး။ အဘွား သိလား..။
မြင်သမျှ ပြောမယ်နော်။ ကုလားထိုင်တွေက ကျွန်းသားတွေထင်ပါရဲ့။
လစ်တွေတိုက်ထားတာ တောက်နေတာပဲ။ အခန်းထောင့်မှာ ရေခဲ
သေတ္တာတစ်လုံး။ ပြီးတော့.. ဟောတော့.. မြင်ကွင်းပြောင်းသွားပြန်ပြီ
သွားရယ်"

"ဘုရား.. ဘုရား.. ငါ့မြေးတော့ အပမှီပြီထင်တယ်"

***

ဘွားဘွားက စန္ဒီ့ခေါင်းကိုကိုင်ကာ အန္တရာယ်ကင်းဂါထာ
တွ ရွတ်ဖတ်ပေးနေသည်။ စန္ဒီ့ကိုလည်း ဘုရားရှေ့တွင်ထိုင်ကာ ပုတီးစိပ်
င်း၏။

စန္ဒီက အဘွားအလိုကျ ဘုရားရှိခိုး၊ ပုတီးစိပ်နေသော်လည်း
မ၏ ဒုတိယအမြင်လွှာမှာ ပျောက်ပျက်မသွားပါပေ။ မျက်စိမှိတ်ထားစဉ်
ထမှာသာ မမြင်ရတော့ခြင်း၊ ဒါလည်း မဆန်းပါပေ၊ မျက်စိမှိတ်ထားမှတော့



www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်ရှိသည့် ရှေ့ကမြင်ကွင်းများပင် ပျောက်ကွယ်နေသည်မဟုတ် ပါလား။

မျက်စိဖွင့်လိုက်သည်နှင့် ဒုတိယအမြင်လွှာထဲမှ အိမ်ကြီးမြင် ကွင်းမှာ ပကတိအမြင်နှင့် ထပ်ကာပေါ်လာမြဲ ဖြစ်လေသည်။

စန္ဒီစံ ဘုရားစင်ရှေ့မှာထိုင်နေစဉ်တစ်လျှောက်လုံး ထိုအိမ်ကြီး နေရာအနှံ့မှ ပုံရိပ်များက တစ်လှည့်စီပေါ်လာနေလေသည်။

အမှန်ဝန်ခံရလျှင် စန္ဒီစံသည် ဘုရားထိုင်ရှိခိုးနေသော်လည်း ဘုရားထံ စိတ်မရောက်ချေ။ မိမိမြင်နေရသော ဒုတိယအမြင်လွှာ သဘောသဘာဝကိုသာ စဉ်းစားဆန်းစစ်နေမိလေ၏။

သူမသည် ကျယ်ဝန်းသောခြံကြီးနှင့် ၎င်းခြံကြီးအတွင်းမှ ကြီး မားသောနှစ်ထပ်တိုက်ကြီးတစ်လုံးအတွင်းထဲမှ မြင်ကွင်းများကို တစ်လှည့် စီမြင်နေရခြင်းဖြစ်ပါသည်။ မျက်လုံးဖွင့်ထားသမျှ ကာလတစ်လျှောက်လုံး မြင်နေရခြင်းဖြစ်သည်။ မိမိအိမ်ထဲမှ ပစ္စည်းပစ္စယနှင့် သက်ရှိသက်မဲ့ အားလုံးကို မြင်နေရသည့်အတိုင်း မြင်နေရခြင်းဖြစ်လေ၏။ စန္ဒီစံသည် ကိုယ့်အိမ်ထဲမှာလည်း နေနေသည်။ သူမ မြင်နေရသော အိမ်ကြီးထဲမှာ လည်း သူမကိုယ်တိုင်ရောက်နေသလို ဖြစ်နေသည်။ သူမသည် လူတစ် ကိုယ်တည်းက နေရာနှစ်နေရာကို တစ်ပြိုင်တည်းရောက်ရှိနေခြင်းမျိုး ဖြစ်ပါ၏။

အဘယ်ကြောင့်ဆိုသော် သူမမြင်နေရသောအမြင်တွင် အဆိုပါ အိမ်ကြီးအား အရိပ်အယောင်အဖြစ် မြင်ရခြင်းမဟုတ်ဘဲ ပကတိအမြင် အတိုင်း မြင်နေရသောကြောင့် ဖြစ်လေ၏။ ထို့ကြောင့်ပင် မြင်ကွင်းနှစ်ခု ရော၍ ထပ်နေခြင်းပင် ဖြစ်ပါတော့သည်။

စန္ဒီ့မျက်လုံးထဲ၌ ကိုယ့်အိမ်ညှော်ခန်းထဲက စားပွဲပေါ်တွင် ဒုတိယ





အမြင်လွှာထဲမှ ပန်းအိုးက ရောက်ချင်ရောက်နေသည်။ ကိုယ့်အိမ်ထဲက ဘုရားစင်သည် ဒုတိယအမြင်လွှာထဲက တီဗီနှင့် ထပ်လျက်ဖြစ်ချင်ဖြစ်နေ သည်။ တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်ရာတွင် နာရီနှင့်အတူ လှေကား တစ်ခု၏ ထောင့်ချိုးအကွေ့ကို မြင်ချင်မြင်နေရသည်။ မိမိအိမ် ထမင်းစား ခန်းထဲမှာ စန္ဒီထမင်းထိုင်စားနေသော်လည်း ဒုတိယအမြင်လွှာထဲက နေရာမှာ စာကြည့်ခန်း ဖြစ်ချင်ဖြစ်နေ၏။

ဒုတိယအမြင်လွှာသည် စန္ဒီ့မျက်ဝန်းထဲ၌ ပေါ်ချင်သလို ပေါ်လာ နေခြင်းဖြစ်ပါသည်။ မည်သည့်မြင်ကွင်းပင် ပေါ်လာလာ မြင်ကွင်းအားလုံး မှာ အိမ်ကြီးတစ်ခုထဲ၏ အတွင်းပိုင်းနှင့် အပြင်ပိုင်းမှ မြင်ကွင်းများချည်း ဖြစ်လေ၏။

တစ်ကြိမ်တွင် စန္ဒီသည် ထမင်းအိုးဆူနေစဉ် မီးဖိုခန်းထဲ ဝင်လာ သော ခြေတစ်ဖက်ဆာနေသည့်လူကို နောက်တစ်ခါပြန်မြင်ရသည်။ ထို လူက ဖလုံကြီးတစ်ခုထဲတွင် ရေများကိုမွှေကာ ရုတ်တရက်ပက်ချလိုက်ရာ စန္ဒီ့မျက်နှာတည့်တည့်ကို ပက်လိုက်သလိုဖြစ်သွား၍ စန္ဒီက ယောင်ရမ်းကာ ရှောင်တိမ်းလိုက်မိသေးသည်။ တကယ်တော့ ထိုသူသည် ရေအညစ် အကြေးများကို မြေပေါ်သို့ ပက်သွန်လိုက်ခြင်းသာ ဖြစ်ပါသည်။

စန္ဒီသည် မြင်ကွင်းထဲတွင် လူပုဂ္ဂိုလ်ငါးဦးကို မြင်တွေ့ခဲ့ပြီးဖြစ် လေသည်။ အားလုံးမှာ ယောက်ျားများချည်းဖြစ်သည်။ ပထမဆုံးတွေ့ရ သော ဖေဖေတို့အရွယ် ယောက်ျားကြီးမှာ အိမ်ကြီး၏အရှင်သခင်ဖြစ်ပုံ ရသည်။ ထိုယောက်ျားကြီးက ပြတင်းပေါက်တွင်ရပ်၍ တစ်ခုခုပြောလိုက် သောကြောင့် နာခံသည့်သဏ္ဌာန် ခြံအပြင်သို့ထွက်သွားသော လူသုံးယောက် ကို မြင်ခဲ့ဖူးသည်။ ပြီးတော့ အသိုင်းအစေနှင့်တူသည့် မီးဖိုခန်းထဲမှာ မြင်ရသောလူက တစ်ယောက်။ ခြေတစ်ဖက်ဆာနေသောလူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကိုတော့ ဓနိန့်နှစ်ကြိမ်မြင်ဖူးပြီးပေပြီ။ ဒုတိယအမြင်လွှာထဲမှ အိမ်ကြီး ထဲတွင် မိန်းမဆို၍ တစ်ယောက်မှ မတွေ့ရသေးပေ။

မိန်းမသဏ္ဍာန်ဆို၍ ညည့်ခန်းထဲတွင်ချိတ်ထားသော ပန်းချီကား ကြီးထဲမှ မိန်းမပျိုပုံကိုသာ မြင်ရ၏။ ထိုပန်းချီကားကြီးကိုလည်း ... သေချာမကြည့်လိုက်ရချေ။ ဘွားဘွားက အတင်းဆွဲခေါ်သောကြော... မြင်ကွင်းထဲမှ ပျောက်သွားခြင်းဖြစ်၏။ ဓနိန့်သည် ထိုပန်းချီကားကို စိတ်... စားနေမိသည်။ ကြည့်ချင်နေသည်။ သို့သော် သူမ၏ အမြင်အာရုံ... ညည့်ခန်းထဲကို ပြန်မရောက်တော့ချေ။

ဓနိန့်သည် အိမ်ကြီးထဲကို နေရာအနှံ့လောက်နီးပါး မြင်နေရသော်... လည်း ကိုယ့်သဘောနှင့်ကိုယ်တော့ သွားလိုသည့်နေရာကို သွားချင်တိုင်း... သွားမရပေ။ အမြင်အာရုံထဲတွင် ပေါ်လာသောပုံရိပ်များမှာ သူ့အလို... ပေါ်လာခြင်းဖြစ်ပါသည်။ ဆိုပါစို့..။ ဓနိန့်သည် ဒုတိယမြင်လွှာထဲမှ ပန်းခြံ... ထဲရောက်နေစဉ် ပန်းခြံ၏အခြားတစ်ဖက်ကို လမ်းလျှောက်သွားပါ... အခြားသော မြင်ကွင်းအသစ်များကို မြင်ရမည်အထင်နှင့် လျှောက်သွား... ကြည့်မိသည်။ ဓနိ ခြေလှမ်းပြင်၍ ကိုယ်ကိုရွှေ့လိုက်သည်နှင့် မြင်လက်... မြင်ကွင်းမှာ ပျောက်ကွယ်သွားလေသည်။ အခြားမြင်ကွင်းတစ်ခုကို ပြောင်း... လဲ၍ မြင်လိုက်ရသည်။

ဓနိ့အဖို့ ဒုတိယအမြင်လွှာထဲမှာ နေရာရွှေ့၍ မရသလို ဒုတိယ... အမြင်လွှာထဲမှ ပစ္စည်းများကိုလည်း ကိုင်တွယ်လို့ မရနိုင်ပါချေ။ ကိုယ့်အိ... ထဲ သွားလာသည်ကိုပင် ဒုတိယအမြင်လွှာထဲမှ မြင်ကွင်းများနှင့် ရော... သည့်အတွက် သတိထားပြီး သွားလာနေရပေ၏။ ဓနိန့်သည် ဒုတိယအမြင်... လွှာထဲမှ စားပွဲကုလားထိုင်များ၊ ပန်းအိုးများကို တိုးလျှိုပေါက်ဖြတ်သန်း... သွားနေရသည်။ နံရံများကိုပင် ဖောက်ထွင်း၍ သွားနေရသည်။





သည်အခါ ဓနိ့မှာ အတွေးတစ်ရပ်ဝင်လာရသည်။ သူမမြင်နေ... နေသော ပုံရိပ်ယောင်သည် မြင်ပတစ်နေရာတွင် အမှန်တကယ်ရှိနေသော ...နေရာဒေသတစ်ခုပေလော။ တကယ်ရှိသောနေရာ ဖြစ်ပါလျှင် ဓနိမြင်နေရ... သော အရိပ်အယောင်များ၊ လူများနှင့် လှုပ်ရှားမှုများသည် ယခုလက်ငင်း ...ဖြစ်ပျက်နေတာတွေလား။ အတိတ်တစ်ချိန်က အဖြစ်အပျက်များလား။ ...ဓနိ မသဲကွဲပေ။

မြင်နေရသော အရိပ်အယောင်များသည် လောကကြီးတွင် ...အမှန်တကယ်မရှိသော ပုံရိပ်များကို ထင်ယောင်ထင်မှားဖြင့် မြင်နေခြင်း ...လည်း ဖြစ်ကောင်းဖြစ်နိုင်လေ၏။ ဓနိန့်သည် ဓာတ်လိုက်ခံရပြီးနောက်မှ ...ထိုမြင်ကွင်းများကို မြင်လာရခြင်းကြောင့်ဖြစ်သည်။

***

မေမေနှင့်မေမေ ရုံးခင်းအလာတွင် ဘွားဘွားက ဓနိ့ဖြစ်အင် ...ကို ခရီးရောက်မဆိုက် ပြောပြလိုက်လေသည်။

"လုပ်ပါဦးဟဲ့ မောင်မြတ်စံ။ ငါတော့ စိုးရိမ်တာနဲ့ ရူးတော့မယ်။ ...ငင်သမီး အပများမှီသလား မသိဘူး"

မေမေက ဓနိ့ကို ခေါ်မေးလေသည်။

ဓနိက ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အခုရော သမီး၊ အခုထိရော မြင်နေရသေးလား"

"အဆက်မပြတ်ကို မြင်နေရတာ ဖေဖေ၊ သမီးအခုမြင်နေ
တာ အခန်းတစ်ခုရဲ့ မြင်ကွင်းပဲ၊ စာကြည့်ခန်း ထင်ပါရဲ့။ စာအုပ်တေ
များများစားစားမရှိဘူး။ ဖေဖေထိုင်နေတာ စာအုပ်စင်နဲ့ စားပွဲကြား
ရောက်နေတယ် ဖေဖေ၊ မေမေ့ကိုယ်တစ်ပိုင်းက ဗီရိုထဲကို ဝင်နေတယ်
သမီးမြင်ရပုံက မြင်ကွင်းနှစ်ခုကို ထပ်လျက်ကြီးမြင်နေရတာ ဖေဖေ

ဖေဖေရော၊ မေမေပါ စန္ဒီ့အဖြစ်ကို အံ့လည်းအံ့သြကာ စိုးရိမ်
လည်း စိုးရိမ်သွားကြလေ၏။

"ဟော. . ပြောရင်းဆိုရင်း စာကြည့်ခန်းထဲကို လူတစ်ယောက်
ဝင်လာနေတယ် ဖေဖေ၊ အို. . မနက်က တွေ့လိုက်တဲ့ လူကြီးပဲ။ သမီး
သူ့ကို အရင်ဆုံး စမြင်ခဲ့တာပေါ့။ ဖေဖေတို့အရွယ်လောက်ရှိမယ်။ ဟုတ်
တာပေါ့။ ခုမှ သူ့မျက်နှာကို သမီးသေချာမြင်ရတာ ဖေဖေ၊ သေချာ
မြင်ရပြီ၊ ဘာဖြစ်လို့လဲဆိုတော့ သူက စားပွဲခုံကို လက်ထောက်ပြီး ရပ်
နေတာ။ သမီးဘက်ကို မျက်နှာလှည့်ပြီး ရပ်နေတာ ဖေဖေ"

"သူ. . ဘယ်နေရာလောက်မှာ ရှိသလဲ"

"ဖေဖေထိုင်နေတဲ့ ကုလားထိုင်ရဲ့ နောက်ဘက်နား တည့်တည့်
မှာ"

"ဟာ. . သမီး၊ ဖေဖေ့ကုလားထိုင်က နံရံနဲ့ ကပ်နေတာ။
ကုလားထိုင်နောက်ဘက်မှာ နံရံပဲရှိတာ"

"ဟုတ်တယ်လေ ဖေဖေ၊ သမီးက မြင်ကွင်းနှစ်ခုလုံးကို မြင်နေ
ရတာပဲ၊ သူ့ကို နံရံကိုဖောက်ပြီး မြင်နေရတာ"

"ကဲ. . ဖေဖေ မတ်တတ်ရပ်လိုက်ပြီ၊ အဲဒီလူကို ကွယ်သွားလား"

ဖေဖေက မတ်တတ်ထရပ်ရင်း စန္ဒီ့ကို မေးလိုက်သည်။





"ဖေဖေရပ်လိုက်တော့ သူနဲ့ တစ်တန်းတည်းဖြစ်သွားတယ်
ဖေဖေ၊ ဖေဖေတို့ချင်း အရပ်အမောင်းအတူတူလောက်ပဲ။ ဒါပေမဲ့ ကွယ်
တော့ ကွယ်မသွားဘူး ဖေဖေရဲ့။ ဖေဖေက သူ့ရှေ့မှာ မတ်တတ်ရပ်နေ
မယ့် ဖေဖေ့ကိုဖောက်ပြီး သူ့ကို မြင်နေရတယ် ဖေဖေ"

ဖေဖေနှင့်မေမေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်
ကြသည်။

"သူ့မျက်နှာကို သမီးသေချာမြင်ရပြီဖေဖေ၊ အဘိုးကြီးက ညာ
ဘက်မျက်ခုံးပေါ်မှာ မှဲ့ကြီးနဲ့ ဖေဖေ၊ မှဲ့မှ တော်တော့်ကိုကြီးတဲ့မှဲ့၊ သူ့ကို
သမီး အပြင်မှာမြင်ရင်လည်း မှတ်မိသွားပြီ"

"အပြင်မှာမြင်ရင်. . ဟုတ်လား၊ အပြင်မှာ မြင်ရနိုင်တယ်လို့
သမီးထင်လို့လားဟင်"

"ဘယ်သိနိုင်မလဲ ဖေဖေ"

"ဒီမယ် သမီး. . ။ သမီးမြင်နေရတာ ဒီအိမ်နေရာမှာ ဟိုးရှေး
တုန်းက ဆောက်သွားတဲ့ အိမ်ဟောင်းကြီး မဖြစ်နိုင်ဘူးလား။ သမီးမြင်နေ
တာလည်း အဲဒီတုန်းက ပုံရိပ်တွေ မဖြစ်နိုင်ဘူးလား"

စန္ဒီ တွေဝေသွားသည်။

"ဖေဖေဆိုလိုတာက သမီးဟာ အတိတ်ကပုံရိပ်တွေကို ပြန်မြင်
နေရတာလို့ ထင်လို့လားဟင်"

"ဟုတ်တယ် သမီး"

"ဒါပေမဲ့ ဖေဖေ. . ။ အိမ်ထဲမှာမြင်နေရတဲ့ပစ္စည်းတွေက အခု
ခေတ်ပစ္စည်းတွေ ဖေဖေရဲ့"

"ဘာတွေ မြင်ရလို့လဲ"

"တီဗီတို့ ရေခဲသေတ္တာတို့လေ။ ပြီးတော့ အိမ်အပြင်အဆင်က



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှေးမဆန်ပါဘူးဖေဖေ၊ ဪ.. သမီးမြင်နေရတဲ့လူကြီး ဝတ်
ထားတာလည်း အခုခေတ်အဝတ်အစားတွေပဲ၊ ဂျာကင်အင်္ကျီနဲ့၊ ဘော
ဘီနဲ့၊ ရှူးဖိနပ်တောင် ပါသေးတယ်"

စန္ဒီကြည့်နေစဉ်မှာ ထိုလူကြီးက စားပွဲကိုမှီရင်း တစ်ခုခုအ
ထုတ်နေသည့်သဖွယ် မျက်မှောင်များကြုတ်လျက်ရှိ၏၊ လက်တစ်ဖက်
စားပွဲမျက်နှာပြင်ကို ခေါက်လျက်ရှိသည်။

"ဪ.. ဖေဖေ၊ တစ်ခုပြောစရာရှိသေးတယ်၊ သမီး မြင်ကွ
တွေကိုသာ မြင်နေရတာ။ အသံကို မကြားရဘူး ဖေဖေ။ အသံဆို
ဘာသံမှ မကြားရဘူး"

"သမီးမြင်နေရတာ ဘယ်နေရာဆိုတာ သဲလွန်စရှာလို့ မ
ဘူးလား သမီး"

"အိမ်တစ်လုံးထဲမှာ လှည့်ပတ်မြင်နေရတာ ဖေဖေ၊ ဘယ်နေ
ကဆိုတာ သမီးဘယ်လိုသိနိုင်မှာလဲ"

"တကယ်ရှိတဲ့နေရာလည်း ဟုတ်ချင်မှ ဟုတ်ဦးမှာကိုး ကို
မေမေက ဝင်ပြောလိုက်ခြင်းဖြစ်သည်။

"တကယ်ရှိတဲ့နေရာ ဖြစ်နိုင်ပါတယ် မေမေ၊ ဘာဖြစ်လို့
တော့ သမီးမြင်နေရတာတွေ အားလုံးက ခုအချိန်အထိ တညီတ
တည်းပဲ ဖြစ်နေတယ်လေ။ ဒီလူကြီးကိုဆိုရင် သမီးမြင်ရတာ နှစ်ခါ
မီးဖိုထဲမှာ ချက်တဲ့ပြုတ်တဲ့လူကိုလည်း နှစ်ခါမြင်ရပြီးပြီ မေမေ"

"ကို.. ဘယ်လိုလုပ်ကြမလဲဟင်"

မေမေက ဖေဖေ့ကို အကူအညီတောင်းသလို မေးလိုက်သ

"ကိုယ်တော့ ဓာတ်လိုက်လို့ တစ်ခုခုချွတ်ယွင်းသွားတယ်
တာပဲ၊ သမီး.. သမီးပြောတာတွေဟာ အမှန်တွေပါနော်"





"ဖေဖေက သမီးကို မယုံလို့လား။ သမီး စိတ်ကူးယဉ်ပြီး
လျှောက်ပြောစရာအကြောင်း ဘာမှမရှိဘူး ဖေဖေ"

"ဦးနှောက်ကိုထိခိုက်သွားတာမျိုး ဖြစ်မှာစိုးလို့ပါ သမီးရယ်"

"သမီးကို ရူးသွားပြီလို့ ထင်ပြန်တာလား ဖေဖေ"

"ခက်ပါလားသမီး။ ဖေဖေလည်း ဘယ်လိုဆုံးဖြတ်ရမှန်း မသိ
တော့ဘူး။ အကောင်းဆုံးကတော့ မျက်စိဆရာဝန်ကို သွားပြဖို့ပဲ၊ ဒါပေမဲ့
လောလောဆယ် ဖေဖေမအားသေးဘူး။ ဒီနေ့ ကြာသပတေးနေ့၊ နက်ဖြန်
ရုံးမှာ အလုပ်တွေ ရှိသေးတယ်၊ စနေနေ့မှပဲ ဆေးခန်းသွားနိုင်တော့မယ်
သမီး"

"သမီး ဘာမှဖြစ်တာမှ မဟုတ်တဲ့ ဖေဖေ၊ သမီးမြင်နေတာတွေ
လည်း ပျောက်ချင်ပျောက်သွားမှာပါ"

"ဆရာဝန်ကိုတော့ ပြမှဖြစ်မယ် သမီး။ လောလောဆယ်တော့
သမီး ဘယ်ကိုမှ ထွက်လို့ဖြစ်မှာ မဟုတ်ဘူး။ ဒီပုံအတိုင်းဆိုရင် လမ်းမှာ
တိုက်ခိုက်ကုန်လိမ့်မယ်"

"ဟုတ်ပါတယ် ဖေဖေ၊ သမီးသိပါတယ်။ သမီးလည်း မထွက်ရဲ
ပါဘူး။ ခုပုံအတိုင်းဆိုရင် ဘတ်စ်ကားစီးဖို့တောင် ခပ်ခက်ခက်မဟုတ်လား
ဖေဖေရဲ့"

"ကဲ.. မရွှေစန္ဒီ၊ ဒါတွေ အသာထား။ ညည်း ရောဂါပျောက်
အောင် ဘုရားရှေ့မှာ ပုတီးစိပ်နေပေတော့။ လာ.. လာ.."

ဘွားဘွားက စန္ဒီ့ကို ဘုရားစင်ရှေ့သို့ ဆွဲခေါ်သွားလေသည်၊

"သမီးဖြစ်နေတာ ရောဂါမဟုတ်ပါဘူး၊ ဘွားဘွားကလည်း.."



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်ထိလည်း စန္ဒီ့အမြင်ပေါက်နေမှုက ပျောက်မသွားပေ။

ညမအိပ်ခင်က အတွေ့အကြုံကြောင့် စန္ဒီသည် ဒုတိယအမြင်လွှာနှင့်ပတ်သက်ပြီး ပို၍ရှင်းရှင်းလင်းလင်းသိလိုက်ရလေသည်။

ဘွားဘွားဆန္ဒအရ ဘုရားရှိခိုး ပုတီးစိပ်ခြင်းကို ည (၁၁) နာရီအထိ ပြုလုပ်ပြီးနောက် စန္ဒီ အိပ်ခန်းထဲဝင်ခဲ့သည်။ အခန်းထဲမှာ မီးချောင်းကိုပိတ်လိုက်သည်နှင့်တစ်ပြိုင်တည်း စန္ဒီ့မျက်စိထဲ၌ ဒုတိယအမြင်လွှာထဲမှ မြင်ကွင်းများကိုချည်း ရှင်းရှင်းလင်းလင်းမြင်လိုက်ရတော့သည်။

စန္ဒီ့အမြင်အာရုံထဲတွင် ပကတိအမြင်ရော၊ ဒုတိယအမြင်လွှာရော နှစ်မျိုးလုံး ထပ်၍မြင်နေရခြင်းဖြစ်ရာ ညအမှောင်ထဲတွင် အခန်းမီးကိုပိတ်၍ အမှောင်ချထားလိုက်သည့်တွင် တစ်ဖက်မှမြင်ကွင်းများကိုချည်း ထင်ရှားစွာမြင်လိုက်ရခြင်းမျိုးဖြစ်ပါ၏။ စန္ဒီလက်ရှိနေနေသည့်ဘက်တွင် အမှောင်ထုဖြစ်သွားခြင်းက မြင်ကွင်းတစ်ခုကို ခလုတ်ပိတ်ပစ်လိုက်သလို ဖြစ်သွားခြင်းပင် ဖြစ်တော့၏။ တစ်ဖက်မှာတော့ ညပိုင်းရောက်သော်လည်း စန္ဒီမြင်နေရသောအခန်းကို မီးဖွင့်ထားလေသည်။ ထို့ကြောင့် စန္ဒီသည် အမှောင်ထုထဲတွင် ဒုတိယအမြင်လွှာထဲမှ အခန်း၏ မြင်ကွင်းတစ်ခုတည်းကို အရောအယှက်မရှိဘဲ မြင်တွေ့ခွင့်ရခဲ့လေသည်။

စန္ဒီမြင်ရသောအခန်းမှာ အိပ်ခန်းတစ်ခန်းပင် ဖြစ်ပါသည်။ စန္ဒီသည် ထိုအိပ်ခန်းထဲ၌ အသင့်ပြင်ထားသော ခုတင်တစ်လုံးနှင့် စားပွဲ ကုလားထိုင်တစ်စုံကို မြင်နေရသည်။ ဗီရိုတစ်လုံးကို မြင်ရပြီး ဗီရိုမှာ ပိတ်ထားလေသည်။ အခန်း၏အပြင်ဘက်တွင် အဝတ်အစား၊ မျက်နှာသုတ်ပဝါ၊ ဖိနပ် စသဖြင့် သုံးလက်စပစ္စည်း တစ်ခုမှ မတွေ့ရပေ။ များတွေ့ရလျှင် ထိုအခန်းထဲ၌ လောလောဆယ် လူနေသလား။ နေသူမှ





ယောကျ်ားလား၊ မိန်းမလားဆိုသည်ကို သိနိုင်ပေမည်။ စန္ဒီမြင်နေရသမျှ တစ်လျှောက်လုံးမှာတော့ အခန်းထဲကို မည်သူမှလည်း ဝင်မလာပါပေ။ လူတစ်ယောက်မှ မတွေ့ရဘဲ အခန်းထဲမှမီးကို ဖွင့်ထားသည်မှာတော့ ထူးဆန်းနေပေ၏။

စန္ဒီက အိပ်နေရာမှ မရွေ့ဘဲ မြင်နေရသည့် အခန်းပတ်ပတ်လည်ကို မျက်လုံးကစား၍ လှည့်ပတ်ကြည့်မိသည်။ ထိုအခါ စားပွဲဘေးနံရံတွင် ချိတ်ထားသော ပြက္ခဒိန်တစ်ခုကို မြင်လိုက်ရလေ၏။ ဖေဖေပြောသော အချိန်ကာလကို စန္ဒီသတိရလိုက်သည်။ ပြက္ခဒိန်ဟာ ဘယ်နှခုနှစ်က ပြက္ခဒိန်လဲ သိရအောင် လှမ်းကြည့်လိုက်၏။ သို့သော် ပြက္ခဒိန်က စန္ဒီနှင့် အလှမ်းဝေးနေသည့်အတွက် သဲသဲကွဲကွဲ မမြင်ရပေ။ ပြက္ခဒိန်၏ အပေါ်ဆုံးစာမျက်နှာက လေတိုက်၍ တဖျပ်ဖျပ်လန်နေသေး၏။ ပြက္ခဒိန်မှာ တစ်ရွက် သုံးလ၊ ၁၂ ရွက် ၁၄ လဆိုသော ပြက္ခဒိန်မျိုးဖြစ်သည်။ အလယ်တွင် လက်ရှိရောက်နေသော လအား အကွက်ကြီးကြီးဖြင့် ဖော်ပြထားပြီး အပေါ်တွင် ပြီးခဲ့သည့်လနှင့် အောက်တွင် နောက်လာမည့်လကို အကွက်သေးဖြင့်ဖော်ပြတတ်သည့် ပြက္ခဒိန်မျိုး။ ပြက္ခဒိန်ကြည့်ရုံသက်သက် ရှင်းလင်းစွာထုတ်ဝေထားသည့် ရုပ်ပုံကားချပ်မပါသော ပြက္ခဒိန်ကြီးဖြစ်သည်။

စန္ဒီက ပြက္ခဒိန်ပေါ်မှ ခုနှစ်သက္ကရာဇ်ကို မြင်ရရန် လှဲနေရာမှ ထကာ ရှေ့သို့တိုးကြည့်လိုက်မိသည်။ သည့်တွင် ဒုတိယအမြင်လွှာသည် ထုံးစံအတိုင်း နေရာရွေ့သွားသည့်အတွက် မြင်ကွင်းသည်လည်း ပျောက်ကွယ်သွားလေ၏။

စန္ဒီက စိတ်ပျက်ပျက်ဖြင့် အိပ်ရာပေါ်ပြန်လှဲချကာ အိပ်ပစ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ မိုးလင်းတော့လည်း မျက်လုံးဖွင့်သည်နှင့် စန္ဒီ့ မျက်လုံးထဲမှာ မြင်ကွင်းနှစ်ထပ် ပေါ်လျက်သားဖြစ်နေသည်။

အိပ်ရာနိုးနိုးချင်း စန္ဒီမြင်ရသည့်မြင်ကွင်းမှာ မိမိအိပ်ခန်းနှင့် ညတုန်းက အိပ်မပျော်မီ မြင်လိုက်ရသော အိပ်ခန်းတို့ ထပ်လျက်ပေါ်နေသည့် မြင်ကွင်းဖြစ်သည်။ စန္ဒီ ခုတင်ပေါ်မှ ထလိုက်သည်နှင့် မြင်ကွင်းမှာ တစ်မျိုးပြောင်းသွားလေ၏။ ထိုမြင်ကွင်းကြောင့် စန္ဒီအံ့ဩသွားရလေသည်။

မြင်ကွင်းမှာ မနေ့က တစ်နေ့လုံးမြင်ခဲ့ရသည့် မြင်ကွင်းများနှင့် မတူသော မြင်ကွင်းအသစ် ဖြစ်လေသည်။ စန္ဒီသည် အိမ်အပေါ်ထပ် ပြတင်းပေါက်တွင် ရပ်နေလျက်သားဖြစ်နေသည်။ စန္ဒီရပ်နေသော ပြတင်းပေါက်မှာ မနေ့က ဟိုလူကြီးရပ်နေသောပြတင်းပေါက် မဟုတ်ပေ။ မနေ့က မြင်ခဲ့ရသော ပြတင်းပေါက်က အိမ်ရှေ့ဘက်ကိုမြင်ရသော ပြတင်းပေါက် ဖြစ်လေသည်။

ယခုပြတင်းပေါက်မှ စန္ဒီမြင်နေရသောမြင်ကွင်းမှာ ကျယ်ပြောသောကွင်းပြင်တစ်ခုနှင့် ကွင်းပြင်၏အဆုံးဆီမှ ချောင်း၏ရှုခင်း ဖြစ်နေလေသည်။ စန္ဒီသည် ပြတင်းပေါက်မှာ အိမ်နောက်ဘက်ကို မျက်နှာပြုထားသော ပြတင်းပေါက်ဖြစ်ကြောင်း သိလိုက်သည်။ ပြတင်းပေါက်မှ မြင်နေရသော ကွင်းပြင်နှင့် ချောင်းလိုလို မြစ်လိုလို ရှုခင်းကိုလည်း ငေးကြည့်နေမိလေ၏။ ကွင်းပြင်မှာ မြက်ရိုင်းများပေါက်နေပြီး ရေစပ်နှင့်နီးသည့်နေရာတွင် မြက်ပင်များ ပါးသွားကာ သဲသောင်ပြင်ကို တွေ့ရလေ၏။

စန္ဒီက ကိုယ်ကိုမလှုပ်ရှားဘဲ မျက်စိဖြင့်မြင်နေရသော ရှုခင်းများကို စုံလင်အောင်မှတ်သားထားလိုက်၏။ ကိုယ်ကိုလှုပ်လိုက်၊ ရွေ့လိုက်လျှင် မြင်ကွင်းပြောင်းသွားတတ်သည်ကို သိထားပြီးဖြစ်သောကြောင့်ပင်။ စန္ဒီသည် ရေရှိသော ကမ်းစပ်ကိုလည်းကောင်း၊ မိမိရပ်နေရာ ပြတင်းပေါက်





ာက်တည့်တည့်ကိုလည်းကောင်း မျက်လုံးကိုချည်း ရွေ့စေကာ ကြည့်လိုက်၏။ အိမ်ကြီးသည် ကမ်းစပ်နှင့် အတော်အတန်ဝေးသောနေရာင် တည်ထားခြင်းဖြစ်သည်။ အိမ်နှင့် ချောင်းမှာ အတော်ကြီးလှမ်းသည် ကွာဝေးနေပေ၏။

စန္ဒီကြည့်နေစဉ်မှာ ချောင်းထဲတွင် အတန်ငယ်ကြီးမားသော ဘောတစ်စင်း ခုတ်မောင်းသွားသည်ကို မြင်လိုက်ရသည်။ သင်္ဘော ွယ်အစားကိုထောက်လျှင် ချောင်းသည် မြစ် သို့မဟုတ် ပင်လယ်ပြင် ်နိုင်လေသည်။

လက်ရှိမြင်နေရသော မြင်ကွင်းအရဆိုလျှင် အိမ်ကြီးသည် ်(သို့မဟုတ်) ပင်လယ်ပြင်နှင့် မနီးမဝေးမှ အိမ်ဖြစ်သည်။ မြစ် (သို့ ဟုတ်) ပင်လယ်ပြင်ကို နောက်ကျောခိုင်း၍ ဆောက်ထားသော အိမ်ဖြစ် ည်။

စန္ဒီက ရှုခင်းကို သေချာအောင်မှတ်သားပြီးမှ မျက်နှာသစ်ရန် ေချိုးခန်းထဲသို့ ဝင်ခဲ့လေသည်။

စန္ဒီ လှုပ်ရှားနေရာရွေ့လိုက်သည်နှင့် မြင်ကွင်းမှာ တစ်မျိုး ပြောင်းသွားလေသည်။ မီးဖိုခန်းထဲတွင် မနေ့ကတွေ့ခဲ့ရသောလူပင် ဟင်း ျက်ရန် ပြင်ဆင်နေပုံကို မြင်ရလေ၏။ သူက စားပွဲပေါ်တွင် စဉ်းတီတုံး ာ်တုံးတင်ကာ ခရမ်းသီးများကို ဓားနှင့်လှီးနေသည့် မြင်ကွင်းဖြစ်သည်။ ထိုသူသည် သီချင်းတအေးအေးဖြင့် ဟင်းချက်ရန် ပြင်ဆင်နေပေ၏။ ဆိုသူညည်းနေသော သီချင်းသံကိုတော့ စန္ဒီမကြားရပါ။

စန္ဒီသည် ထိုအိမ်ကြီးထဲတွင် အပေါ်ထပ်ကိုရောက်လိုက်၊ အောက်ထပ်ကိုရောက်လိုက်နှင့် ရောက်နေခြင်းဖြစ်သည်။ စန္ဒီတို့လက်ရှိ နေနေသော ရန်ကုန်ကအိမ်မှာ ပေလေးဆယ်ပတ်လည်ရှိ ခြံထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ထားသော ပေသုံးဆယ် × ပေအစိတ် အကျယ်ရှိသည့် တစ်ထပ်တိုက်တစ်လုံးဖြစ်ပါသည်။ ရန်ကုန်အနေဖြင့် မိသားစုလေးယောက်နေထိုင်ရန် ကျယ်ဝန်းလှသော်လည်း စန္ဒီ့ဒုတိယအမြင်လွှာထဲမှာ မြင်နေသော အိမ်ကြီးနှင့်စာလျှင်မူ သေးငယ်လှပေသည်။ စန္ဒီတို့အိမ်လေးက တစ်ထပ်တည်းပင်ဖြစ်သော်လည်း ဒုတိယမြင်လွှာထဲက အိမ်ကြီးထဲတွင်မူ စန္ဒီသည် အောက်ထပ်မြင်ကွင်းကိုမြင်လိုက်၊ အပေါ်ထပ်မြင်ကွင်းကိုမြင်လိုက်နှင့် ဖြစ်နေပေ၏။

မျက်နှာသစ်ပြီးသည်နှင့် စန္ဒီက အခန်းထဲမှထွက်ခဲ့ကာ သူမ၏ အသစ်တွေ့ရှိချက်များကို ဖေဖေ့ကို ပြောပြလိုက်သည်။

"ဖေဖေ. . အိမ်ကြီးက ပင်လယ်လိုလို မြစ်လိုလို ကမ်းခြေတစ်ခုက အိမ်ကြီး ဖေဖေရဲ့"

စန္ဒီက အိပ်ရာမှနိုးနိုးချင်း မြင်သည့်အမြင်ကို ပြောပြလိုက်သည်။

"ဒါဖြင့် ညည်းမြင်နေရတာတွေဟာ တစ်နေ့ကူးတဲ့ထိ မပျောက်သေးဘူးပေါ့"

ဘွားဘွားက မေးလိုက်သည်။

ဖေဖေကတော့ စန္ဒီ့ကို အကဲခတ်သလို ကြည့်နေပေ၏။

"မပျောက်သေးဘူး ဘွားဘွား။ ဖေဖေ. . ပြီးတော့ သမီး ညတုန်းက အခန်းတစ်ခန်းထဲမှာ ပြက္ခဒိန်တစ်ခု တွေ့ရတယ်ဖေဖေ"

"အင်း. . အဲဒီတော့. ."

"ပြက္ခဒိန်ကို သမီးလှမ်းကြည့်ပေမယ့် နည်းနည်းအလှမ်းဝေးနေလို့ ခုနှစ်သက္ကရာဇ်ကို ဖတ်မရဘူး ဖေဖေ"

"ပြက္ခဒိန်ကိုမြင်ရရင် ဘယ်ကာလဆိုတာ သိရမယ်လို့ သမီး





ဆိုလိုတာလား"

"ဟုတ်တာပေါ့ ဖေဖေ။ ဒါပေမဲ့ သမီး အဲဒီအခန်းကို ထပ်ပြီး မြင်ချင်မြင်ရဦးမှာပါ။ ဒီတစ်ခါတော့ ပြက္ခဒိန်ကို သေချာမြင်ရအောင် ကြည့်မယ် ဖေဖေ"

"အေး. . အေး. ။ လောလောဆယ်တော့ သမီး အိမ်ကနေ ဘယ်မှထွက်လို့ဖြစ်မှာ မဟုတ်ဘူးနော် သမီး"

"သမီးသိပါတယ် ဖေဖေ။ ဘယ်မှ မသွားပါဘူး"

"ကျောင်းတက်စရာမရှိလို့ တော်သေးတာပေါ့အေ"

မေမေက ဝင်ပြောသည်။

"ဒီနေ့တော့ သည်းခံလိုက်ဦး သမီး။ မနက်ဖြန်စနေနေ့မှ မျက်စိဆေးခန်း သွားပြကြတာပေါ့။ အမေလည်း အမေ့မြေးကို ဂရုစိုက်ဦးနော်"

ဖေဖေက မှာစရာရှိတာ မှာကြားပြီး စိတ်မချလက်မချနှင့်ပင် မေမေနှင့်အတူ ရုံးကိုထွက်သွားလေသည်။

ဖေဖေရော၊ မေမေပါ အလုပ်များသော ဌာနများမှ ဝန်ထမ်းများဖြစ်ပါသည်။ ဖေဖေက သူ့ရုံးမှာ ညွှန်ကြားရေးမှူးအဆင့်ဖြင့် အရာရှိတစ်ယောက်ဖြစ်ပြီး မေမေကတော့ အထက်တန်းစာရေးတစ်ယောက်သာဖြစ်ပါသည်။ ရုံးသွားလျှင် ဖေဖေရထားသော ရုံးကားဖြင့် အတူသွားကြသည်။ ဖေဖေနှင့်မေမေ ဌာနချင်း မတူပါ။

စန္ဒီက ဖေဖေတို့ကား ထွက်သွားသည်နှင့် အိမ်ထဲမှ လက်ပြကျန်ခဲ့သည်။

ထိုစဉ်တွင် စန္ဒီ့မြင်ကွင်းထဲသို့ ဒုတိယအမြင်လွှာမှ ထူးခြားသော လှုပ်ရှားမှုတစ်ခု ဝင်လာလေသည်။

ကားတစ်စီး ထိုးဆိုက်လာခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအမြင်လွှာမှ အိမ်ကြီးရှေ့သို့ ထိုးဆိုက်လာသော ကား တစ်စီး ဖြစ်ပါ၏။

စန္ဒီက၊ အိမ်မကြီး၏ တံခါးပေါက်တွင် ရပ်နေရာမှ မြင်ရသည့် အမြင်ဖြင့် မြင်နေရခြင်းဖြစ်လေသည်။

စန္ဒီသည် အိမ်ထဲသို့ ပြန်မဝင်သေးဘဲ တံခါးဝမှာပင် မလှုပ် မယှက်ရပ်ကာ ဒုတိယမြင်လွှာထဲမှ လှုပ်ရှားမှုများကို ငေးကြည့်နေမိ၏။ ကားနောက်ခန်းမှ လူနှစ်ယောက်ဆင်းလာကြ၏။ ကားရှေ့ခန်းမှ ဒရိုင်ဘာ လည်း ဆင်းလာသည်။ ထိုသုံးယောက်လုံးမှာ မနေ့က စန္ဒီမြင်ခဲ့ရသော လူသုံးယောက်ဖြစ်သည်။ အိမ်ရှင်လူကြီး အပေါ်ထပ်ကနေ လှမ်းပြီးအမိန့် ပေးသည်ကို နာခံ၍ ခြံအပြင်ဘက်သို့ထွက်သွားသော လူသုံးယောက်ပင် ဖြစ်ပါသည်။ သုံးယောက်လုံး မနေ့ကအဝတ်အစားများကိုပင် ဝတ်ဆင် ထားလေသည်။

သူတို့သုံးယောက်သည် ကားနောက်ခန်းအဖုံးကို ဖွင့်ကာ သေတ္တာကြီးတစ်လုံးကို ချလိုက်ကြသည်။ သေတ္တာမှာ အတော်ကြီးပြီး တော်တော်လည်းလေးဟန်တူပေသည်။ သုံးယောက်သား သေတ္တာကြီးကို မြေကြီးပေါ် ခဏချထားပြီးမှ မနိုင်မနင်းသယ်ယူလာကြသည်။

အိမ်အဝ လှေကားထစ်အတိုင်း သယ်လာကြရာ သူတို့သည် စန္ဒီ့ကိုယ်ထဲသို့ ဖြတ်သန်းကာ အိမ်ထဲသို့ ဝင်သွားကြလေ၏။ နောက်ကျော ဘက်သို့ ရောက်သွားပြီမို့ စန္ဒီမမြင်ရတော့ပေ။

စန္ဒီ နောက်ဘက်သို့လှည့်ကြည့်လိုက်သည့်အခါ အခြားမြင် ကွင်းတစ်ခုကို ပြောင်းသွားလေ၏။

***



ဒုတိယနေ့ တစ်နေ့လုံးလည်း စန္ဒီသည် ဒုတိယအမြင်လွှာကို နေရခဲ့ပင် ဖြစ်လေသည်။ တစ်နေ့လုံး ထိုအိမ်ကြီး၏ အပေါ်ထပ်၊ က်ထပ်များကို လှည့်ပတ်မြင်နေရလေသည်။ မနေ့က မြင်ခဲ့သော များပင် ဖြစ်ပါသည်။ မျက်စိကိုမှိတ်၍ ပုတီးစိပ်နေတော့မှပင် အမြင် အားလုံး ကွယ်သွားလေတော့၏။

စန္ဒီမြင်နေရတာတွေဟာ အပြင်မှာ တကယ်ရှိတဲ့ နေရာလား။ ၍ သိချင်စိတ်များ တဖွားဖွားပေါ်လာရလေ၏။

စန္ဒီသည် အိမ်ကြီးထဲမှာ မြင်ခဲ့ရသည့် မြင်ကွင်းများ အားလုံးထဲ ည့်ခန်းမှပန်းချီကားကို ပြန်ပြီးမြင်တွေ့ချင်စိတ် ပေါက်နေမိ၏။ သမီးတစ်ယောက်၏ ကိုယ်တစ်ပိုင်းပုံကို ရေးဆွဲထားသည့် ပန်းချီ အား တခဏမျှပင် မြင်လိုက်ရသည်။ အိမ်ကြီးထဲတွင် ယောက်ျားများ မြင်နေရပြီး သက်ရှိမိန်းမဆို၍ တစ်ယောက်မှ မမြင်ရသေးပေ။ ကြောင့် ပန်းချီကားထဲမှ မိန်းမပျိုကို ကြည့်ချင်စိတ်ပေါက်နေခြင်းဖြစ်

သို့သော် စန္ဒီ့မှာ ဒုတိယအမြင်လွှာထဲမှ အိမ်ကြီးကို မပြတ်မြင် သော်လည်း ပေါ်လာသည့် မြင်ကွင်းဖြင့်သာ ကျေနပ်နေရခြင်းဖြစ် ကိုယ့်သဘောနှင့်ကိုယ် အိမ်ထဲမှာ လျှောက်သွားလို့မရ။ မြင်ကွင်း လည်း ဧည့်ခန်းပုံ နောက်တစ်ကြိမ်ပြန်ပေါ်မလာတော့သည့်အတွက် ခဲကြီးဖြစ်နေရလေသည်။

***

www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်း ဖေဖေနှင့်မေမေ ရုံးဆင်းလာတော့ စန္ဒီ့အခြေအ
ကို ခရီးရောက်မဆိုက် မေးသည်။

"ဒီအတိုင်းပဲ ဖေဖေ။ မြင်နေရတုန်းပဲ"

"အေး.. ဖေဖေတို့လည်း မျက်စိဆေးခန်းက တုံကင်ထ
တယ်။ မနက်ပိုင်း ဆေးခန်းသွားကြမယ် သမီး"

ညပိုင်းတွင်..

စန္ဒီသည် အိပ်ရာဝင်ရန် အိပ်ခန်းထဲဝင်ခဲ့သည်။ အခန်းမီ
ပိတ်ရန် နံရံမှ ခလုတ်ဆီ လက်လှမ်းလိုက်၏။ ထိုစဉ်တွင် စန္ဒီ့မျက်လုံးထဲ
ဝင်လာသောမြင်ကွင်းမှာ မနေ့ညကတွေ့ခဲ့ရသော အိပ်ခန်းမြင်ကွင
နေလေသည်။ သည်ညမှာတော့ အိပ်ခန်းထဲ၌ လူရှိနေသည်ကို မြင်
ရလေ၏။ အိမ်ရှင်ဖြစ်သော ညာမျက်ခုံးအထက်မှာ မှဲ့နက်ကြီးရှိ
လူကြီးပင်ဖြစ်ပါသည်။

စန္ဒီက မီးပိတ်ရန် ခလုတ်ဆီလှမ်းထားသောလက်ကို မ
ငြိမ်သက်စွာရပ်နေလိုက်သည်။ လူကြီးသည် အိပ်ခန်းထဲမှ စာကြည
တွင် ထိုင်ကာ စာရေးနေခြင်းဖြစ်ပါ၏။ စန္ဒီသည် စာရေးစားပွဲ
ရောက်နေကာ ထိုလူကြီးကို အနီးကပ်မြင်နေရပေ၏။ ထိုလူကြီးက 
တစ်အုပ်ထဲတွင် စာတချို့ကို စိတ်ဝင်တစားရေးမှတ်နေလေသည်။ သူ
ကွယ်နေ၍ ဘာစာတွေရေးနေမှန်း စန္ဒီမသိရချေ။

စန္ဒီ စိတ်လှုပ်ရှားစွာဝမ်းသာသွားခြင်းမှာ စန္ဒီ့အမြင်တွင်
ဘေး နံရံ၌ ချိတ်ထားသောပြက္ခဒိန်ကို နီးကပ်စွာမြင်နေရသော
ဖြစ်ပါသည်။ ပြက္ခဒိန်ကို လှမ်းဖတ်နိုင်လျှင် မိမိသိလိုသော အချိန်
သဲလွန်စကို ရနိုင်ပေလိမ့်မည်။

စန္ဒီက ကိုယ်ကိုမလှုပ်တဲ့ သတိကြီးစွာထားကာ ပြက္ခဒိန်ကို





ကြည့်လိုက်လေ၏။ ပြက္ခဒိန်ပေါ်က စာသားများက စန္ဒီမြင်ရလောက်သည့်
ကွာအဝေး၌ပင် ရှိနေပါသည်။ စန္ဒီက သတိကြီးစွာဖြင့် ပြက္ခဒိန်ကို
မ်းကြည့်လိုက်သည်။

ထိုစဉ် လေပြင်းပြင်းတစ်ချက်တိုက်လိုက်သည့်သဖွယ် ပြက္ခဒိန်၏
ပေါ်ဆုံးစာရွက်မှာ လန်သွားလေသည်။

"ဟာ.."

စန္ဒီ့ရင်ထဲမှာ လိုက်ခနဲဖြစ်သွား၏။

ပြက္ခဒိန်ပေါ်က စာသားတွေကို လှမ်းဖတ်လို့ ရခါနီးပါမှ..

ထိုစဉ်မှာပင် တစ်ဖက်မှ မြင်ကွင်းသည် မှေးမှိန်ဝေဝါးလျက်
ပျောက်ကွယ်သွားလေသည်။

စန္ဒီ့အမြင်ထဲတွင် အစားထိုးဝင်ရောက်လာသည်က တိတ်ဆိတ်
နေကြရှိသော ထမင်းစားခန်းမြင်ကွင်း။ ထမင်းစားခန်းထဲ၌ မီးထွန်းထားမှု
ပါ။ ထမင်းစားခန်းကို မှုန်ဝါးဝါးအလင်းရောင်အောက်၌သာ မြင်နေရ
သည်။

စန္ဒီလည်း စိတ်ပျက်အားလျော့စွာ မီးကိုပိတ်၍ အိပ်လိုက်လေ
တော့သည်။

❋ ❋ ❋

www.burmeseclassic.com



နောက်တစ်နေ့ စနေနေ့တွင် သားအဖသုံးယောက် မျက်စိ
ကုဆေးခန်းသို့ သွားပြလေသည်။

ဆရာဝန်ကြီးက ရောဂါရာဇဝင်ကိုမေးမြန်းရာ စန္ဒီစံကယ်
ပြလိုက်၏။ စန္ဒီ၏အပြောများကို နားထောင်ရင်း ဆရာဝန်ကြီး
အတော်ပင်အံ့ဩသွားလေသည်။

ဆရာဝန်က စန္ဒီ၏မျက်လုံးကို နည်းလမ်းအမျိုးမျိုးဖြင့် စစ်
ပေးခဲ့ပါသည်။

"မျက်လုံးမှာ ချွတ်ယွင်းချက်တစ်ခုမှ ရှာမတွေ့ဘူးဗျ။ မှုန်
မမှုန်ဘူး။ စောင်းလည်းမစောင်းဘူး။ တိမ်လည်းမရှိဘူး။ စန္ဒီစံရဲ့ မျက်
တွေဟာ သာမန်အတိုင်းပါပဲဗျာ"

ဆရာဝန်ကြီးက မှတ်ချက်ချသည်။

"စန္ဒီမြင်ရတဲ့ မြင်ကွင်းတွေကို ဆရာ့ဆေးခန်းရောက်တော့
မြင်နေရသေးသလား"

"မြင်ရပါတယ်ဆရာကြီး။ ဆေးခန်းကိုလာတဲ့ လမ်းတစ်လျှ
လုံးလည်း မြင်နေရပါတယ်။ အခုလည်း မြင်နေရပါတယ်"

"အခု ဘာတွေမြင်နေရသလဲ၊ ဆရာ့ကို ပြောပါဦး"

"စန္ဒီမြင်နေကျအိမ်ကြီးရဲ့ ပန်းခြံထဲကို ရောက်နေတယ်
ကြီး။ ပန်းခြံထောင့်မှာ ဒါန်းကလေးတစ်ခု တွေ့ပါတယ်။ အဲဒီဒါန်းက
ကို သမီး အခုမှမြင်ဖူးတာပါ။ အရင်နှစ်ရက်က ဒီပန်းခြံထဲကို ရောက်
သားပါ။ ဒါပေမဲ့ သမီးရောက်တဲ့နေရာချင်း မတူပါဘူး ဆရာကြီး"

"နေပါဦးကွယ့်။ စန္ဒီ့အိမ်မှာ မြင်ရတဲ့ မြင်ကွင်းမျိုးပဲ ဆ
ခန်းထဲရောက်တဲ့အထိ မြင်နေရတာပဲလား။ စန္ဒီ့အိမ်ကနေ ဆရာ့ဆေး
အထိ လာရတာ ခရီးတာ အတော်ဝေးသွားပြီလေ။ မြင်ကွင်းက ရုပ်





မသွားဘူးလား"

"မပြောင်းပါဘူးဆရာကြီး။ ဒီကိုလာတဲ့ လမ်းမှာလည်း အဲဒီအိမ်
ကြီးရဲ့ မြင်ကွင်းတွေကိုပဲ မြင်နေရပါတယ်"

"အဆက်မပြတ် မြင်နေရတာလား"

"ဟုတ်ပါတယ် ဆရာကြီး။ စန္ဒီ စဖြစ်ကတည်းက မျက်လုံးဖွင့်
ထားသမျှ မြင်ကွင်းတွေကို နှစ်ထပ်မြင်နေရတာပါ"

ဆရာဝန်ကြီးက သက်ပြင်းချလိုက်သည်။

ဖေဖေ့ဘက်သို့ လှည့်ပြောလိုက်၏။

"မျက်စိနဲ့ပတ်သက်လို့တော့ ဘာချွတ်ယွင်းချက်မှ မတွေ့ရဘူး
ဦးမြတ်စံ။ စန္ဒီဖြစ်နေတာ စူပါနချုရယ်ဆိုတဲ့ သဘာဝလွန် ပြဿနာမျိုးပဲ"

"ဟုတ်ကဲ့ ဆရာ။ ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ"

"စာတ်လိုက်ခံရပြီးနောက်ပိုင်း ဖြစ်သွားတာဆိုတော့ အာရုံ
ကြောတွေဘာတွေ ထိခိုက်ပြီး ထင်ယောင်ထင်မှားဖြစ်တာမျိုး ဖြစ်မယ်ထင်
တယ်။ ဦးမြတ်စံတို့ ဆန္ဒရှိရင် ဦးနှောက်နဲ့အာရုံကြောအထူးကုနဲ့ ပြကြည့်ပါ။
ကျွန်တော် လွှဲစာရေးပေးလိုက်ပါ့မယ်"

"ဟုတ်ကဲ့ ဆရာ"

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်နှင့်အာရုံကြောအထူးကုနှင့် ပြဖို့ကို စန္ဒီကိုယ်တိုင်ပင် ငြင်းဆိုလိုက်ပါသည်။

"သမီးဖြစ်နေတာ စိုးရိမ်စရာရောဂါကြီး မဟုတ်ပါဘူး ဖေဖေ ရောဂါလို့လည်း မပြောလောက်ပါဘူး။ တစ်ရက်နှစ်ရက်နေရင် ပျောက်သွား လိမ့်မယ် ထင်ပါတယ်။ စောင့်ကြည့်ပါရစေဦး ဖေဖေ"

တကယ်တော့ စန္ဒီငြင်းဆိုလိုက်ခြင်းမှာ အကြောင်းရှိပါသည်။

ထိုနေ့..။ စနေနေ့နေ့လယ်မှာပင် စန္ဒီမြင်ချင်နေသော ပန်းချီ ကားကို ထင်ရှားစွာမြင်လိုက်ရခြင်းကြောင့်ဖြစ်ပါ၏။

ဆေးခန်းမှပြန်လာပြီး နေ့လယ်ခင်းတွင် ထိုမြင်ကွင်းကို စန္ဒီမြင် ရခြင်းဖြစ်သည်။

စန္ဒီသည် ဒုတိယမြင်လွှာထဲမှ အိမ်ကြီး၏ဧည့်ခန်းထဲသို့ ရောက် နေကာ ဧည့်ခန်းနံရံမှ ပန်းချီကားကြီးရှေ့တွင် ရပ်လျက်ရှိလေသည်။ စန္ဒီ့အမြင်တွင် ပန်းချီကားကြီးကို ကောင်းစွာမြင်ရသောအနေအထား၌ ရှိနေသည်။

စန္ဒီသည် ကိုယ်ကိုမလှုပ်မိအောင် သတိကြီးစွာထား၍ ပန်းချီ ကားကြီးကို ကြည့်လိုက်သည်။

ထိုအခါ စန္ဒီ့ရင်တစ်ခုလုံးသည် ပြောင်းဆန်အောင် တုန်လှုပ် ချောက်ချားသွားရလေသည်။

ပန်းချီကားထဲမှ မိန်းကလေးမှာ စန္ဒီကိုယ်တိုင် ဖြစ်နေသော ကြောင့်ပင်တည်း။

ပထမဆုံးနေ့က ရိပ်ခနဲမျှသာ မြင်လိုက်၍ စန္ဒီမြင်ချင်နေသော ပန်းချီကား။ ယခုတော့ မြင်ချင်လှသော ပန်းချီကားကို ထင်ရှားစွာမြင် ပေပြီ။

စိတ်ကူးသစ်စာပေ



ပန်းချီကားမှာ လေးပေသုံးပေအရွယ်ရှိပြီး အမျိုးသမီးပုံကို ကိုယ်တစ်ပိုင်းပေါ်ရုံ ရေးဆွဲထားလေ၏။ ပုံထဲမှအမျိုးသမီးမှာ စန္ဒီမှစန္ဒီပါ ပါကား။ မျက်နှာသွင်ပြင် ခွဲမရအောင် တူလှပေသည်။ ဝတ်စားဆင်ယင်ပုံ နည်းငယ်ခေတ်နောက်ကျသည်သာ ကွာခြားပေ၏။

ပုံထဲမှ မိန်းကလေးသည် ကျစ်ဆံမြီးကို တစ်ချောင်းတည်းကျစ် ၍ ပခုံးရှေ့တွင် ချထားသည်။ ပုံမှာ ရိုးရိုးကလေးသာဖြစ်သည်။ မျက်နှာ တွင်လည်း ထူးထူးထွေထွေခြယ်သထားခြင်း မရှိ။ သနပ်ခါးပါးကွက်ကျား ကို ပေါ်လွင်အောင်ရေးဆွဲထားသည်။

စန္ဒီသည် မလှုပ်မယှက်ရပ်ကာ ပန်းချီကားကို မျက်တောင် မခတ် ကြည့်နေမိ၏။ ပန်းချီကားထဲက မိန်းကလေးသည် မိမိနှင့်တူလွန်း သည်ပါကလား။ မိမိပုံကို ရေးဆွဲထားသည်ဟုပင် စန္ဒီ့ရင်မှာ ခံစားရလေ သည်။ ပုံထဲမှမိန်းကလေး၏ အသက်အရွယ်မှာလည်း မိမိ၏ လက်ရှိ အသက်အရွယ်အတိုင်း ဖြစ်နေသည်။

စန္ဒီက ပန်းချီကား မြင်ကွင်းထဲက သူ့အလိုလိုကွယ်သွားချိန် အထိ ကြည့်နေမိသည်။ ပန်းချီကားကို ငါးမိနစ်ကြာခန့်မြင်နေရပြီး မှေး မှိန်ကာ ပျောက်ကွယ်သွားကာ အခြားမြင်ကွင်းတစ်ခု ပေါ်လာသည်အထိ စန္ဒီငေးကြည့်နေမိ၏။

ပန်းချီကားကို မြင်လိုက်ရသောကြောင့် ဦးနှောက်နှင့်အာရုံကြော ဆရာဝန်ကို ပြသရန် စန္ဒီငြင်းဆန်မိခြင်းဖြစ်ပါသည်။

စန္ဒီသည် ဒုတိယအမြင်လွှာထဲမှ အိမ်ကြီးကို ဆက်မြင်နေချင် သေးသည်။ ထိုအိမ်ကြီးထဲမှာ မိမိ၏ပုံ ပန်းချီကား အဘယ်ကြောင့်ရှိနေ သနည်း။ ပဟေဠိဆန်ပြီး ဆန်းကြယ်လှသော ထိုမြင်ကွင်းများကို စန္ဒီ သံယောဇဉ်တွယ်နေမိလေပြီ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပန်းချီကားကိုမြင်ရတဲ့အကြောင်းကိုတော့ ပေမေ…
စန္ဒီပြောမပြတော့ပါ။ စန္ဒီ့အပေါ်မှာ သံသယဝင်လာမည်စိုးသော…
ဖြစ်သည်။ စန္ဒီ့ကို ရူးသွပ်နေပြီဟု အစွပ်စွဲခံရမှာ စိုးမိသည်။ တ…
လည်း မိမိသည် ရူးသွပ်နေပြီလား၊ မသိပါ။ စန္ဒီ့အမြင်မှာ တွေ့နေရ…
တွေဟာ တကယ်လား။ စန္ဒီပင် ထင်ယောင်ထင်မှား ဖြစ်နေသလာ…

သေချာတာကတော့ စန္ဒီသည် ပဟေဠိဆန်သော ဒုတိယအ…
လွှာထဲက မထွက်ချင်သေးခြင်းပင်ဖြစ်သည်။ ဒုတိယအမြင်လွှာဟာ 'အ…
ရိုကာ သိရသည့်အထိ စန္ဒီ ထိုလောကထဲမှာ နေချင်နေမိလေ၏…

***

တတိယနေ့ဖြစ်သော ထိုစနေနေ့ညမှာပင် ယခင်ကထက်…
ခြားသောမြင်ကွင်းတစ်ခုကို စန္ဒီမြင်လိုက်ရပြန်သည်။

အိပ်စက်ရန် စန္ဒီမီးပိတ်လိုက်ချိန်၌ အခန်းတစ်ခု၏မြင်ကွ…
စန္ဒီ့ရှေ့တွင် ပေါ်လာသည်။ အရင်နှစ်ရက်က မြင်ခဲ့ရသော အိမ်ခန်း…
ကွင်း မဟုတ်ပါ။ ယခုမြင်ရသောအခန်း၌ ဝင်ပေါက်ကြီးရှိသော တံ…
ပေါက်မှအပ ပြတင်းပေါက်များ မရှိ။ လေဝင်ပေါက်ပင် မတွေ့ရပါ။ …
အခန်းထဲတွင် ခုတင်တစ်လုံးသာ ချထားသည်။

လူငယ်တစ်ယောက်သည် ခုတင်ပေါ်တွင် ထိုင်လျက်ရှိ၏။ …





…ယ်၏မျက်နှာက ညှိုးနွမ်းနေပေသည်။

…ဘေးတွင် လူလေးယောက် မတ်တတ်ရပ်လျက်ရှိပေသည်။ ထို
…လေးယောက်စလုံးကို စန္ဒီသိပါသည်။ လူငယ်၏ရှေ့တည့်တည့်တွင် ခါး
…ထောက်ရပ်နေသူက အိမ်ကြီးရှင်။ မျက်ခုံးအထက် မှဲ့ကြီးနှင့် လူကြီးဖြစ်
…သည်။ လူကြီးနောက်မှ ရံ၍ရပ်နေသော သုံးယောက်ကတော့ ပထမဆုံးနေ့
…တွင် စန္ဒီမြင်ခဲ့ရသော အိမ်ရှင်လူကြီး၏ တပည့်သုံးယောက်ဖြစ်လေသည်။
…ထိုတပည့်သုံးယောက်ကို ဒုတိယနေ့တွင်လည်း သေတ္တာကြီးတစ်လုံးကို
…ကားဖြင့်သယ်လာသည့်မြင်ကွင်းဖြင့် မြင်ခဲ့ရပြီးဖြစ်သည်။

ယခု စန္ဒီမြင်နေရသော မြင်ကွင်းထဲတွင် လူကြီးက ခါးထောက်
…ကာ ခုတင်ပေါ်ထိုင်နေသောလူငယ်ကို တစ်စုံတစ်ခုမေးမြန်းနေပုံမျိုး ဖြစ်
…ပါသည်။ လူငယ်က လူကြီးမေးသမျှကို ခေါင်းခါယမ်းကာ ဖြေကြားလျက်
…ရှိသည်။ လူကြီးက စိတ်မရှည်ဟန်ဖြင့် တောက်တစ်ချက်ခေါက်လိုက်ပုံကို
…မြင်လိုက်ရလေ၏။

စန္ဒီသည် မြင်ကွင်းကိုကြည့်ရင်း လူကြီးနှင့်တပည့်သုံးယောက်ကို
…ရုပ်ရှင်ထဲမှ လူကြမ်းများသဖွယ် မြင်ယောင်လာလေသည်။ လူငယ်၏အနေ
…အရာမှာ မတရားဖမ်းဆီးချုပ်နှောင်ခံထားရသောသဏ္ဍာန်မျိုး ဖြစ်သည်။

စန္ဒီကြည့်နေစဉ်မှာပင် ထိုမြင်ကွင်းသည် ဝေဝါးမှေးမှိန် ပျောက်
…ကွယ်သွားလေ၏။ စန္ဒီ့ရင်ထဲ၌ နုံးခွေကာ ကျန်ရစ်ခဲ့လေသည်။ စန္ဒီသည်
…မြင်ကွင်းထဲက လူငယ်ကို သနားနေမိသည်။ သူ့ကို မြင်ဖူးသယောင်
…သည်ဟုလည်း ထင်မိလေ၏။ စန္ဒီသည် ထိုလူငယ်မျက်နှာကို အပြင်ဝ…
…မြင်လျှင်လည်း မှတ်မိလောက်အောင် စွဲနေလေသည်။

လူငယ်ကို လူကြီးနှင့်အုပ်စုက မတရားဖမ်းဆီးချုပ်နှောင်ထား
…သည်ဟုလည်း ထင်မိပေ၏။ လူငယ်ရှိနေသောအခန်းတွင် ပြတင်းပေါက်



www.burmeseclassic.com

www.burmeseclassic.com



များမရှိခြင်းက ချုပ်နှောင်ထားသည့်သဏ္ဍာန်ကို ပေါ်လွင်စေလျက် ရှိေ
သည်။

စန္ဒီသည် လူငယ်၏မျက်နှာကို မြင်ယောင်ရင်း သနားကရုဏာ
သက်နေမိ၏။

ထုံးစံအတိုင်းပင် ဒါတွေဟာ တစ်နေရာမှာ တကယ်ဖြစ်ပျက်နေ
တဲ့ အဖြစ်တွေလား၊ ဘယ်တုန်းက ဖြစ်ခဲ့တာလဲ၊ လောလောဆယ်ဖြ
နေတာလား။ အတိတ်ကဖြစ်ရပ်တွေလား ဆိုသည်ကို အတွေးနယ်ချဲ့နေ
ပြန်တော့သည်။

❋ ❋ ❋

နောက်တစ်နေ့မနက် မိုးအလင်းတွင် စန္ဒီ အိပ်ရာမှထထချင်း
မြင်ရသည့် မြင်ကွင်းမှာ ညကမြင်ခဲ့ရသော လူငယ်ရှိသည့် အခန်းမြင်ကွ
င် ဖြစ်လေသည်။

လူငယ်သည် ခုတင်ပေါ်တွင် အိပ်လျက်ရှိ၏။

စန္ဒီ သူ့ကိုကြည့်လိုက်သည့်အချိန်တွင် သူက မျက်လုံးဖွင့်ကြည့်
လိုက်လေ၏။

စန္ဒီ့အနေအထားက သူလှဲအိပ်နေသည့် ခုတင်ဘေးတွင် မတ်
တတ်ရပ်နေသည့်အနေအထားမျိုး ဖြစ်ပါသည်။ သူသည် မျက်လုံးကို





ရုတ်တရက်ဖွင့်ကာ စန္ဒီရပ်နေသောနေရာကို တအံ့တသြစိုက်ကြည့်လိုက်
လေသည်။ သူက လှဲနေရာမှ ထထိုင်လိုက်သည်။ စန္ဒီ့ကိုကြည့်ကာ သူ့
နှုတ်မှ တစ်စုံတစ်ခု ရေရွတ်လိုက်လေသည်။

"အို. . ဒါမဟုတ်နိုင်ဘူး"

စန္ဒီသည် ဒုတိယအမြင်လွှာထဲမှ အရာများကို မြင်ရုံသာမြင်ရ
ခြင်း ဖြစ်ပါသည်။ ထိုလောကထဲမှ အရာများကို ကိုင်တွယ်ထိတွေ့လို့
မရနိုင်ချေ။ ထို့အတူ ဒုတိယအမြင်လွှာထဲမှ သက်ရှိများသည်လည်း
စန္ဒီ့ကို မြင်နိုင်တွေ့နိုင်သည် မဟုတ်ချေ။ ဒုတိယအမြင်လွှာကို စတင်မြင်
ရချိန်မှစ၍ ထိုအတိုင်းပင် သိထား၊ လက်ခံထားပြီး ဖြစ်သည်။

အခုတော့ ခုတင်ပေါ်မှလူငယ် ရုတ်တရက်ထထိုင်ကာ စန္ဒီ့ကို
စကားပြောလိုက်ပုံသည် သူက စန္ဒီ့ကို မြင်နေရသည့်ပုံစံမျိုး ဖြစ်နေပါ၏။

လူငယ်က စန္ဒီ့ကို နောက်တစ်ကြိမ်ထပ်၍ခေါ်လိုက်ပြန်သည်။

ထို့နောက် သူသည် တစ်ဆင့်တိုးကာ စန္ဒီ့လက်ကို လှမ်းကိုင်
လိုက်လေသည်။

စန္ဒီ့ရင်ထဲ၌ အေးခနဲဖြစ်သွားသည်။

ထိုစဉ်မှာပင် ဒုတိယအမြင်လွှာသည် စန္ဒီ့မျက်ဝန်းထဲမှ ပျောက်
ကွယ်သွားပါလေတော့သည်။

သည်တစ်ခါ ပျောက်ကွယ်သွားပုံက အခြားရှုခင်းများကို အစား
ထိုးမြင်ရပုံဖြင့် ပျောက်ကွယ်သွားခြင်းမျိုး မဟုတ်ဘဲ ဒုတိယအမြင်လွှာကို
စန္ဒီလုံးဝမမြင်ရတော့ဘဲ ပျောက်ကွယ်သွားခြင်းပင် ဖြစ်တော့သည်။

စန္ဒီသည် သေချာအောင် အခန်းပတ်ဝန်းကျင်ကို လှည့်ပတ်
ကြည့်လိုက်သည်။

အခန်းထဲမှ ပစ္စည်းများကို သူချည်းသက်သက် ထင်ထင်ရှင်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်း မြင်နေရပါသည်။ ဒုတိယအမြင်လွှာထဲမှ မြင်ကွင်းများနှင့် ထပ်နေခြင်း မျိုး မရှိတော့ပေ။

စန္ဒီက ပြတင်းပေါက်ကိုဖွင့်ကာ အပြင်သို့ကြည့်လိုက်သည်။ ပြင်ပရှုခင်းများကိုလည်း သာမန်မျက်စိအမြင်အတိုင်းပင် မြင်နေရပါ၏။ ဒုတိယအမြင်လွှာသည် စန္ဒီ့မျက်ဝန်းထဲမှ ပျောက်ကွယ်သွားပါပကော။ စန္ဒီ့ရင်ထဲတွင် ဟာခနဲဖြစ်ကာ နှမြောတသ,သလို ခံစားလိုက်ရ၏။

တကယ်တော့ ဘာမှန်းမသိသော အရာများကို မြင်နေရခြင်းမှ လွတ်ကင်းသွားသည့်အတွက် ဝမ်းသာရမည်ဖြစ်သည်။ အမည်မဖော်ပြနိုင်သော ဝေဒနာတစ်ရပ် စွဲကပ်နေခြင်းမှ ပျောက်ကင်းသွားခြင်းအတွက် စန္ဒီဝမ်းမြောက်ရမည်ဖြစ်ပါသည်။

သို့သော် စန္ဒီ့ရင်ထဲ၌ ဒုတိယအမြင်လွှာကို သံယောဇဉ်ဖြစ်နေမိသည်။ ခွဲခွာလိုက်ရသည့်အတွက် ရင်ထဲမှာ နှမြောတသ,နေမိသည်။ အထူးသဖြင့် နောက်ဆုံးအချိန်ကာလတွင် မြင်လိုက်ရသော လူငယ်ကို စန္ဒီသံယောဇဉ်ဖြစ်နေသည်။ သနားနေလေသည်။ သူဟာ မတရားချုပ်နှောင်ခံနေရတာလား။ ချုပ်နှောင်ခံနေရခြင်း ဖြစ်ဖို့များလေသည်။

သူ့ကို ဘာလို့ ချုပ်နှောင်ထားကြတာလဲ။ သည်ဘက်လောကမှ စန္ဒီ့ကို သူမြင်သွားပုံရသည်။ သူသည် စန္ဒီ့ကိုအမြင်တွင် အသိအကျွမ်းတစ်ယောက်ကို မြင်လိုက်သည့်သဖွယ် အံ့သြခြင်းရော၊ အားကိုးခြင်းပါ ရောယှက်ကာ လှုပ်နေရာမှ ထလာသည့်အသွင်မျိုး ဖြစ်ပေသည်။

သူ ဘာလဲ. . ။ သူ့အခက်အခဲကို စန္ဒီ ကူညီချင်၊ ကယ်တင်ချင်နေမိသည်။

အို. . တကယ်တော့ ဒါတွေဟာ တကယ့်အဖြစ်တွေလည်း ဟုတ်ချင်မှ ဟုတ်မှာပါလေ။ စန္ဒီက ဖြေတွေး တွေးလိုက်သည်။ သို့ရာတွင်





စန္ဒီ့ရင်ထဲ၌ သုံးရက်နှင့်တစ်မနက်တာ မြင်တွေ့ခဲ့ရသော ဒုတိယအမြင်လွှာထဲမှ အိမ်ကြီးကိုလည်းကောင်း၊ ချုပ်နှောင်ခံထားရပုံရသော လူငယ်ကိုလည်းကောင်း၊ မေ့မရနိုင်အောင် ဖြစ်နေမိလေတော့၏။

✻ ✻ ✻

စန္ဒီက သူမ မြင်နေရသော ဒုတိယအမြင်လွှာ ပျောက်ကွယ်သွားပြီဖြစ်ကြောင်းကို အိမ်သားများအား အသိပေးလိုက်လေသည်။

အားလုံးကပင် ဝမ်းသာသွားကြလေ၏။

ဝမ်းမသာနိုင်သူက စန္ဒီပင်။ ဒုတိယအမြင်လွှာထဲမှ လောကလေးသည် တကယ်ရှိလေသလား။ စန္ဒီ တသသ,နှင့် တွေးတောစဉ်းစားလို့ဆုံးနိုင်တော့မည် မဟုတ်ပေ။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ပတ်တွင် ဖေဖော သူ့အသိမိတ်ဆွေ ပင်စင်ရ ရုပ်ဗေဒပါမောက္ခကြီးတစ်ယောက်ကို အိမ်သို့ဖိတ်ကြားလာခဲ့သည်။

ဖေဖော စန္ဒီ သုံးရက်ကြာအမြင်ပေါက်သွားပုံကို ပြောပြ စန္ဒီနှင့်တွေ့ဆုံပြီး အဖြေရှာဖို့ ခေါ်လာခြင်းပင်ဖြစ်ပါသည်။

ပါမောက္ခကြီးက စန္ဒီ့အတွေ့အကြုံကို အသေးစိတ်မေးမြန်း

"စန္ဒီအမြင်ဓာတ်ရလိုက်တာဟာ ဒီလောကထဲမှာ အမှန်တကယ် ရှိတဲ့နေရာက အဖြစ်တွေကို မြင်လွှာတွန့်ခေါက်ပြီး မြင်လိုက်ရတာမျိုးပါ ဦးမြတ်စံ"

ပါမောက္ခကြီးက ရှင်းပြသည်။

"စန္ဒီဓာတ်လိုက်ခံရတာဟာ မြင်လွှာတွန့်ခေါက်ဖို့အတွက် သော့ ချက်လို ဖြစ်သွားတာပါပဲ။ ဒါမျိုးဟာ လူတစ်သိန်းမှာ တစ်ယောက်ကြုံ ဖို့ခက်တဲ့ အဖြစ်မျိုးပါပဲ ဦးမြတ်စံ"

"ဒါဖြင့် သမိုင်းမျက်စိထဲမှာ မြင်လာရတာတွေဟာ အပြင်မှာ လည်း တကယ်ရှိနေနိုင်တဲ့ နေရာနဲ့ အဖြစ်တွေပေါ့။ ဟုတ်လား ဆရာ ကြီး..."

"ဟုတ်ပါတယ် ဦးမြတ်စံ၊ တကယ်လည်း ရှိတယ်၊ အချိန်ကာလ ကလည်း ပစ္စုပ္ပန်ကာလပါပဲ၊ စန္ဒီမြင်ခဲ့ရတဲ့ အဖြစ်တွေဟာ ဟိုဘက်မှာ တကယ်ဖြစ်နေတဲ့ အဖြစ်တွေကို မြင်နေရတာပါ"

"ထူးဆန်းလှချည်လားဗျာ"

"ဒါကြောင့် တစ်သိန်းမှာတစ်ယောက် ကြုံနိုင်ခဲတယ်လို့ ပြော တာပေါ့၊ တစ်သိန်းမှာတစ်ယောက်ဆိုတာလည်း ဓာတ်လိုက်ခံရတဲ့ လူတစ် သိန်းမှာ တစ်ယောက်လို့ ပြောတာနော်"

"အမြင်တွန့်ခေါက်တယ်ဆိုတာ ဘယ်လိုမျိုးလဲ ဆရာကြီး"

စိတ်ကူးသစ်စာပေ



ပါမောက္ခကြီးက စာရွက်လွတ်တစ်ရွက်ပေါ်တွင် စာရွက်ထိပ်နှစ် ဖက်၌ မင်ဖြင့် အစက်နှစ်စက်ချလိုက်သည်။

"ဟောဒီ မင်စက်နှစ်စက်ဟာ စက္ကူကိုဖြန့်ထားပြီး ဒီအတိုင်း ကြည့်ရင် အဝေးကြီးမဟုတ်လား"

ပါမောက္ခကြီးက စာရွက်ကို အလယ်မှ ခေါက်လိုက်သည်။

"စက္ကူကို ခေါက်လိုက်ရင် ဟောဒီအစက်နှစ်စက်ဟာ တစ်ထပ် တည်းဖြစ်မသွားဘူးလား"

"ဪ..."

"အဲဒီသဘောပါပဲ ဦးမြတ်စံ၊ စန္ဒီဟာ လူကတော့ ဒီဘက်မှာပဲ ရှိနေတယ်၊ ဓာတ်လိုက်ခံလိုက်ရတဲ့အတွက် သူ့ရဲ့အမြင်လွှာဟာ တွန့် ခေါက်သွားတယ်၊ ဒီလိုနဲ့ သူ့ရဲ့အမြင်အာရုံထဲမှာ မိုင်ပေါင်းများစွာအဝေးက အဖြစ်အပျက်တွေကို မြင်လာရတာပါပဲ ဦးမြတ်စံ၊ အဝေးတစ်နေရာက တကယ်ဖြစ်နေတဲ့ အဖြစ်တွေကို မြင်နေရလို့လည်း မြင်ကွင်းနှစ်ခုကို ထပ်လျက်မြင်နေရတာမျိုးပါပဲ ဦးမြတ်စံ"

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခကြီးရှင်းပြချက်များမှာ သိပ္ပံနည်းကျ၍ ဖြစ်နိုင်ခြေရှိသော အချက်အလက်များ ဖြစ်ပါသည်။

စန္ဒီလည်း ပါမောက္ခကြီးရှင်းပြချက်ကို လက်ခံပါသည်။

သို့သော် စန္ဒီ့ရင်ထဲ၌ အမြင်ပေါက်မှုသည် သိပ္ပံနည်းကျ မြင်လွှာတွန့်ခေါက်မှုတစ်မျိုးတည်းကြောင့် မဟုတ်ဟု ထင်မိသည်။ အမြင်ပေါက်မှုတွင် ဂမ္ဘီရဆန်သောအချက်အလက်များ ပါဝင်နေပါသေးသည်။

စန္ဒီမြင်ခဲ့ရသော ဒုတိယမြင်လွှာထဲတွင် အိမ်ကြီးထဲ၌ စန္ဒီ့ရုပ်ပုံပန်းချီကားကို ထင်ရှားစွာမြင်ခဲ့ရသည်။ သာမန်မြင်လွှာတွန့်ခေါက်ခြင်းမျိုးဖြစ်ပါလျှင် စန္ဒီနှင့်ချွတ်စွပ်တူသော ပန်းချီကားကို ဘာကြောင့်မြင်ရပါသနည်း။ ပြီးတော့ ချုပ်နှောင်ခံနေရပုံရသော လူငယ်သည် သည်ဘက်မှ စန္ဒီ့ကို မြင်လိုက်သယောင် စကားပြောခြင်း၊ ခေါင်ငြိမ်ခြင်းများ ပြုခဲ့သောသည်။

ဒီအဖြစ်များကိုတော့ စန္ဒီက ဘယ်သူ့မှပြောမပြတော့ပါ။ စန္ဒီ့ရင်ထဲမှာပင် မျိုသိပ်ထားလိုက်ပါသည်။

ဤအဖြစ်ကို ဖြေရှင်းခွင့်ရမည်ဆိုက စန္ဒီဖြေရှင်းချင်ပါသေးသည်။

စန္ဒီမြင်ခဲ့ရသော နေရာဒေသသည် ဘယ်မြို့ဘယ်နေရာဆိုတာကိုလည်း စန္ဒီသိချင်လှပါသည်။

စန္ဒီသိခွင့်ရပါ့မလား။

စန္ဒီ့ရင်ဂါမှာတော့ သုံးရက်ကြာမြင်ခဲ့ရသော ဘယ်နေရာကမှန်းမသိသည့် အိမ်ကြီးကိုလည်းကောင်း၊ သနားစရာလူငယ်ကိုလည်းကောင်း ဘေသသ,ဖြင့် မြင်ယောင်နေမိဆဲဖြစ်ပါသည်။

❋ ❋ ❋



ထိုအဖြစ်များဖြစ်ခဲ့သည်မှာ တစ်လကျော်ခန့်ရှိသွားချိန်တွင်တော့ စန္ဒီသည် မေ့လျော့သလို ဖြစ်သွားခဲ့လေပြီ။ ရံဖန်ရံခါ လူငယ်ကို သတိရ၍ ရင်းဖြင့် စိတ်မကောင်းနိုင်ဖြစ်မိသည်ကလွဲ၍ တစ်စစ သွေးအေးသွားခဲ့လေသည်။

သို့သော် နှစ်လကြာမြင့်ချိန်တွင် သီသီသွယ်နှင့် နီနီနွယ်တို့ ညီအစ်မကို အကြောင်းပြု၍ ထိုအဖြစ်အပျက်သည် စန္ဒီ့အတွက် တစ်ဖန်ဆန်းသစ်လာရပြန်လေ၏။

သီသီသွယ်နှင့် နီနီနွယ်မှာ စန္ဒီတို့နှင့် ခြံချင်းကပ်လျက်နေသော စန္ဒီနှင့်ရွယ်တူ ညီအစ်မနှစ်ယောက်ဖြစ်သည်။ ညီအစ်မနှစ်ယောက်စလုံးနှင့် စန္ဒီတို့ တစ်နှစ်တည်းတွင် ဆယ်တန်းအောင်ခဲ့ကြသည်။ စန္ဒီက စီးပွားရေးတက္ကသိုလ်ကို ဆက်တက်ခဲ့သော်လည်း သူတို့ညီအစ်မှာ အငယ် မောင်၊ ညီမများကို ညှာကာ ကျောင်းဆက်မတက်ဘဲ လုပ်ငန်းခွင် ဝင်ခဲ့ကြသည်။ အဝေးသင်နှင့်ပဲ ပညာရေးကို ဆက်ခဲ့ကြသည်။

သီသီသွယ်နှင့် နီနီနွယ်တို့ နှစ်ယောက်စလုံး ခရီးသွားကုမ္ပဏီ တစ်ခုတည်းမှာ အလုပ်အတူဝင်ခဲ့ကြခြင်းဖြစ်သည်။ ကုမ္ပဏီတွင် ညီအစ်မနှစ်ယောက်လုံး အဆင်ပြေကြပုံရသည်။

စန္ဒီနောက်ဆုံးနှစ်တွင် သူတို့ညီအစ်မ မန္တလေးကို ပြောင်းရ၏။ သူတို့ကုမ္ပဏီက သဘောတစ်စင်းဝယ်ကာ မန္တလေးနှင့် ပုဂံညောင်ဦးကို နိုင်ငံခြားသားခရီးသည်များအား ပို့ဆောင်သည့်လုပ်ငန်းတစ်ခု တိုးချဲ့လိုက်ရှဖြစ်သည်။ နှစ်ယောက်စလုံးကို သဘောလုပ်ငန်းတွင် တာဝန်ပေးလိုက်ကြသည်။

သီသီနှင့်နီနီတို့ပြောင်းသွားကြတာပင် တစ်နှစ်ခွဲလောက်ရှိပေပြီ။ သုံးလေးလ တစ်ခါလောက် ညီအစ်မနှစ်ယောက် တစ်လှည့်စီရန်ကုန်သို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာတတ်သည်။

သည်တစ်ခါ ပြန်ရန်အလှည့်ကျသူက နီနီနွယ်ဖြစ်သည်။ နီနီက မန္တလေးလက်ဆောင်များယူရင်း စန္ဒီတို့အိမ်ဘက် ရောက်လာ၏။ နီနီလက်ထဲမှာ မန္တလေး၊ ပုဂံ၊ ညောင်ဦးနှင့် အညာတစ်ခွင်တွင် ရိုက်ထားသော သူတို့ညီအစ်မဓာတ်ပုံများပါသည့် အယ်လ်ဘမ်သုံးခုတောင် ပါလာသည်။

စန္ဒီနှင့်နီနီ စကားပြောကြရင်းမှ နီနီယူလာသောအယ်လ်ဘမ်များကို ကြည့်ဖြစ်လေသည်။

သည်တွင် ဓာတ်ပုံတစ်ပုံထဲတွင် မြင်လိုက်ရသော မြင်ကွင်းကြောင့် စန္ဒီ့တစ်ကိုယ်လုံး ကျင်စက်နှင့်အတို့ခံလိုက်ရသလို တုန်လှုပ်သွားလေသည်။

"ဟင်.. ဒီအိမ်ကြီး"

စန္ဒီသည် သီသီနှင့်နီနီ ညီအစ်မနှစ်ယောက် မြစ်ကမ်းဘေးတွင် ရပ်လျက်ရိုက်ထားသော ပုံတစ်ပုံထဲမှ နောက်ခံတွင်ပေါ်နေသောအိမ်ကြီးကို မြင်လိုက်၍ အံ့သြစွာရေရွတ်လိုက်ခြင်းဖြစ်သည်။

ထိုအိမ်ကြီးမှာ လွန်ခဲ့သောနှစ်လခန့်က စန္ဒီအမြင်ပေါက်ကာ သုံးရက်ကြာ မြင်ခဲ့ရသော အိမ်ကြီးပင်ဖြစ်ပေသည်။

"နီနီ.. ဒီ.. ဒီအိမ်ကြီးက ဘယ်ကလဲဟင်"

"အဲဒါ တို့နေတဲ့အဆောင်နားက အိမ်လေ။ ကမ်းနားပိုင်းက အိမ်ပေါ့ စန္ဒီ၊ ဘာဖြစ်လို့လဲ"

"ဒီအိမ်ကြီးကို ကိုယ်မြင်ဖူးတယ်"

စန္ဒီက ဒုတိယအမြင်လွှာထဲတွင် မြင်ခဲ့ရသည့်အတိုင်း မြစ်ကိုနောက်ခံကာ သောင်ပြင်၊ ပြီးတော့ မြက်ရိုင်းတောနှင့် ကျယ်ဝန်းသောခြံကြီးကို ဓာတ်ပုံထဲတွင်ကြည့်ကာ မှတ်မိလိုက်လေသည်။





"ဪ.. လက်စသတ်တော့ ဒီအိမ်က မန္တလေးကကိုး။ တခြားပုံတွေ ရှိသေးလား နီနီ"

နီနီက အိမ်ကြီးရှင်းပါသော ပုံလေးပုံကို ရွေးထုတ်ပြလိုက်၏။

"ဒီအိမ်ကြီးက တို့နေတဲ့အဆောင်နားမှာပဲ။ သဘော်ဆိပ်ကိုဆင်းတိုင်း အဲဒီအိမ်ကြီးဘေးက ဖြတ်သွားရတယ် စန္ဒီ။ နင်က ဘယ်လိုမြင်ဖူးနေတာလဲ"

စန္ဒီက ရှထောင့်အမျိုးမျိုးမှ ပေါ်လွင်နေသော ဓာတ်ပုံငါးပုံထဲက အိမ်ကြီးမြင်ကွင်းများကို အထပ်ထပ်ကြည့်နေမိသည်။ အိမ်ကြီးကိုသုတ်ထားသော ဆေးရောင်ကအစ တူညီနေပေ၏။ ပုံတစ်ပုံတွင် ခြံထဲက မန်းခြံထဲမှ ဒါန်းကလေးပင် ပါသေး၏။

"နင်တို့ အဲဒီအိမ်ကလူတွေနဲ့ ခင်သလားဟင်"

"ဟင့်အင်း.. မခင်ပါဘူး။ ရှခင်းကောင်းလို့ အဲဒီနားမှာ ရိုက်ထားတာပါ။ ဘာဖြစ်လို့လဲ စန္ဒီ၊ နင်မေးတာ ဆန်းလှချည်လား"

"ငါ ဒီအိမ်ကြီးကို သေချာမြင်ဖူးတယ်။ အိမ်အတွင်းထဲအထိလည်း ရောက်ဖူးတယ် နီနီ"

"ဘာ.. နင်ပဲ ဒီအသက်အရွယ်အထိ မန္တလေးကို တစ်ခေါက်မှ မရောက်ဖူးသေးဘူးဆို"

"ဟုတ်တယ်..။ ငါ မန္တလေးကိုတော့ မရောက်ဖူးဘူး။ ဒီအိမ်ကြီးထဲကိုတော့ ရောက်ဖူးတယ်ဟ။ ရောက်တာလည်း လွန်ခဲ့တဲ့ တစ်လခွဲနှစ်လလောက်ကမှပါ။ ငါပြောပြရင် နင်အံ့သြသွားမယ် နီနီ"

စန္ဒီက ဓာတ်လိုက်ခံရရာမှ သူမ၏အမြင်လွှာတွန့်ခေါက်သွားပုံကို ပြောပြလိုက်သည်။

"နင်ပြောတာ ဆန်းလိုက်တာဟယ်။ ရန်ကုန်ကနေ မန္တလေး



www.burmeseclassic.com

www.burmeseclassic.com



အထိ လှမ်းမြင်ရတယ်ဆိုတော့..''

''ငါပြောတာ ယုံရဲ့လား နီနီ''

''ယုံပါတယ်..။ နင်တို့တစ်အိမ်လုံး သက်သေရှိနေတာပဲ မဟုတ်လား။ ဆရာဝန်ရော၊ ပါမောက္ခရော နှင့်အတွေ့အကြုံထဲမှာ ပါနေ တာပဲ။ ယုံပါတယ်။ ဒါပေမဲ့ ဆန်းလွန်းလို့ပါဟာ''

''ငါ့အတွက်ကတော့ ပိုပြီးတော့ ဆန်းကြယ်နေတာပေါ့ဟာ နီနီ..ရဲ့ နင် ဒီအိမ်ကလူတွေကို ခရီးသွားဟန်လွှဲတောင် မမြင်ဖူးဘူးလား ဟင်။ အိမ်ကတော့ ဟုတ်နေပြီ။ ငါမြင်တဲ့လူတွေဟာ အဲဒီအိမ်ကလူတွေ ဟုတ်သလား။ သိပ်သိချင်တာပဲ''

''တို့ကို ကုမ္ပဏီက ဆိုင်ကယ်တစ်စီးပေးထားတယ်လေ။ ရုံး ကက်တိုင်း အဲဒီအိမ်ကြီးရှေ့ ဖြတ်သွားရတာတော့ မှန်တယ်။ ဒါပေမဲ့ ဆိုင်ကယ်နဲ့ဆိုတော့ ဖြတ်သွားရုံလောက်ပဲ။ သတိမထားမိပါဘူး။ အခု ပြန်စဉ်းစားကြည့်တော့ ဒီအိမ်ကြီးဟာ အမြဲပိတ်ထားတယ်လို့ ထင်မိတာပဲ စန္ဒီ''

''ငါသိချင်လိုက်တာနော်။ ငါမြင်ခဲ့ရတာတွေဟာ တကယ်လား ဆိုတာ' သိချင်နေတာ ကြာပြီ နီနီ''

''ငါလည်း စိတ်ဝင်စားတယ်။ အိမ်ကြီးထဲမှာ နင့်ပုံတူပန်းချီကား ရှိတယ်ဆိုတာကို စိတ်အဝင်စားဆုံးပဲ။ ဒီတော့ ဒီလိုလုပ်ပါလား စန္ဒီ နင် မန္တလေးကို လိုက်ခဲ့''

''ဟင်..''

''နင်ကိုယ်တိုင်လိုက်လာရင် စုံစမ်းလို့ရတာပေါ့။ မဟုတ်ဘူးလား တကယ်သာ နင့်ပုံတူပန်းချီကား အိမ်ကြီးထဲမှာ ရှိနေရင် အိမ်ရှင်တွေက လည်း နင့်ကို စိတ်ဝင်စားမှာပဲ။ နင်ချဉ်းကပ်လို့ လွယ်မှာပဲ၊ နင်လိုက်





ခဲ့ဟယ်..''

စန္ဒီသည် မန္တလေးသို့ အလည်လိုက်သွားရန် မိဘများကို ပူဆာ ခဲ့သည်။ အိမ်ကြီးအကြောင်းကိုတော့ ထည့်မပြောပါ။ မိဘများ စိုးရိမ် ကြောင့်ကြဖြစ်မည် စိုးသောကြောင့်ပင်။

စန္ဒီမှာ ဘွဲ့ရပြီး လုပ်ငန်းခွင်မဝင်သေးဘဲ အားလပ်နေချိန်မို့ မန္တလေးလိုက်လည်ဖို့ကို အလွယ်တကူပဲ ခွင့်ပြုချက်ရသွားလေသည်။ နီနီတို့ညီအစ်မမှာလည်း အိမ်နီးချင်းများမို့ စိတ်ချကာ ထည့်လိုက်ကြခြင်း ဖြစ်လေသည်။

❋ ❋ ❋

ယခုတော့ သူမစိတ်ဝင်စားခဲ့သောနေရာကို စန္ဒီရောက်ရပေ တော့မည်။

လောကကြီးတွင် တကယ်ရှိ မရှိပင် မသေချာခဲ့သောနေရာ။ သုံးရက်ကြာ အမြင်ပေါက်ရာမှ ရောက်ရှိမြင်တွေ့ခဲ့ရသောအိမ်ကြီး။ ထိုအိမ် ကြီးကို စန္ဒီသည် ကိုယ်တိုင်သွားရောက်၍ လေ့လာစုံစမ်းခွင့် ရပေတော့ မည်။

အိမ်ကြီးသည် စန္ဒီ့ကို မည်သို့ကြိုဆိုနေမည်လဲ၊ အိမ်ကြီးထဲမှ လူများသည် စန္ဒီအမြင်ပေါက်ကာ မြင်တွေ့ခဲ့ရသောလူတွေပင် ဖြစ်ပါလ မလား။။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်များသည် စန္ဒီ့ကို အလွယ်တကူလက်ခံပါ့မလား။

အိမ်ကြီးကိုချဉ်းကပ်ရာတွင် စန္ဒီ့အဖို့ လွယ်ကူမည်လား။ ခက်ခဲမည်လား။

စန္ဒီသည် မထင်မှတ်ဘဲ ဂွမ်ဳရဆန်ဆန်သိကျွမ်းခဲ့ရသည့် အိမ်ကြီးဆီ ရောက်ရတော့မည့်ခရီးအတွက် သည်းထိတ်ရင်ဖိုဖြစ်နေမိလေသည်။

အိမ်ကြီးသည် သူမအား မည်သို့သောအနေအထားဖြင့် ကြိုဆိုနေလေမည်နည်း။

တွေးရင်းမှ စန္ဒီရင်မောနေရပါတော့သည်။


❖

နွေတမာန်

(အမြင့်ပေါက်ခြင်း၏ လျှို့ဝှက်နက်နဲသောအဖြေမှန်ကို မကြာမီထွက်ရှိမည့် **နွေတမာန်**၏ လုံးချင်းဝတ္ထုတစ်ပုဒ်တွင် စောင့်မျှော်ဖတ်ရှုနိုင်ပါသည်။)

BURMESE CLASSIC .com

www.burmeseclassic.com



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com